www.burmeseclassic.com

# နွမ်ကျသိုင်း

တစ်မျိုးညာနဲ့ တွေ့မဖယ် မိုးပါနဲ့မရယ်



BURMESE CLASSIC .com

ပြန်ပြောလျှင်
တိုးကာမဲ့လေမယ်။

အမှန်မနောအစဉ်
ဆိုးလာခဲ့မပြေလည်

ညဏ်သဘောထွင်
အကျိုးရှာလို့လေတယ်။

ကံမချောရင်
အညှိုးကမ္ဘာရဲ့စေကွယ်။

သံယောစဉ်
တိုးကာဖွဲ့နေမယ်။
တစ်မျိုးညာနဲ့သွေမဖယ်...ရိုးပါနဲ့မေရယ်။

BURMESE CLASSIC .com

www.burmeseclassic.com

# အပိုင်း တစ်

www.burmeseclassic.com

[၁]

မဲဇလီပင်အောက်
ပေါက်ပါတဲ့မြေတမာ
ခါးချက်ကနာ။

ရေစီးရယ်တစ်ခါ...
ရေသာရယ်တစ်လှည့်
သူများလို...တို့မရိုင်းတယ်
တိုင်းသိပါရဲ့...

(ရှေးရေးကြိုချိုး)

BURMESE CLASSIC .com

www.burmeseclassic.com

[၂]

'ဘယ်လိုပဲဖြစ်ဖြစ်လေ၊ နောက်ဆုံးကျတော့ ကိုကို မရိုင်းတတ်ကြောင်း၊ ကိုကို သဘောထားကြီးကြောင်း ပြဖို့အတွက် အေးငယ်ပဲ အသည်းကွဲရတော့မှာ မဟုတ်လား၊ ကိုကို အေးငယ်ကို စွန့်ပစ်သွားဖို့ စဉ်းစားရပြီ မဟုတ်လား'

အေးငယ်စကားများက ထက်ရှသော ဓားသွားတစ်ခုလို ရင်ထဲသို့ ထိုးခွဲဝင်လာသည်။ စကားနှင့်အတူ တစ်ပြိုင်တည်း ရစ်ဝဲလာသော မျက်ရည်များကို အေးငယ်က လက်ကိုင်ပဝါအစွန်းစများဖြင့် တို့သည်။

ထို့နောက် လက်ကိုင်ပဝါကို ကျစ်ကျစ်ဆုပ်လိုက်ပြီး . . .

'နောက်ဆုံးတော့ ကိုကိုတို့တိုက်ပွဲမှာ တကယ်ရှုံးရတာက အေးငယ်ပါ ကိုကို၊ အချစ်ဆိုတာ လျော်ကြေးပေးစရာပစ္စည်းလို့တော့

www.burmeseclassic.com



ကိုကို မထင်သင့်ပါဘူး၊ ကိုကို မချစ်တော့ဘူးဆိုတာနဲ့ပဲ အေးငယ်က ကိုကို့ကို မေ့ပစ်နိုင်မယ်လို့ ကိုကို ထင်နေလို့လား၊ အေးငယ် ကိုကိုက လွဲလို့ ဘယ်သူ့ကိုမှ မချစ်ဘူး၊ ကိုကို့ကိုလည်း အေးငယ် မခွဲနိုင်ဘူး'

ပြောရင်းနှင့်ပင် အေးငယ်ရင်က ပွင့်ထွက်သွားသည်။ စကားအဆုံးသတ်သည်၊ ပီသသော စကားလုံးများ ဖြစ်မလာတော့ဘဲ ငိုသံနှင့် ရောသွားသည်။ ထို့နောက် ကျွန်တော့်စားပွဲပေါ်မှာ မျက်နှာအပ်၍ ရှိုက်ကြီးတငင် ငိုချတော့သည်။

ကျွန်တော် မျက်လုံးအစုံကို ယောင်ယမ်း၍ ပိတ်လိုက်မိ၏။

မူလ တွေးခေါ်ခဲ့သော စိတ်အစဉ်အားလုံးသည်လည်း အင်္ဂတေဖျော်စက်ထဲ ထည့်အလှည့်ခံရသလို ကျွမ်းထိုးမှောက်ခုံတွေ ဖြစ်ကုန်သည်။ ရင်ထဲမှာလည်း စို့နင့် နာကျင်လျက် ရှိသည်။

ကျောပြင်တစ်ခုလုံး သိမ့်သိမ့်ခါနေအောင် ရှိုက်၍ငိုနေရာမှ အေးငယ်က ဆတ်ခနဲပြန်မော့သည်။ မျက်ရည်များကြားမှနေ အကြည့်စူးစူးဖြင့် လှမ်းကြည့်ရင်း အေးငယ် အက်ကွဲသောလေသံဖြင့် မေးသည်။

'နေပါဦး ကိုကို၊ ဒီကိစ္စတစ်ခုလုံးအတွက် အေးငယ်မှာ ဘာအပြစ်ရှိလဲ၊ ကိုကို့ရဲ့ အမှန်တရားကိုချစ်ပါတယ်ဆိုတဲ့စိတ်က အေးငယ်ဘက်ကိုကော ထည့်မတွက်တော့ဘူးလား၊ ကိုကို မရိုင်းဘူးဆိုတဲ့ကိစ္စ အေးငယ်အပေါ်မှာကော မပြတော့ဘူးလား'

ရင်ထဲမှာ ဘယ်လိုမှ မခံစားနိုင်လောက်အောင် နာကျင်လာသဖြင့် အေးငယ်ကို လက်ကာပြရသည်။ မောလှသောကြောင့် ပင့်သက်တစ်ချက် ရှိုက်လိုက်ပြီး . . .

'တော်ပါတော့ အေးငယ်ရယ်၊ အေးငယ်ပြောချင်တဲ့ စကား



BURMESE CLASSIC .com

www.burmeseclassic.com



တွေ၊ အေးငယ်ဆိုလိုချင်တဲ့ အဓိပ္ပာယ်တွေ ကိုကို သိပါတယ်၊ ကိုကို မှားနေပြီလား ဆိုတာလည်း ကိုယ့်ကိုယ်ကိုယ် ပြန်သံသယ ဝင်နေပါတယ်၊ အေးငယ် ခဏလေးတိတ်ပြီး ကိုကို့ကို တစ်ယောက်တည်း ထားခဲ့စမ်းပါ။ ကိုကို အားလုံးကို ပြန်စဉ်းစားပြီးရင် အေးငယ်ဆီ လာခဲ့ပါ့မယ်၊ အဲဒီတော့မှ ကိုကို့ဆုံးဖြတ်ချက်ဟာ ဘာဆိုတာ ကိုကိုပြောပြပါ့မယ်၊ ကိုကို့ကို ခဏလေး ခွင့်ပေးပါ အေးငယ်ရယ်နော်'

အေးငယ်က မျက်ရည်သုတ်ရင်း ထ,ရပ်သည်။ သည်တိုင်း လှည့်ထွက်တော့မည် ဖြစ်သဖြင့် ကျွန်တော် မနေနိုင်ဘဲ . . .

'မျက်နှာလေး နည်းနည်းသေသပ်အောင် လုပ်လိုက်ပါလား အေးငယ်၊ အေးငယ်က စက်ရုံထဲကနေ ဖြတ်သွားရမှာ'

အေးငယ်က သက်ပြင်းချရင်း သူ့မျက်နှာကို လက်ကိုင်ပဝါဖြင့် သေချာသန့်ရှင်းသည်။ ဆံပင်များကိုလည်း သပ်တင်သည်။ ပြီးမှ ကျွန်တော့်စားပွဲပေါ် တင်ထားသော သူ့လက်ကိုင်အိတ်ထဲမှ ကရင်ပတ်ဖ်ဘူးကို ထုတ်၍ အသာတို့လိုက်ပြီး . . .

'အေးငယ် ကိုကို့စကားကို အမြဲနားထောင်ပါတယ်၊ ခုလည်း ကိုကို့စကားကို နားထောင်တဲ့အနေနဲ့ မပူရုပ်ကို ဟန်လုပ်ပြီး ထိန်းထားပေးပါ့မယ်၊ ဒါပေမဲ့ အေးငယ်ရင်ထဲမှာ ဘာဖြစ်နေတယ်ဆိုတာကို တော့ ကိုကို မေ့မပစ်စေချင်ဘူး၊ အေးငယ် အချစ်မှာ နောက်ထပ်ရွေးစရာလည်း မရှိဘူးဆိုတာ ကိုကို နားလည်ပါ၊ ဒါပါပဲ ကိုကို၊ အေးငယ်ကို ခွင့်ပြုပါဦး'

ကျွန်တော် သက်ပြင်းချလျက်နှင့် ခေါင်းညိတ်ပြသည်။

ခဏကြာသောအခါ ကျွန်တော့်ရုံးခန်းထဲတွင် ကျွန်တော် တစ်ယောက်တည်း ကျန်ခဲ့သည်။

www.burmeseclassic.com



အေးငယ် ထွက်သွားသဖြင့် လှုပ်ယမ်းကျန်ခဲ့သော ဆင်နား ရွက်တံခါးလေးကို ကျွန်တော် လှမ်းကြည့်လိုက်၏။

ဆင်နားရွက်တံခါးလေးများကတော့ ကျွန်တော့်နှလုံးသားနှင့် မတူစွာ။ မကြာမီ ပြန်ငြိမ်သက်သွားပေလိမ့်မည်။

အေးငယ်ကြောင့် တုန်ခါကျန်ခဲ့သော ကျွန်တော့်နှလုံးသား သည်သာ . . .

◈

'တောက် . . .'

ရင်ထဲက နာကျင်ခံခက်သော ဒေါသကို မထိန်းနိုင်တော့သဖြင့် ကျွန်တော် တောက်တစ်ချက် ခေါက်လိုက်သည်။

မျက်လုံးထဲမှာလည်း လှသမျှ အနိုင်ယူတတ်သော ချမ်းသာ သလောက် ဂုဏ်ဝင့်မာန်ကြီးလှသော မာနကြီးသလောက် ရက်စက် တတ်သော မျက်နှာတစ်ခုကို မြင်မိသည်။

တင်းမာသမျှ ကောက်ကျစ်ရှုပ်ထွေးသော အသံကိုလည်း ပြန် ကြားယောင်သည်။

'လူဆိုတာ အထက်စီးရတိုင်း တစ်ဖက်သတ် အနိုင်မကျင့်သင့် ပါဘူး ခင်မောင်လတ်၊ ငါ့အလှည့်ရောက်လို့ ပြန်လက်စားချေလိုက် မယ်ဆိုတဲ့ အာဃာတဆိုတာလည်း အင်မတန် ရိုင်းစိုင်းတဲ့လူတွေမှ ထားအပ်တဲ့ စိတ်ဓာတ်ပါ၊ နင် ငါ့ကို လက်စားချေချင်တာ မဟုတ်လား၊ ငါ့ကို အနိုင်မယူသာလို့ ကြက်ကလေး ငှက်ကလေးလို နိုင်လို့ရတဲ့သူဆီ လှည့်မဲတာ မဟုတ်လား၊ အဲသလိုဆိုရင်တော့ နင့်သဘောပါ၊ နင့်ဘက်



BURMESE CLASSIC .com

www.burmeseclassic.com



က အပိုင်ချည်းဖြစ်နေတော့လည်း ငါ နင့်ကို အရှုံးပေးရုံရှိတော့တာပေါ့၊ နင် ကလဲ့စားချေတာ အောင်မြင်ပါတယ်၊ ငါ့ကို နင် အလဲထိုးယူလိုက်နိုင်ပါတယ်'

ဩော် . . . သည်စကားကို သူကပဲ ပြောရတယ်ရှိသေးတယ်ဟု ကျွန်တော် မကျေမချမ်း ရေရွတ်မိသည်။

စိတ်က ဘယ်လိုမှ ဆောက်တည်ရာမရတော့သဖြင့် ကျွန်တော် ကုလားထိုင်မှနေ ဆတ်ခနဲ ထရပ်သည်။

စားပွဲထောင့်စွန်းရှိ စီးကရက်ဘူးထဲမှ တစ်လိပ်ထုတ်ယူပြီး မီးညှိဖွာရှိုက်သည်။ အဆုပ်တွင်းတွင် အဆိပ်များ ထားခဲ့ပြီး ပြန်ထွက်လာသော မီးခိုးငွေ့များက အခန်းမျက်နှာကြက်အထိ လုံးခဲတက်သွားသည်။

'ကရင် . . . ရင် . . . ရင် . . . '

စောစောက အိတ်ချိန်းကို လှမ်းတောင်းထားသော အဝေးခေါ်ရန်ကုန်ဖုန်း ဖြစ်မည်ဟု စိတ်ထဲက အောက်မေ့သည်။ မျှော်လင့်တကြီးဖြင့် တယ်လီဖုန်းခွက်ကို ကောက်မ,လိုက်၏။

'ကိုလတ်လား'

'ဩော် . . . ဟုတ်တယ် ကိုစောဝင်း၊ ကျွန်တော် ခင်မောင်လတ်ပါ'

တယ်လီဖုန်းအော်ပရေတာက ရင်းနှီးနေသောသူမို့ အော်တိုလိုင်း မရှိသော နယ်မြို့လေးဖြစ်သော်လည်း ကျွန်တော့်မှာ ဆက်သွယ်ရေး လွယ်ကူသည်။

'ကိုလတ် ခေါ်ထားတဲ့ ရန်ကုန်ရပြီ၊ ပြောတော့ ကိုလတ်'

'ဟုတ်ကဲ့၊ ကျေးဇူးပဲ ကိုစောဝင်း၊ ဟယ်လို . . . ဟယ်လို'



BURMESE CLASSIC .com

www.burmeseclassic.com



ကိုစောဝင်းက သူ့စကားဆုံးသည်နှင့် ရန်ကုန်လိုင်းနှင့် လွှဲပေးသည်။ ကျွန်တော့် ဟယ်လိုသံအဆုံးတွင် တစ်ဖက်မှ ကျွန်တော် အင်မတန် မှတ်မိနေသော အသံဩကြီးတစ်ခု ဝင်လာ၏။

'ဟယ်လို . . . ပြောပါ၊ အောင်မင်း စကားပြောနေပါတယ်'

'ဟော့ကောင် . . . စိန်အောင်မင်း . . . ငါပါ၊ ခင်မောင်လတ်ပါ'

'ဟာ . . . ကိုလတ်၊ မအေပေး စက်ရုံမှူးကြီး၊ မင်း ဘယ်က ဆက်နေတာလဲ တောသား၊ ကျယ်ကျယ်ပြော မကြားရဘူး'

အောင်မင်း၏ ရှေးမူမပျက် ပက်စက်ရင်းနှီးသော လေသံကြောင့် စိတ်ဓာတ်ပျက်ပြားနေသည့်ကြားက ကျွန်တော် ပြုံးလိုက်မိသည်။

'အောင်မင်း၊ မင်း အခု မအားဘူးလားကွာ'

'အားပါတယ်၊ ဟော့ကောင် . . . မင်း အဲဒီမေးခွန်းကို နောက် ဘယ်တော့မှမမေးနဲ့၊ တစ်လျှောက်လုံး ဘာတာဝန်မှ မရှိဘူးဆိုတဲ့ ကျောင်းသားဘဝတုန်းက အလုပ်များသလောက် အခု တိုင်းပြည် တာဝန် ထမ်းဆောင်နေရတဲ့ အရာရှိတစ်ယောက်ကို အားလား မေးတာ စော်ကားတာပဲ၊ ဒါမျိုး ငါ သိပ်စိတ်ဆိုးတယ်'

'အေး . . . စိတ်ဆိုးရင်လည်း နောက်မှဆိုးကွာ၊ လောလောဆယ် မင်း ငါ့ဆီ လာခဲ့စမ်းပါ၊ ငါ အခု စက်ရုံက စကားပြောနေတာ၊ ခဏလေး လာဖို့ ပြောတာ မဟုတ်ဘူး၊ အနည်းဆုံး နှစ်ည သုံးညအိပ် လာခဲ့၊ ဖြစ်နိုင်ရင် အခု ထွက်ခဲ့'

'ဟာ . . . မင်းဇနပုဒ် ငါ မလာချင်ပါဘူး၊ ငါ့ဆီ မြို့ကြီးပြကြီး မင်း လာခဲ့ပါလား၊ တို့ရန်ကုန်မှာ လေယာဉ်ကွင်း ရှိတယ်၊ လေယာဉ်

www.burmeseclassic.com



မမြင်ဖူးတဲ့ တောက ကောင်တွေကို လိုက်ပြလို့ရတယ်'

အရေးထဲ သူက နောက်ဖို့ချည်း စဉ်းစားနေသဖြင့် ကျွန်တော် လေသံကို ခပ်တင်းတင်း လုပ်လိုက်ပြီး . . .

'နောက်မနေနဲ့ ဟော့ကောင်၊ ငါ့မှာ သေရေးရှင်ရေးလောက် အရေးကြီးနေတဲ့ကိစ္စရှိလို့ မင်းနဲ့ မတိုင်ပင်လို့ မဖြစ်လို့ ငါ အကူအညီ တောင်းနေတာ၊ ဒီညကို မင်းနဲ့ငါ တွေ့ချင်တယ်'

'ဘာလဲ . . . စက်ရုံက ငွေတွေ ပစ္စည်းတွေ အလွဲသုံးစားလုပ်မှုနဲ့ မင်း အချုပ်ထဲ ရောက်နေပြီ မဟုတ်လား၊ ငါ ထင်သားပဲ၊ အာအိုင်တီက ကျောင်းဆင်းလို့ တစ်နှစ်မှ မပြည့်သေးတဲ့ကောင်ကို ဒီရာထူး ပေးထားမှတော့ စက်ရုံတစ်ရုံလုံး ဖဲပေါင်ရိုက်ပစ်တာနဲ့ ကုန်ရောနေမှာပေါ့၊ အေး . . . အေး . . . ဘာမှမပူနဲ့ သားတော်၊ ခမည်းတော် ခုချက်ချင်း ကြွခဲ့မယ်၊ ရှင်ရေးဆိုရင် အာမခံနဲ့ ထောင်ဝင်စာပစ္စည်း တစ်ခါတည်း ယူလာခဲ့မယ်၊ သေရေးဆိုရင်လည်း ခေါင်းအတွက် ကော သင်္ဂြိုဟ်စရိတ်ကော ငါ တာဝန်ယူတယ်၊ ဒါပဲ မဟုတ်လား'

ကျွန်တော် သက်ပြင်းချသည်။ သူ့စကားများကို အသေးစိတ် ပြန်ချေပဖို့ထက် သူ ခုချက်ချင်း ကြွလာခဲ့မည်ဆိုသော ကိစ္စကသာ အရေးကြီးသည်မို့ ခပ်တိုတိုပဲ ပြောလိုက်သည်။

'အေး . . . ဒါပဲ'

'ဒါဆိုလည်း ပြီးရော'

'ဂွပ်'

စကားအဆုံးနှင့် ဖုန်းချသံ သိပ်မကျွာဘဲ ပေါ်လာသည်။

ရင်ထဲမှာ နည်းနည်းတော့ သက်သာသွား၏။

ခုချိန်မှာ ရင်ထဲက ခံစားရသမျှကို ယုံကြည်စိတ်ချစွာဖြင့် ဖွင့်



BURMESE CLASSIC .com

www.burmeseclassic.com



ပြောအန်ထုတ်ဖို့ သူငယ်ချင်း အရင်းအချာ တစ်ယောက် အင်မတန်မှ အရေးကြီးစွာ လိုအပ်နေသည် မဟုတ်ပါလား။



BURMESE CLASSIC .com

[၃]

'ကဲကွာ ညဥ့်လည်း နက်လှပြီ၊ မနက်ကျမှ ဆက်ဆွေးနွေးတာပေါ့၊ ခုတော့ အိပ်ကြရအောင်'

ညဆယ့်နှစ်နာရီလောက်မှာ အောင်မင်းက စကားစဖြတ်ပြီး အိပ်ရာဝင်သည်။ ကျွန်တော်မှ အိပ်ရာထဲ မဝင်ရသေး။ အောင်မင်းထံမှ ဟောက်သံပေါ်လာ၏။

ကောင်းလိုက်တာဟု စိတ်ထဲကနေ အားကျမိသည်။

သည်ပုဂ္ဂိုလ်မှာ အပူမရှိ။ အပူဖြစ်လာရာ လမ်းစဖြစ်သော အတွယ်အတာ အနှောင်အငင်လည်း မရှိ။ အသင့်အတင့် ပြည့်စုံလာပြီဖြစ်သောဘဝမှာ သက်သောင့်သက်သာ စိတ်ချမ်းသာစွာ နေရပြီလည်းဖြစ်၊ ပင်ကိုယ်သဘာဝအတိုင်း ပျော်ရာရှာ၍ ပျော်သလိုနေ



BURMESE CLASSIC .com

www.burmeseclassic.com



တတ်သူလည်းဖြစ်မို့ သောကတရားများက သူနှင့် ဝေးလှစွာသည်။

အိမ်မှာလည်း ကလေးလိုပဲနေ၊ သူငယ်ချင်း အပေါင်းအသင်းများနှင့်လည်း လူကြီးလို မပေါင်း။ ပေါတောတောဟု ကင်ပွန်းတပ်စရာအကြောင်း ရှိသည်မှအပ ခေါင်းချလိုက်လျှင် အိပ်ပျော်သွားနိုင်သော လူ့ဘဝ၏ သုခကြီးတစ်ခု သူ့မှာ အလိုလို ရနေသည်။ လူလည်းတဖြည်းဖြည်းနှင့် ပုတ်ကြီးလို ဖြစ်နေပြီ။

သူနှင့်ကျွန်တော် ဆွေးနွေးပွဲက စာရင်းမပြတ်သေးသော်လည်း ကျွန်တော့်ကိစ္စ အကြမ်းဖျင်းပြောပြအပြီးတွင် သူမှတ်ချက်ချသော စကားလုံးတစ်လုံးကတော့ ခုတိုင် ကျွန်တော့်နားထဲ စွဲနေသည်။

'အဲဒီမိန်းမက မင်းဆီ ဘယ်လိုလုပ် ရောက်လာရပြန်တာလဲ ကိုလတ်ရာ၊ အဲဒါကိုက မင်းအတွက် ဂြိုဟ်ဆိုးတွေ၊ အကုသိုလ်တွေ အလုံးလိုက်အခဲလိုက် ဝင်လာဖို့ ဖြစ်လာတာပဲ၊ အဲဒီမိန်းမနဲ့ ပတ်သက်တိုင်း မင်းမှာ ကံကောင်းတယ်လို့ ဘယ်တုန်းက ရှိခဲ့ဖူးလို့လဲ၊ မင်းသေချာ ပြန်စဉ်းစားကြည့်၊ တကယ့် ပြဿနာမမှ တကယ့်ပြဿနာမ'

ကျွန်တော် သက်ပြင်းချသည်။

သည်စကားမျိုးနှင့် အလားတူ ဆင်ဆင်တူသော စကားများကို အောင်မင်း ခုမှ စပြောသည် မဟုတ်။ သူ့ကောက်ချက်နှင့်သူ ပြဿနာမဟု မလှမပ တင်စားလိုက်သော 'ခင်ကြီး' နှင့် ပတ်သက်သမျှ အခါခပ်သိမ်း ဤကဲ့သို့ပင် သူ ဆိုခဲ့သည်။

ခင်ကြီး . . . ခင်ကြီး။

သူပြောသည့် စကားကလည်း ဘယ်လိုမှ လွန်သည်ဟု ပြောမရ။

အတိတ်၌ဖြစ်စေ၊ ပစ္စုပ္ပန်၌ဖြစ်စေ ခင်ကြီးဆိုသော ခင်ကြီး

www.burmeseclassic.com



သည် ကျွန်တော့်အား ရင်နာကြေကွဲစရာချည်း ဖန်တီးပေးခဲ့တတ်သည် မဟုတ်ပါလား။

ခုလည်း ခင်ကြီးရောက်လာမှ သည်ပြဿနာများ ပေါ်လာခြင်း ဖြစ်သည်။

အရာရာကို ဆင်ခြင်တုံတရားဖြင့် ကုစား၍ လှုပ်ရှားဘောင်ဘင်ခတ်ခဲ့သော ကျွန်တော့်ဘဝ ရေမျက်နှာပြင်ကို တည်ငြိမ်အောင် လုပ်နိုင်သည်ဆိုရုံ ရှိသေးသည်။ ခုတစ်ခါ ပြန်လှုပ်ရှားနေရပြီ ဖြစ်သည်။

ကာလအတန်ကြာ ပျောက်ဆုံးနေခဲ့သော အိပ်မပျော်သည့် သန်းခေါင်ကျော်ညများသည်လည်း ခုခါ ကျွန်တော်နှင့် ပြန်ဆုံစည်းနေရပြီ။

စိတ်မောမောနှင့် ဧည့်ခန်း ဆက်တီကုလားထိုင်ပေါ်တွင် ခန္ဓာကိုယ်တစ်ခုလုံး အရုပ်ကြိုးပြတ် ထိုင်ချလိုက်ရင်း ကုလားထိုင် နောက်မှီတန်းပေါ်တွင် ခေါင်းတင် မော့ထားလိုက်သည်။

မကြာသေးခင်ကမှ ပြုပြင်ဆေးသုတ်ထားသော မျက်နှာကြက်ဖြူဖြူကို အဓိပ္ပာယ်မဲ့ ငေးစိုက်ကြည့်မိ၏။ မျက်နှာကြက်ဖြူဖြူသည် မျက်စိရှေ့၌ပင်လျှင် မှိန်၍ပျောက်ထွက်သွား၏။

မျက်နှာကြက်ကြီးနေရာတွင် အစားရောက်ရှိ ထင်ဟပ်လာသော မြင်ကွင်းလှုပ်ရှားမှုများက ကျွန်တော်၏ တစ်ရံရောအခါက အတိတ်ဇာတ်လမ်းများ ဖြစ်နေသည်။

ဘယ်လိုကနေဘယ်လို ဆက်စပ်သွားသည်တော့မသိ။ ဖတ်ဖူး မြင်ဖူးဖြစ်နေသော ရှေးရေး ကဗျာလေးတစ်ပုဒ်ကလည်း အသံထွက်၍ နားထဲ ကြားလာသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ခင်ကြီးနှင့် ပတ်သက်သည်လား၊ အေးငယ်နှင့် ပတ်သက်သည်လားတော့ ကျွန်တော် မဝေခွဲတတ်။

သတိရမိသော ဒွေးချိုးကဗျာလေးက . . .

**ချစ်တာယ်ကြိုက်တယ်**

**ဆိုပေတာယ်လို့ . . .**

**သေသအောင်ပင်ဆုတောင်း၊**

**ကြောင်းဆုံမှ ပေါင်း၊**

ဟု ဖြစ်၏။

◈

'တော်လောက်ပြီထင်တယ် ကိုလတ်၊ ကြာရင် မင်း ဒီနားမှာတင် မတ်တတ်ကျောက်ရုပ် ဖြစ်သွားလိမ့်မယ်'

အောင်မင်းစကားကြောင့် ကျွန်တော် ပြုံးမိပါသည်။ ကျွန်တော် သည်နားမှာ ရပ်နေသည်မှာ သည်လောက်ပင် ကြာပြီလား။

ကိုယ့်ဟာကိုယ် ပြန်ကြည့်ရန် သတိရဖို့ မေ့နေသော လက်မှ နာရီကို ငုံ့ကြည့်သည်။

အားပါး . . . ကျွန်တော် သည်နားမှာရပ်၍ ခင်ကြီးကို ကြည့်နေမိသည်မှာ တစ်နာရီကျော်ကျော် ကြာနေပြီဖြစ်၏။

ကျွန်တော့်စိတ်ထဲမှာ တစ်နာရီ မထင်မိ။ စုစုပေါင်းမှ တစ်မိနစ်တောင် ပြည့်မှပြည့်သေးရဲ့လား အောက်မေ့နေသည်။ ခင်ကြီးသည် မည်ကဲ့သို့သော တန်ခိုးသတ္တိများဖြင့် အချိန်ကာလများစွာ ပျောက်ဆုံး



BURMESE CLASSIC .com

www.burmeseclassic.com



သွားအောင် လုပ်လိုက်သည်မသိ။

ကျွန်တော့်မျက်စိထဲတွင် ခင်ကြီး၏ခေါင်းကလေးအပင့် အပြုံးလေးအဝင့် စသည့် အမူအရာအလှအပများကို ဘယ်လိုမှ ကြည့်၍မဝနိုင်သေး။ နောက်ထပ် နာရီပေါင်းများစွာ ကြည့်ခွင့်ရလျှင်လည်း ထိုအလှအပများကို တမော့တမော ရပ်ကြည့်နေချင်သေးသည်။

နာရီပေါင်း ကုဋေနှင့်ချီ၍ ကြည့်လျှင်လည်း ရိုးသွား ဝသွားလိမ့်မည် မဟုတ်ဟု ထင်မိသည်။

'ခဏလေး နေပါဦး အောင်မင်းရာ၊ ဒီလို ကြည့်နိုင်ဖို့ အခွင့်အရေးက သိပ်ရတာ မဟုတ်ဘူးကွ၊ တစ်ခါတလေ ငါ့မှာ တစ်နေ့လုံး လာစောင့်တာတောင် တစ်မိနစ်လောက် တွေ့ချင်မှ တွေ့ရတာ၊ ဒီနေ့ကျမှ ကုသိုလ်ကံက အရမ်းကောင်းနေလို့ ဒီလောက် ကြည့်ခွင့်မြင်ခွင့်ရတာ'

နေ့ခင်းအတန်းအားချိန်လား သို့မဟုတ် အတန်းလစ်ပြီး လာထိုင်နေကြသည်လား မသိ။ သစ်ပုတ်ပင်ခြေရင်းခုံတန်းလျားလေးမှာ ထိုင်နေကြသော ခင်ကြီးနှင့် အပေါင်းပါသူငယ်ချင်းများကတော့ ကျွန်တော့်ကို သတိထားမိပုံမပေါ်။ သတိထားမိသည့်တိုင်အောင်လည်း သိပ်အရေးစိုက်သည့်ပုံမရ။

သူတို့အချင်းချင်းသာ ရယ်လိုက်မောလိုက်၊ ပြောလိုက်ဆိုလိုက်ဖြင့် ငြိမ်းငြိမ်းချမ်းချမ်း ရှိနေကြသည်။

သစ်ပုတ်ပင်နားမှာ ထိုင်နေသော ခင်ကြီးတို့ကို အဓိပတိလမ်းပလက်ဖောင်းပေါ်မှ ရပ်ကြည့်ရင်း ရခဲရတောင့်သော အခွင့်အရေးကြီးတစ်ရပ်အတွက် သိပ်ကျေနပ်နေဟန်တူသော ကျွန်တော့်အား များစွာလက်မြှောက်သွားဟန်တူသည်။ အောင်မင်းက ခေါင်းခါလျက် . . .

www.burmeseclassic.com



'မင်းဒုက္ခက မသေးဘူး ကိုလတ်၊ နောက်ကျရင်တော့ ဘယ်လို ကုသိုလ်ကံကောင်းခြင်းတရားတွေနဲ့ ကြုံရမလဲ မသိဘူး၊ ခုဟာကတော့ မင်းမှာ အကုသိုလ် အတုံးလိုက်အတစ်လိုက် ဝင်နေတာပဲ'

'ဘာဆိုင်လို့လဲကွ'

'ဟာ . . . မင်းဥစ္စာက နည်းနည်းနောနောဒုက္ခ မဟုတ်ဘူး ကိုလတ်၊ သူများတွေ မျက်စိစားပွဲထိုင်တယ်ဆိုတာက ကျကျနန ဇိမ်နဲ့ ထိုင်ပြီး အရသာခံတာ၊ ခု မင်းကြည့်နေရတာက နေပူလည်း နေပူကြီး ထဲမှာ၊ ပြီးတော့ မတ်တပ်ကြီး၊ ငါ မင်းကို စိတ်မရှည်လို့ ဟိုအုတ်ခုံ သွားထိုင်စောင့်တာတောင် စောင့်ရင်း ညောင်းလာတယ်'

ကျွန်တော် ရယ်လိုက်သည်။

'တူမလားကွ၊ မင်းက ဒီနေရာမှာ ဘာအာရုံခံစားမှုမှ မရှိတဲ့ ကောင်ပဲ၊ ငါက ငါ့အလှအပတရားနဲ့ငါ ကြည်နူးနေတဲ့ကောင်၊ နေပူရုံ မကလို့ မီးပုံထဲဝင်ရပ်နေရတောင် ငါ့ပီတိနဲ့ငါ မိုးဆမ်းပန်းလို လန်းနေမှာ သိရဲ့လား'

'အေး . . . အေး . . . ငါ မပြောတော့ဘူး ခင်မောင်လတ်၊ မင်းရောဂါနဲ့မင်း နေသာသလိုသာ နေတော့'

ပြောပြောဆိုဆိုနှင့် အောင်မင်းက ကျွန်တော့်ကို ကျန်စစ်သား က စောလူးမင်းအား ပစ်ထားခဲ့သလို ပစ်ထားခဲ့၍ နေရိပ်ရှိရာ၊ ထိုင်စရာနေရာရှိရာအရပ်သို့ ပြန်သွားသည်။

နောက် ဆယ့်ငါးမိနစ်လောက်ကြာမှ ခင်ကြီးတို့ ထ,သွား သဖြင့် ကျွန်တော်လည်း အောင်မင်းရှိရာ လျှောက်လာခဲ့၏။

◈



BURMESE CLASSIC .com

www.burmeseclassic.com



'နေပါဦး ကိုလတ်၊ မင်းရောဂါက ဘာလဲ၊ ငါ့ကို သေချာ ရှင်းပြစမ်းပါဦး'

နှစ်ယောက်သား အပန်းဖြေရိပ်သာထဲရှိ လှူငယ်သက်သာဆိုင်မှာ ထိုင်သည်။ ထိုင်ထိုင်ချင်း မေးလိုက်သော အောင်မင်းစကားကြောင့် ကျွန်တော်က ရယ်ရင်း . . .

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်ရမလဲကွ၊ မင်းဥစ္စာက တစ်နေ့လည်းမဟုတ် နှစ်နေ့လည်း မဟုတ် . . . နေ့တိုင်းလည်း ဒီကိုလာတယ်၊ လာပြန်တော့လည်း တစ်ခါမှ အနားကပ်တာ၊ ထိထိရောက်ရောက် တစ်ခုခုလုပ်တာ ဘာမှ မရှိဘူး၊ ဘယ်တော့ဖြစ်ဖြစ် အလံတစ်ရာလောက် အဝေးကနေ ဆင်ဟိုဒင်း ခွေးမျှော်နေတာနဲ့ပဲ ကိစ္စပြီးတာပဲ၊ ဇာတ်လမ်းက ဒီထက်ရှေ့ မတက်တော့ဘူးလား'

စကားကြောင့် ကျွန်တော် စောစောကထက်ပင် ပိုရယ်လိုက်ပြီး . . .

'လောလောဆယ်တော့ ဒီလောက်ပဲ ငါ လုပ်လို့ရဦးမှာပေါ့ အောင်မင်းရာ၊ ငါ့မှာ ဝင်သာထွက်သာတဲ့ အခွင့်အရေး ဘာတစ်ခုမှ မရှိသေးတာ၊ ခုတိုင်းက ရှေ့မဆက်နိုင်တာ အကျိုးအမြတ်မရှိတာ တစ်ခုပဲရှိတယ်၊ ဘာမှ အမှားအယွင်း အဆုံးအရှုံး မရှိသေးဘူး၊ အနားကပ်သွားပြီးမှ တစ်ခုခုမှားသွားရင် ရှေ့ဆက် ဘာမှလုပ်လို့ ရတော့မှာ မဟုတ်ဘူး၊ အဲဒီတော့မှ မွတ်မှာ'

'ဆိုလိုတာက နယ်မြေအခြေအနေ ကွင်းဆင်းလေ့လာနေတဲ့ သဘောပေါ့ ဟုတ်လား'



BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော် ခေါင်းညိတ်သည်။

'ဒီလိုပဲ သဘောထားလိုက်ပေါ့ အောင်မင်း၊ မင်း သိတဲ့အတိုင်းပဲ၊ ငါ့မှာ သူနဲ့ ဘာမှအဆက်အစပ်ရှိတာ မဟုတ်ဘူး၊ ဒီတိုင်း ဘလိုင်းကြီး သွားဝင်ရင် ကျော်ဦးပြောတဲ့ ဒီပြင်ကောင်တွေလိုပဲ ငါလည်း အလဲအကွဲခံပြီး ပြန်လာနေရမှာပေါ့'

အောင်မင်းက ခေါင်းခါသည်။

'ငါတော့ တယ်မထင်ဘူး ကိုလတ်၊ ငါ့သဘော ပြောရရင် အစကတည်းက သိပ် အခင်းအကျင်းမလှတဲ့ ဒီဇာတ်လမ်းမျိုးမှာ မင်း ဒီလောက် ဒုက္ခခံပြီး ဝင်မစွက်နဲ့စားသင့်ဘူး၊ ကျော်ဦးပြောတဲ့ ရာဇဝင်က လန့်စရာကြီး'

'စောင့်ကြည့်ပါဦးကွာ၊ ငါလည်း ငါ့စိတ်ဆင်ရေး ငါ ယုံကြည်လို့ လုပ်တာပါ၊ တစ်ကျောင်း တစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဆိုတဲ့ စကားလည်း ရှိသားပဲ'

ပြောရင်းနှင့် ရိပ်သာအဆောက်အအုံ အပြင်ဘက်သို့ လှမ်းကြည့်သည်။ ညွတ်ကွေးကျနေသော ပင်စည်ကိုင်းကြီးကို အုတ်ခုံဖြင့် ထောက်ကန်ထားရသော စိန်ပန်းပင်ကို မြင်သည်။

သည်လိုဖြစ်လို့ သည်လိုလုပ်ထားရတာကိုက သူ့ဟာနဲ့သူ တစ်မျိုးလှတာပါပဲဟု ဝတ္ထုတစ်ပုဒ်တွင် ရေးထားသော ဆရာငြိမ်းကျော်၏ စာသားတချို့ကို အမှတ်ရ၏။



BURMESE CLASSIC .com

www.burmeseclassic.com

[၄]

ခင်ခင်ကြီး . . . ဆိုသော စာလုံးလေးများကို စာရွက်လွတ်တစ်ခုပေါ် တွင် ကျွန်တော် ချရေးကြည့်သည်။ ဆရာမောင်သိန်းဆိုင်၏ ရေနံ့သာ ခင်ခင်ကြီးဝတ္ထုမှ ဇာတ်ကောင် ဒေါ်ခင်ခင်ကြီးကို ပြေးသတိရ၏။

သည်နာမည်ကိုက တစ်စုံတစ်ရာ အင်အားကြီးမားသော မိန်းမသားတစ်ဦး၏ စရိုက်လက္ခဏာကို ဖော်ပြနေသည်။ တော်ရုံပျော့ အိပျော့နွဲ့ မိန်းကလေးတစ်ဦးမှာ မရှိတတ်သောအမည်ဖြစ်သည့်အပြင် နာမည်မှာပင် ထိုမိန်းကလေး၏ စိတ်ဓာတ်ခွန်အားတို့ ပါဝင်နေသည်။

ကျွန်တော့် မြကျွန်းသာ ခင်ခင်ကြီးသည်လည်း ထိုသို့သော မိန်းကလေးမျိုးမှာ ပါဝင်နေသည်ဟု သေချာသိသည်။

ခင်ကြီးနှင့် ပတ်သက်၍ သူသိသလောက် ပြောပြလိုက်သော



BURMESE CLASSIC .com

www.burmeseclassic.com



ကျော်ဦး၏ စကားများကို အမှတ်ရသည်။

'ခင်ခင်ကြီးက ငါတို့နဲ့ အတူတူ ဆယ်တန်းမှာ တစ်ကျောင်းတည်း နေခဲ့တာပဲ ခင်မောင်လတ်၊ မသိဘဲနေမလား၊ ဒေသတက်တော့လည်း ငါနဲ့ တစ်ဆက်ရှင်တည်းပဲ၊ ဒီနှစ်ကျမှ ငါက ဝိုင်တီယူရလို့ မိန်းမှာတက်ရတဲ့ သူနဲ့ ကျောင်းချင်း ကွဲသွားတာ၊ မင်း သူ့ကိုတော့ သွားစိတ်မဝင်စားပါနဲ့ ခင်မောင်လတ်ရာ၊ ခင်ခင်ကြီးက မလွယ်ဘူး၊ အရမ်း မာနကြီးတယ်၊ ရုပ်ကလည်း ချော၊ ပိုက်ဆံကလည်းရှိ၊ မိဘမျိုးရိုးကလည်း ရာဇဝင်မျိုးဆိုတော့ အလှဂုဏ်ရော၊ ငွေဂုဏ်ရော၊ ဆွေမျိုးဂုဏ်ရော လောကမှာ မောက်လို့ရသမျှ ဂုဏ်အကုန် ကန်ထရိုက်ဆွဲပြီး မောက်နေတာ'

ခင်ခင်ကြီးကို ကျွန်တော် စ,တွေ့ဖူးသည့်အချိန်မှာ ကျွန်တော်နှင့်အတူ အောင်မင်းရော ကျော်ဦးပါ ရှိနေသည်။

ကျော်ဦးက ကျွန်တော့်လိုပင် အနုပညာကိစ္စများ၌ ဝါသနာကြီးသူမို့ ဒေသကောလိပ်မှာကတည်းက အနုပညာကိစ္စအတူတူလုပ်လာကြသော အပေါင်းအသင်းတွေ ရန်ကုန်တက္ကသိုလ်မှာ ရှိသည်။

ဝိုင်တီယူတွင် အဆောင်တူ၊ အတန်းတူ၊ အခန်းတူ ကျွန်တော့်လိုပင် နယ်မှ လာတက်သည့်ကျောင်းသားဖြစ်သော အောင်မင်းနှင့် ကျွန်တော် ပိုအတွဲများသော်လည်း ရန်ကုန်မြို့ထဲမှ နေ့ကျောင်းသားအဖြစ် လာတက်သော ကျော်ဦးနှင့်ကျတော့ ကျောင်းအနုပညာလုပ်ငန်းများ လုပ်ရင်းနှင့်ကျမှ ရင်းနှီးသွားခြင်း ဖြစ်သည်။

ကျော်ဦးနှင့် ကျွန်တော်တို့က ဘာသာတွဲမတူ။ ကျွန်တော်နှင့် အောင်မင်းက စက်မှုအင်ဂျင်နီယာ ကျောင်းသားဖြစ်၍ ကျော်ဦးက လျှပ်စစ်အင်ဂျင်နီယာမှ။



BURMESE CLASSIC .com

www.burmeseclassic.com



ကျောင်းဖွင့်ပြီး သုံးလေးလအကြာမှာ ဘာသာရပ်အသင်းများနှင့်အတူ စာပေအသင်း၊ အနုပညာအသင်း စသော ဝါသနာအသင်းအဖွဲ့များလည်း စတင်အသက်ဝင်လှုပ်ရှားသည်။ ကျော်ဦးက အဆိုသန်၍ ကျွန်တော်က အတီးသမား။

နယ်မှာနေတုန်းကတော့ ကျွန်တော် ပတ္တလားတို့ ဒုံမင်းတို့ အတီးများ၍ ဒေသကောလိပ်ရောက်မှ စန္ဒရားကို ကျွန်တော် စ,တီးသည်။ ဝိုင်တီယူရောက်တော့ စန္ဒရားအပြင် အော်ဂင်တို့ ဆင်သဆိုက်ဇာတို့ပါ တွဲလုပ်လာရသည်။

ကျွန်တော်တို့ထဲမှာ ရောကောသောကောနှင့် ဝေလေလေဝင်လုပ်သူက အောင်မင်း။

ထိုနေ့ကလည်း ကျွန်တော်က ကျော်ဦး၏ အဖော်စပ်မှုကြောင့် ရန်ကုန်တက္ကသိုလ်မှ အနုပညာအသင်းသူအသင်းသားများနှင့် နီးနီးစပ်စပ် ရင်းရင်းနှီးနှီးရှိရန် လိုက်လာခြင်းဖြစ်သည်။ အောင်မင်းက ထုံးစံအတိုင်း ရောကောသောကောနှင့် ပါလာခြင်းသက်သက်။

ကျွန်တော်တို့သုံးယောက် အနုပညာအသင်းခန်းမှာ အတော်ကြာကြာ ထိုင်ပြီး စာကြည့်တိုက်ဘက် ခဏသွားကြည့်ရန် အဓိပတိလမ်းကို ဖြတ်ကူးလာစဉ်အခိုက်မှာ ခင်ကြီးကို ကျွန်တော် မြင်ဖူးလိုက်သည်။

ဘယ်သောအခါကြည့်ကြည့် ကျွန်တော့်မျက်စိထဲမှာ အမြဲနှင့်အလွန်လှနေတတ်သော ခင်ကြီးသည် ထိုနေ့ကလည်း အတော်လေးလှသည်။

ခင်ကြီးကို တွေ့မြင်လိုက်ရသည်မှာ အလွန် မဆန်းပြားစွာဖြင့် တဒင်္ဂသာလျှင်လည်း ဖြစ်၏။



BURMESE CLASSIC .com

www.burmeseclassic.com



ခင်ကြီးက သူ့သူငယ်ချင်းနှစ်ယောက်နှင့်အတူ အဓိပတိလမ်းကို အရှေ့ဘက်မှနေ အနောက်ဘက်သို့ ဖြတ်ကူးသည်။ ခင်ကြီးက အလယ်မှ လျှောက်၏။

ကျွန်တော်တို့ သုံးယောက်က သူတို့နှင့် မျက်နှာချင်းဆိုင်နီးပါးမှနေ လမ်းအရှေ့ဘက်သို့ ဖြတ်ကူးရန်ပြင်သည်။

ထိုစက္ကန့်ပိုင်းလေး မြင်တွေ့လိုက်သော ခဏ ကျွန်တော့်ရင်ထဲ ဘယ်လိုဖြစ်သွားမှန်းမသိ။ ခင်ကြီး၏ရုပ်ပုံလွှာက ကျွန်တော့်မျက်စိ၏ မြင်လွှာပေါ် တွင်ပင် ရုပ်တန့်မနေဘဲ ဦးနှောက်၊ နှလုံးသားသို့ပါ ထွင်းဖောက် ဝင်ရောက်သွားသည်။

လမ်းဖြတ်ကူးရန် ကိစ္စကိုပင် ကျွန်တော် အခိုက်အတန့် မေ့လျော့သွား၏။

◈

ခင်ကြီးက သူ့သူငယ်ချင်းများနှင့်အတူ တစ်စုံတစ်ခုသော ရယ်စရာကို ပြော၍ ရယ်မောရင်း လမ်းကို ဖြတ်ကူးသည်။

ခင်ကြီး၏မျက်နှာသည် အရယ်လေးတစ်ခုဖြင့် ဝင်းပနေသည်။

မျက်လုံးလေးများကလည်း နဂိုလှအပြင် အရယ်ကြောင့် ရွှန်းလဲ့နေ၏။ ရယ်သောကြောင့် ဆေးသားလဲ့လဲ့ဖြင့် အနေအထားကျသော နှုတ်ခမ်းအလှ၊ ညီညာဖြူစင်သော သွားအလှလေးများကိုလည်း ကျွန်တော် လေ့လာခွင့်ရသည်။

ခင်ကြီး၏အလှသည် ထည်ထည်ဝါဝါလည်း ရှိလွန်းလှသည်။

လှတော့ လှသော်လည်း ပုတိုက်တိုက်၊ ပိန်ညှော်ညှော်၊ ပြား



BURMESE CLASSIC .com

www.burmeseclassic.com



ချပ်ချပ် အလှမျိုးမဟုတ်။ အသားလေးများက ထိရက်စရာမရှိအောင် ဖြူညက် ချောမွတ်နေသည်။ မျက်နှာ၏အလှ၊ လည်တိုင်၏အလှ၊ အရပ်အမောင်း ကိုယ်နေကိုယ်ထားအလှ စသဖြင့်လည်း အကုန်ပြည့်စုံသည်။

ပင်ကိုကိုယ်၌ကပင် ကျော့ရှင်းနေသလို ဝတ်ဆင်ထားသော အဝတ်အစား အဆင်အပြင်ကလည်း အရမ်းလိုက်ဖက်တင့်မောသည်။ နို့သာနုရောင် အဖိုးတန်ပိတ်သားစ ပြောင်ကလေးကို ကိုယ်လုံးကိုယ်ထည်အလှနှင့် ချပ်ရပ်နေအောင် ဝတ်စားထားပုံလေးက အတွန့်အတက်၊ အညွန့်အခက်၊ အတက်အဖတ် အပိုတွေမပါဘဲ ကြည့်သူ၏အာရုံကို ဖမ်းစားထားနိုင်သည်။ ရွှေရောင်ကြိုးသိုင်း ဒေါက်မြင့်ဖိနပ်လေးကလည်း တင့်တယ်ပြီးသားကိုယ်ဟန်ကို ကြွကြွရွရွလေး ဖြစ်နေစေသည်။

'ဟေ့ကောင် . . . လာလေကွာ၊ ဘာလုပ်နေတာလဲ'

သဘာဝလောကကြီးနှင့် ခေတ္တ အဆက်အသွယ် ပြတ်သွားသော ကျွန်တော့်မှာ အောင်မင်းဆွဲခေါ်မှ အိပ်မက်က လန့်နိုးသလို ဖြစ်သွားသည်။

ကျွန်တော့်ဘေးဘက်မှ ကျော်ဖြတ်သွားသော ခင်ကြီးတို့ဘက် ကျွန်တော် လည်ပြန်လှည့်ကြည့်ရင်း . . .

'ခဏလေး နေစမ်းပါဦးကွာ၊ ဟိုတစ်ယောက် အရမ်းလှလို့ကြည့်နေတာ'

'ဘယ်ဟာလဲ၊ အလယ်ကလား'

အောင်မင်းထံမှ မဟုတ်။ ကျော်ဦးက မေးလိုက်ခြင်းဖြစ်သည်။

'အေး'

www.burmeseclassic.com



ကျော်ဦးက ရယ်၏။

'လာပါ သူ့ကို ငါ သိပါတယ်၊ သူနဲ့တွေ့ရင် ယောကျ်ားလေး တော်တော်များများလည်း ဒီလိုဖြစ်သွားတတ်တာပါပဲ၊ သိပ်အထူး အဆန်းကြီး မဟုတ်ပါဘူး၊ သူ့နာမည်က ခင်ခင်ကြီးတဲ့၊ ဓာတုဗေဒ အဓိကက၊ မင်း သိချင်ရင် နေရပ်လိပ်စာရော၊ နောက်ကြောင်း ရာဇ ဝင်ရော ငါပြောနိုင်ပါတယ်၊ လာ . . . လာ . . . လမ်းမကြီးပေါ်မှာ ဒီလောက် ငေးမော ဏ္ဍန္ဒြေပျက်စရာ မလိုဘူး'

ထိုကစ၍ . . . ခင်ခင်ကြီးက ငါတို့နဲ့အတူတူ ဆယ်တန်းမှာ တစ်ကျောင်းတည်း နေခဲ့တာပဲ . . . ဟု အစချီကာ လောကမှာ မောက် လို့ရသမျှဂုဏ် အကုန် ကန်ထရိုက်ဆွဲပြီး သိပ်မောက်တယ် . . . ဟု အဆုံးသတ်သော စကားကို ကျော်ဦး ပြောသည်။

'မင်းနဲ့သိရဲ့သားနဲ့ မင်းတောင် နှုတ်မဆက်သွားဘူးလား'

အောင်မင်းအမေးကြောင့် ကျော်ဦး ရယ်ရင်း . . .

'ဂုဏ်မောက်ပါတယ်လို့ ငါပြောပြီးပြီးပဲကွာ၊ ငါတို့လောက် ကောင်ကို သူက သူ့သူငယ်ချင်း စာရင်းသွင်းပြီး ဘယ်အဖက်လုပ်မလဲ၊ သူတို့က မင်းမျိုး၊ မဟာမျိုး မဟာနွယ်တွေလေ၊ တော်ရုံတန်ရုံကောင် ကိုလည်း သူက အရေးလုပ်တာ မဟုတ်ဘူး၊ ငါတို့ကလည်း သိပ်ဂရု မစိုက်ပါဘူး၊ ငါတို့စိတ်မျိုးနဲ့တော့ ပြဒါးတစ်လမ်း၊ သံတစ်လမ်းပဲ'

ကျော်ဦးပြောပုံအရတော့ . . . လှပုံလှနည်းမှာ မဟာဆန် သလောက်၊ နေပုံထိုင်ပုံ မိတ်ဆွေအပေါင်းအသင်း ပြုပုံတို့၌လည်း မဟာဆန်နေသော ခင်ကြီးကို အတော်ချဉ်နေပုံရသည်။

ကျွန်တော်ကတော့ ဘာမှဝင်မပြောဘဲ ပြုံးရုံသာ ပြုံးလိုက် သည်။



BURMESE CLASSIC .com

www.burmeseclassic.com



သူ့အတိုင်းအတာနှင့်သူ ဒီလောက်တော့လည်း မာန်ဝင့်သင့်တာပေါ့ဟုပင် စိတ်ဖြင့် ခင်ကြီးဘက်က ရှေ့နေ ပြန်လိုက်နေမိသေး၏။

www.burmeseclassic.com

[၅]

ခင်ကြီးနှင့် နီးစပ်နိုင်စရာ လမ်းစဟူ၍လည်း ကျွန်တော် စဉ်းစားမိသမျှ ဘာတစ်ခုမှ မတွေ့။

ထိုရက်ပိုင်းမှာ ကျွန်တော် လေ့လာ စုံစမ်း အကဲခတ်မိရသလောက် ခင်ကြီးနှင့်ကျွန်တော်က များစွာအလှမ်းဝေးလွန်းလှသည်။ လှပသော ခန္ဓာကိုယ်ပေါ်မှာ အဖိုးအတန်ဆုံး အဝတ်အဆင်တန်ဆာပလာများ ထာဝစဉ်ခြယ်မှုန်းထားလေ့ရှိသော ခင်ကြီးသည် ကျောင်းတက်ကျောင်းဆင်း လုပ်တော့လည်း ကျွန်တော်တို့နှင့် ခြားနားစွာ ကိုယ်ပိုင်ကားနှင့် ဘာနှင့် လွန်စွာခန့်ညားသူ ဖြစ်သည်။

ကျောင်းမှာ အပေါင်းအသင်းမိတ်ဆွေဟူ၍လည်း ခင်ကြီးက များများစားစား မထား။ အရင်းနှီးဆုံး ပေါင်းသင်းသော သူငယ်ချင်း



BURMESE CLASSIC .com

www.burmeseclassic.com



နှစ်ယောက်ကလည်း သေးသေးကွေးကွေးမျိုးနွယ်စုများထဲမှ မဟုတ်ကြ။ တစ်ယောက်က ပုဂ္ဂိုလ်ကြီးတစ်ဦး၏သမီး။ နောက်တစ်ယောက်က သူတို့ပိုင်ဆိုင်သည့် စည်းစိမ်အားလုံးကို ငွေသားနှင့် ဖော်လိုက်ပါက ပြည်ထောင်စုဘဏ်မှာ ငွေသားရေတွက်သူအားလုံး ခုနစ်ရက်လောက် မအိပ်မနေ ထိုင်ရေတွက်ပါမှ ရနိုင်လောက်သော အခြေအနေမှာ ရှိသလား အောက်မေ့ရသည့် တရုပ်ကပြားမလေး။ တော်ရုံတန်ရုံလောက်ဆိုလျှင်လည်း ခင်ကြီးက ပေါင်းချင်ပုံမရ။

ကျွန်တော်ဆိုသည့်ကောင်က ဖွတ်ကျား။

ခင်ကြီးအနေအထားကို ကျွန်တော့်ပကတိအနေအထားမှ လှမ်းကြည့်ရသည်မှာ အညာက လက်ပံပင် ဇရာမကြီးများ၏ ထိပ်ဆုံးကိုင်းမှ အသီးကို လှမ်းကြည့်ရသလို ဖြစ်နေသည်။

သူတို့အသိုက်အဝန်းမှာ ကျွန်တော့် ရှိစုမဲ့စု ဂုဏ်ပုဒ်ဖြစ်သော ဝိုင်တီယူမှ အင်ဂျင်နီယာလောင်း တတိယနှစ်ကျောင်းသားဆိုသည့် အနေအထားက ဖွာသဲသဲ၊ ဖွဲသာသာမျှသာ ရှိနိုင်သည်။

ဤအခြေအနေများအား အကြောင်းပြု၍ အောင်မင်းက ကျွန်တော့်ကို ဝေဖန်သော စကားက များစွာထိသည်။

'ကိုယ့်ဒုက္ခကိုယ်ရှာတဲ့ နေရာမှာ မင်းက ကမ္ဘာ့စံချိန်ချိုးမယ့်ကောင်ပဲ ကိုလတ်၊ ခုခေတ်မှာ မတူဘူး မတန်ဘူးဆိုတဲ့ စကားမျိုးကိုတော့ ကိုယ့်လူဘက်က အနာခံပြီး ငါမပြောပါဘူး၊ ဒါပေမဲ့ အချစ်ဆိုတာ ဘဝချင်း နီးစပ်မှ ကောင်းတယ်၊ အဲလိုမှ မဟုတ်လို့ကတော့ သားသတ်ရုံအရောက် အပြေးပြိုင်ပွဲဝင်ရတဲ့ နွားလိုပဲ၊ ကိုယ်ကြိုးစားရင် ကြိုးစားသလောက် အကုသိုလ်တွေ တိုးလာမှာပဲ'

ခင်ကြီးနှင့်ကျွန်တော် မူလကြမ်းခင်း အခြေအနေကတော့



BURMESE CLASSIC .com

www.burmeseclassic.com



သည်အတိုင်းပင် ဖြစ်၏။

စကတည်းက ကျွန်တော် ဝင်နွဲရသည့်ပွဲမှာ ပွဲခက် ပွဲကြမ်းကြီး တစ်ခု ဖြစ်မှန်းမသိ၍ မဟုတ်။ သို့သော် . . . သိသည့်အတိုင်းပင်။ လူငယ်တို့၏ အချစ်လောကမှာ မမိုက်လျှင်သာ အလျှင်းရှိမည်။ မိုက်ဖို့ ဆုံးဖြတ်ပြီးသည့်နောက် ဒါမျိုးမှာ ဘုရားလည်း ကယ်လို့မရ။ တရားလည်း ကယ်လို့မရ။ နတ်, ဗြဟ္မာများနဲ့ သိကြားမင်း ဆင်းလာကာ တားဆီးမရတော့သည်ဆိုသော ချစ်ရောင်ခြည် သီချင်းစာသား အတိုင်း၊ သမုဒ္ဒရာဆီးတားသည့်တိုင် ရည်းစားအတွက် လက်ပစ်ဖြတ် ကူးချင်သည့် စိတ်မျိုး ကျွန်တော့်မှာ ရှိသည်။

အသွင်တစ်နည်းနှင့် ခင်ကြီးသည် ကျွန်တော့်ရည်းစား ဖြစ်ရမည်ဟုလည်း စိတ်ဆုံးဖြတ်ထားမိ၏။

◈

'မဟာဆန် . . . နှာတံကျော့၊ မျက်တောင်ကော့ချီ . . .၊ လှတယ်ကို၊ သမင်လိုချိုပြုံး မျက်လုံးလေး ရွဲလိုကြည်ကြည် . . .၊ နှုတ်ခမ်းလေး ပတ္တမြားအသွေး၊ သွားကလေးတွေ ပုလဲသွယ်စီရီ၊ ပါးအို့ကလေးတွေ နှင့်မို့ အသွေးနှင်းဆီ၊ မြင်မောမယ်၊ ယဉ်သောကွယ်၊ ပါးခွက်ကလေး တွေရီ၊ ကေသီမင်းညို၊ လေပြည်ချိုချို၊ နော့ပါလို့ ကပိုကသီ . . .'

တောကျသည်ဟု ပြောလျှင်လည်း နဂိုကတည်းက ရန်ကုန်မြို့ လို ရထားတို့၊ လေယာဉ်တို့ ခရီးစဉ်မရှိသော မြစ်ဝကျွန်းပေါ်ဒေသမှ ကျောင်းလာတက်ရသူမို့ ကျွန်တော် အပင်ပန်းခံပြီး ထိုစကားကို ငြင်းနေတော့မည် မဟုတ်။



BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော်တို့ခေတ်က ခင်မောင်တိုး၏ မဟာဆန်သူသီချင်းကလည်း မပေါ်သေး . . .

သို့အတွက် စန္ဒရားသမား ကျွန်တော့်မှာ ဆရာမြို့မငြိမ်းရေး၍ ကိုဝေဇင်ဆိုသော လေထဲကဖူးစာ ရုပ်ရှင်သီချင်းဖြင့်သာ ခင်ကြီးကို တမ်းတလွမ်းရသည်။

'အချစ်စေတမန် . . . လေပျံ့အသံလှိုင်းကို . . . ချစ်သူရှိရာ . . . သိပါစေရည်၊ ဘယ်ဆီဘယ်ဝယ် ဝေခွဲမရသည် . . . ဖေစွဲလှပြီ . . . လေထဲက ဖူးစာရှင်ကို . . . လေထဲက ဖူးစာရှင်ကို . . . ဖူးစာရှင်ကို လေထဲက . . . မောင် ရှာနေပါသည် . . . '

'အေး . . . ရှာရှာ ခင်မောင်လတ်၊ မင်းရှာနေတဲ့ ဖူးစာကလည်း လေထဲက အီးနဲ့ လိုက်ဖမ်းရသလို ဖမ်းရမယ့် ဖူးစာပဲ၊ ငါ့ချီး . . . လေထဲက ဖူးစာနေမယ့်အစား၊ ငါတို့ အညာက ရွာပြန်ပြီး မြေပဲက တူးဖာ ယူလာတာကမှ အဓိပ္ပာယ်ရှိဦးမယ်၊ ဟော့ကောင် ဝမ်းဖာကို ဆီကြိတ်၊ နောက်တစ်ဝမ်းဖာကို ကြော်စား၊ အဲဒါကမှ အရသာ အပြည့်အဝနဲ့ ဖဲရီးဂွတ်မှာ'

ပျစ်ပျစ်နှစ်နှစ် ပြောဆိုပြီး ဝင်လာသော ကျောင်းအငြိမ့်လူပြက် တိုးမောင်စကားကြောင့် ကျွန်တော် ပြုံးမိသည်။

အောင်မင်းတို့ ကျော်ဦးတို့ လက်ရာကြောင့် ကျွန်တော့်ကိစ္စကလည်း ဝိုင်တီယူနှင့် ရန်ကုန်တက္ကသိုလ် နှစ်ကျောင်းလုံးက အနုပညာအသင်းသူအသင်းသား မှန်သမျှ မသိသူ မရှိတော့။

'ဘာလဲကွ မင်းပြောတဲ့ မြေပဲကတူးဖာ ဆိုတာ'

'မင်းတို့ကလည်း တက္ကသိုလ်ကျောင်းသား လုပ်နေပြီး ဒီလောက် အ,ရသလား၊ မြေပဲဆိုတာက မြေပဲ . . . ပဲ၊ တူးဆိုတာက



BURMESE CLASSIC .com

www.burmeseclassic.com



အင်္ဂလိပ်လို နှစ်ခု၊ ဖာဆိုတာက အညာမှာ ပစ္စည်းထည့်တဲ့ သေတ္တာ၊ လေထဲကဖူးစာနဲ့ ကာရန်လိုက်အောင် မြေပဲက တူးဖာလို့၊ မြေပဲနှစ်သေတ္တာကို ဘာသာပြန်ထားတာ’

‘နေစမ်းပါ တိုးမောင်ရယ်၊ သူ့ဟာသူ ဘာဖြစ်ဖြစ်၊ မြို့မငြိမ်း သီချင်းကိုတော့ ဖျက်လိုဖျက်ဆီး မလုပ်ပစ်ပါနဲ့၊ သူ့အလွမ်းလေး ကြည့်ပြီး ငါက ခင်မောင်လတ်ကို သနားနေတာ’

စန္ဒရားခန်းထောင့် တစ်ထောင့်တွင်ထိုင်ပြီး သိုးမွေးထိုးနေသည့် ကျောင်း၏ပင်တိုင်မင်းသမီး မြမြဟန်က ဝင်ပြောသည်။

တိုးမောင်က . . .

‘ဘာလဲ . . . ဒီကောင့်ကိစ္စကြီးက မျှော်လင့်ချက် မရှိဘူး၊ ကြာရင် ဟိုကို စိတ်ပျက်ပျက်နဲ့ ငါ့ဘက်လှည့်လာမှာဘဲဆိုပြီး နင်က ခင်မောင်လတ်ကို ကျိတ်ကြံနေပြီလား မြမြဟန်’

‘ဒါပေါ့ . . . ခင်မောင်လတ်က နင်တို့လို အလေဇာတော လျှောက်ပြောရုံပဲတတ်တဲ့ လူပြက်မှ မဟုတ်တာ၊ စန္ဒရား တီးတတ်တယ်၊ သီချင်းဆိုတတ်တယ်၊ ဝါသနာပါရင် မင်းသားတောင် လုပ်စားလို့ရတယ်၊ လူရှင်းရင် ဖက်နမ်းဖို့တောင် ငါက စဉ်းစားနေတာ’

မောင်လို နှမလို နေကြသူများမို့ သည်လောက်နှင့်တော့ ဘယ်သူမှ ရှက်တက်တက် ရွံ့တွန့်တွန့်မဖြစ်။ မြမြဟန်က သိုးမွေးထိုး မပျက် ပြန်ပြောသည်။ ကျွန်တော်ကလည်း စန္ဒရားခလုတ် တောင်နှိပ် မြောက်နှိပ်လုပ်ရင်း ရယ်နေလိုက်သည်။

တိုးမောင်က တဟားဟား ထရယ်၍ . . .

‘အေးပေါ့လေ . . . ခုနေခါ ဇာတ်စင်အောက်မှာဆိုတော့ လူပြက် ခံနေရတာပေါ့၊ နောက်တစ်ခါ အငြိမ့်ကမှ နင်သိမယ် မြမြဟန်၊



BURMESE CLASSIC .com

www.burmeseclassic.com



ခွင်ထဲကျရင် မင်းသမီးလည်း လူပြက်နမ်းတာ ခံရတာပဲ မှတ်ထား’

‘တော်ပြီ . . . ခုချိန်ကစပြီး ငါမင်းသမီးအဖြစ်က အငြိမ်းစား ယူလိုက်ပြီ၊ အမေက မှာထားတယ် . . . ဘူးဆိုရင် ဘူးသီးတောင် အနား သွားမကပ်နဲ့တဲ့၊ နင်က ဘာဘူးလဲ တိုးမောင်’

‘နှာဘူးပေါ့ မြမြဟန်ရဲ့၊ အောင်ဇေယျတု ကတိုးနှာ တန်ခိုးဖြာ တော့ ခွီးခွီးခွီးခွီးဆိုတဲ့ နှာဘူး’

အခန်းထဲက ဆက်တီကုလားထိုင်များတွင် ထိုင်နေသော သက်သက်ကလည်း ဝင်ချွတ်သည်။

အခန်းထဲတွင် ရယ်သံများ လျှံသွား၏။

ကျွန်တော်တို့ ပတ်ဝန်းကျင်အဝန်းအဝိုင်းက သည်လို ပျော် စရာ အဝန်းအဝိုင်းမျိုး။ အင်မတန် ရင်းနှီးခင်မင်၍ ပွင့်လင်းဖြူစင် သော အသိုင်းအဝိုင်းကိုကျော်ကာ တကယ့်ဟန်ကြီးပန်ကြီးများသော မဟာတောကို ကျွန်တော် ဘာကြောင့် ချဉ်းကပ်ဖို့ ကြိုးစားနေရသည် ဆိုသည်ကို ကျွန်တော့်ဘာသာ ကျွန်တော်လည်း လုံးဝ စဉ်းစားမရ။

‘အဲလောက်ဖြစ်နေရင်လည်း နင် ယောက်ျားပဲ ကိုလတ်၊ ခင်ခင်ကြီးကို လိုက်စကားပြောပစ်ပါလား’

သက်သက်စကားကြောင့် ကျွန်တော် ရယ်သည်။

‘နင် ငါ့ကို ပါးမကျိုးကျိုးအောင် လုပ်နေတာလား သက်သက်၊ ခုနေ လိုက်စကားပြောရင် ပါးရိုက်မလွှတ်တောင် ပက်ပက်စက်စက် ပြောလွှတ်တာနဲ့ ငါ့တစ်ကိုယ်လုံး ဘာတစ်ခုမှ ရစရာမရှိဘူး ဖြစ်သွား မှာပေါ့’

‘အိုး . . . ဘာဆိုင်လို့လဲ၊ ကိုယ်ကြိုက်လို့ ကိုယ်လိုက်ပြောတာ ပဲ၊ တက္ကသိုလ်ကျောင်းသားကျောင်းသူချင်း သူလည်း ဒီလောက်တော့



BURMESE CLASSIC .com

www.burmeseclassic.com



ရှိင်းမလားဟ’

‘ရှိင်းတာ မရှိင်းတာနဲ့ မဆိုင်ဘူးလေဟာ၊ ဘယ် မိန်းကလေး မဆို ကိုယ်နဲ့ ဘာအဆက်အစပ်မှမရှိဘဲ ဘလိုင်းကြီး လိုက်စကားပြော တဲ့ လူတစ်ယောက်ကိုတောင် သူ့မှာ စိတ်ကြိုက်တုံ့ပြန်ခွင့် ရှိတာပေါ့’

‘မဟုတ်ဘူးလေ၊ အဲလို လိုက်စကားမပြောခင် နင်က သူ့ကို ကြိုက်နေမှန်း သိသာအောင် နည်းနည်းပါးပါး ကြိုပြီး အရိပ်အမြွက် လေးတော့ ပြထားပေါ့’

ကျွန်တော် ခေါင်းခါသည်။

‘သူ့အနေအထားနဲ့ ငါ့အနေအထားက အဲဒီလိုလုပ်လို့ မရနိုင် ပါဘူး သက်သက်ရာ၊ အဲလိုသွားလုပ်ရင် ငါလည်း ဒွိပြင်ကောင်တွေလို ပဲ နောက်ကောက်ကျ ပြန်ခဲ့ရရုံပဲ ရှိမှာပဲ၊ နောက်တစ်ခုက ငါကလည်း အဲလို လုပ်ရဲတဲ့သတ္တိ ဗျတ္တိတွေ သိပ်မရှိဘူး၊ ခုနေ လိုက်စကားပြောရင် ခွေးအ,ကြီး လှည်းနင်းထားသလို ဖြစ်နေမှာပဲ၊ ငါ့ကိုယ်ငါ သိတယ်’

‘ဩော် . . . လက်စသတ်တော့ ခုမှ တကယ့်ဗန္ဓုလသွေးနဲ့ လာတွေ့နေရတာကိုး၊ အဲလိုဆိုလည်း မပြောတော့ဘူး ကိုလတ်၊ နင့် ဟာနင် လေထဲက ဖူးစာတို့၊ ခုန တိုးမောင် ပြောသွားတာ ဘာလဲ၊ မြေပဲက တူးဖာတို့ပဲ လုပ်နေတော့ . . .’

တကယ်ကြိုက်ရမည့် ခင်ကြီး မပြောနှင့်။ သက်သက်ပင် ကျွန်တော့်သတ္တိကို စိတ်ကုန်သွားဟန်တူသည်။ စကားအဆုံးမှာ ထိုင် ရာက ထသွား၏။

ကျွန်တော် ရယ်ပြီး ထိုင်နေလိုက်သည်။

ကိုယ့်ဝမ်းနာ ကိုယ်သာသိနှင့် မချိသွားဖြဲဆိုသော စကားပုံက ဘယ်လိုလုပ်ပြီး သည်နေရာမှာ တည့်တည့်လာမှန်နေသည် မသိ။



BURMESE CLASSIC .com

www.burmeseclassic.com



ခုကိစ္စက ကျွန်တော့်အကြောင်း ကျွန်တော်သာ သိသည်။

သက်သက် အကြံပေးသလို ခင်ကြီးအပါး သွား၍ လူရိပ်လူယောင်ပြကာ အရိပ်အမြွက် ပြသည့်ပုံစံမျိုး ကျွန်တော် မလုပ်ဖူးသည် မဟုတ်။ လုပ်ဖူးသည်မှ ဆယ့်လေးငါးခါမကပင် ရှိနေပြီ။

ခင်ကြီးရှိရာနား မယောင်မလည်သွား၍ ရွှေစွန်ညို ဝဲသလို ဝဲကြည့်ပြီးပြီ။ မထွေးက လုံးဝကို ဂရုမစိုက်။ တစ်ခါတစ်ခါ ဝါးတားတား ရောက်လာသော အကြည့်များမှာလည်း ဂရုထားမိသည့် အရိပ်အယောင်မျိုး တစ်ချက်မှမပြ။ ကျွန်တော်အပါအဝင် ရစ်ဝဲသူအားလုံးကိုလည်း တစ်စက်မှ ဂရုမစိုက်ဟန်ဖြင့် သူ့အလုပ်မပျက် သူလုပ်စရာရှိတာ လုပ်သွားသည်။

သူ့မှာ ဒါမျိုးအတွေ့အကြုံတွေ ရိုးလွန်းနေ၍ ပိုပင် ပိုနေကာ အတွေ့အကြုံဟောင်းများ လိုက်ဝယ်မည့်သူရှိလျှင် ပြန်ရောင်းစားလို့ ရနေပြီဆိုသော အနေအထားမျိုးမှာ ပြနေသည်။

အမှန်ပြောရလျှင် . . . ဤအနေအထား၌ပင် ကျွန်တော် အတော် ရွံ့နေ၏။

သည့်ထက် ဘာမှ ပိုမလုပ်ရဲအောင်ပင် ခင်ကြီး အဟန့်နှင့် ဟိတ်က ကျွန်တော့်ကို လွှမ်းမိုးထားသည်။

သည်လိုပုံအတိုင်းသာ ကျောင်းတွေပြီး၊ အသက်တွေကြီး၊ ခရီးတွေ ရှည်ခဲ့လျှင် သင်္ချိုင်းကုန်းရောက်သည့်တိုင်အောင် ခင်ကြီးနားသို့ ကျွန်တော် ကပ်ရဲခဲ့မည်မဟုတ်။ ကျွန်တော်လည်း အသည်းစွဲသော အဆင့်ကကျော်၍ အသည်းကွဲသောအဆင့်သို့ ရောက်မည်မဟုတ်။

ခုတော့ လောကဓံက ကျွန်တော့်ကို ဤအတိုင်း လွတ်ငြိမ်းချမ်းသာခွင့် မပေးလိုက်ပါ။



BURMESE CLASSIC .com

www.burmeseclassic.com



ဤမျှ ခက်ခဲသော လမ်းကြောင်းကြီးကို မရအရ ကျော်ဖြတ်ခွင့် ပေးခဲ့သည်။

ဝေဒနာနုနုဖြင့် စမ်းတဝါးဝါး လွမ်းတတ်ရုံမျှ ဖြစ်ခဲ့သော ကျွန်တော့်ကို ဝေဒနာရင့်ရင့်နှင့် နင့်နင့်သီးသီးလေး ခံလိုက်ရသည် အထိ စေတနာ နှစ်ကျပ်မတ်တင်းသားနှင့် ပို့ဆောင်ပေးလိုက်သည်။

ခင်ကြီးနှင့် ကျွန်တော့်ဇာတ်လမ်းသည် ဤကဲ့သို့ အဦလည် လည် မျောတောတောကြီးကနေ မမျှော်လင့်ဘဲ တစ်ဆစ်ချိုးခဲ့ရ၏။



BURMESE CLASSIC .com

www.burmeseclassic.com

[၆]

‘ဟာ . . . မင်းကလည်း’

ကျွန်တော့်စကားကြောင့် ကိုဇော် တွန့်ခနဲ ဖြစ်သွားသည်။

သူ့အကြည့်က ခေါင်းနှစ်လုံး၊ ခြေသုံးဖက်နှင့် အမြီးလေးခွ ပါသော သဘာဝမကျသည့် သတ္တဝါတစ်ကောင်ကို ကြည့်နည်းမျိုး လည်း ဖြစ်သွား၏။

ကျွန်တော်က ရယ်လိုက်ပြီး . . .

‘ဘာဖြစ်လို့လဲ ကိုဇော်ရ . . . ကျွန်တော့်ကို မယုံလို့လား၊ စိတ်ချပါဗျာ၊ ငွေရေးကြေးရေးနဲ့ပတ်သက်လို့ မဟုတ်တာ ကျွန်တော် ဘယ်တော့မှ မလုပ်ပါဘူး’

‘ဟ . . ခင်မောင်လတ်ရ . . . ငါက မင်းကို ငွေရေးကြေးရေး

www.burmeseclassic.com



နဲ့ ဘာစိတ်မချစရာ ရှိရမှာလဲ၊ ဒါကြောင့် ငါပြောနေတာ မဟုတ်ဘူး’

‘ဟာ . . . မသင့်တော်ပါဘူးကွာ၊ မင်းက တက္ကသိုလ်ကျောင်းသား၊ တက္ကသိုလ်ထဲမှာတောင်မှ အင်ဂျင်နီယာဘွဲ့ရပြီး အရာရှိဖြစ်မယ့် ကျောင်းသား၊ မလုပ်ပါနဲ့ ကြားလို့တောင် မကောင်းပါဘူး’

ကျွန်တော် ခေါင်းခါယမ်းသည်။

‘ကျွန်တော်ကလည်း ခင်ဗျားကို လူကြားကောင်းဖို့ အလုပ်တောင်းနေတာ မဟုတ်ဘူး ကိုဇော်၊ ကျွန်တော် ပိုက်ဆံရတဲ့အလုပ် လုပ်ချင်လို့ အလုပ်တောင်းနေတာ၊ ကျွန်တော့်ကျောင်းကိစ္စ တစ်ဖက်နဲ့က ဒီပြင် ဘာအလုပ်မျိုးမှ လုပ်နိုင်တဲ့ အနေအထား မရှိဘူး၊ ဒါလေးသာ အဆင်ပြေရင် ကျွန်တော့်မှာ အများကြီး ဝမ်းသာစရာတွေ ဖြစ်လာရမှာ၊ လုပ်ပါဗျာ . . . အဲဒီအလုပ် ကျွန်တော် လုပ်ပါရစေ’

ကျွန်တော် အတည်ပြောနေမှန်း သိလာ၍တူသည် ကိုဇော် နည်းနည်းတော့ ငြိမ်၍ စဉ်းစားစ ပြုလာသည်။

သူ့စိတ်ထဲမှာ သူပေးရမည့်အလုပ်ကို ကျွန်တော့်အနေအထားနှင့် ဆက်စပ်၍ အလွန် သေးနုတ်သိမ်ငယ်သည်ဟု ယူဆနေပုံ ရ၏။

သာမန် အပေါ်ယံတွေးနှင့် တွေးလျှင်တော့ သည်သဘောအတိုင်း ရှိနေလိမ့်မည် ဖြစ်သည်။ သို့သော် ကျွန်တော်ကတော့ ဒါတွေ သိပ်ဂရုမစိုက်၊ သူ စိတ်ပါသလိုလို ရှိနေတုန်း နောက်ထပ် တိုက်တွန်းစကားလေး ထပ်ဖိပြောရသည်။

‘နောက်ပြီးတော့ ကျွန်တော် ကားလည်း မောင်းတတ်ပါတယ် ကိုဇော်ရာ၊ နယ်လိုင်စင်ပဲ ရှိပြီး၊ ရန်ကုန်လိုင်စင် မရှိတာရယ်၊ ရန်ကုန်က လမ်းတွေ၊ စည်းကမ်းတွေ သိပ်မကျွမ်းကျင်တာပဲ ရှိပါတယ်၊ ခင်ဗျားအတွက် ကားမောင်းရော ကားပြင်ပါ အဖော်ရမှာပါ’



BURMESE CLASSIC .com

www.burmeseclassic.com



ကိုဇော်က ခေါင်းခါသည်။ မျက်နှာကြီး ရှုံ့မဲ့ရင်း . . .

'ငါ . . . ဒါတွေ မစဉ်းစားပါဘူး ခင်မောင်လတ်ရာ၊ အဲဒါတွေက မင်းတို့လို ခေတ်ပညာတတ်၊ ဉာဏ်သွားတဲ့ လူငယ်တွေအတွက် ချက်ချင်းလုပ်ယူ ရတဲ့ကိစ္စတွေပါ။ ဒါပေမဲ့ . . . မင်းလိုလူမျိုးကို ဒီလို ခိုင်းရမှာ အားနာတယ်'

'အလကား ခိုင်းတာမှ မဟုတ်ဘဲဗျ၊ ပိုက်ဆံပေး ခိုင်းတာပဲ၊ ကျုပ်ကလည်း ပိုက်ဆံရလို့ လုပ်တဲ့ဥစ္စာ၊ ဘာအားနာစရာလိုလဲ'

'အေးလေ၊ အဲဒါဆိုလည်း မင်းလုပ်ချင်ရင် တစ်ရက်နှစ်ရက် စမ်းလိုက်ခဲ့ကြည့်ပေါ့ကွာ၊ ပင်တော့ ပင်ပန်းတယ်နော့'

'သိပါတယ်ဗျာ၊ ဒါတွေက အရေးမကြီးပါဘူး'

နောက်ဆုံးတော့ ကိုဇော်နှင့် ကျွန်တော် နှစ်ဦးသဘောတူညီချက် ရသည်။ လုပ်ရမည့်အလုပ်က သူ့ကိုယ်ပိုင်ကား နံပါတ်နက် ဟိုင်းလတ်စ်မှာ ညနေခင်းနှင့် မနက်ပိုင်း စပယ်ယာ။

ရမည့် အခကြေးငွေနှုန်းက ငွေတစ်ရာရတိုင်း ကျွန်တော့်အတွက် ဆယ့်နှစ်ကျပ်။

ပျမ်းမျှခြင်း တစ်နေ့ သုံးလေးဆယ်တော့ ကျွန်တော် ဝင်မည်။

ဘာကိစ္စ သည်အလုပ် ကျွန်တော် မလုပ်ရမည်နည်း။

ထိုအချိန်များမှာ ဟိုလိုလိုဒီလိုလိုနှင့် အိမ်ယောင်ဝါးနေမည့် အစား နည်းနည်း အပင်ပန်းခံလိုက်လျှင် အနည်းဆုံး တစ်လရှစ်ရာ၊ တစ်ထောင် သေချာပေါက်ရမည်။

ကျွန်တော့်အတွက် တစ်လတာ ကျောင်းစရိတ်အပြင် အပိုဝင်ငွေလေးတောင် ကျန်ချင် ကျန်နေဦးမည်။

အာအိုင်တီကျောင်းသား ကားစပယ်ယာမလုပ်ရဟု ကျောင်း



BURMESE CLASSIC .com

www.burmeseclassic.com



စည်းကမ်း အဆောင်စည်းကမ်း ဘာစည်းကမ်းမှာမှ မရှိ။ တချို့ ကျောင်းမှာ ညစောင့်လုပ်ရင်း ကျောင်းတက်နေသူတွေ ရှိသည်။

အောင်မင်း ပြောပြတော့ အောင်မင်းကလည်း ကျေနပ်၏။

◈

'လုပ်ပေါ့ကွာ . . . ဘာဖြစ်လဲ၊ သူများပစ္စည်းခိုးတာမှ မဟုတ်ဘဲ'

အောင်မင်းက ဘယ်သူ့ဂရုစိုက်ရမလဲဆိုသော လေသံဖြင့် ကျွန်တော့်ကို ထောက်ခံအားပေးသည်။

စင်စစ် သည်အလုပ်က သူများပစ္စည်း ခိုးတာဝှက်တာလောက် မယုတ်ညံ့၊ မသေးသိမ်သော်လည်း ဥပဒေစည်းကမ်းနှင့်အညီအညွတ် ကြီးတော့ မဟုတ်။

ဘာဖြစ်လို့လဲဆိုတော့ မော်တော်ယာဉ်တို့ထုံးစံမှာ နံပါတ်နက်နှင့် အငှားကားမလိုက်ရ။ လိုင်းကား မဆွဲရ။ စစ်ဆေးတွေ့ရှိလျှင် ဒဏ်ငွေငါးရာလောက် အရိုက်ခံရနိုင်သည်။

သို့သော် ရန်ကုန်မြို့ လူဦးရေနှင့် သယ်ယူပို့ဆောင်ရေးယာဉ် အရေအတွက်က . . . ထိုအချိန်က သိပ်မမျှ။

သို့အတွက် ဘလက်တက်စီခေါ် နံပါတ်အနက် အငှားကားတွေ ပေါ်လာသည်။ ကြားကားတွေ ဝင်ဆွဲကြသည်။ ထူးခြားသော အခြေအနေမျိုးမရှိလျှင် ရုံးတက်ရုံးဆင်းခရီးသည်များချိန် သို့မဟုတ် ညပိုင်း မနက်အစောကြီးပိုင်းဖြစ်လျှင် တော်ရုံတန်ရုံနှင့် ဘယ်ရဲကမှလည်း မဖမ်း။ ပြည်သူလူထု ခရီးသွားလာရေး အဆင်ပြေရန်အတွက် အခိုက်အတန့်အားဖြင့် မျက်နှာလွှဲနေကြသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ကိုဇော်ကားက ဘလက်တိုင်စီအနေနှင့်ရော ကြားကားအနေနှင့်ရော နှစ်မျိုးလုံး သုံးမည့်ကား။

စောစောပိုင်းကတော့ ကိုဇော် ဒီအလုပ် မလုပ်သေး။ ကျွန်တော်တို့ကျောင်းနားက နေရာကောင်းလေးမှာ လက်ဖက်ရည်ဆိုင်လေး တစ်ဆိုင်ဖွင့်သည်။ ကျွန်တော်တို့ကလည်း လက်ဖက်ရည်ဆိုင်ထိုင်နေကျသမားများမို့ သူနှင့် ရင်းနှီးနေသည်။

ခုရက်ပိုင်းကျမှ သူ လေးငါးနှစ်လောက် လက်ဖက်ရည်ဆိုင်မှ စုဆောင်းထားသည့် ငွေကြေးလေးဖြင့် ဟိုင်းလက်စ် ငါးချိတ် ယာယီနံပါတ်လေးတစ်စီး ဝယ်သည်။ ထို့နောက် သူ့လက်ဖက်ရည်ဆိုင်ကို သူ့မိန်းမ မလှအေးနှင့် လွှဲထားခဲ့ပြီး ဒုတိယ စီးပွားရေးလုပ်ငန်းတစ်ခုကို သူကိုယ်တိုင် ဦးဆောင် မောင်းနှင်၍ လုပ်ကိုင်သည်။

ပထမစိတ်ကူးတုန်းကတော့ ကျွန်တော်တို့ ကျောင်းနှင့်မနီးမဝေးမှာရှိသည့် အင်းစိန်လမ်းသစ်ထိပ်က နံပါတ်နက်တက်စီဂိတ်မှာ ထိုးပြီး ရိုးရိုးတက်စီအဖြစ်သာ အငှားအော်ဒါလိုက်ရုံသက်သက်ပင်။

တကယ် အလုပ်လုပ်ကြည့်သည့်အခါကျမှ မျက်စိပွင့်လာ၍ ပိုဝင်ငွေကောင်းမည့်နည်းလမ်းကို သူရှာတွေ့သည်။ နေ့လယ်ခင်း စင်လုံးငှားအော်ဒါက ရသည့်နေ့ ရှိသည်၊ မရသည့်နေ့ ရှိသည်။ တစ်ခါတစ်ရံ ခရီးဝေးအော်ဒါရှိလျှင်လည်း မြက်မြက်ကလေး စားရသည်။

သို့သော် ညပိုင်းကျတော့ ဂိတ်လည်း သိမ်းပြီမို့ သိပ်အလုပ်မဖြစ်တော့။ ထိုအချိန်မျိုးမှာ အဆင်ပြေသည်က ရန်ကုန်အင်းစိန်ကြားကား ဝင်လိုင်းရိုက်ခြင်းပင်။

ကားခကလည်း နေ့ခင်းမှာ လိုင်းကားနှုန်း တစ်ကျပ်ဖြစ်ပေမည့် ညပိုင်းကျတော့ နှစ်ကျပ်သုံးကျပ်ရသည်။ ညပိုင်းခြောက်နာရီ



BURMESE CLASSIC .com

www.burmeseclassic.com



ခြောက်နာရီခွဲလောက်မှ ညကိုးနာရီလောက်အထိ ရန်ကုန်အသွား အပြန်သုံးလေးခေါက် ဆွဲလိုက်လျှင် သူ့အတွက် ဝင်ငွေသုံးလေးရာ ဖြစ်သွားသည်။

နောက်တစ်ခါ မနက်စောစော ငါးနာရီလောက်ကနေ ရုံးစောစောတက်အမီ ခုနစ်နာရီ ရှစ်နာရီလောက်အထိ နှစ်ခေါက်လောက်ဆွဲလျှင် တစ်ရာ နှစ်ရာ ရသေးသည်။

သို့အတွက် ကိုဇော် နေ့ခင်းအော်ဒါကို သိပ်မမက်တော့။

အလုပ်သဘောအနေနှင့် မနက်ပိုင်း ခဏတစ်ဖြုတ် သွားထိုင်။ နေ့လယ်ကျတော့ တစ်ရေးပြန်အိပ်။ မွန်းလွဲ နှစ်နာရီ သုံးနာရီလောက်ကျမှ တစ်ခေါက်ပြန်ထိုင်။ ဒီလောက်ပဲ လုပ်တော့သည်။

ကျွန်တော်နှင့် စကားစပ်မိသည့်နေ့က ခါတိုင်းလိုက်နေကျ သူ့စပယ်ယာလေး တောပြန်သွားသဖြင့် စိတ်ညစ်ပြီး သူလည်း ညည်းနေခိုက်ဖြစ်သည်။

ကျွန်တော်ကလည်း ရသည့်အခွင့်အရေး အလွတ်မခံ၊ ထိုလစ်လပ်သွားသော ရာထူးတွင် ကျွန်တော့်ကို ချက်ချင်းခန့်အပ်ပေးရန် တောင်းဆိုသည်။

'ငါတောင် အဲဒါမျိုး အလုပ်တစ်ခုခုရရင် လုပ်ချင်သေးတယ်၊ မင်းတို့ ငါတို့က ချမ်းချမ်းသာသာ မိဘတွေကနေ ပေါပေါလောလော ငွေတွေ ပို့ပြီး ဖောဖောသီသီ ကျောင်းတက်နေရတဲ့ကောင်တွေ မဟုတ်ဘူးကွ၊ မင်းမိဘလည်း ဆင်းရဲတာပဲ၊ ငါ့မိဘလည်း ဆင်းရဲတာပဲ၊ သူတို့ မရှိမဲ့ရှိမဲ့လေးတွေ စုဆောင်းပြီး မင်းတို့ငါတို့ လူတစ်လုံးသူတစ်လုံး ဖြစ်အောင် လုပ်ပေးနေရတာ၊ တို့ဘက်က ဒီလိုလေးလုပ်ပေးနိုင်ရင် အိမ်အတွက် ဘယ်လောက်ဝန်ပေါ့သွားလဲ'



BURMESE CLASSIC .com

www.burmeseclassic.com



အောင်မင်းကတော့ ဘဝတူချင်းမို့ ရှောရှောရှူရှူကို သဘောတူ ညီချက်တွေ ပေးနေတော့သည်။

ကျွန်တော်ကလည်း သည်သဘောနှင့်ပင် လုပ်ခဲ့ခြင်းမို့ သူ့ စကားများအပေါ် များစွာ အားရနေမိသည်။

ဤသို့ဖြင့် အင်ဂျင်နီယာကျောင်းသား၊ အနုပညာအသင်း စန္ဒရားဆရာ ကျွန်တော်သည် မနက်စောကြီးနှင့် ညဦးပိုင်းတွင် စပယ် ယာတစ်ယောက်အဖြစ် နောက်ထပ် ဂုဏ်ပုဒ်တစ်ခု ထပ်တိုးလာတော့ ၏။

◈

'လာ . . . လာ . . . လှည်းတန်းတစ်ကျပ်၊ ဆူးလေ တစ်ကျပ်၊ အလယ်မှာ ထိုင်စရာနှစ်ခုံရဦးမယ်၊ အတွယ်အတာလည်း အနည်း အပါး ရမယ်၊ ယောက်ျားလေးဆို ရသလောက်တင် ဆရာရေ . . .'

သည်လုပ်ငန်းအတွက် အထွေအထူးလေ့ကျင့်သင်ကြားမှု မပြုဖူးသော်လည်း စီးနေကျဖြင့် အမြင်အကြား ပြည့်ဝနေပြီမို့ စကား လုံးတွေကအစ သုံးနှုန်းဖို့ အခက်အခဲမရှိ။

စပယ်ယာများ သုံးလေ့သုံးထရှိသော အတွယ်အတာတို့ ရှူး ကြောင် မူးကြောင်တို့၊ ညောင်း ညောင်း . . . အောင်ဖေတို့ စသည့် ဝေါဟာရများကို အလိုက်သင့် သုံးတတ်သွားသည်။

တစ်ခုပဲ ကျွန်တော့်မှာ အခက်အခဲရှိသည်။

ညပိုင်းမှာ သုံးနာရီလောက် မတ်တတ်တွယ်စီး၍ အဆောင် ပြန်ရောက်လျှင် လူက ညောင်းညာပင်ပန်းနေသဖြင့် လုပ်စပိုင်းမှာ



BURMESE CLASSIC .com

www.burmeseclassic.com



စာကြည့်ချိန် မပေးနိုင်တော့။ မနက်ကျတော့လည်း ငါးနာရီ ပြန်ထ၍ နှစ်နာရီလောက် အလုပ်လုပ်ရပြီးသည့်အခါ ကျောင်းခန်းထဲကျတော့ ငိုက်ချင်နေသည်။

နောက်ပိုင်းတွင်မူ အောင်မင်းနှင့် နှစ်ယောက် တိုင်ပင်၍ မနက်ပိုင်းနှင့် ညပိုင်းကို သူနှင့်ကျွန်တော် တစ်ပိုင်းစီခွဲ၍ တာဝန်ယူလိုက်သည်။ မနက်ပိုင်းမှာ သူက လိုက်၍ ညပိုင်းမှာ ကျွန်တော် လိုက်သည်။

ကြားအတန်းအားချိန်နှင့် ညနေကျောင်းဆင်းပြီး အလုပ်မဝင်ခင်စပ်ကြား အချိန်လေးများမှာ အချိန်လု၍ စာရေး၊ စာကျက် လုပ်သည်။ ထိုအချိန်မှာ ဝတ္ထုရေးတစ်ခုသာ ပျက်သွားသည်။ ခင်ကြီးဆီ ပုံမှန် ကျွန်တော် မသွားနိုင်တော့။

နေ့ခင်းနေ့လယ် အားနေသည့် စနေ တနင်္ဂနွေနေ့ကျတော့လည်း ကျောင်းပိတ်ရက်မို့ ခင်ကြီးအား တွေ့ရစရာအကြောင်း မရှိ။ နဂိုက မှုန်တိမှုန်မွားနှင့် မရေရာသော ရင်ခုန်သံ မျှော်လင့်ချက်လမ်းစလေးမှာ ခုခါ ပို၍ အလှမ်းဝေးသွားလေပြီဟုလည်း အောက်မေ့အားလျော့နေလိုက်မိသည်။

▣◈▣



BURMESE CLASSIC .com

[၇]

'မင်းလိုက်နိုင်မလား ခင်မောင်လတ်၊ ဟိုက်ဝေးအော်ဒါတစ်ခု ငါ ရထားတယ်၊ ပေးတဲ့ဈေးကလည်း မဆိုးဘူး၊ မင်းအတွက်ကို လေးငါး ရာ ရနိုင်တယ်'

'ဘယ်တော့သွားမှာလဲ ကိုဇော်'

'မင်းတို့တက္ကသိုလ်တွေ ကျောင်းပိတ်ရက်ပဲကွ၊ အားတာတော့ မင်း အားမှာပါ၊ နယ်ကို ပြန်ရမယ့်ရက် နည်းနည်းနောက်ကျတာပဲ ရှိမယ်'

'ဘယ်ကို သွားရမှာလဲ'

'အထက်မြန်မာပြည် ဘုရားဖူး၊ မန္တလေး-ပြင်ဦးလွင်-တောင်ကြီး-အင်းလေး-ပုဂံ-ညောင်ဦးအစုံပဲ'

www.burmeseclassic.com



'အောင်မင်းရော လိုက်ရမှာလား ကိုဇော်'

'မင်း လိုက်နိုင်ရင် အောင်မင်း မခေါ်တော့ပါဘူးကွာ၊ ခရီးရှည်ကြီးဆိုတော့ စရိတ်စက ကြီးတယ်၊ ဖြစ်နိုင်ရင်တော့ မင်းပဲလိုက်ခဲ့ပါ။ ဘာဖြစ်လို့လဲဆိုတော့ အောင်မင်းက မင်းလောက် ကားကို နားမလည်ဘူး၊ မင်းကျတော့ ကားမောင်းဖော်ပါ ရတာပေါ့၊ ခရီးဝေးကြီး ငါတစ်ယောက်တည်း တောက်လျှောက်မောင်းဖို့ သိပ်မလွယ်ဘူး'

'အင်းလေ . . . အဲလိုဆိုရင်လည်း ကျွန်တော် လိုက်ခဲ့ပေးပါ့မယ်၊ ဒါပေမဲ့ ကျွန်တော်တို့နှစ်ယောက် အတူတူလုပ်နေပြီး သူ့ မခေါ်ဘဲ ချန်ခဲ့ရင် စိတ်မကောင်းများ ဖြစ်နေမလားလို့ပါ'

ဘာပြောပြော ကျွန်တော်တို့ အလုပ်လုပ်နေပုံက စီးပွားရေးသက်သက်ကြီး မဟုတ်။ ကျောင်းတစ်ဖက်နှင့်၊ တစ်ဖက်က ဝင်ငွေရှာသည့် ပုံစံမျိုးသာဖြစ်ရာ သည်လိုနေရာမျိုးကျတော့ ကိုယ် ပိုက်ဆံရဖို့ထက် သူငယ်ချင်းအချင်းချင်း အထင်လွဲစရာမဖြစ်ဖို့ကလည်း လိုသေးသည်။ သို့အတွက် ကျွန်တော်ကပင် ဆက်၍ . . .

'ဒီလိုလုပ်လေ . . . ကျွန်တော် သူ့တော့ မေးကြည့်မယ်၊ သူ လိုက်ချင်တယ်ဆိုရင်တော့ ခေါ်ခဲ့ပါ။ သူ့အတွက် ပိုကုန်မယ့်စရိတ်ကို ကျွန်တော်ရမယ့်အထဲက ပြန်နှုတ်လိုက်ပေါ့၊ ပိုက်ဆံမရတောင် ကျောင်းပိတ်ရက် ခရီးထွက်တဲ့ သဘောမျိုးပေါ့ဗျာ'

ကိုဇော်ကလည်း သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်သည်။

'အဲလိုဆိုလည်း မင်းသဘောပဲလေ၊ ငှားတဲ့လူတွေကလည်း လူ သိပ်မများဘူးလို့ ပြောပါတယ်၊ စားစရိတ်ကတော့ ငါ မကုန်ပါဘူး၊ ငှားတဲ့လူက ကျွေးရမှာပဲ၊ တို့ဘက်က လူသိပ်များရင် အားနာစရာ ကောင်းတာ တစ်ခုပဲ၊ အေးလေ . . . ခရီးရှည်တော့ ကျွန်တော့်



BURMESE CLASSIC .com

www.burmeseclassic.com



အတွက် အဖော်နှစ်ယောက်တော့ လိုမယ် ဘာညာ ပြောပြရမှာပေါ့၊ မင်းအတွက် ရသင့်တဲ့ပိုက်ဆံသာ နှစ်ယောက် ခွဲယူကြပါ၊ အောင်မင်းကို မင်းပဲ မေးကြည့်လိုက်'

သူငယ်ချင်းကိစ္စ ပြေလည်သွားပြီမို့ ခရီးစဉ်အပေါ် အာရုံပြန်ရောက်သွားသည်။ ကိုဇော်ပြောသည့် ခရီးစဉ်က ကျွန်တော့်အတွက် အတော် စိတ်ဝင်စားစရာလေး ဖြစ်နေ၏။

မြစ်များချောင်းများကြား၌ ကြီးလာသော မြစ်ဝကျွန်းပေါ်သား ပီပီ အညာဟုခေါ်သော မြန်မာပြည် မြောက်ပိုင်းဒေသများနှင့် ကျွန်တော် အတော်စိမ်း၏။

ကျွန်တော်နေသော မြောင်းမြမှနေ မြောက်ဘက်အကျဆုံး ဒေသဟူ၍ ရန်ကုန်ပင် ခု ကျောင်းတက်မှ ရောက်ဖူးခြင်း ဖြစ်သည်။ သို့အတွက် ကိုဇော်ပြောသော မန္တလေး-ပြင်ဦးလွင်-တောင်ကြီး-ပုဂံ စသည်တို့မှာ ပထဝီသင်တုန်းက စာထဲသာ ဖတ်ဖူးနေပြီး ကျွန်တော် အလွန်ရောက်ချင်နေသော မြို့များ ဒေသများလည်း ဖြစ်၏။

ကိုယ့်ဟာကိုယ် သွားဖို့ဆိုတာကလည်း မလွယ်။ ခုလို အကြောင်းဆုံ၍ ပိုက်ဆံလည်း တစ်ပြားမှ မကုန်၊ သူများပိုက်ဆံ အကုန်ခံ၍ ငှားထားသည့် ကားနှင့် သူတို့လည်သလိုပင် လိုက်လည် ရသည်မို့ သည်အလုပ် ဝင်လုပ်နေမိခြင်းကိုပင် ဝမ်းသာသွားသည်။

'အထက်မြန်မာပြည်ကို တော်တော်နှံ့မှာပေါ့ ကိုဇော် . . . ဟုတ်လား'

'အေး . . . သူတို့ ပြောပုံကတော့ တော်တော်လေး နှံ့အောင် သွားချင်နေတဲ့ ပုံပဲ၊ သူဌေးတွေဆိုတော့ ပိုက်ဆံပေါပေါနဲ့ လျှောက် သွားကြတာ နေမှာပေါ့ကွာ၊ ငါကတော့ ခင်ဗျားတို့ သွားချင်သလောက်

www.burmeseclassic.com



သာသွား၊ ကျွန်တော့်ကို ဆီထည့်ပြီး စရိတ်ငြိမ်း တစ်ရက်သုံးရာသာ ပေးလို့ ပြောထားတယ်'

'အကြမ်းဖျင်း ဘယ်နှစ်ရက်လောက် ကြာမလဲ'

'သူတို့ ပြောသလောက်သာသွားရင် အနည်းဆုံး ဆယ့်လေးငါးရက်တော့ ကြာမှာပေါ့'

'ဟာ . . . မနည်းပါလား'

စားစရိတ်၊ ဓာတ်ဆီဖိုးနှင့် ကားခ တွက်ကြည့်သည်။ အနည်းဆုံး လေးငါးရှစ်ထောင်တော့ အသာလေး ချောသွားနိုင်၏။ တော်ရုံ ပိုက်ဆံရှိ၍ သွားဖို့မလွယ်သော ခရီးပင်။

'သူတို့က ဘယ်လိုသွားကြမှာလဲ၊ မိသားစုလား၊ ဝိုင်းပိုက်ဆံစုပြီး ငှားတာလား'

'အဲဒါတော့ မပြောတတ်ဘူးကွ၊ ဆယ်ယောက်လောက်တော့ ပါမယ် ပြောတယ်၊ သူဌေးတော့ သူဌေးတွေပဲ၊ လာငှားတာ ကိုယ်ပိုင်ကားနဲ့'

'ဟင် . . . သူတို့ကားနဲ့တော့ သူတို့ မသွားဘူးလား'

'အိုး . . . သူဌေးတွေက သူတို့ ဆလွန်းကားတွေနဲ့ ဒီလိုလမ်းမျိုး ကားအနာခံပြီး ဘယ်သွားမလဲကွ၊ ငါတို့ကားမျိုး ငှားသွားတော့ လူလည်း များများစီးလို့ ရတယ်၊ ကားအတွက်လည်း ပျက်မှာ ပြုမှာက အစ သူတို့ မပူရဘူး၊ သူတို့ သွားချင်တဲ့ခရီး စိတ်လွတ်လွတ်လပ်လပ်နဲ့ ဘာအပူအပင်မှ မရှိဘဲ သွားလို့ရတယ်၊ ပိုက်ဆံက သူတို့အတွက် အကြောင်းမှတ်လို့ကွာ၊ တို့သာ သူတို့သုံးမယ့် ဖြုန်းမယ့်ပိုက်ဆံလေး မျှော်ကိုးပြီး အပင်ပန်းခံဝမ်းသာအားရနဲ့ လိုက်ပို့ရတာ'

'ဩော် . . . ဒီလိုလား'



BURMESE CLASSIC .com

www.burmeseclassic.com



လောကကြီးအတွင်းမှ ကျွန်တော် ရှေးက လုံးဝမသိခဲ့သော သဘောတရားတစ်ခု သိခွင့်ရလိုက်သဖြင့် ဗဟုသုတ တိုးသွားသည်။ လူ၏အနေအထား မတူသည်နှင့် တွေးခေါ်ပုံခြင်းလည်း မတူကြောင်း အသိတစ်ခု ရသည်။

ကျွန်တော့်အတွေးမှာ ကားကို စီးဖို့သာဝယ်ထား၍ ကိုယ်သွားချင်သည့်ခရီးကို သည်ကားပဲစီးမည်။ သို့တည်းမဟုတ် ငှားစားဖို့ ဝယ်ထားသည့်ကားဆိုလျှင်လည်း ပိုက်ဆံရဖို့ ကိုယ်မစီးဘဲ ငှားသာစားမည်။ သည်လောက်သာ သဘောပေါက်သည်။

ကိုယ်အမြဲသုံးဖို့ အိမ်သုံးကားက သတ်သတ်၊ ခုလို အပျော်ခရီး အကြမ်းစီးအတွက် ခဏတစ်ဖြုတ် ငှားစီးတာက တခြား၊ ပိုက်ဆံရှိသည့်သူများ သည်လောက်အမြော်အမြင်ကြီးပါလားဟုလည်း အောက်မေ့သည်။

'ဘယ်တော့သွားဖြစ်မလဲ ကိုဇော်'

'ဒီလဆန်းလို့ ပြောတယ်၊ မင်းတို့ကျောင်းပိတ်မှာကလည်း ဒီလဆန်းပဲ မဟုတ်လား'

'ဟုတ်တယ်'

'အေး . . . မနက်ဖြန်ကျရင် သွားမယ့်ရက် အတိအကျနဲ့ စရန်ငွေလာပေးမယ်လို့ ပြောတာပဲ၊ သေချာတော့ မင်းကို ငါ ထပ်ပြောမယ်လေ'

ကျွန်တော် ခေါင်းညိတ်သည်။

ထိုစဉ်ကတော့ ထိုခရီးမှာ ထူးခြားမှုတစ်ခုခု ဖြစ်လာမည်ဟု ကျွန်တော် ကြိုတင် မသိသေး။

ကိုယ့်စိတ်ကူးနှင့်ကိုယ် မရောက်ဖူးသည့်ခရီး၊ မသွားဖူးသည့်



BURMESE CLASSIC .com

www.burmeseclassic.com



လမ်း၊ မရဖူးသေးသည့် အတွေ့အကြုံများ ရတော့မည်ဟုသာ တွေးပြီး ထိုခရီးကို သဘောကျနေမိသည်။

ခရီးထွက်ရဖို့ သေချာအောင် မြန်မြန်စရန်လာပေးပြီး မြန်မြန် ထွက်ဖြစ်ပါစေဟုလည်း ရိုးသားစွာသာ ဆုတောင်းနေမိ၏။

◈

'ဟင်'

ထိုအခိုက်အတန့်လေးမှာ ကျွန်တော့်တစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွားသည်ဟုပင် ထင်မိသည်။ ရင်ဝတည့်တည့်သို့လည်း ဘယ်က ရောက်လာမှန်းမသိသည့် အလုံးကြီးတစ်လုံးက မမြင်ရဘဲ ဝင်ဆောင့် လိုက်သလို ခံစားရသည်။

ဝမ်းသာသည်လား၊ ဝမ်းနည်းသည်လား ထိုအချိန်က ခံစားမှု ကို ဘယ်လိုမှ အတတ်ပြော၍ မရ။ အံ့သြခြင်းကြီးစွာဖြင့် စက္ကန့်တော် တော်များများ အသက်ရှူရပ်သွားသည်။

မဆိုစလောက်သော ခဏငယ်ကလေးကြားမှ ကျွန်တော့်ရင် သည် စတင်၍ တဒိန်းဒိန်းခုန်လာ၏။

'ခင်ခင်ကြီးပါလား၊ ငါတို့သွားမယ့်ခရီးမှာ ခင်ခင်ကြီးပါ ပါလာ မှာပါလား'

ရင်ထဲမှာ ဝမ်းသာမိသောစိတ်က ထိန်းမရအောင် ဖြစ်လာ သည်။ ဟိုတုန်းက ခက်ခက်ခဲခဲနှင့် တကူးတကသွားကြည့်မှ ဝေးဝေး လှမ်းလှမ်းကနေ မရဲတရဲ မြင်ရသော မျက်နှာလေး။ ခု . . . လေးငါး ဆယ်ရက်လောက် ကျွန်တော့်အနားမှာ ရှိနေတော့မည်။



BURMESE CLASSIC .com

www.burmeseclassic.com



ခင်ကြီးကတော့ အစကတည်းက ကျွန်တော့်ကို ရှိလေသည့် ငါးပိ ဖုတ်လေပြီဟုပင် မထင်မှတ်သူပီပီ ကျွန်တော်ရှိနေမှန်းလည်း သူ မသိ။

သူ့မျက်စိထဲတွင် သူတို့ခရီးသွားဖို့ ငှားထားသည့်ကားမှာ ကား မောင်းသည့်ဒရိုင်ဘာအပြင် စပယ်ယာကောင်တစ်ကောင် ပါလာသည် ဆိုသည်ကလွဲ၍ ဘာမှပို၍ မြင်မိစရာမရှိ။

ကျွန်တော့်မှာသာ ဒုက္ခကြီးစွာ ရောက်နေသည်။ ခင်ကြီးနှင့် ရက်ကြာကြာ ခရီးသွားရမည်ဆိုပြီး ဝမ်းသာမိသည်ကတစ်ပိုင်း။

ရင်ထဲမှာ မျှော်လင့်ခြင်းကြီးစွာဖြင့် ရင်ခုန်နေမိသည်။

သည်လောက် ရှည်ကြာသောခရီးလမ်းမှာ တစ်နည်းနည်းနှင့် ခင်ကြီးနှင့် ရင်းနှီးမှု ရနိုင်လိမ့်မည်ဟုလည်း ထင်နေပါသည်။

ခရီးသွားလာရင်း တစ်ယောက်နှင့်တစ်ယောက် နီးစပ်တွယ် တာမှုတွေ အများကြီး ဖြစ်လာနိုင်သည်။ တွေးလိုက်တိုင်း အပျော်ဖြင့် ဘယ်လိုနေရမှန်းမသိအောင် ဖြစ်နေ၏။

နောက်တစ်ပိုင်းက နဂိုသူ့အခြေအနေက မာန်ဝင့်ဂုဏ်ထည် ရသည့်ကြားထဲ ခု ဆုံစည်းရမည့် အခြေအနေက ကျွန်တော့်အတွက် ပိုနိမ့်ကျနေသော အခြေအနေမို့ ပိုစိတ်အားငယ်စရာ ဖြစ်နေသည့် ကိစ္စ။ ထိုနှစ်ခုသော ခံစားမှုတွင် ဘယ်ခံစားမှုက ပိုနေမှန်း ကိုယ့်ဘာ သာလည်း မသိ။

'ညီလေးရေ . . . ပစ္စည်းနည်းနည်းပါးပါး ဝိုင်းကူ တင်ပေး ပါဦး'

မမျှော်လင့်ဘဲဖြစ်လာသော အခြေအနေကြောင့် ကျွန်တော် အံ့သြဝမ်းသာ တုန်လှုပ်ချောက်ချားနေ၍မှ မဆုံးသေး။ လောလော



BURMESE CLASSIC .com

www.burmeseclassic.com



ဆယ် ခင်ကြီးနှင့် ဘယ်လိုပတ်သက်ဆက်စပ်နေမှန်း မသိသည့် ကားငှားခေါ်လာသည့် ပုဂ္ဂိုလ်က တိုက်ဆင်ဝင်အောက်မှ ပစ္စည်းပစ္စယ အထုပ်အပိုးများဘက် လက်ညွှန်ရင်း ကျွန်တော့်ကို ကူသယ်ခိုင်းသည်။

ကျွတ်ပြီ . . . ဟု ကျွန်တော် အတော်ကြေကွဲစွာ တွေးလိုက်သည်။

ကျွန်တော့်ပုံပန်းကလည်း ဂျင်းဘောင်းဘီ အဟောင်း တီရှပ်အနွမ်း၊ လျှာထိုးဦးထုပ် ခပ်စုတ်စုတ်၊ စပယ်ယာ စလုပ်ကတည်းက လိုက်လျောညီထွေစွာ ဆင်မြန်းထားသော ဝတ်စုံအပြည့်နှင့်မို့ မခိုင်းရက်စရာ တစ်ကွက်မှမရှိ။

ကိုဇော်က ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်သည်။ ပြီးမှ . .

'မင်း . . . ဝက်ခြံပေါ် တက်လိုက်ပါလား ကိုလတ်၊ ငါ အောက်ကနေ အထုပ်တွေ တင်ပေးမယ်'

သူ့ကျတော့ ကျွန်တော့်လို အာအိုင်တီ ကျောင်းသားကို စပယ်ယာလုပ်ခိုင်းထားရတာကိုက ဖင်မလုံ၊ ကျောမလုံ၊ မနေတတ် မထိုင်တတ် ဖြစ်နေသူပီပီ ခုလည်း ကျွန်တော် သက်သာရာ သက်သာကြောင်း ကြံဖန်ကယ်မပေး၏။

ကျွန်တော်က နားလည်စွာ ရယ်လိုက်ပြီး . . .

'ကိုဇော် အပေါ်တက်လိုက်ပါ၊ ကျွန်တော် အောက်က တင်ပေးမယ်'

သူ့ဆီက အကြောင်းပြန်ကြားချက် မရမီ ကျွန်တော်ဆင်ဝင်အောက်တွင် စီချထားသည့် သားရေအိတ်များ၊ ခြင်းတောင်းများဆီသို့ ရောက်နှင့်နေပြီ။



BURMESE CLASSIC .com

www.burmeseclassic.com



ဘယ်လိုပဲဖြစ်ဖြစ် ခု ကျွန်တော် ရောက်ရှိနေသည့် အနေအထားကို ကျွန်တော် ကျေနပ်စွာ လက်ခံဖို့ကိုတော့ ဆုံးဖြတ်ပြီးပြီ ဖြစ်၏။ ခင်ကြီးနှင့်ပတ်သက်၍ မျှော်လင့်နေခြင်းများ ရှိသော်လည်း သည်ကဏ္ဍမှာ ကျွန်တော်က စပယ်ယာသက်သက်သာဖြစ်သည်။ အာအိုင်တီကျောင်းသား ကိုယ်စားလှယ်အနေဖြင့် အစည်းအဝေး လာတက်သည် မဟုတ်။ ခင်ကြီးကို သွားဂေါ်သည့်ကိစ္စနှင့်လည်း များစွာခြားနားသည်။

ခင်ကြီးအနေအထားလေးက ခရီးထွက်ဖို့ အပြတ်ရှိုးထားသည့်အချိန်။ ဝတ်စားထားသည်များကလည်း အဖိုးတန်လေးများချည်းမို့ အပြတ်အသတ် လှပနေသော်လည်း ကျွန်တော် ရှုစားအာရုံခံဖို့ကို မိမိတာဝန် မပြီးဆုံးမချင်း ခေတ္တ ရပ်နားထားသင့်သည်ဟု ဆုံးဖြတ်လိုက်၏။

ခင်ကြီးနှင့်တကွသော မိသားစုဆွေမျိုးများရှေ့တွင်ပင် အထုပ်တွေ ဆွဲမ ကားဆီယူသွား၊ ခေါင်းမိုးပေါ် လှမ်းတင်ပေး၊ ကိုယ့်အလုပ်ကိုယ် သေသပ်စွာ လုပ်ပစ်လိုက်သည်။

'ဖြည်းဖြည်းမ,နော်၊ ခြင်းတောင်းထဲမှာ ကွဲစရာပစ္စည်းတွေ ပါတယ်'

အသက်တမျှ ချစ်ရသူထံမှ ပထမဆုံးကြားဖူးသော စကားသံက မှတ်တမ်းတင်ထားစရာ ကောင်းလောက်အောင်ပင် ကြင်နာယုယသံများ ပါနေသည်။

ကျွန်တော် ခေါင်းငုံ့လျက်ပင် ခင်ကြီးကို ခေါင်းညိတ်ပြလိုက်သည်။

စိတ်ထဲမှလည်း ပထမတော့ လိုက်ဖြစ်မယ်လိုလို လုပ်ပြီးမှ

www.burmeseclassic.com



ကျောင်းပိတ်ရက်တွင် ကိုယ့်မြို့ကိုယ်တော့ ပြန်ချင်သေးသည်ဟုဆို ကာ မလိုက်ဖြစ်သော အောင်မင်းကို သတိရသည်။

အောင်မင်းသာ ပါလာလျှင် ဘယ်လောက် ကြည့်ကောင်းမည့် ပွဲလဲ။ ကျွန်တော် ချစ်သူငယ်ချင်းကို တမ်းတမိ၏။

◈

ရှေ့ခန်းမှာ ခင်ကြီး၏ အဖေနှင့်အမေလား ဘာမှန်းမသိသေးသည့် လူကြီးလင်မယား ထိုင်သည်။

နောက်ခန်းမှာ ခင်ကြီးအပါအဝင် ခုနစ်ယောက်ခန့် ပါသည်။ ကားလာငှားသည့်ပုဂ္ဂိုလ်က တကယ် သွားတော့မည်ဆိုမှ လက်ပြနှုတ်ဆက်ပြီး နေခဲ့သည်။

ဘာတွေ ဘယ်လိုဖြစ်၍ ဘယ်သူတွေ ဘယ်ဝါတွေပါမှန်း ထို စဉ်က ကျွန်တော် လုံးဝမသိ။ အကြမ်းဖျင်း ခန့်မှန်းမိသလောက် နီးစပ် ရာ ဆွေမျိုးတစ်စု သို့မဟုတ် မိတ်ဆွေမိသားစုချင်း စုသွားသည့်ခရီး ဟုသာ ထင်မိသည်။ ကျွန်တော့်စိတ်က ခင်ကြီးထံမှာသာ။

ခင်ကြီးဘေးတစ်ဖက်တစ်ချက်တွင် သူနှင့်ရွယ်တူ မိန်းက လေး နှစ်ယောက်လည်း ပါသည်။ သူတို့ သုံးယောက်အပြင် နောက် ထပ် ယောက်ျားလေးတစ်ယောက်နှင့် ခပ်ငယ်ငယ် ချာတိတ်တစ် ကောင်၊ အရွယ်လတ်လတ် အမျိုးသမီးနှစ်ယောက်လည်း ပါသေး သည်။

အားလုံး ကားပေါ်ရောက်မှ ကျွန်တော် ကားနောက်ဖုံး တံခါး ကို ပိတ်သည်။

www.burmeseclassic.com



ကျွန်တော့်အမူအရာကလည်း စောစောကလောက် လှုပ်လှုပ်ရှားရှား မဖြစ်တော့ဘဲ တည်ငြိမ်သွားပြီ ဖြစ်၏။

'အားလုံးပြီးရင်ပြော ခင်မောင်လတ်၊ ကားထွက်လို့ ရပြီလား'

ကိုဇော်အမေးကို ကျွန်တော် ခေါင်းညိတ်ပြရင်း . . .

'ရပြီ ကိုဇော် . . . ဆွဲတော့'

ပြောရင်းနှင့် နောက်ခန်းခြေနင်းခုံတွင် တွဲခိုလိုက်သည်။

ကိုဇော် ကားထဲဝင်ပြီး ဘီးလှိမ့်ထွက်မှ နောက်ဖုံးကိုကျော်ဝင်၍ ရှေ့ကားအသွားအလာကို ကြည့်နိုင်ရန် ဘယ်ဘက်ခုံတန်း နောက်အစွန်မှာ ဝင်ထိုင်သည်။

'အမိုးပေါ်က ပစ္စည်းတွေ ပြုတ်မကျပါဘူးနော်'

ခင်ကြီးတို့အဖွဲ့ထဲမှ ကျွန်တော်နှင့် ရွယ်တူလောက် ရှိမည်ဖြစ်သော ပုဂ္ဂိုလ်က လှမ်းမေးသည်။

ကျွန်တော် ဣန္ဒြေရရပင် ခေါင်းခါပြသည်။

'မကျပါဘူး၊ သေချာ ချည်ထားပါတယ်'

ခင်ကြီး မျက်လုံးအစုံသည်လည်း အားလုံးနည်းတူ ကျွန်တော့်ဆီ ရောက်လာသည်ကို သတိထားမိသည်။ ကျွန်တော့်ထံတွင် အကြည့်နည်းနည်းကြာသွားပြီး မျက်မှောင်တစ်ချက် ကျုံ့သွားသည်။

သူ့စိတ်ထဲမှာ ကျွန်တော့်ကို မြင်ဖူးသလိုလို ရှိသည်ဟု ထင်သွားပုံရ၏။ ကျွန်တော့်စိတ်ထဲက ကျိတ်ပြုံးလိုက်သည်။ ကျောင်းမှာတုန်းက သူ့နားမှာ မယောင်မလည်ရစ်ဝဲ၍ ရွှေစွန်ညို လုပ်ခဲ့ဖူးသူတစ်ယောက်ဟုပဲ မှတ်မိမလား။ ဒါမှမဟုတ် သည်စပယ်ယာကို ငါမြင်ဖူးပါတယ်၊ ငါလည်း ဘတ်စ်ကား မစီးဖူးဘူး၊ ငါပိုက်ဆံထည့်ဖူးတဲ့ သူတောင်းစားတစ်ယောက်ယောက်နဲ့များ တူနေလို့လားဟု တွေး



BURMESE CLASSIC .com

www.burmeseclassic.com



ကောင်း တွေးနေနိုင်သည်ဟု စဉ်းစားမိ၍ဖြစ်သည်။

'မန္တလေးကို ဘယ်အချိန်လောက် ရောက်မလဲ'

ကျွန်တော် တွေးနေဆဲမှာပင် ခင်ကြီးဘေးကပ်ထိုင်နေသော ကောင်မလေးက လှစ်ခနဲ လှမ်းမေးသည်။

'အဲ့ . . . ဘယ်အချိန် ရောက်မလဲဆိုတော့ . . .' မသိ။

ဤကိစ္စက ကျွန်တော် လုံးဝမသိသည့်ကိစ္စ ဖြစ်သည်။ ခုခရီးစ, ထွက်လာချိန်က ညနေ ငါးနာရီလောက်ရှိပြီ။

မန္တလေးဆိုသည်က မြေပုံထဲတွင်သာ မြင်ဖူးသည့် မြို့။

ဘယ်လောက်ကြာကြာ မောင်း၍ ဘယ်လောက်ဝေးဝေး သွားရမည် ဆိုသည်ကို ကိုဇော်ကိုပင် မေးမကြည့်ဖူးသေး။ ကျွန်တော် ခေါင်းခါလိုက်သည်။

'မသိဘူးဗျ'

'ဟဲ့ . . . ကားသမားတွေကို အဲလို မမေးရဘူး ဆွေဆွေရဲ့၊ သူတို့က အဲ့လိုမေးတာ မကြိုက်ဘူး၊ ခရီးဖင့်တတ်တယ်လို့ ထင်တတ်ကြတယ်၊ သူ့ဟာသူ ရောက်ချင်တဲ့အချိန်ကျမှ ရောက်လိမ့်မယ်၊ မေးမနေနဲ့'

'ဩော် . . . ဟုတ်လား၊ ဆောရီး . . . ဆောရီး'

ဖြစ်မှဖြစ်ရလေဟု အောက်မေ့မိသည်။ ကျွန်တော့်ဟာ ကျွန်တော် တကယ်မသိ၍ မသိကြောင်း ပြောသည့်ကိစ္စကို မျက်နှာချင်းဆိုင်မှ အစ်မကြီးက တစ်မျိုးထင်သွားသည်။

ဘယ်လိုပဲဖြစ်ဖြစ် ဇာတ်လမ်းကတော့ စ,ပြီဖြစ်သည်။

သည်အုပ်စုနှင့် ရက်ပေါင်း အတော်ကြာကြာတော့ သည်လိုပဲ ကားပေါ်မှာ နေ့စဉ် ကြုံနေရဦးမည်။ သည်ထဲမှာ ကျွန်တော့် ခင်ကြီး



BURMESE CLASSIC .com

www.burmeseclassic.com



တစ်ယောက်လည်း ပါသည်။

ခင်ကြီးကတော့ ကျွန်တော့်ကို လှည့်တောင် မကြည့်တော့။

www.burmeseclassic.com

[၈]

'ခင်ကြီး . . . အိပ်ချင်ပြီလား၊ အိပ်ချင်ရင် အဲဒီခုံတန်းပေါ် အိပ်လိုက်လေ၊ ကားက တစ်ညလုံး စီးရမှာ၊ ခဏတစ်ဖြုတ် ဒီလိုပဲ လှဲအိပ်'

'ဟင့်အင်း . . . ခင်ကြီး မအိပ်တတ်ဘူး ဒေါ်လေး၊ အောက်က ခုံက အမာကြီးနဲ့ နေပစေ၊ ဒီလိုပဲ လှိုင်လှိုင့်ကို မှီအိပ်သွားမယ်'

ဆိုင်းဘုတ်တွေ သတိထားပြီး ဖတ်သွားသဖြင့် သိရသော ညောင်လေးပင် အလွန်လောက်မှာ ညက ရှစ်နာရီ ကျော်ကျော်လောက် ဖြစ်သွားသည်။ နောက်ခန်းမီးတွေ ပိတ်ထားပြီး ပတ်ဝန်းကျင်လယ်ကွင်း၊ ကွင်းပြင်ကလည်း မှောင်နေသဖြင့် ရုပ်တွေ လူတွေကို ခပ်မှုန်မှုန်သာ မြင်ရသည်။

သုံးနာရီကျော်ကျော်လောက် ကားစီးလာရပြီမို့ ကားပေါ်က

www.burmeseclassic.com



ခရီးသည်များသည် ခပ်ယိုင်ယိုင် ခပ်နဲ့နဲ့တွေ ဖြစ်ကုန်ကြပြီ။

ကားနောက်အစွန်မှာ ငြိမ်ကုပ်ပြီး ထိုင်လိုက်လာသော ကျွန်တော်ကတော့ သူတို့ ပြောစကားများကို မသိမသာနားစွင့်ရင်း သူတို့အုပ်စု၏ ဆက်စပ်မှုကို ခန့်မှန်း အကဲဖြတ်သည်။

ခုတိုင်းက ကျွန်တော့်ဘက်ခြမ်းမှာ ထိုင်သော အမျိုးသမီးကြီးသည် ခင်ကြီး၏ ဒေါ်လေးဖြစ်သည်။ ခပ်ငယ်ငယ်ချာတိတ်က မောင်မောင်ဟု သူတို့ခေါ်သော ခင်ကြီး၏ မောင်အရင်းဖြစ်မည်။ ခင်ကြီး၏ ရှေ့သွားထိုင်သော လှိုင်လှိုင်က ခင်ကြီးနှင့် ညီအစ်မဝမ်းကွဲ ဖြစ်ပုံရ၍ ဆွေဆွေကတော့ ခင်ကြီး၏ သူငယ်ချင်းဖြစ်နိုင်သည်။

ကိုလေးဟု သူတို့က ခေါ်ကြသော ပုဂ္ဂိုလ်ကတော့ ဘယ်လို ဆက်စပ်နေမှန်း သေချာပေါက် အကဲခတ်၍ မရသေး။ နောက်အစ်မကြီး တစ်ယောက်ကလည်း နှင်းနှင်းဟု အမည်ရှိမှန်းသာ သိသေးသည်။ ဘာတော်မှန်း မသိရသေး။ သေချာသွားတာကတော့ ရှေ့ခန်းက အဘိုးကြီးအဘွားကြီးသည် မူလက ကျွန်တော် ထင်ထားသလို ခင်ကြီး၏ ပါပါနှင့်မာမာတို့ မဟုတ်ကြ။

လှိုင်လှိုင့်ဖေဖေနှင့်မေမေတို့ ဖြစ်ကြသည်။ ခင်ကြီးက ထိုနှစ်ယောက်ကို ဘဘနှင့်ကြီးကြီးဟု ခေါ်သည်။ သူ့အဖေနှင့် အမေကို ရည်ညွှန်းချင်သည့်အခါ ခင်ကြီးက ပါပါနှင့်မာမာဟု ပြောသည်။ သည်နေရာမှာကျတော့ ဘာဖြစ်၍ မဟာ မဆန်၊ မြန်မာ မဆန်ဘဲ ကုလားဆန်နေရသည် ဆိုသည်ကို ကျွန်တော် စဉ်းစားမရ။

ခင်ကြီးဆိုသော အခေါ်အဝေါ်လေးကိုလည်း ထိုခရီးအကြားမှာပင် ကျွန်တော် ကြားလိုက်ရခြင်း ဖြစ်၏။ ဒါလေးကိုတော့ ကျွန်တော် သဘောကျ၏။

www.burmeseclassic.com



အမှတ်တမဲ့ ထောင့်တောင့်တောင့်မာကြောကြောလိုလိုနှင့် အတော်ခေါ်၍ လှပြီး ချစ်စရာကောင်းသည့် နာမည်လေးဖြစ်ကြောင်း တဖြည်းဖြည်းနှင့် ကျွန်တော် သဘောပေါက်လာသည်။

ခုထက်ထိ ကျွန်တော့်ကို ခင်ကြီးအပါအဝင် မည်သူတစ်ဦး တစ်ယောက်ကမှ ဆေးဖော်ကြောဖက် မလုပ်ကြသေးသော်လည်း ကျွန်တော့်စိတ်ထဲမှာ အကယ်၍ ခင်ကြီးနှင့် ကျွန်တော် ချစ်သူများ ဖြစ်ခွင့်ရပါက သူတို့ခေါ်သလို 'ခင်ကြီး' ဟုပဲ ခေါ်မည်ဟု ဆုံးဖြတ်ချက်များ ချမှတ်ပြီး ဖြစ်နေသည်။

'စပယ်ယာ . . . ရှေ့နားကျ ကားခဏ ရပ်ခိုင်းစမ်းပါဦး၊ အပေါ့အပါးလေး သွားရအောင်'

'ဟုတ်ကဲ့'

ဒေါ်လေးအသံက ကျွန်တော့်ဘက် ရောက်လာသည်။ အလွန် သင်းပျံ့သော အခေါ်အဝေါ်လေးကိုလည်း သတိပြုမိသည်။

ရင်ထဲမှာ အောင့်ခနဲတော့ ဖြစ်သွား၏။

သို့သော် ချက်ချင်းပင် ကိုယ့်စိတ်ကို ကိုယ်ပြန်ပြုစုလိုက်သည်။

ဟုတ်တော့လည်း သည်လိုပဲ ဟုတ်နေသည်မို့ စပယ်ယာပီပီ ဘာမှ မပြောတော့ဘဲ ဟုတ်ကဲ့ဟုသာ ပြောသည်။ နောက်လက်ကိုင် တန်းကို ဆွဲခိုထ၍ ဟိုဘက်ခြမ်းမှ အပြင်ဘက် ခေါင်းထုတ်ပြီး ကိုဇော့် ကို လှမ်းအော်ပြောရသည်။

'ကိုဇော် . . . ရှေ့နားမှာ ကားခဏရပ်ပေးပါတဲ့'

လေတဟူးဟူး တိုက်နေသဖြင့် မနည်းအော်ရသည်။ ဒါ တောင် ကိုဇော်က ကောင်းစွာ ကြားလိုက်ပုံမရသေး။

'ဘာလဲ . . . ခင်မောင်လတ်'



BURMESE CLASSIC .com

www.burmeseclassic.com



'ကားခဏ ရပ်ပါဦးတဲ့'

'ဘာလုပ်ဖို့လဲ'

အဲ . . . ရုတ်တရက် ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ ပြီးမှ ကားသမားထုံးစံတစ်ခုကို သတိရ၍ အသေးစိတ်ရှင်းပြစရာမလိုသည့် စကားလုံးဖြင့် လှမ်းပြောလိုက်သည်။

'ပေါက်တော . . . ပေါက်တော'

'အဲတော့ . . . ပေါက်တော . . . တဲ့'

ကျွန်တော်တို့ စကားအဆုံးမှာ ကားထဲမှ ဆွေဆွေ့အသံကို ကြားရသည်။ ပြီးတော့ ရယ်သံများလည်း ကြားရ၏။

စပယ်ယာကတော့ ခပ်တည်တည်ပင်။

◈

'အတွေ့အကြုံရတယ်လို့ပဲ သဘောထားပေါ့ ခင်မောင်လတ်ရာ၊ ငါ့ စိတ်ထဲမှာလည်း မင်း ဒီလိုလုပ်နေရတာမြင်တိုင်း စိတ်မကောင်းပါ ဘူး၊ ဒီအဖွဲ့က လူတွေကလည်း နည်းနည်းတော့ ပိုတင်စီးသလိုပဲ'

မန္တလေးကို နောက်တစ်နေ့မနက် ခုနစ်နာရီကျော်ကျော် လောက်မှာ ဝင်သည်။ ရောက်ရောက်ချင်းပင် ခင်ကြီးတို့နှင့်ပါ ဆွေမျိုး ဖြစ်သော ဝင်းကျယ်ခြံကျယ်အိမ်ကြီးတစ်ခုသို့ တန်းသွားသည်။ သည် နေ့ ခရီးပန်းသည်။ မနက်ပိုင်း ဘယ်မှမသွားဘဲ နားမည်။ ညနေကျမှ တစ်နေရာရာ သွားမည်ဆိုပြီး ကျွန်တော်တို့နှစ်ယောက်ကို ထားခဲ့၍ သူတို့အားလုံး အိမ်မကြီးပေါ် တက်သွားကြသည်။

ကျွန်တော်တို့အတွက် ကားထားဖို့နေရာနှင့် အိပ်ရန်နေရာတို့



BURMESE CLASSIC .com

www.burmeseclassic.com



ကို ခြံဘေးရှိ ကားဂိုဒေါင်နားက အစေခံတန်းလျားတွင် အိမ်မှာခိုင်းသည့် လူနှစ်ယောက်က လာစီစဉ်ပေးသည်။

လမ်းခရီးတစ်လျှောက် ထမင်းစားချိန်၊ လက်ဖက်ရည်သောက်ချိန် ဆက်ဆံပုံ၊ ပစ္စည်းအသယ်အချလုပ်ချိန် ခိုင်းစေပုံတို့ကို သတိထားမိနေသော ကိုဇော်က ကျွန်တော်တို့နားရသည့်နေရာ ရောက်ရောက်ချင်း အားနာသလို ပြောသည်။

‘ငါကတော့ ကားသမားစစ်စစ်မို့ ပြဿနာမရှိပါဘူး၊ သူတို့ထားရာလည်း နေရမှာပဲ၊ ကျွေးတာပဲ စားရမှာပဲ၊ ဒါပေမဲ့ ငါနဲ့တန်းတူ မင်းကို ဆက်ဆံတာကျတော့ ငါ့ရင်ထဲ အောင့်အောင့်သွားတယ်’

ကျွန်တော်က ရယ်လိုက်ရင်း . . .

‘မဆိုင်ပါဘူး ကိုဇော်ရာ၊ ကျွန်တော် ဒိပြင်နေရာမှာသာ တက္ကသိုလ်ကျောင်းသား ဖြစ်တာပါ၊ ဒီနေရာမှာတော့ ကားသမားအနေနဲ့ လိုက်လာတာပဲ၊ ကားသမားလိုပဲ နေရမှာပေါ့၊ ဒါ ပြဿနာ မဟုတ်ပါဘူး’

‘ပြဿနာတော့ မဟုတ်ဘူးပေါ့ကွာ၊ ငါ့စိတ်ထဲမှာ မင်းအောက်ကျသလိုလို ဖြစ်နေတာကြည့်ပြီး ခံပြင်းလို့ပါ၊ ဒီမှာ ခင်မောင်လတ် . . . မင်းကို ငါ တစ်ခုပြောမယ်၊ ဒါဟာ မင်းအတွက် ဘဝသင်ခန်းစာပဲ၊ မင်းပညာကို ကြိုးစားသင်စမ်းပါကွာ၊ လောကမှာ ပညာပဲဖြစ်ဖြစ်၊ ငွေကြေးပဲဖြစ်ဖြစ်၊ ရာထူးရာခံပဲဖြစ်ဖြစ် တစ်ခုခုရှိမှ လူ့အထက်က နေရတာ၊ နို့မို့ ဘယ်လောက် အောက်ကျနောက်ကျဖြစ်လဲ၊ ဒါတောင် ငါက ကားပိုင်နော်၊ ဒါပေမဲ့ ငွေပေးတဲ့လူနဲ့ ငွေလိုချင်တဲ့လူ၊ ထုံးစံအတိုင်း ငွေပေးခိုင်းနိုင်တဲ့လူက အပေါ်စီးက ယူပစ်တာချည်းပဲ’

နေရင်းထိုင်ရင်း ဘဝဒဿနတွေပါ အဆစ်ကြားနေရသဖြင့်



BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော် ပြုံးလိုက်သည်။ အတော် ခံပြင်းနေဟန်တူသော ကိုဇော် လတ်ကို လှမ်းကိုင်ရင်း . . .

'ခင်ဗျား စေတနာကို ကျွန်တော် နားလည်ပါတယ် ကိုဇော်ရာ၊ အဲဒါတွေအားလုံးကို ခင်ဗျားပြောသလိုပဲ ဘဝသင်ခန်းစာအနေနဲ့ ကျွန်တော် ယူပါတယ်၊ ဘဝဆိုတာ နာနာလေး ခံစားဖူးမှလည်း အသိ တရားက စွဲတာ မဟုတ်လား၊ ကျွန်တော် ဘယ်လောက် ကြိုးစားရမယ် ဆိုတာ ဘယ်သူမှ မပြောရဘဲနဲ့ကို အခု ကိုယ့်ဘာသာကိုယ် သိနေရ တာ၊ အခု ကျွန်တော်ခံနေရတဲ့ကိစ္စကို ကျွန်တော် ထပ်ပြောပြလိုက်ရင် ခင်ဗျား ကျွန်တော့်ကို ပိုတောင်သနားသွားဦးမယ်'

'ဟေ့ . . . ဘာလဲကွ ပြောပါဦး၊ အချင်းချင်းတွေ ဟိုလျှို့ဒီလျှို့ မလုပ်ပါနဲ့၊ ပြောစရာရှိတာ အကုန်ပြောစမ်းပါ'

ကျွန်တော် ရယ်သည်။ ကျွန်တော့်စကားကို သိချင်အားကြီးစွာ ဖြင့် စောင့်နားထောင်နေသော ကိုဇော့်ကို ကျွန်တော်တစ်လုံးချင်း ပြောပြလိုက်သည်။

'အခု . . . နောက်ခန်းမှာပါလာတဲ့ ခင်ခင်ကြီးဆိုတဲ့ ကောင် မလေးလှလှတစ်ယောက်ကို သိလား'

'အေး . . . နာမည်တော့ ငါမသိဘူး၊ ဒါပေမဲ့ တော်တော်လှ လှလေးတစ်ယောက် ပါလာတာ သတိထားမိတယ်၊ ဘာဖြစ်လို့လဲ'

'အဲဒါ . . . ကျွန်တော် သိပ်ကြိုက်နေတဲ့ကောင်မလေးပေါ့၊ ပစ္စည်းတွေ တင်တုန်းက ကွဲစရာပါတယ်၊ သေချာကိုင် ဘာညာနဲ့ ဟောက်နေတဲ့ ကောင်မလေးလေ'

'ဟေ . . . မင်း သူ့ကိုကြိုက်နေတာ သူ မသိဘူးလား'

'မပြောတတ်ဘူး ကိုဇော်၊ ကျွန်တော်ကလည်း အစကတည်း



BURMESE CLASSIC .com

www.burmeseclassic.com



က အခြေအနေချင်း မတူဘူးဆိုပြီး သိပ်ကပ်ရဲတာ မဟုတ်တော့၊ သူ သိ မသိတောင် ကျွန်တော်မသိဘူး၊ ခု သူက ကျွန်တော့်ကို ကား စပယ်ယာဆိုပြီး ဖိဟောက်နေတာ ခင်ဗျားအမြင်ပဲ၊ ကျွန်တော့်ရင်ထဲမှာ ဘယ်လိုနေမလဲ ခင်ဗျားပဲ စဉ်းစားကြည့်'

ကိုဇော်က တကယ့်ကွန်နွေကြီးနှင့် ခေါင်းတဆတ်ဆတ်ညိတ်နေသည်။

'အေး . . . အဲဒါဆို ငါထင်တာထက်တောင် မင်းက ပိုခံနေရပါလား၊ ဒါပေမဲ့ တစ်ခုတော့ ရှိပါတယ်ကွာ၊ ခုန မင်း ကြိုးစားစေချင်လို့ ငါပြောတဲ့ အဓိပ္ပာယ်က တခြား၊ ခုလိုဟာမျိုးမှာတော့ မင်းဘက်က ဘာမှ အားငယ်စရာ မရှိဘူးနော်၊ မင်းက ယောကျ်ားကွ၊ ပြီးတော့ အညွန့်ရှိတဲ့သူ၊ အစွမ်းအစရှိတဲ့သူ၊ ကိုယ့်ကားကို သူတို့က ငှားစီးလာတာ၊ တန်းတူသာ နေပစေ၊ ခုချက်ချင်း လှည့်ပြန်မယ်၊ ဒါမျိုးတော့ ငါနဲ့ မရဘူး'

'ဟော . . . ခင်ဗျားကလည်း ဖြစ်ပြန်ပြီ၊ ကိုယ့်အလုပ်ကိုယ် လုပ်ပါဗျာ၊ ခင်ဗျားပြောသလိုပဲ ကျွန်တော့်ယောကျ်ားပါ၊ အတုံ့အလှည့် အနိမ့်အမြင့်သဘောတွေ ကျွန်တော် နားလည်ပါတယ်၊ ဒီလောက်နဲ့ မတုန်လှုပ်တတ်ပါဘူး၊ ကဲ . . . ခင်ဗျားလည်း နားလိုက်ဦး၊ သိပ်ပင်ပန်းနေရင်လည်း ပြော၊ ကျွန်တော် ကူမောင်းပေးပါ့မယ်'

'ဟုတ်ပြီ၊ အဲလိုဆို ညနေကျ မင်းမောင်းကွာ၊ ပထမတော့ မင်းကို မောင်းခိုင်းဖို့ ငါက သိပ်စိတ်မချဘူး၊ ခုတော့ မင်းကို စပယ်ယာ စပယ်ယာနဲ့ ခေါ်တာ ငါ မကြိုက်ဘူး၊ ကားတက်မောင်းပြလိုက်စမ်း၊ ဖြစ်ချင်တာ ဖြစ်ပစေ၊ တစ်ကားလုံး သေမကုန်ရင်တော်ပြီ၊ ကြည့်သာ မောင်း'



BURMESE CLASSIC .com

www.burmeseclassic.com



ဖြစ်မှဖြစ်ရလေ ကိုဇော်ရာဟု စိတ်ထဲမှ ခင်လည်းခင်ရင်း သဘောလည်း ကျသွားသည်။

တစ်လှေတည်းစီး တစ်ခရီးတည်းသွားမှ တစ်ယောက် သဘောကို တစ်ယောက် ပိုနားလည်ရသည် ဆိုသည်မှာ ဒါမျိုးပဲ ဖြစ်မည်ထင်သည်ဟု အောက်မေ့ရသည်။

အညာနွေသည် ပူ၏။

သို့သော် . . . အပူနွေထဲမှာပင် ပေါက်သော ထနောင်းပင်၏ အရိပ်ကလေးကြောင့် ပင်ပန်း ညည်းညူစရာမဖြစ်။

◈

'ဖိနပ်တွေ ကားထဲမှာပဲ ထားခဲ့မယ်နော်၊ ကားမှာ ရှင်တို့ စောင့်နေကြမှာ မဟုတ်လား၊ ဘုရားထဲ ယူမသွားတော့ဘူး'

ညနေပိုင်းမှာ ဘုရားကြီးဟု သူတို့ခေါ်ကြသည့် မဟာမြတ်မုနိကို သွားကြသည်။ ခပ်လန့်လန့် ဖြစ်သော်လည်း ထိုခရီးကိုတော့ ချောချောမောမော ကျွန်တော် မောင်းနိုင်ခဲ့၏။

ဘုရားကြီးရောက်၍ အားလုံး ကားပေါ်မှ ဆင်းကြစဉ် နောက်ခန်းမှ မနှင်းနှင်းအသံ ကြားရသည်။ ကျွန်တော်က ခေါင်းခန်းတံခါးကို ပိတ်ရင်း အခြေအနေ အကဲခတ်သည်။

ကိုဇော်က ခေါင်းခါယမ်း၍ . . .

'ဟာ . . ဒါဆို ရှေ့ခန်းမှာ အကုန်ပေါင်းထားခဲ့ဗျာ၊ ကျွန်တော်တို့လည်း ဘုရားဝင်ဖူးမလို့'

'အို . . . ရှင်တို့ကား ဒီအတိုင်းထားခဲ့လို့ ဖြစ်မလား'



BURMESE CLASSIC .com

www.burmeseclassic.com



'ကိစ္စမရှိဘူး ဖြစ်တယ်၊ လူကြားသူကြားမှာ မသကာ ဖြုတ်ခိုးနိုင်ရင် ဘီးလောက်ပဲ၊ ခိုးပစေ၊ ဟိုကောင် ကျွန်တော့်ညီ ခင်မောင်လတ်က စပယ်ယာ မဟုတ်ဘူး၊ ဝိုင်တီယူက အင်ဂျင်နီယာကျောင်းသား၊ ကျောင်းပိတ်လို့ ကျွန်တော့်ကူဖို့ လိုက်လာတာ၊ ဒီကောင်က ဘယ်မှရောက်ဖူးတာ မဟုတ်ဘူး၊ သူ့လည်း ဘုရားဖူးခိုင်းမလို့'

'ဟုတ်လား'

ကားပေါ်မှ မျက်လုံးအားလုံးက ကျွန်တော့်ဆီ ဒိုင်းခနဲ စုပြုံသည်။ ကျွန်တော်လည်း ကိုဇော့်စကားကြောင့် တွန့်ခနဲ ဖြစ်သွား၏။

'ကဲကဲ . . . အဲဒါဆိုလည်း ဖိနပ်တွေရှေ့ခန်းထဲပဲ သူပြောသလို ထားလိုက်ပါ နှင်းနှင်းရယ်၊ ဟုတ်တာပေါ့ . . . သူတို့လည်း ဘုရားဖူးချင်ကြဦးမှာပေါ့'

ဒေါ်လေးအသံ ထွက်လာသည်။

ကားရှေ့ခန်းမှဆင်းလာသော ဘဘနှင့်ကြီးကြီးတို့ကလည်း ကျွန်တော့်ကို လှမ်းကြည့်သည်။

သူတို့လည်း အံ့အားသင့်သွားကြပုံရ၏။



BURMESE CLASSIC .com

www.burmeseclassic.com

[၉]

'ရော့ . . ခင်မောင်လတ် . . . အဲဒီပိုက်ဆံ ယူသွား၊ ရွှေပြားတစ်ဆိုင်း ဝယ်၊ သူတို့ကပ်သလိုပဲ မင်းလည်း တက်ကပ်၊ ဖြစ်နိုင်ရင် သူတို့ထက် နည်းနည်း ပိုမြင့်တဲ့နေရာမှာ တက်ကပ်'

ဟား . . . ကိုဇော်နဲ့တော့ ခက်ပြီဟု တွေးလိုက်သည်။ သူ့ကို ခင်ကြီးနှင့် ပတ်သက်သောကိစ္စများ ပြောလိုက်သည်မှာ မှားသွားပြီ ထင်သည်။ နဂိုကမှ ကျွန်တော့်အတွက် ကသိကအောင့် ဖြစ်နေရ သည့်အထဲ ခုတော့ ပိုဆိုးပြီး ဂုဏ်တုဂုဏ်ပြိုင်လုပ်ငန်းတွေပင် လုပ်နေ ပေပြီ။

'ဟာ . . . ကိုဇော်ပဲ ကပ်လိုက်ပါ၊ ကျွန်တော် မလိုပါဘူး'

ကိုဇော့်မျက်နှာ တင်းခနဲ ဖြစ်သွားသည်။



BURMESE CLASSIC .com

www.burmeseclassic.com



'ဟော့ကောင် . . . ငါပြောတာ လုပ်စမ်းပါ ခင်မောင်လတ်ရာ၊ မင်း လျှာမရှည်စမ်းပါနဲ့၊ ဒရိုင်ဘာ၊ စပယ်ယာဆိုတဲ့ကောင်တွေလည်း လူချင်းတူတူ သူချင်းမျှမျှ နေလို့ရတယ်ကွ၊ အဲဒါကို မင်း သူတို့ရှေ့မှာ ပြကိုပြရမယ်'

ခင်ကြီးတို့အုပ်စုနှင့် ကျွန်တော်တို့ အတန်ငယ်လှမ်းနေ၍သာ တော်တော့သည်။ ဒါတောင် ကျွန်တော် အားတုံ့အားနာနှင့် သူတို့ ဘက်ကို လှမ်းကြည့်ဖြစ်အောင် ကြည့်လိုက်မိသေး၏။

သူထို့ထဲမှ ယောက်ျားသုံးယောက်ကတော့ ရွှေပြားထုပ်လေး တွေ ကိုယ်စီကိုင်၍ ဘုရားကြီးတွင် ရွှေချရန် ဝင်သွားကြပြီ။ ခင်ကြီး က ဘုရားကို လက်အုပ်ချီ၍ ရှိခိုးနေသည်။

ကျွန်တော် ကိုဇော်နှင့် ဆက်လက် ငြင်းခုန်မနေတော့ဘဲ သူ လှမ်းပေးသော ပိုက်ဆံကိုယူ၍ ရွှေပြားဝယ်ပြီး ဘုရားပေါ် တက် ရောက် ကပ်လှူသည်။ ပထမတစ်ပြား ကပ်ပြီး၍ ဒုတိယတစ်ပြားကို ပြန်မခွာရသေးမီ အနားက အသံတစ်သံ ပေါ်လာ၏။

'ကိုခင်မောင်လတ်က ဘယ်မေဂျာကလဲ'

ကျွန်တော် လှည့်ကြည့်လိုက်သောအခါ ကိုလေးဟု ခင်ကြီးတို့ ခေါ်ကြသော လူ။ သည့်နောက်ပိုင်းမှာ သိရသလောက် ထိုပုဂ္ဂိုလ်မှာ ဆွေဆွေ့အစ်ကို ဖြစ်သည်။ ဆွေဆွေက လှိုင်လှိုင့်သူငယ်ချင်း၊ ခင်ကြီး နှင့်လည်း အတော်ခင်သည်။

ကျွန်တော်က အလိုက်သင့် ပြုံးလိုက်ရင်း . . .

'စက်မှုကပါ'

'ဩော် . . . မက်ကက်နီကယ်ကပေ့ါ၊ ခု ဘယ်နှစ်ရောက်ပြီ လဲ'



BURMESE CLASSIC .com

www.burmeseclassic.com



'တတိယနှစ်ပါ'

ထိုပုဂ္ဂိုလ်က ခေါင်းညိတ်သည်။ ပြီးမှ ကျွန်တော့်ဘက် လက်ကမ်းပေးပြီး . . .

'ကျွန်တော့်နာမည် သန်းထိုက်အောင်ပါ ကိုခင်မောင်လတ်၊ ဖော်ရက်စတြီဖိုင်နယ်ကပါ'

'ဩော် . . . ဟုတ်ကဲ့ ကိုသန်းထိုက်အောင်'

သစ်တောပညာ နောက်ဆုံးနှစ်မှဆိုသော ပုဂ္ဂိုလ်ကို လက်ဆွဲနှုတ်ဆက်ရင်း မိတ်ဆွေပြုရသည်။

စိတ်ထဲမှလည်း ခင်ကြီးတို့အဖွဲ့မှ ပထမဆုံး ပုဂ္ဂိုလ်အဖြစ် ကျွန်တော့်ကို လူရာသွင်းသောသူဟုလည်း မှတ်တမ်းပြုထားလိုက်၏။

◈

'ဒီကားက အစ်ကို့ကားလား'

ကျွန်တော်နှင့် ဒုတိယခင်မင်သော ပုဂ္ဂိုလ်က မောင်မောင်၊ ကိုသန်းထိုက်အောင်က မိတ်ဆက်ပေးရင်း ပြောပြသလောက် မောင်မောင်က ဆယ်တန်းကျောင်းသားဖြစ်ပြီး ဝိုင်တီယူ အလွန်တက်ချင်သော ပုဂ္ဂိုလ်ဟု သိရသည်။ ကျွန်တော့်ကိုလည်း ဝိုင်တီယူကမှန်း သိသွားသဖြင့် အလွန်သဘောကျနေသည်ဟု ပြောသည်။

နောက်နေ့မနက် တောင်သမန်အင်းဘက် သွားကြတော့ ကိုသန်းထိုက်အောင်၊ မောင်မောင်နှင့် ကျွန်တော်တို့သုံးယောက်သား စကားပြောဖြစ်သည်။

ဦးပိန်တံတားပေါ် လျှောက်စဉ်က အတူတူ မဟုတ်သေးသော်



BURMESE CLASSIC .com

www.burmeseclassic.com



လည်း ကျွန်တော်က သူတို့သွားတိုင်း လိုက်သွားရမှာ အားနာသဖြင့် သဘောလောက်ပဲ တံတားပေါ် တက်ကြည့်၍ ကားဆီပြန်လာပြီး အနားက ကြံရည်ဆိုင်မှာ ကိုဇော်နှင့်အတူ ဝင်ထိုင်သည်။ ခဏကြာ သောအခါ ကိုဇော်က မင်း ကားခဏ ကြည့်ထားလိုက်ဦးကွာ၊ ငါ ဒီနားက ဘုန်းကြီးကျောင်းတစ်ခု သွားလိုက်ဦးမယ်၊ သိပ်မကြာဘူးဟု ဆိုကာ ထားခဲ့စဉ် ထိုနှစ်ယောက် ပြန်ရောက်လာပြီး ကြံရည်အတူတူ သောက်ရင်း စကားပြောဖြစ်ခြင်း ဖြစ်သည်။

ကျန်သည့် အဖွဲ့များက ပြန်မလာကြသေး။ တံတားပေါ်မှ ဇရပ်လေးများတွင် ထိုင်နေကြသည်ကို လှမ်းမြင်နေရသည်။

မောင်မောင့် အမေးကြောင့် ကျွန်တော်က ရယ်၍ . . .

'မဟုတ်ပါဘူး၊ ကိုဇော့်ကားပါ'

'ကိုဇော်ဆိုတာက ဟိုကားဆရာကြီးလား'

'ဟုတ်တယ်'

'သူနဲ့အစ်ကိုက ဘာတော်လဲ'

ကျွန်တော် ခေါင်းခါသည်။

"ဘာမှမတော်ပါဘူး၊ ကိုယ်က သူ့ကားမှာ စပယ်ယာ ဝင်လုပ်နေတာပါ'

'ဟာ . . . အစ်ကိုကလည်း မဟုတ်တာ'

မောင်မောင်က သူ့တစ်သက်မှာ တစ်ခါမှ အာအိုင်တီကျောင်းသား ကားစပယ်ယာကို မမြင်ဖူးခဲ့ဟန်ဖြင့် မယုံမကြည် ပြောသည်။

ကျွန်တော် ရယ်လိုက်ပြီး . . .

'ဟုတ်တယ် မောင်မောင်၊ ကိုယ်က နယ်ကနေပြီး ရန်ကုန်မှာ ကျောင်းလာတက်တာ၊ ကိုဇော်က ကိုယ်တို့ကျောင်းနားမှာ အရင်က



BURMESE CLASSIC .com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင် ဖွင့်တော့ ရင်းနှီးနေကြတာ၊ ခုလည်း သူ့မိန်းမက လက်ဖက်ရည်ဆိုင် ဖွင့်တုန်းပါပဲ၊ သူကသာ ဒီကားလေးဝယ်ပြီး ကားဆွဲနေတာ၊ အဲဒါ သူနဲ့ရင်းနှီးနေတော့ ကျောင်းအားချိန်နဲ့ ကျောင်းပိတ်ရက်မှာ ဝင်ငွေလေးဘာလေး ရှိအောင် သူ့ အတင်းအဓမ္မပြောပြီး စပယ်ယာ ဝင်လုပ်နေတာ'

'ကိုခင်မောင်လတ်က ဘယ်နယ်ကလဲ'

'မြောင်းမြဘက်ကပါ ကိုသန်းထိုက်အောင်'

'အေးဗျာ . . . ခင်ဗျားစိတ်ကူးလေးက မဆိုးပါဘူး၊ ကျောင်းတက်ရင်း ဒီလိုလုပ်နေတော့ ကိုယ့်ပိုက်ဆံကိုယ် လွတ်လွတ်လပ်လပ်သုံးရတာပေ့ါ၊ ကျွန်တော်တို့လို မိဘဆီ လက်ဖြန့်တောင်းနေစရာ မလိုတော့ဘူး၊ ကျွန်တော်တောင် ဒါမျိုးအလုပ်ရရင် ဝင်လုပ်ချင်သေးတယ်'

'လုပ်လေ ကိုလေး၊ ကျွန်တော် ပါပါ့ကို ကားဝယ်ခိုင်းပြီး ကိုလေးနဲ့ ကျွန်တော် နှစ်ယောက်ပေါင်း စီးပွားရှာရအောင်၊ ကျွန်တော်လည်း ဒါမျိုးလျှောက်သွားနေရတာ သဘောကျတယ်'

သူတို့နှစ်ယောက် အတိုင်အဖောက်ညီနေသည်ကို ကျွန်တော် ရယ်၍ လက်ကာပြရင်း . . .

'မလုပ်ပါနဲ့ မောင်မောင်ရာ၊ ကိုယ့်ညီတို့က ချမ်းသာပါတယ်၊ ကိုယ်လုပ်တယ်ဆိုတာက ကိုယ့်မိဘအနေအထားနဲ့ ကိုယ့်ကျောင်းစရိတ်လေး ကာမိအောင် လုပ်ရတာပါ၊ ပင်ပန်းတယ်၊ ကားသမားဆိုတာ တော်ရုံတန်ရုံစိတ်နဲ့ လုပ်ရတာလည်း သိပ်မလွယ်ဘူး၊ အောက်လည်း အောက်ကျတယ်၊ စိတ်လည်း ရှုပ်တယ်'

'အောက်မကျပါဘူးဗျာ၊ ကိုယ့်ဟာကိုယ် ကိုယ့်လုပ်အားနဲ့ ပိုက်ဆံရှာတာပဲ၊ သိပ်ကျောလာရင် ပြန်ဟောက်ပစ်ပေ့ါ၊ ကျွန်တော်လုပ်လို့



BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော့်ကို လာရစ်ရင်တော့ အပြတ်ကောပစ်မှာပဲ'

'အဲဒါကြောင့် ကိုခင်မောင်လတ်က စိတ်ရှုပ်ရတယ်လို့ တစ်ခါတည်း ထည့်ပြောထားတာပေါ့ကွ မောင်မောင်ရ၊ မင်းအစ်မတွေ တောင် လွယ်လို့လား၊ ရန်ကုန်က ထွက်တုန်းက သူတို့ထဘီသေတ္တာတွေ သယ်ခိုင်းနေတာလေ'

မောင်မောင်က မဲ့၍ ခေါင်းခါသည်။

'သွားစမ်းပါ ကိုလေးရာ၊ သူတို့တော့ စကားထဲ ထည့်မပြောစမ်းပါနဲ့၊ ကျွန်တော်နဲ့ သိပ်ကီးကိုက်တာ မဟုတ်ဘူး၊ သူတို့က အရစ်တွေ'

ကျွန်တော်က မောင်မောင့်ကို သဘောကျစွာ ကြည့်၍ ပြုံးသည်။

ဖြစ်မှဖြစ်ရလေဟုလည်း စိတ်ထဲက အောက်မေ့မိသည်။

ကျွန်တော်နှင့် ရင်းနှီးခွင့်ရသမျှ ခင်ကြီးနှင့် မတည့်သည့်သူများ ချည်း ဖြစ်နေပါကလားဟုလည်း တွေးမိသည်။ ကျော်ဦးတုန်းက တစ်တန်းတည်းနေခဲ့သော သူငယ်ချင်း။ ခု . . . သူ့မောင်အရင်းခေါက်ခေါက်။ တစ်ယောက်မှ ခင်ကြီးကို အကောင်းမပြောကြ။

ခင်ကြီးနဲ့ မေတ္တာဇာတ်လမ်း စ,ဖို့ကတော့ အတော်နီးစပ်နေပြီပဲဟု ခပ်ရွှဲ့ရွှဲ့လေး စဉ်းစားလိုက်မိ၏။

www.burmeseclassic.com

# အပိုင်နှစ်

[၁]

ခင်ကြီးနှင့် ပတ်သက်ခွင့်မရသလောက် မောင်မောင်နှင့်ကတော့ ကျွန်တော် ပိုမိုရင်းနှီးစရာအကြောင်းလေးတွေ ဖြစ်လာသည်။

ဒုတိယနေ့က မန္တလေးမြို့ပေါ်နှင့် တောင်သမန်အင်းဘက် လည်ရင်း မောင်မောင်နှင့် စ,ခင်သွားသည်။ တတိယနေ့ကျတော့ ပြင်ဦးလွင်တက်၏။

ပြင်ဦးလွင်ခရီးလမ်းမှာ ထူးထူးခြားခြား ပြောပြစရာ ဘာမှ ဖြစ်မလာခဲ့သော်လည်း ညနေစောင်း မန္တလေး ပြန်ရောက်၊ ရေမိုးချိုး အဝတ်အစားလဲပြီး ကားနားထွက်လာသောအခါ မောင်မောင်နှင့် ဆုံရပြန်သည်။

မောင်မောင်က ဘယ်ကရလာမှန်း မသိသော ဂီတာကြီး တစ်



BURMESE CLASSIC .com

www.burmeseclassic.com



လက်နှင့် ကားနောက်ဖုံးတံခါးကို ဖွင့်ထိုင်ပြီး တစ်ယောက်တည်း ငြိမ်နေသည်။

ကျွန်တော် မြင်သောအခါ ပြုံး၍ . . .

'လာ . . . အစ်ကို၊ ကျွန်တော်လည်း တစ်ယောက်တည်း ပျင်းနေတာနဲ့ ဒီလာထိုင်နေတာ'

ကျွန်တော်က ပြန်ပြုံးပြရင်း . . .

'ဒါဖြင့် လုပ်လေ မောင်မောင်ရာ . . . ဂီတာနဲ့ရသလောက်လေး ဟဲပေ့ါ၊ အားပေးမယ့် ပရိသတ် ကိုယ်ရှိနေပြီပဲ'

မောင်မောင်က ရယ်သည်။

'မလုပ်ပါနဲ့ဗျာ . . . ဒီမောင့်လက်သံ ဒေါင်ဒေါင်လန်ဖြစ်သွားပါ့မယ်၊ ကျွန်တော်က ဖြစ်ဖြစ်မြောက်မြောက်တီးတတ်တာ မဟုတ်ဘူး၊ တည်းတဲ့အိမ်ပေါ်မှာ ဂီတာတစ်လုံးတွေ့တာနဲ့ ကောက်ဆွဲလာပြီး တောင်ခေါက်မြောက်ခေါက် လုပ်နေတာ'

'အဲဒီ တောင်ခေါက်မြောက်ခေါက်ပဲ နားထောင်ရတာပေ့ါကွာ၊ လုပ်ပါ . . . ရသလောက်သာ လုပ်၊ ဘာသံမှ မကြားရတာထက်စာရင် နည်းနည်းဒေါင်ဒေါင်ဒင်ဒင်လေးပါတော့ ပိုစိုပြည်တာပေ့ါ'

'ဒါဆိုရင်တော့ အနည်းအကျဉ်း လုပ်ကြည့်လိုက်မယ်လေ၊ ခက်တာက သီချင်းစာအုပ်လေး ဘာလေး မရနိုင်တာဘဲ၊ စာအုပ်ကြည့်တီးရင် နည်းနည်းအဆင်ပြေသေးတယ်၊ ခု ဘလိုင်းကြီးက မလွယ်ဘူး၊ ကော့ဒ်တွေ ကျွန်တော်မှ အလွတ်မရတာ"

'ရတာကို ရသလောက်သာတီး မောင်မောင်၊ လောကမှာ မဖြစ်နိုင်တာကို မဖြစ်ရကောင်းလားဆိုပြီး စိတ်ဓာတ်ကျတာကို အကျင့်မလုပ်နဲ့၊ ကိုယ်လုပ်ချင်တာကို ဖြစ်နိုင်သလောက်လုပ်ယူပြီး စိတ်ချမ်း



BURMESE CLASSIC .com

www.burmeseclassic.com



သာရတာက ပိုအဖိုးတန်တယ်'

'ဟား . . . အစ်ကိုက ဖလော်တွေ ဘာတွေလည်း တယ်ရိုက်တတ်ပါလား ဒါဖြင့် ချမယ်ဗျာ၊ မရလည်း ကျော်ပစ်တာပေါ့'

'ဒါပေါ့ မောင်မောင်ရ၊ မောင်မောင်နဲ့ကိုယ် စုစုပေါင်းမှ ဖျော်ဖြေသူရော နားထောင်သူပါ နှစ်ယောက်ပဲရှိတာ၊ ဒီနှစ်ယောက်ကျေနပ်ရင် ပြီးပြီပေါ့'

မောင်မောင်က သဘောကျစွာရယ်ရင်း ထိုအချိန်က အရမ်းလူကြိုက်များခဲ့သည့် ကိုင်ဇာ၏ မိုးသီချင်းကို တီးသည်။ ပါးစပ်ကလည်း ခပ်တိုးတိုးဆိုသည်။

'မိုးကလေး ညိုလာရင်း၊ လွမ်းမျက်ရည်လေး လည် . . . ငယ်ငယ်တုန်းက သူငယ်ချင်းကို သတိရပါတယ် . . . ကစားလည်း အတူတူ . . . စားလည်း အတူပဲကွယ် . . . အား . . . ပြီးတော့ ဘာလဲ မသိဘူး ကျွန်တော် မေ့သွားပြီ'

ကျွန်တော် သဘောကျစွာ ရယ်သည်။

'ဒါဖြင့် နောက်တစ်ပုဒ် . . . လုပ်'

မောင်မောင် စိတ်ပျက်လက်ပျက်နှင့် ခေါင်းခါသည်။

'မရပါဘူး အစ်ကိုရာ၊ ကျွန်တော်က စာအုပ်ကြီး ကြည့်ကြည့်တီးတာ အကျင့်ဖြစ်နေတော့ စာအုပ်မပါရင် ဘာမှကို မမှတ်မိတော့တာ'

ဒါက ဖြစ်တတ်သောသဘာဝမို့ ကျွန်တော် သူ့ကို စွတ် မတိုက်တွန်းတော့ သူ့လက်ထဲမှ ဂီတာကိုသာ လှမ်းယူလိုက်ရင်း . . .

'ကိုယ်ကတော့ တောက မြို့ရောက်တာ သိပ်မကြာသေးတော့ သိပ်ခေတ်ပေါ်ကြီးတွေ မရသေးဘူးကွ၊ နည်းနည်းခေတ်မပေါ်တပေါ်



BURMESE CLASSIC .com

www.burmeseclassic.com



တော့ ရတယ်၊ မောင်မောင် နားထောင်မလား’

‘ဟာ . . . ရတယ်၊ ခုချိန်ကတော့ ဒါနဲ့ တီးလို့ရတာ ကြိုက်တာသာလုပ်၊ ခုမှတော့ သီချင်းကြီးလည်း နားထောင်တော့မှာပဲ’

‘အဲလောက်တော့ ကိုယ်လည်း အသက်မကြီးသေးပါဘူး မောင်မောင်ရာ၊ နည်းနည်းအလတ်တန်းစားလေးတော့ ဖြစ်ပါတယ်’

ပြောရင်းနှင့် ကျွန်တော် ဂီတာကို အသံစမ်းရင်း ဒေါင်ဒေါင်ဒင်ဒင် လုပ်ကြည့်လိုက်သည်။ မောင်မောင်က မျက်လုံးပြူး၍ . . .

‘ဟာ . . . အစ်ကို ဒါလည်း ဖြစ်တာပဲလား’

‘ကိုယ်က ကျောင်းအနုပညာအသင်းမှာ စန္ဒရားဆရာကွ၊ နယ်တုန်းက ဒုံမင်းတို့၊ မယ်ဒလင်တို့ တီးဖူးတော့ ဂီတာလည်း သိပ်ဒုံးမဝေးပါဘူး၊ နည်းနည်းပါးပါးတော့ ဖြစ်ပါတယ်’

ပြောရင်းနှင့် လက်နည်းနည်းတွေ့လာပြီမို့ ထိုကာလထက် နည်းနည်းစော၍ ထွန်းထွန်းဝင်းပါသော ဘာဆုတောင်းမလဲ ချစ်သူ ရုပ်ရှင်ဇာတ်ကားမှာ မောင်သိန်းဝင်း ပြန်ဆိုပြီး နာမည်ကြီးထားသော မေ့ပါနိုင် သီချင်းကို တီးဆို၊ ဆိုတီးလေး လုပ်သည်။

‘မြင်ရတဲ့ . . . အချိန်ကစ၍ . . . ညိစွဲ ခုထိုင်ပဲ အသည်းဝယ် . . . အကြင်နာပိုတယ် . . . မေ့ပါဘူးသက်လှယ် . . . ယဉ်ကျေးတဲ့ သူကလေးမောင့်စိတ်မှာမွေး . . . တွေးမြင်ဆွေးမှုကြွယ် . . . ဖြေမဆည်နိုင်တယ် . . . စိတ်ပင်ပန်းနွယ်နယ် . . . မူယာဟန်နွဲ့သူကလေးအတွက် . . . ခက်ပါမယ် . . . ငဲ့မတာတွယ် . . .’

သီချင်းက ခင်ကြီးနှင့်ပတ်သက်လာလျှင် ရောဂါတက်နေကျ သီချင်းမို့ ခင်ကြီး မောင်ရှေ့မှာ ရင်ဖွင့်ရသလိုဖြစ်ပြီး စွတ်အဆင်ပြေနေသည်။ မျက်စိထဲမှာ မောင်မောင့်ကိုမမြင် ခင်ကြီးသာ မြင်နေ၏။



BURMESE CLASSIC .com

www.burmeseclassic.com



'ဘယ်ခါ . . . ရေစက်ဆုံဆည်းလို့ . . . နီးပါမယ် . . . မှန်းမျှော်ကာ ယုံကြည်ပြီးနေတယ် . . . ခါးတော်မှုနဲ့ . . . အချိုသုံးမုန်းမာန်ပယ် . . . ရာသက်ပန်ရွယ်ကိုးမိတယ် . . .'

ဆိုရင်းနှင့်ပင် ရောဂါက အရှိန်တက်လာသည်။

အရင်တုန်းက ဝေးလျက်နှင့်ဝေး . . . ဆိုတော့ရောဂါက တစ်မျိုး ခုရောဂါက နီးလျက်နှင့်ဝေးရောဂါ။ နေ့တိုင်း မြင်နေရပြီး အနားကပ်ခွင့် မရ၊ စကားဆိုခွင့် မရ။ ခင်ကြီးကလည်း မာသလား၊ တင်းသလားမမေးနှင့်။ ကျွန်တော့်မှာ ဧရာမသံမဏိတုံးကြီးကို ကြက်မွေးနှင့် လှီးပြီး ခွဲရသလို ဖြစ်နေသည်။

'မျက်နှာလေးပြုံပြီး သူ့အလှသူယုံ . . . လှဂုဏ် မောက်ရှာတယ် . . . တစ်နေ့တခြား ချစ်အားတိုးကာ . . . မေ့ပါနိုင်ပဲ . . . အစွဲကြီးစွဲပြီကွယ် . . . ပါရမီကံ ရင့်သန်တယ် . . . နွဲ့မူဟန် . . . လှဂုဏ်ကြွယ်တဲ့သူရယ်'

လှတာကလည်း ဘယ်လိုလှသလဲ မပြောတတ်။ လှစရာ မကျန်အောင် လှသည်ဟုပဲ ပြောတတ်တော့သည်။ မနက်ခင်း၊ နေ့လယ်ခင်း၊ ညခင်း၊ သန်းခေါင်ခင်း၊ ခင်းပေါင်းများစွာ သူ့အလှကို အနီးကပ်မြင်ခဲ့ရဖူးပြီ။

ဘယ်အချိန်ကြည့်ကြည့် ကြည့်မဝစရာကောင်းသော အလှ။

စကားလေးတစ်ခွန်းလောက် လူရာသွင်း၍ အများနှင့်ရောပြီး တောင် မပြောတာကလွဲ၍ ဘာလှသလဲမမေးနှင့်။ မျှော်လင့်မိသူဘဝ မှာ ဘယ်လိုမှ မျှော်လင့်ချက်ကို မစွန့်လွှတ်နိုင်လောက်အောင် ဖမ်းစားပစ်နိုင်တော့သည့်အလှ။

ရင်ထဲမှ ကျဆုံးနေသည့် မျှော်လင့်ချက်လေးများ ပြန်နိုးကြား

www.burmeseclassic.com



လာသည်။

'သံသရာဆုံးစေကွယ် . . . စောင့်ရသူ အားမငယ် . . . နီးမှာ ရယ် . . . စောင့်ရကြိုးနပ်မယ် . . . လှခေါင် ရင့်ကျူး ထူးကဲပေ တယ်'

ဒံ့ဂွမ် . . . ဆိုပြီး သီချင်းက တိခနဲ ရပ်သည်။

မောင်မောင် အံ့အားသင့်စွာဖြင့် ကျွန်တော့်ကို ကြည့်သည်။

'ဟာ . . . သောက်ရမ်းမိုက်ပါလား အစ်ကို'

အေး . . . အဲဒါ မင်းအစ်မကို စောင်းဆိုတာဟု ကျွန်တော် မပြောဖြစ်။

သူ့ကိုသာ ပြုံးကြည့်နေလိုက်၏။

◈

'ဟာ . . . အဲဒါဆို အဆင်ပြေပြီ အစ်ကိုရာ၊ ကျွန်တော်လည်း နည်း နည်းပါးပါး သွားရင်းလာရင်း သင်ပေးစမ်းပါ၊ မနက်ကျရင် ကျွန်တော် မြို့ထဲသွားပြီး ဂစ်တာတစ်လုံး ရှာဝယ်လိုက်မယ်၊ လမ်းမှာ ကားစီးရင်း လုပ်သွားရအောင်၊ ကားကို အစ်ကို မမောင်းနဲ့ဗျာ၊ ဦးဇော်ကို ပေး မောင်းလိုက်၊ မကောင်းဘူးလား'

'ကိုယ်က ဂီတာသမား မဟုတ်ဘူးနော် မောင်မောင်၊ မောင် မောင် တီးချင်တဲ့သီချင်းတွေ ကိုယ်က သိပ်ရတာ မဟုတ်ဘူး'

'ဘာဖြစ်လဲ အစ်ကိုရ၊ ဟိုဟာတွေက စာအုပ်ကြည့်တီးလို့ ရ တယ်၊ ဒါတွေက ဘယ်စာအုပ်မှာမှ ကော့ဒ်နဲ့ ဘာနဲ့ ပြထားတာ မရှိဘူး၊ အဲဒါမျိုးတွေ ခုချိန်ရထားရင် ပိုမိုက်တယ်'



BURMESE CLASSIC .com

www.burmeseclassic.com



နောက်ထပ် မန်းတောင်ရိပ်ခိုတို့၊ မောင်တို့ ချယ်ရီမြေတို့ တီးပြလိုက်သောအခါ မောင်မောင်တစ်ယောက် ကျွန်တော်ဘက်ပါလာပြီး ဆယ်နှစ်လောက် အိုမင်းသွား၍ မိုင်သုံးရာလောက် ရန်ကုန်ကနေ တောကျသွားသည်။

နောက်တစ်နေ့ ကားပေါ်ကျရင် ဂီတာကို မယ်ဒလင်ကြိုး ညှိသလိုညှိ၍ သူ့အစ်မရှေ့မှာ 'မာနရှင်' ဆိုပြလိုက်ဦးမည်ဟု အားခဲထားလိုက်သည်။

'မာနရှင်ရယ် မုန်းမာန် မဝင်နဲ့ကွယ်' တို့

'ကညာ တစ်ပါးရယ်၊ စာနာ သနားဖွယ်၊ မာနမထားသင့်ပါတယ်' တို့

'ရွှေမြင့်မိုရ်တောင်လုံးမြတ်နွယ် ချစ်ပါရဲ့ မောင်အဆုံး မသတ်တယ်' တို့ ကြားလျှင် ခင်ကြီး နည်းနည်းပြောင်းလဲသွားလေမလား။

စိတ်ထဲမှာ ရောဂါပိုတက်သွား၏။

◈

သို့သော် . . . မရ။ ဘယ်လိုမှ မရ။

'မာနရှင်ရယ်၊ မုန်းမာန်မဝင်နဲ့ကွယ်၊ နှိုင်းယှဉ်ကာ ပြမယ်' ဆိုသော နေရာမှာ နယ်တုန်းက အစ်ကိုကြီးတစ်ယောက် ဖျက်ပစ်သလို 'မာနရှင်ရယ်၊ ထုံးပေါ် မထိုင်နဲ့ကွယ်၊ ပက်လက်လန်ရင် ရှက်ဖွယ်' ဟု သာ အော်ပစ်လိုက်ချင်တော့သည်။

ခင်ကြီး ပိုးရသည့် ဒုက္ခက နည်းနည်းနောနော မဟုတ်။

နောက်ထပ် စိတ်ညစ်စရာ မကျန်ဟု ပြောရမလား။ သူ့ထက်

www.burmeseclassic.com



စိတ်ညစ်ရတာပင် သူ့လောက်စိတ်မညစ်ရဟု မှတ်ချက်ချရမည်လား။ ကျွန်တော် မစဉ်းစားတတ်တော့။

ကျွန်တော့်မှာ ခင်ကြီး ရွှေဘောတော် ပျော့ပျောင်းပါစေဟု ကြိုးစားလိုက်ရသည်မှာ ချွေးပင်ပြန်သည်။ ဟိုတုန်းက လျှောက်ပြန်သံပေးတေးများတွင် ဘုရင်တစ်ဆူဟု ဆိုလောက်သော ပြည်လှဖေ သီချင်းများကို နည်းနည်းနောနော ကန်ထရိုက်ဆွဲ၍ ကြိုးစားခဲ့သည် မဟုတ်။

ဆရာမြို့မငြိမ်းရေးသည့် မေ့ပါနိုင်၊ သဟာယ ဆရာတင်ရေးသည့် မာနရှင်၊ ဆရာရွှေပြည်အေးရေးသည့် ချစ်မိုးဆွေ။

မြန်မာပြည်မှာ သူတို့ထက် သီချင်းရေးကောင်းသူများနှင့် အဆို ဦးပြည်လှဖေထက် အခွဲကောင်းသူတွေလည်း မရှိတော့။

ကျွန်တော်လည်း အရည်အချင်း အမှန်အတိုင်း ပြောရလျှင် 'ခေသူမဟုတ်' ဟုပင် ဆိုနိုင်ပါသည်။

သို့သော် ခင်ကြီးနှင့်ကျတော့ ကျွန်တော် လက်မြှောက်ရသည်။

'မြင့်မိုရ်မေရု ရွှေတောင်ထု ချစ်မှုပိုတယ်' နှင့်လည်း မရ။

'နှစ်ပါးမသွေ စုလျားရင်ခွေ နေချင်လှပါတယ်' နှင့်လည်း မရ။

'ဩော် . . . မျက်မာန်တော် ညှိုးပါနဲ့ မျှော်ကိုးသူ စောင့်စားလို့သာ မောင့်မှာနေမိတယ်' နှင့်လည်း မရ။

သုံးပုဒ်လောက်အပြီးမှာ ခင်ကြီးက ကျွန်တော့်သီချင်းများ၌ လွှန်စွာသဘောကျနေသော မောင်မောင့်ကို လှမ်း၍ ပြောသည်။

'မောင်မောင် . . . နင်တို့ဟာတွေ တော်တော့ဟာ၊ နားညည်းတယ်၊ ကောင်းကောင်းကန်းကန်းလည်း တစ်ပုဒ်မှ မပါဘူး'

'ဟာ . . . မမကလည်း ကောင်းပါတယ်ဗျ၊ မမ မကြိုက်ပေ



BURMESE CLASSIC .com

www.burmeseclassic.com



မယ့် ကျွန်တော် ကြိုက်တယ်'

'အေး . . . အဲဒါဆို နင်တို့ဟာ နင်တို့ ကားခေါင်းမိုးပေါ် တက်ပြီး ကြိုက်သလိုဆို၊ ကားထဲမှာ မဆိုနဲ့၊ ကျောပူတာပဲ ခံနိုင်တယ်၊ နားပူတာ မခံနိုင်ဘူး'

နားထောင်သူ ပရိသတ်က ဤသို့ မေတ္တာထားပြီဆိုတော့ ကျွန်တော် အဆိုတော် နာမည်ကြီးခမျာ မျက်နှာကြီး ရဲတွတ်ပြီး ကား ပေါ်က ခုန်ချပစ်ချင်စိတ်ပင် ပေါက်သွားသည်။

ကိုသန်းထိုက်အောင် အပါအဝင် ကားပေါ်မှ ကျန်လူများက ကျွန်တော့်ကို အားနာဟန်ဖြင့် ဝိုင်းကြည့်ရှာကြသေးသည်။ မရွှေခင် ကြီးကတော့ ကျွန်တော့်ကို လုံးဝမှ လုံးဝပင် အရေးမစိုက်။

သူပြောချင်ရာများ ပြောပြီးသည့်သကာလ တစ်လောကလုံးကို မြောင်းထဲပစ်ချလိုက်သလို သဘောထားလိုက်ပုံရသည်။ ဆံပင်စ လှုလှုလေးများကို တစ်ချက်သပ်ပြီး ရှေ့ဘက် ဆတ်ခနဲ ပြန်လှည့်သွား သည်။

ကျွန်တော် သက်ပြင်းချပြီး မောင်မောင့်အား ဂီတာ ပြန်ပေး လိုက်သည်။

ရင်ထဲကလည်း ချစ်မိုးစွေထဲမှ . . . 'ဩော် . . . မျက်မှန်တော် ညှိုးပါနဲ့ မျှော်ကိုးသူ၊ စောင့်စားလို့သာ မောင့်မှာ နေမိတယ်' . . . စာသားကို . . . 'မျှော်ကိုးသူ . . . စောင့်စားလို့သာ မောင့်မှာ ဖင် ခေါင်းကျယ်' ဟု လွမ်းလွမ်းလေး ပြောင်းဆိုချင်စိတ်တွေ ပေါ်နေမိ၏။

အချစ်ဆိုတာ ဒါပဲလားကွယ် . . .

www.burmeseclassic.com

[၂]

အခြေအနေအရပ်ရပ်ကတော့ ဘယ်လိုမှ မကောင်းတော့။

ခင်ကြီးနှင့် ပတ်သက်သမျှ ကိစ္စတိုင်း ဘယ်ဘက်က လှည့်တွေးတွေး အားတက်စရာ မတွေ့ရ။ ကျွန်တော်ကပဲ သိပ်ကုသိုလ်ကံခေပြီး မျက်နှာမြင် သတ်ချင်ပါစေဟူသော ဆုတောင်းတွေ ပြည့်နေသလား။ ဒါမှမဟုတ် ခင်ကြီးနှင့်ကျွန်တော့်ကြားမှာ နဖူးစာဟူ၍ ကကြီးတစ်လုံး၊ ခခွေး တစ်အက္ခရာပင် မပါလေသလား ဘာကြောင့်မှန်းတော့ မသိ။

ကျွန်တော်နှင့်ပတ်သက်လာလျှင် ခင်ကြီးဘက်မှာ သံယောဇဉ်အငွေ့အသက် မြူတစ်မှုန်၊ သဲတစ်ပွင့်မျှပင် မရှိသည်ကတော့ သေချာသည်။ ကျွန်တော်ပြောသည့် သံယောဇဉ်ဆိုသည်မှာ တစ်မိသားစုနှင့်



BURMESE CLASSIC .com

www.burmeseclassic.com



တစ်မိသားစု စုလျှားရစ်သွယ်တတ်သော သမုဒယနွယ်မျိုးအထိ မရောက်ပါ။ ရိုးရိုးခရီးအတူ သွားဖော်သွားဘက် သူငယ်ချင်းမိတ်ဆွေချင်း ထားရှိအပ်သော သာမန်ခင်မင်မှု သံယောဇဉ်လောက်သာ ပြောလိုခြင်း ဖြစ်ပါသည်။

ခုချိန်မှာ သမုဒယဆိုသော ကိစ္စကို ဘယ်လိုမှပင် ထည့်မတွေးနိုင်သေး။ လူအချင်းချင်း သာမာန်မျှရှိအပ်သည့် ခင်မင်မှုတရား။ သည့်ထက် ပိုအယုတ်ဆုံး တွေးရလျှင် သူတို့ငှားစီးလာသည့် ကားမှုစပယ်ယာ တစ်ယောက်အနေနှင့်ပင် ချိုသာပြေပြစ်စွာ ပြောဆိုဆက်ဆံခြင်း မရှိ။

ခရီးထွက်စ မသိလိုက် မသိဘာသာနေခြင်းမျိုးကို မဆိုလို။ ထိုအချိန်မှာ တစ်ယောက်နှင့်တစ်ယောက် ထိတွေ့ဆက်ဆံခြင်း ရှေးယခင်က လုံးဝမရှိထားသည့်အတွက် ဘာသိဘာသာနေခြင်းက သဘာဝကျသည်။

ကျွန်တော်ကလည်း ပျာယာခတ် ရွှန်းရွှန်းဝေနေသော ဖော်ရွေမှုမျိုးကို လောဘတကြီး မတောင့်တမိပါ။

သို့သော် . . . ဘာပဲဖြစ်ဖြစ် ခရီးထွက်၍ တစ်ပတ်လောက်ဆိုလျှင်တော့ အများနည်းတူ မေးထူးခေါ်ပြောလောက်ကတော့ ရှိသင့်ပြီဖြစ်သည်။ တစ်ယောက်နှင့်တစ်ယောက် မရင်းနှီးသည့်တိုင် သည့်ပြင်လူတွေဆို လူကိုလူလောက်တော့ အသိအမှတ်ပြုကြပြီ ဖြစ်သည်။

မန္တလေး-ပြင်ဦးလွင်-မုံရွာ-စစ်ကိုင်း စသဖြင့် ခရီးစဉ်လည်းမနည်းတော့။ မင်းကုန်းတစ်ခုသာ ကားမလိုအပ်သောခရီးမို့ ကျွန်တော်နှင့် ကိုဇော်က မော်တော်ဆိပ်အထိသာ ပို့ပေးပြီး မန္တလေးမှာ နေခဲ့၍ တစ်နေ့ခင်းတိတိ သူနှင့်ကျွန်တော် အဆက်အသွယ် ပြတ်သည်။ တစ်



BURMESE CLASSIC .com

www.burmeseclassic.com



ပတ်ဆိုသော ကာလသည် နည်းနည်းနောနော အချိန်မဟုတ်။

သည်အတောအတွင်းမှာ ကားပေါ်ပါ လူအားလုံးလိုလိုနှင့် အနည်းဆုံး တစ်ခွန်းစ နှစ်ခွန်းစတော့ စကားပြောဆိုခဲ့ဖူးပြီ။ ရှေ့ခန်းက သက်ကြီးရွယ်အိုနှစ်ယောက်ပင် ကျွန်တော် ရှေ့ တက်မောင်းနေသည့်အခါနှင့် အောက်မှာ သွားရင်းလာရင်း စကားနည်းနည်း ပြောခဲ့ဖူးပြီ။

ခုထက်ထိ ကျွန်တော့်ကို ရှိနေသည်ဟု သဘောမထားသေးသူက ခင်ကြီး။

ညက တစ်ညလုံးလိုလို သည်အကြောင်းတွေ ကျွန်တော် တွေးနေမိသည်။ ဘာကြောင့် သည်လို ဖြစ်နေရသနည်းဆိုသည်ကိုလည်း ဘယ်လိုမှ အဖြေရှာမရ။ စိတ်ထဲမှာ တမင်စကားမပြော၊ အရောမဝင် နေနေသည်ဟုလည်း ထင်မိသည်။

တစ်ခုခုတော့ စမ်းသပ်ကြည့်မည်ဟုလည်း တွေးထားသည်။ သည်တိုင်းကြီး နေရသည့်ကိစ္စကို ကျွန်တော် ဘဝင်မကျတော့။ သိသိသာသာ တစ်ခုခု ဖြစ်ချင်ပြီ။ သည်အခွင့်အရေးမျိုးကလည်း ဒီဘဝမှာ နောက်ထပ်တစ်ခါ ရချင်မှရမည်။

ခုမနက်ပင် သူတို့ မန္တလေးက ထွက်တော့မည်။ မိတ္ထီလာမှ တစ်ဆင့် တောင်ကြီးသို့ တက်ကြမည့်ခရီး။

သူက စ,ပြောလျှင် ကိုယ်ကစ၍ အရောဝင်ကြည့်မည်ဟု ဆုံးဖြတ်လိုက်၏။

◈



BURMESE CLASSIC .com

www.burmeseclassic.com



ကြုံကြိုက်ချင်တော့ မနက်ခရီးထွက်မည့်အချိန်။ အိမ်ပြင်သို့ ပထမဆုံး နှင့် တစ်ယောက်တည်း ထွက်လာသည်က ခင်ကြီး။

ကျွန်တော် ကားဖုန်သုတ်နေရာကနေ သူ့ဆီ လျှောက်သွား သည်။

'ပစ္စည်းတွေ သယ်ရတော့မလား . . . မခင်ခင်ကြီး'

ကျွန်တော် သွားနေစဉ် ခင်ကြီးက ကျောခိုင်းထားသည်။ ကျွန်တော့်စကားအဆုံးမှာ ခင်ကြီးက လည်ပြန်လှည့်ကြည့်သည်။ မျက်မှောင်ကလည်း ကျုံ့ထားလိုက်သည်မှ သစ်ကြားသီးကပင် မမဟု ခေါ်လောက်သည်။

ပြီးတော့ ဘာမှမပြောဘဲ ပြန်လှည့်သွား၏။

'ဟင် . . .'

ကျွန်တော် စိတ်ထဲကနေ အံ့သြနေဆဲ။ ခင်ကြီးက ဘာမှမပြော တော့ဘဲ ခပ်တည်တည်နှင့် အိမ်ထဲပြန်ဝင်သွားသည်။

အပြင်ဘက်တွင် ကျွန်တော် တစ်ယောက်တည်း ငေါင်စင်း စင်း ကျန်နေခဲ့၏။

'ဟာ . . . ဘာလဲကွ . . . အဲဒီအချိုးက'

ကျွန်တော့်စိတ်ထဲမှာ အတော်အောင့်သွားသည်။ ဒေါသ ကြောင့် စိတ်ထဲမှာလည်း တင်းခနဲ ဖြစ်သွားသည်။ ဘာလဲ . . . ဘာ အချိုးလဲ . . .။ ကျွန်တော့်ကို စကားတစ်ခွန်း နှစ်ခွန်း ပြန်ပြောမိလျှင် ပွဲချင်းပြီး သေသွားမည်ဟု သူထင်နေသလား။ ဒါမှမဟုတ် ကျွန်တော် ဆိုသည့်ကောင်သည် သူနှင့်စကားပြောရန် မတန်လောက်ဟုပင် သူ့ စိတ်ထဲ ထင်မြင်နေသလား။

ကျွန်တော့်စိတ်ထဲက ယောကျ်ားမာနများ ရုန်းကြွလာသည်။



BURMESE CLASSIC .com

www.burmeseclassic.com



အဲလောက် ဖြစ်နေလျှင်တော့ ခင်မောင်လတ်အကြောင်းသိမည်ဟုလည်း ကျိတ်ကြိမ်းဝါးထားလိုက်မိ၏။

◈

'အစ်ကို . . . လုပ်ဗျာ၊ သီချင်းလေးဘာလေး ဆိုသွားရအောင် ဒီတိုင်းခြောက်ကပ်ကပ်ကြီးက ပျင်းတယ်'

အခွင့်ကသင့်ချင်တော့ မန္တလေးက ကားထွက်လာ၍ ချမ်းမြေ့သာစည်လေဆိပ်ကို ကျော်ရုံ ရှိသေးသည်။ မောင်မောင်က သူ့ဂီတာကြီး လှမ်းပေး၏။

ဟိုတစ်ခါ ဖြစ်ပြီးကတည်းက ကျွန်တော် ဂီတာ မတီးသည်မှာနှစ်ရက်သုံးရက်ပင် ရှိပြီ။ မောင်မောင်ကတော့ သူ့အစ်မလည်း သိပ်ဂရုစိုက်သည့်သူ မဟုတ်ရာ။ သူကတော့ ရံဖန်ရံခါ 'ဒေါင်ဒင်ဒေါင်ဒင်' လုပ်သေးသည်။

ခုတစ်ခါတော့ ကျွန်တော် လုံးဝငြင်းပစ်ရန် စိတ်ကူးမရှိ။ သို့သော် နည်းနည်းတော့ ရယ်ချင်သေးသဖြင့် အသာရယ်လိုက်ပြီး . . .

'မလုပ်နဲ့ မောင်မောင်၊ မတီးချင်လို့ မဟုတ်ဘူး၊ ဒါပေမဲ့ နားမခံနိုင်တဲ့သူရှိရင် အပြောခံနေရဦးမယ်'

ကိုသန်းထိုက်အောင်နှင့် ဆွေဆွေက ပြုံးစိစိနှင့် လှမ်းကြည့်သည်။ လှိုင်လှိုင်ကလည်း ခင်ကြီးကို လှမ်းကြည့်၏။ မောင်မောင်က ရှုံ့မဲ့လိုက်ရင်း . . .

'နားမခံနိုင်ရင်လည်း သေပစေဗျာ၊ ခရီးထွက်လာတာ လွတ်လွတ်လပ်လပ် သွားချင်လို့ ထွက်လာတာ၊ ထောင်ဆယ့်ငါးရက် ကားနဲ့

www.burmeseclassic.com



လှည့်အကျခံဖို့ ထွက်လာတာ မဟုတ်ဘူး၊ ကျွန်တော် တာဝန်ယူတယ် . . . တီး’

ခင်ကြီးက ဆတ်ခနဲ သူ့မောင်ကို လှမ်းကြည့်သည်။ ဘာမှတော့ မပြော။ သို့သော် ခင်ကြီးသာ နဂါးဖြစ်လျှင် မောင်မောင်တစ်ယောက် နေရာ၌ပင် ပြာဖြစ်သွားနိုင်သည့် အကြည့်မျိုး။

‘မောင်မောင် . . . အဲလို မပြောရဘူးလေ ကိုယ့်ဟာကိုယ် တီးချင်ရင်လည်း အေးအေးဆေးဆေး တီး၊ မိုက်မိုက်ရိုင်းရိုင်းတွေ ဘာလို့ ပြောရတာလဲ’

အခြေအနေကို ရိပ်မိပုံရသော ဒေါ်လေးက ပြေရာပြေကြောင်း ဝင်ပြောပေးသည်။

မောင်မောင်က ချဗျာ . . . ဆိုသော ပုံစံမျိုးဖြင့် မျက်နှာရိပ်ပြရင်း ဂီတာကို အတင်းထိုးပေးသည်။

ကျွန်တော် လှမ်းယူလိုက်ပြီး ခင်ကြီးကို တစ်ချက်လှမ်းကြည့်၏။ ခင်ကြီးက လှိုင်လှိုင်နှင့် နေရာချင်းလဲပြီး ရှေ့ဆုံးသွားထိုင်၍ ရှေ့ဘက်သာ မျက်နှာမူထားလိုက်သည်။

ကိုသန်းထိုက်အောင်က ရယ်သည်။ ပြီး ကျွန်တော့်ဘက် လှည့်၍ . . .

‘လုပ်ပါဗျာ . . . မန္တလေးကအပြန် မြနန္ဒာလေးနဲ့ပေါ့’

‘ဟုတ်တယ် ကိုခင်မောင်လတ်၊ မြနန္ဒာ တီးစမ်းပါ’

ဆွေဆွေကလည်း အားပေးရင်း မောင်မောင့်ဘက် တိုးကပ်သည်။ ကားပေါ်မှာ အလိုလိုနေရင်း လေးဦးဂိုဏ်းနှစ်ခု ကွဲသွားသလို ဖြစ်သွားသည်။

ကျွန်တော်က မထူးတော့ပြီမို့ မြနန္ဒာဟု သူတို့ခေါ်သော မန်း



BURMESE CLASSIC .com

www.burmeseclassic.com



တောင်ရိပ်ခို သီချင်းကို ဘိ (တ်) နည်းနည်း တပ်၍ ခပ်မြူးမြူးလေး ဆိုပေးလိုက်သည်။

'မြနန္ဒာ ရေညှိညှို ရစ်ခါတော့ ရွှေမန်းတောင်ရိပ် ခိုသူခိုသူ ပျိုဖြူဆွေရယ် . . . မြလေးလေး နန္ဒာ နန္ဒာ . . . ရေညှိညှို ရစ်ခါ သန်းတော့ . . .'

စိတ်နာနာနှင့် ဆိုတီးနေရ၍လား မသိ။ ဂီတာတီးကွက်လေး က ကိုယ့်ဟာနှင့်ကိုယ် သဘောကျအောင်ပင် မြိုင်နေသည်။ မောင်မောင် ဆွေဆွေနှင့် ကိုသန်းထိုက်အောင်တို့လည်း မနေနိုင်ဘဲ ခပ်တိုးတိုး လိုက်ဆိုကြသည်။ လှိုင်လှိုင်ပင် တရွှေ့ရွှေ့နှင့် ကျွန်တော်တို့ အုပ်စုထဲ ရောပါလာသည်။

'ဟော့ကောင် . . . ကိုလတ်'

ထိုစဉ် ကားရှေ့ခန်းနှင့် နောက်ခန်းဆက်ထားသော စပီကာ အင်တာကွမ်းမှ ကိုဇော့်အသံ ထွက်လာသည်။

'ဗျာ . . .'

ကျွန်တော်က သီချင်းဆိုရင်း ဖြတ်ထူးသည်။ ကိုဇော်က နောက်ကြည့်မှန်ထဲကနေ လှမ်းကြည့်ရင်း . . .

'ကျယ်ကျယ် ဆိုပေးပါတဲ့၊ ရှေ့က အန်တီနဲ့ အန်ကယ်က လည်း ဒီသီချင်းကို သဘောကျလို့'

ဆွေဆွေက ခစ်ခနဲ ရယ်သည်။ ဒေါ်လေးနှင့် နှင်းနှင်းတို့ပါ ပြုံးစိစိဖြစ်သွားသည်။

အားပေးမှုရပြီမို့ ကျွန်တော် ခပ်ကျယ်ကျယ် ခပ်မြူးမြူးလေး လုပ်ပေးလိုက်သည်။

'မြနန္ဒာ . . . ရေညှိညှို ရစ်ခါသန်းတော့'



BURMESE CLASSIC .com

www.burmeseclassic.com



မောင်မောင်ကလည်း အသံပြဲကြီးနှင့် တမင်ထအော်၏။

ထိုစဉ် မမျှော်လင့်ဘဲ ဖြစ်ရပ်တစ်ခုက ဖြစ်လာသည်။

'ဘုန်း . . . ဘုန်း'

ခင်ကြီးဘက်မှ အသံကြားသဖြင့် သီချင်းသံရပ်ပြီး လှမ်းကြည့်သည်။ ရှေ့ခန်းနှင့် နောက်ခန်း ခြားထားသောမှန်ကို ခင်ကြီး တအား ထုရိုက်လိုက်ခြင်းပင်။

ကိုဇော်က ကားကို အလန့်တကြား ထိုးရပ်၏။

'ဘာဖြစ်လို့လဲ'

ကိုဇော့်မေးခွန်း မဆုံးခင် ခင်ကြီး ဆတ်ခနဲ ထ,ရပ်သည်။ ပြီးတော့ မျက်နှာကြီး နီရဲပြီး ကိုင်းကိုင်းကိုင်းကိုင်းနှင့် ထွက်လာသည်။ လမ်းပိတ်သလိုဖြစ်နေသော ကျွန်တော့် ဂီတာလက်တံကို ဝုန်းခနဲ ခြေထောက်ဖြင့် ကန်ဖယ်လိုက်ပြီး ကားအောက်ဆင်းသွားသည်။

'ခင်ကြီး . . . အဲဒါ ဘာလဲ'

နောက်က ဒေါ်လေးက ကပျာကယာ လိုက်ဆင်းရင်း ခင်ကြီးကို မေးသည်။

'မသိဘူး၊ အဲဒီကားနဲ့ ခင်ကြီး မလိုက်ဘူး၊ ဒေါ်လေးတို့ဟာ ဒေါ်လေးတို့ သွားတော့'

'ဟာ . . . ခင်ကြီးကလည်း မဟုတ်တာ၊ ကဲ ကဲ . . . အဲဒီ ဂီတာကြီး တော်လိုက်ပါတော့ကွယ်၊ မောင်မောင်ကလည်း မင်းအစ်မ အကြောင်း သိသားနဲ့'

'ဟဲ့ . . . ဘာဖြစ်ကြတာလဲ'

ရှေ့ခန်းမှ ဘဘကလည်း တံခါးဖွင့်ဆင်းလာပြီး မေးသည်။ ကိုဇော်ပါ နောက်ဘက် ရောက်လာသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ဒေါ်လေးက ခေါင်းခါရင်း . . .

'ဘာမှမဖြစ်ပါဘူး အစ်ကိုကြီး၊ အစ်ကိုကြီးတို့ ပြန်တက် ပြန်တက်၊ ကဲ . . . ခင်ကြီးရယ်၊ အဲလောက်လည်း စိတ်မဆိုးပါနဲ့၊ နောက်ဒါမျိုး မဖြစ်စေရဘူး၊ ဒေါ်လေး ပြောမယ်၊ လာ လာ . . . ခရီးထွက်ရင် အဲလို စိတ်မကောက်နဲ့'

'ခင်ကြီး စိတ်မကောက်ပါဘူး၊ ကောက်စရာလည်း မလိုဘူး၊ ဒါပေမဲ့ ဒီအသံတွေ ကြားရတာ ရွံတယ်၊ ဖြစ်နိုင်ရင် ဒီမျက်ခွက်တွေ တောင်ကြည့်ပြီး ခရီးသွားချင်တာ မဟုတ်ဘူး၊ တန်ရာတန်ရာ နားမလည်တဲ့သူတွေ'

ခင်ကြီးစကားကြောင့် ဒေါ်လေးက ကျွန်တော့်ကို မယုံသင်္ကာမျက်လုံးများဖြင့် လှမ်းကြည့်သည်။ ပြီးမှ ခင်ကြီးဘက် တစ်ချက်လှည့်ပြီး . . .

'အေးပါ အေးပါ၊ နောက်ကို ဒီအသံ မကြားစေရဘူး ဒေါ်လေးတာဝန်ယူတယ်၊ ကဲ . . . ကားပေါ်ပြန်တက်၊ မောင်ခင် မောင်လတ် အောက်ကို ခဏဆင်းခဲ့ဦး'

ကျွန်တော် အူကြောင်ကြောင်ဖြစ်ကာ ကားပေါ်မှ ဆင်းပေးလိုက်သည်။

'ကဲ . . . တက် သမီး'

ကျွန်တော် ကားပေါ်မှာ မရှိတော့မှ ခင်ကြီးက ဆောင့်ဆောင့်နှင့် ကားပေါ်တက်သွားသည်။ ဒေါ်လေးက သက်ပြင်းချရင်း . . .

'မောင်ခင်မောင်လတ် . . . ဒေါ်လေးဆီ ခဏလာဦး'

ဒေါ်လေးက ခပ်လှမ်းလှမ်းမှနေ လှမ်းခေါ်သည်။ ကျွန်တော် ယောင်ကန်းကန်းနှင့် သူ့ဆီလျှောက်သွား၏။ ဒေါ်လေးက ကားနှင့်



BURMESE CLASSIC .com

www.burmeseclassic.com



အတော်ဝေးဝေးရောက်အောင် ကျွန်တော့်ကို ခေါ်သွားပြီးမှ . . .

'မောင်ခင်မောင်လတ် ဒေါ်လေးကို မြန်မြန်ပြောစမ်း၊ မင်း . . . ခင်ကြီးကို ဘာသွားလုပ်ထားလဲ'

'ဗျာ'

'မဟုတ်ပါဘူး၊ ဒေါ်လေးမေးတာက မောင်ခင်မောင်လတ်က များ ခင်ကြီးမကြိုက်တာ တစ်ခုခုများ သွားလုပ်ထားလားလို့'

'မလုပ်ပါဘူး ဒေါ်လေး၊ အဲ . . . မလုပ်မိဘူး ထင်ပါတယ် ဒေါ်လေး'

'မင်း သူ့ကို ဘာသွားပြောဖူးလဲ'

'ဒီပြင်တော့ ဘာမှ မပြောဖူးပါဘူး၊ ဒီမနက် သူအိမ်ထဲကနေ ထွက်လာတော့ ပစ္စည်းတွေ သယ်ရဦးမှာလား မခင်ခင်ကြီးလို့ မေးတော့ မေးမိတယ်၊ ရန်ကုန်က စ,ထွက်ကတည်းက ဒီတစ်ခုပဲ မေးဖူးသေးတယ်'

'သေချာလား'

'ဟုတ်ကဲ့ ဒေါ်လေး၊ သေချာပါတယ်'

'ဒါဖြင့် ဒီကောင်မလေး ဘာဖြစ်နေတာလဲ'

ကျွန်တော် ဘာမှမပြောဘဲ ငြိမ်နေလိုက်သည်။ ထိုမေးခွန်းက ကျွန်တော်ကိုယ်တိုင်လည်း သိချင်သော မေးခွန်း ဖြစ်နေသည်။

ခဏကြာမှ ဒေါ်လေးက . . .

'အေးလေ . . . အဲလိုဆိုရင်လည်း ပြီးတာပါပဲ၊ နောက်ကို သူ မကြိုက်တာ ဘာမှမလုပ်နဲ့ကွယ်၊ သူ့မိဘတွေကို ဒေါ်လေးတို့က တာဝန်ယူ ခေါ်လာရတာ၊ တော်ကြာကျ ဒေါ်လေးတို့ပါ မကောင်းဘူး ဖြစ်နေလိမ့်မယ်'



BURMESE CLASSIC .com

www.burmeseclassic.com



'ဟုတ်ကဲ့ ဒေါ်လေး နောက်ကို ကျွန်တော် သီချင်း လုံးဝမဆို တော့ပါဘူး၊ ဂီတာလည်း မတီးတော့ပါဘူး'

'ဘာဖြစ်လို့လဲ ကိုလတ်'

ထိုစဉ် နောက်မှ ကမန်းကတန်း လိုက်လာသော ကိုဇော်က စိုးရိမ်တကြီး ဝင်မေးသည်။ ကျွန်တော်က ခေါင်းခါပြရင်း . . .

'ဘာမှမဖြစ်ပါဘူး ကိုဇော်၊ ကိုဇော်နောက်မှာ ခဏထိုင်လိုက်၊ ကျွန်တော် မောင်းမယ်၊ တောင်ပေါ် တက်တော့မှ ကိုဇော် ပြန်မောင်း၊ ဖြစ်တယ် မဟုတ်လား'

'ဖြစ်ပါတယ်'

ဤနည်းဖြင့် ကားပြန်ထွက်ခဲ့သည်။

ခင်ကြီး ဘာဖြစ်သည်ဆိုသည်ကို ကျွန်တော်လည်း သိချင်လှ၏။



BURMESE CLASSIC .com

[၃]

'အမိက အကြောင်းရင်းကတော့ အဲဒါပဲ ကိုခင်မောင်လတ်၊ ခင်ဗျားလို အဆင့်အတန်းမျိုးလူက သူ့ကို ရည်မှန်းရမလားဆိုပြီး တော်တော် နာနာကြည်းကြည်းကို ဒေါသဖြစ်နေတာ'

ပတ်ဝန်းကျင်က အေးစိမ့်လျက် မှုန်မှိုင်းမှိုင်း ဖြစ်နေသည်။ တောင်ပေါ်ဒေသရောက်နေပြီမို့ မြင်ကွင်းအားလုံးက မနေ့က တွေ့ခဲ့ရသော အညာဒေသ ရှုခင်းများနှင့် လုံးဝမတူတော့။ သစ်တောလမ်းတစ်လျှောက် ကတ္တရာလမ်းပေါ်တွင် ကြွေကျနေသော စိန်ပန်းပြာများကို ငေးကြည့်နေမိသည်။

'ခင်ဗျားရင်ထဲမှာ ဘယ်လို ခံစားသွားရမယ်ဆိုတာ ကျွန်တော် သဘောပေါက်ပါတယ် ကိုခင်မောင်လတ်၊ ကျွန်တော် ဒီအကြောင်း



BURMESE CLASSIC .com

www.burmeseclassic.com



တွေ ပြောမပြဘဲ ထားရရင် ကောင်းမလားလို့ စဉ်းစားမိသေးတယ်၊ ဒါပေမဲ့ ခင်ကြီးအပြုအမူတွေက ခင်ဗျားအတွက်ကလည်း ပဟေဠိလို ဖြစ်နေမှာစိုးလို့ သူ့သဘောကို ရှင်းရှင်းလင်းလင်း ခင်ဗျား နားလည် သွားအောင် ပြောပြလိုက်တာပါ’

ကိုသန်းထိုက်အောင် စကားအဆုံးမှာ ကျွန်တော် ခေါင်းညိတ် သည်။

‘ကျေးဇူးတင်ပါတယ် ကိုသန်းထိုက်အောင်၊ ဒီအကြောင်းတွေ က ခင်ဗျားသာ ပြောမပြရင် ကျွန်တော် ဘယ်လိုမှ နားလည်နိုင်မှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ဘက်က သူ့ကိုချစ်နေမိ တာသာ ချစ်နေမိတာပါ၊ ကျွန်တော့်အကြောင်းကို သူသိလိမ့်မယ် တောင် အောက်မေ့တာ မဟုတ်ဘူး’

‘သူသိတယ် ကိုခင်မောင်လတ်၊ စစချင်းတုန်းကသာ သူ ရုတ် တရက် ခင်ဗျားကို မမှတ်မိတာ၊ တဖြည်းဖြည်းနဲ့ ကျောင်းမှာတုန်းက ခင်ဗျား သူ့ကို လာလာကြည့်တဲ့ကိစ္စတွေ သူ သတိရလာပုံရတယ်’

‘အဲဒါလည်း ကြည့်တယ်ဆိုရုံ လာကြည့်တာပါ ကိုသန်းထိုက် အောင်၊ ဒီထက်ပိုပြီး ကျွန်တော့်ဘက်က ဘာမှမလုပ်ခဲ့ပါဘူး၊ ခပ်လှမ်း လှမ်းက ကြည့်ရုံနဲ့တင် သူ့အနေအထားနဲ့ ကျွန်တော့်အနေအထား ကွာလှမ်းတယ်ဆိုတာ ကျွန်တော် သိပါတယ်၊ ဒီခရီးမှာလည်း မောင် မောင့်ကြောင့် သီချင်းဆိုမိတာလွဲလို့ ကျွန်တော် သူ့နားတောင် မကပ်ခဲ့ ပါဘူး’

ကိုသန်းထိုက်အောင်က ရယ်သည်။

‘ကျွန်တော် သိပါတယ် ကိုခင်မောင်လတ်၊ တစ်လျှောက်လုံး ခင်ဗျား ဘယ်လိုနေတယ်ဆိုတာ ကျွန်တော် အမြဲမြင်နေရတာပဲ၊ ဒါပေ



BURMESE CLASSIC .com

www.burmeseclassic.com



မဲ့ သူ့စိတ်ထဲမှာ ခင်ဗျား သီချင်းဆိုတာကိုလည်း သူ့ကို ရိတိတိလုပ်ဆို တာလို့ပဲ ထင်နေတယ်၊ မောင်မောင်နဲ့ ခင်ဗျား တွဲမိသွားတဲ့ကိစ္စကအစ ခင်ဗျား သူ့ကို ချဉ်းကပ်ဖို့အတွက် မောင်မောင့်ကို ဝင်လုံးတာပဲလို့ သူက ယူဆနေတာ'

ကိုသန်းထိုက်အောင် စကားအဆုံးမှာ ကျွန်တော် ရင်မောမော နှင့် ပင့်သက်တစ်ချက် ရှိုက်မိသည်။ သူ့စကားများနားထောင်ရင်းနှင့် ပင် ခင်ကြီး၏ အမုန်းတရားကလည်း တဖြည်းဖြည်း ရုပ်လုံးပေါ်လာ သည်။

တောင်ကြီးမြို့၏ အေးချမ်းမှုနှင့် မဆီလျော်စွာပင် ကျွန်တော့် ကျောပြင်၌ ချွေးများစို့လာ၏။

ခင်ကြီး ဘာဖြစ်တာလဲ . . . ဟု ကျွန်တော် သိချင်ခဲ့သော ကိစ္စသည်လည်း ခုခါ လုံးဝအဖြေပေါ်ခဲ့ပေပြီ။

မန္တလေးက မနက်ထွက်လာခဲ့သော သည်နေ့ ခရီးတွင် တောင် ကြီးမြို့သို့ ညနေသုံးနာရီလောက် ရောက်ခဲ့သည်။ ရောက်ရောက်ချင်း တစ်နေကုန် ခရီးပန်းလာကြပြီမို့ ဘယ်မှခရီးမဆက်ကြတော့ဘဲ အကုန်လုံး အနားယူလိုက်ကြသည်။

ခုညနေ ငါးနာရီ ကျော်ကျော်လောက်ရောက်မှ ကိုသန်းထိုက် အောင်က ကျွန်တော်နှင့်ကိုဇော်နားရာသို့ ရောက်လာပြီး အပြင် လမ်း လျှောက်ထွက်ခေါ်သည်။ အပြင်ရောက်မှ သူက ကျွန်တော့်ကို ခင်ကြီး နှင့် ပတ်သက်သော အကြောင်းများ ပြောပြခြင်းဖြစ်၏။

သူ့စကားများအရကတော့ ကျွန်တော်နှင့် ပတ်သက်၍ ခင်ကြီး တစ်မျိုးဖြစ်နေခြင်းကို သူလည်း စိတ်ဝင်စားသွားသည်ဟုဆို သည်။ သို့အတွက် မနက်က လမ်းမှာဖြစ်ခဲ့သော ကိစ္စကို အကြောင်း



BURMESE CLASSIC .com

www.burmeseclassic.com



ပြုပြီး ခင်ကြီး ဘာဖြစ်တာလဲဆိုသည်ကို သူ့ညီမ ဆွေဆွေအား မေးသည်။

ခင်ကြီးက ဆွေဆွေ့ကို ဘာမှပြောပြထားခြင်း မရှိသော်လည်း လှိုင်လှိုင့်ကိုတော့ ကျွန်တော်နှင့်ပတ်သက်သည့်ကိစ္စများ ပြောပြထားသည်ဟု ဆိုသည်။ လှိုင်လှိုင်က ဆွေဆွေ့ကို ပြန်ပြောပြသဖြင့် ဆွေဆွေက သိပြီး ကိုသန်းထိုက်အောင်ကို အကျိုးအကြောင်း ပြန်ပြောပြနိုင်သည်။

သို့ဖြင့် ကျောင်းတုန်းက ကျွန်တော် ခင်ကြီးအား သွား၍ ရွှေစွန်ညို ဝဲခဲ့သည့်ကိစ္စ။ ထိုကိစ္စကို ခင်ကြီးက ယခု ကျွန်တော် စပယ်ယာဘဝနှင့် ဆက်စပ်ပြီး ကျွန်တောလိုလူမျိုးက သူ့ကို စိတ်ကူးရပ့ါမလားဟု အကြီးအကျယ် ဒေါသဖြစ်နေသည့်ကိစ္စ။ သည်ကြားထဲမှာ ကျွန်တော်က သီချင်းဆိုပြီး သူ့ကို ထိကပါးရိကပါး လုပ်သဖြင့် ဒေါသများ ပေါက်ကွဲခဲ့ရသည့်ကိစ္စ . . . စသည်တို့ကို ကိုသန်းထိုက်အောင် သိခဲ့ရသည်။

ထိုကိစ္စကို ကျွန်တော်သိအောင် ကိုသန်းထိုက်အောင်က တမင်ခေါ်ထုတ်၍ ပြောပြခြင်းပင်။

ပင့်သက်အဆုံးမှာ ကျွန်တော်က သက်ပြင်းတစ်ချက်ချရင်း . . .

'အေးပေ့ါဗျာ၊ ကျွန်တော်လို ဘာမှအဆင့်အတန်းမရှိတဲ့ကောင်က သူ့လို ရွှေလင်ပန်းနဲ့ အချင်းဆေး မင်းမွေးတဲ့ သမီးမျိုးကို ထိပါးဖို့ စဉ်းစားတယ်ဆိုတော့လည်း သူ့ဘက်ကကြည့်တော့ အပြစ်ကြီးတစ်ခု ဖြစ်ချင်ဖြစ်မှာပေါ့၊ အမဲရိုးနှယ် ဟင်းအိုးမှ အားမနာတတ်လေခြင်းလို့ ဒေါသတွေလည်း အလိပ်လိပ် ထ,နေနိုင်တာပေါ့၊



BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော်ကလည်း သူ့မှသွားပြီး မတန်မရာ သွားစွဲလမ်းမိသွားတာကိုး . . .'

ကျွန်တော့်စကားကို လက်မခံဟန်ဖြင့် ကိုသန်းထိုက်အောင်က ခေါင်းခါသည်။

'မဟုတ်ဘူး ကိုခင်မောင်လတ်၊ ကျွန်တော်က အဖြစ်ကိုသာ ပြောပြတာ၊ ဒီကိစ္စကို ကျိုးကြောင်းဆီလျော်မှု ရှိတယ်၊ သူမှန်တယ်လို့ ပြောနေတာ မဟုတ်ဘူး၊ ဘာဆိုင်လို့လဲဗျာ၊ ဒီခေတ်မှာ အဆင့်အတန်းဆိုတာ ဆောရီးပါ၊ ခေတ်လူငယ်မှန်သမျှ ဘယ်သူမှ ဒီကိစ္စကို ရေးကြီးခွင်ကျယ်လုပ်နေကြတာ မဟုတ်ဘူး၊ ဒီကားနဲ့ ပါလာတဲ့ ဒီပြင်လူငယ်တွေလည်း အတူတူပါပဲ၊ နောက်တစ်ခုက သူ့စိတ်ထဲမှာ ခင်ဗျားကို လက်မခံနိုင်ရင် ခင်ဗျားဘက်က ဖွင့်ပြောလာတဲ့တစ်နေ့ သူလက်မခံနိုင်ဘူးဆိုတာကို ကြိုက်တဲ့ပုံစံနဲ့ ပြောခွင့်ရှိတာပဲ၊ ခင်ဗျားဟာ ခင်ဗျားစိတ်ထဲက ကျိတ်ချစ်နေတဲ့ကိစ္စကိုတော့ သူ ဘာဒေါသ ဖြစ်ရမှာလဲ'

'ဒါပေမဲ့ သူကတော့ သူ့ကို ဒီလိုကြံရွယ်စဉ်းစားရုံလေးနဲ့တင် မခံမရပ်နိုင် ဖြစ်နေတာပဲ ကိုသန်းထိုက်အောင်'

'အဲဒါကြောင့် ခင်ဗျားဘက်က မခံချင်လို့ ဒီစကားတွေ ခင်ဗျားကို လာပြောနေတာပေါ့ ကိုခင်မောင်လတ်၊ ခင်ဗျားဘဝ အခြေအနေအရ ခင်ဗျား ဘာလုပ်နေနေ ခင်ဗျားလည်း ကလေကချေမှ မဟုတ်ဘဲ၊ ဒီလောက် အဓိပ္ပာယ်မရှိတဲ့ စိတ်ထားမျိုး သူထားစရာကို မလိုဘူး'

ကိုသန်းထိုက်အောက်က တကယ်ပင် မကျေမနပ်ဖြစ်နေဟန်ဖြင့် ပြောသည်။

စိန်ပန်းချင်းတူသော်လည်း ဘဝချင်းမတူတော့သည့် အပင်



BURMESE CLASSIC .com

www.burmeseclassic.com



ပေါ်မှ အပွင့်များနှင့် မြေပေါ်ကြွေနေသော အပွင့်များကို နှိုင်းယှဉ်ပြီး ကျွန်တော် ကြည့်နေမိ၏။

◈

သေချာပြန်စဉ်းစားကြည့်တော့ ကိုသန်းထိုက်အောင် ပြောသလိုပင် သည်ကိစ္စသည် အတော်မခံချင်စရာကောင်းသည့်ကိစ္စ ဖြစ်သည်။

ကနေ့အထိ ကျွန်တော် သူ့ကို နှုတ်ဖြင့်သော်လည်းကောင်း၊ အမူအရာဖြင့်သော်လည်းကောင်း ဘာတစ်ခုမှ စော်ကားထိပါးခဲ့သေးသည် မဟုတ်။ ကျွန်တော် သူ့ကို သွားကြည့်သည့်ကိစ္စသည်ပင်လျှင် စင်စစ် သူနှင့် ဘာမှမဆိုင်သည့်ကိစ္စ ဖြစ်သည်။

မိန်းကလေးတစ်ယောက်ကို ယောကျ်ားလေးတစ်ယောက်က ကြည့်ချင်မြင်ချင်၍ လာကြည့်ရုံကြည့်သည့်ကိစ္စသည် ဘယ်ဥပဒေ၊ ဘယ်ပုဒ်မ ကျင့်ထုံးမှာမှ အပြစ်ယူ ညှိုးဖွဲ့လောက်သည့် ပြစ်မှုအရာ မမြောက်။

ကျွန်တော့်ဘက်က တစ်စုံတစ်ရာ ဖွင့်ပြော၊ ချစ်ရေးဆို၊ ချစ်တုံ့ပြန် အဖြေတောင်း တစ်ခုခုလုပ်လျှင်တော့ တစ်မျိုး။

ခုဟာက ကျွန်တော် သူ့ကို ဘာမှလည်း မပြော၊ ချစ်ရေးဆိုခြင်း၊ ချစ်တုံ့ပြန် အဖြေတောင်းခြင်း တစ်ခုခုလုပ်ဖို့ ဝေး၍ သူ့ကို ရဲရဲချစ်ဖို့ရန်ပင် ကိုယ့်စိတ်ကိုကိုယ် ရဲဆေးတင်၍ မရသေး။ သူ ဒေါသ တကယ်ဖြစ်သင့်သည့်အရေးက အဝေးကြီး လိုသေးသည်။

ဆိုင်တော့ မဆိုင်သော်လည်း ခု ခင်ကြီး ဖြစ်နေပုံနှင့် ပတ်သက်၍ ဦးပုည၏ ဆဒ္ဒန်ဆင်မင်းဝတ္ထုမှ စာသားလေးတစ်ခုကို သွား



BURMESE CLASSIC .com

www.burmeseclassic.com



သတိရမိသည်။

'ဒေါသအပြစ်၊ မဖြစ်မမြောက်၊ မမုန်းလောက်သည်ကို၊ အဆောက်အဦ၊ အပြစ်ကြီးယူပြီးလျှင်၊ ပြုစုမျက်ဝင်'

ဆိုသော စာသားကို ဖြစ်သည်။

ကျွန်တော့်မှာ အပြစ်ရှိသည်ဟုဆိုလျှင်တောင်မှ ထိုအပြစ်သည် မဖြစ်မမြောက် အပြစ်မျှသာ ဖြစ်ပါလိမ့်ဦးမည်။

ခုတော့ သူတို့ပြန်ပုံက ရိုင်းလွန်းအားကြီး၏။

ကျွန်တော့်လိုလူမျိုးက သူ့လိုလူမျိုးကို စိတ်တောင်မကူးရ၊ ကူးခွင့်မရှိဟု သူ သတ်မှတ်ထားပုံရသည်။ ကျွန်တော် စိတ်ကူးဖြစ် ရည်ရွယ်လိုက်ခြင်းကြောင့် သူ့မှာ အတော်ထိခိုက်နစ်နာ ဂုဏ်သိက္ခာ ညှိုးနွမ်းသွားသည်ဟု ထင်ပုံရသည်။

'မာနကြီးလိုက်တာ၊ အမုန်းသည်းလိုက်တာ' ဟု စိတ်ထဲက အောက်မေ့မိသည်။

နေ့ခင်းက ကျွန်တော် ရှေ့ခန်းမှာ ကားသွားမောင်းနေစဉ် အတွင်း ခင်ကြီး ကိုဇော်ကို ပြောခဲ့သည့်စကားများကို ကိုဇော် ကျွန်တော့်အား ပြန်ပြောပြသဖြင့် ကျွန်တော် သိခွင့်ရသည်။

ကိုဇော် ပြန်ပြောပြသည့် စကားများ ပြန်ကြားယောင်မိ၏။

'ဟာ . . . မလွယ်ဘူး ခင်မောင်လတ်၊ မင်းရှေ့ခန်းသွား ကားမောင်းနေတော့ နောက်ခန်းမှာ ဘယ်အထိ ပြဿနာတက်နေတယ် မှတ်လဲ၊ မိတ္ထီလာကျရင် မင်းကို ကားနဲ့ ဆက်မလိုက်ခိုင်းတော့ဘဲ ရန်ကုန်ကို ပြန်လွှတ်လိုက်ဖို့အထိ ပြောတာ၊ မင်းဆက်လိုက်ရင် သူ မလိုက်တော့ဘူးတဲ့၊ မိတ္ထီလာကနေ ရန်ကုန်ပြန်တော့မယ်တဲ့'

'အဲဒီတော့ ခင်ဗျားက ဘာပြောလိုက်လဲ'

www.burmeseclassic.com



'ပထမတော့ ငါက တောင်းတောင်းပန်ပန်ပဲ ပြောပါတယ်၊ မလုပ်ပါနဲ့ဗျာ၊ ကောင်လေးက သူ့ကျောင်းစရိတ်အတွက် နည်းနည်းပါးပါး ဝင်ငွေလေး ဘာလေးရအောင် ကျောင်းပိတ်ရက် အလုပ်လေး တစ်ဖက် ဝင်လုပ်နေတာပါ၊ ဒီခရီး သူ ဒီလိုလိုက်ပေးရင် သူ ငွေငါးရာလောက် ရမယ်၊ အဲဒါလေးရဖို့ သူ့ခမျာ အပင်ပန်းခံပြီး လိုက်လာခဲ့တာပါ၊ ဘာညာပေါ့၊ အဲဒီတော့ မင်းကောင်မက ဘာပြောတယ်မှတ်လဲ'

'ဘာတဲ့လဲ'

'ငါးရာ မဟုတ်ဘူး၊ တစ်ထောင် သူပေးမယ်၊ ဒီခရီးမှာ မင်းမျက်နှာ မမြင်ရရင် တော်ပြီ၊ ပိုက်ဆံလိုချင်လို့ လိုက်တဲ့ကိစ္စ ပိုက်ဆံရရင် ပြီးရော မဟုတ်လား . . . တဲ့'

'အဲလောက်တောင်ပဲလား ကိုဇော်'

'အဲလောက်ပဲ ခင်မောင်လတ်၊ ဘယ်လိုမှကို ပြောမရဘူး၊ နောက်ဆုံးကျတော့ ငါက အဲလိုဆိုရင်လည်း ဒီတောင်ပေါ်လမ်းမှာတော့ ကျွန်တော့်အတွက် ကူဖော်လောင်ဖက် တစ်ယောက်မပါရင် မဖြစ်လို့ပါ၊ တောင်ပေါ်က ပြန်ဆင်းတဲ့အထိတော့ သည်းခံပေးပါဦး၊ အပြန်ကျမှ ဒီလိုပဲ ဖြစ်နေသေးတယ်ဆိုရင် ကျွန်တော် သူ့ကို ပြန်လွှတ်ပေးပါ့မယ်၊ ဘာညာနဲ့ မနည်းပြောယူရတယ်၊ ဒါတောင် သူ့အမျိုးတွေ အဆွေတွေကပါ ဝိုင်းဖျောင်းဖျလို့ လက်ခံတာ၊ ငါ့ချည်းဆို ပြောလို့တောင် ရမှာ မဟုတ်ဘူး'

ကျွန်တော့်ရင်ထဲ ဆို့ခနဲ ဖြစ်သွားသည်။ ခံစားထိခိုက်သွားမှုကြောင့် မျက်ရည်များပင် ဝဲလာသည်။

'ဒီလောက်တောင်ပဲလား' . . . ဆိုသော စကားများကလည်း



BURMESE CLASSIC .com

www.burmeseclassic.com



ရင်ထဲမှာ ကြေကွဲစွာ ပွဲတင်ရိုက်နေသည်။

'နေပါဦး . . . ခင်မောင်လတ်၊ မင်းတို့ဟာက ဘယ်လိုဖြစ်ကြလို့လဲ'

သူ့အမေးကြောင့် ကျွန်တော် သက်ပြင်းချသည်။

'ဒီလို . . . ကိုဇော်'

စောစောက မေးလျှင်တော့ ဒီမေးခွန်းကို ဖြေနိုင်မှာမဟုတ်။ ခုကျတော့ ကိုသန်းထိုက်အောင်ထံမှတစ်ဆင့် အဖြစ်အပျက်အလုံးစုံကို သိရပြီမို့ သူ့ကို ရေလည်အောင် ရှင်းပြနိုင်သည်။

ကျွန်တော့်ရှင်းပြချက်အဆုံးမှာ ကိုဇော်လည်း ပါးစပ်အဟောင်းသားဖြစ်ကာ အံ့သြကြီးစွာသော စကားတစ်ခုကိုဆိုသည်။

'ဘာဆိုင်လို့လဲ ခင်မောင်လတ်ရာ . . . ဒါလေးနဲ့ ဒီလောက်ဖြစ်စရာလား'

ဒီလောက်ဖြစ်စရာ ဟုတ်မဟုတ်တော့ ကျွန်တော် မသိ။ ဒီလောက် ဖြစ်နေတာကတော့ သေချာသည်ဟု ပြန်ပြောပြရသည်။

ကျွန်တော့်လိုပင် သူလည်း အံ့အားသင့်နေ၏။



BURMESE CLASSIC .com

www.burmeseclassic.com

[၄]

'ဒါဖြင့် ကျွန်တော် တောင်ကြီးက အပြန်မှာ ကားနဲ့ ဆက်မလိုက်ရ တော့ဘူးပေ့ါ၊ ဟုတ်လား ကိုဇော်'

'ဟာ . . . မဟုတ်ပါဘူး ခင်မောင်လတ်ရာ၊ အဲဒီကိစ္စက လတ်တလော ပြဿနာရှင်းအောင် ကြည့်ပြောထားတာပါ၊ ဘာကိစ္စ ပြန်ရမှာလဲ'

'မပြန်လို့ ဖြစ်မလားဗျ၊ ခင်ဗျားပဲ အဲလို ကတိပေးပြီး ခေါ်လာ တာဆို'

ကိုဇော်က ခေါင်းခါသည်။

'ကတိပေးတာ မဟုတ်ပါဘူးကွာ၊ သူ စိတ်ကျေနပ်အောင် လှည့်ပတ်ပြောထားတာပါ၊ တောင်ကြီးက ပြန်ဆင်းလို့ မိတ္ထီလာ



BURMESE CLASSIC .com

www.burmeseclassic.com



ရောက်တော့လည်း ခရီးစဉ်က သိပ်မလိုတော့ပါဘူး၊ ရန်ကုန်ထိ ဒီလိုပဲ သွားပါရစေ၊ ကျွန်တော်က ကားပျက်ရင် မပြင်တတ်ဘူး၊ သူ့ပဲ အားကိုး ရမှာ၊ ဘာညာနဲ့ ပြောလိုက်ရင် ရပါတယ်၊ ဒါလည်း သူက ဒီကိစ္စ စကားစ,မှပါ၊ သူက စ,မပြောရင် ဘာမှတောင် လုပ်စရာ မလိုဘူး'

သည်တစ်ခါ ကျွန်တော် ခေါင်းခါသည်။

ကိုဇော်ပြောသောကိစ္စက ဖြစ်ကောင်းဖြစ်နိုင်မည်ဖြစ်သည်။ သို့သော် ကျွန်တော် မကြိုက်။

ယောက်ျားတစ်ယောက်အနေနှင့် သည်လို လှည့်ဖျားနေစရာ မလိုသလို သည်ပုံ သည်နည်းနှင့် ယောက်ျားမာနကိုလည်း အထိခိုက် မခံနိုင်။

သာမန်အားဖြင့် ခင်ကြီးအပေါ်မှာ ကျွန်တော် မာနထားစရာ မရှိ။ ခင်ကြီးကို ကျွန်တော် ချစ်သည်။

ချစ်သည်မှ ဘဝမှာ တစ်ခါမှ မခံစားဖူးသော မြတ်နိုးတွယ်တာ မှုမျိုးဖြင့် ချစ်ခဲ့မိခြင်း ဖြစ်သည်။

သို့အတွက် ခင်ကြီးအပေါ် မာနထားဖို့ ဝေးစွ။ ခင်ကြီး၏ ခြေဖဝါးမှ ဖုန်မှုန့်လေးတစ်ခု ဖြစ်ရခြင်းကိုပင် မြတ်နိုးမှုဖြင့် ဂုဏ်ယူနေနိုင် သည်အထိ စိတ်ထားနိုင်သည်။ ဤသည်မှာ ချစ်သူအပေါ် ကျွန်တော် ထားရှိသည့် သဘောထား။

အချစ်နှင့်ပတ်သက်လာလျှင် တုံ့ပြန်နိုင်သည့် အနေအထား ဖြစ်သည်။

သို့သော် ခု ကျွန်တော် ကြုံတွေ့နေရသည်က အချစ်တရား မဟုတ်။ ခါးသီးခက်ထန်သော အမုန်းတရား ဖြစ်နေသည်။ ခင်ကြီး၏ အမုန်းက ရက်စက်သည်။ ပြင်းထန်သည်။ ပြီးတော့ တစ်ဖက်သတ်



BURMESE CLASSIC .com

www.burmeseclassic.com



လည်း ဆန်လွန်းသည်။

'ကျွန်တော် ပြောပြမယ် ကိုဇော်၊ ခင်ဗျား ပြောတဲ့စကားတွေက ကျွန်တော့်အတွက် စေတနာထားပြီး ကျွန်တော် စိတ်မဆင်းရဲရအောင် ကြံဖန်လုပ်ပေးဖို့ ရည်ရွယ်ပြောနေမှန်း ကျွန်တော် သိတယ်၊ ဒါပေမဲ့ . . .'

'ဒါပေမဲ့ ဘာဖြစ်လဲ ခင်မောင်လတ်'

'ဘာဖြစ်လဲဆိုတော့ ကျွန်တော်က လူတစ်မျိုး ကိုဇော်၊ ကျွန်တော် အရှုံးပေးချင်ရင်လည်း အတိုင်းအဆမရှိ အရှုံးပေးတတ်တယ်၊ သံယောဇဉ်တရားနဲ့ ပတ်သက်လာရင် ကျွန်တော့်ကို ဘယ်လိုပဲ နင်းသွားသွား ကျွန်တော် ခွင့်လွှတ်တယ်၊ ဒါပေမဲ့ ကျွန်တော် ယောကျ်ား၊ ယောကျ်ားတစ်ယောက် လုပ်သင့်လုပ်ထိုက်တာမျိုးကိုတော့ ကျွန်တော် မလုပ်ဘဲ မနေတတ်ဘူး၊ ကျွန်တော်ကို ဘယ်လိုမှတော့ မအောက်မေ့နဲ့'

'ဟာ . . . ဟေ့ကောင် ခင်မောင်လတ် နေပါဦး'

ပြောရင်းနှင့် ဆတ်ခနဲ ကျွန်တော် လှည့်ထွက်ခဲ့သည်။ နောက်က လှမ်းခေါ်သော ကိုဇော့်အသံကိုလည်း မသိချင်ယောင်ဆောင်ထားလိုက်၏။

တောင်ကြီးမြို့၏ အအေးဓာတ်က သိသိသာသာ ပြင်းထန်လာသည်။ သို့သော် ကျွန်တော့်ရင်ထဲသို့ ဘယ်လိုမှ တိုးဝင်မပေါက်။

ရင်ထဲမှာ စင်တီဂရိတ်များစွာသော ဒီဂရီဖြင့် မီးဟုန်းဟုန်းတောက်နေ၏။

◈



BURMESE CLASSIC .com

www.burmeseclassic.com



ကံအားလျော်စွာပင် တည်းအိမ်ပေါ်တီကို ဆင်ဝင်အောက်၌ တစ်ယောက်တည်း ရပ်နေသော ခင်ကြီးကို လှမ်းမြင်ရသည်။

မူလက ဦးတည်ရည်ရွယ်ချက် မရှိသော်လည်း သူ့ကို မြင်လိုက်သည်နှင့် ခေါင်းထဲမှာ တစ်ခုခုလုပ်ချင်စိတ် ပေါ်လာသည်။ သို့အတွက် ခြံဝင်းအပြင်ဘက် ခြေဦးတည့်ရာတစ်နေရာသို့ ထွက်သွားမည် ပြင်ထားသော ခြေလှမ်းများကို သူရှိရာ ဦးတည်လိုက်သည်။

ခါတိုင်း သူ့အနားကပ်ရန် တုံ့နှေးခဲ့သော ခြေလှမ်းများသည် ခုခါမှာ ထူးခြားသွက်လက်နေ၏။ ခါတိုင်း သူနှင့်ပတ်သက်လျှင် စိုးရွံ့ခဲ့သော စိတ်များသည်လည်း ခုခါတွင် ဘယ်ကမ္ဘာသို့ လွင့်ပျောက်သွားလေပြီ မသိ။

သူနှင့် ပတ်သက်၍ အရာရာကို ရင်ဆိုင်ရန် ကျွန်တော် ဦးမလေးတော့။

'ဂရော'

စိတ်က လောနေသဖြင့် အမှတ်မထင် မြေပြင်ကို လျှပ်တိုက်မိသွားပြီး ခြေလှမ်းမှနေ အသံထွက်သွားသည်။ ခင်ကြီး ဦးခေါင်းက ကျွန်တော့်ဘက်သို့ ချာခနဲ လှည့်လာ၏။

'ဟင် . . .'

မမျှော်လင့်ဘဲ ကျွန်တော့် မြင်လိုက်ရသဖြင့် အံ့အားသင့်သွားပုံရသည်။ မျက်လုံးအစုံက ဝန်းဝန်းလေး ဝိုင်းသည်။ သို့သော် ထိုမျက်နှာ အမူအရာက ခဏသာ သက်တမ်းရှည်၏။

ချက်ချင်းပင် သူ့မျက်နှာက တင်းမာသော အမူအရာ၊ ခက်ထန်သော အမူအရာအဖြစ် ပြောင်းသွားသည်။ မျက်လုံးများက စိမ်းစိမ်း

www.burmeseclassic.com



စူးစူး ဖြစ်သွားသည်သာမက မျက်မှောင်နှစ်ခုကလည်း သိသိသာသာ ကြုတ်သွားသည်။

'မခင်ခင်ကြီး'

ကျွန်တော့်လေသံက လုံးလုံးလျားလျား ထစ်ငေါ့ခြင်း မရှိဘဲ တည်တည်ငြိမ်ငြိမ် ထွက်သွားသည်။

ခင်ကြီးက ချာခနဲ လှည့်သွား၏။ ထို့နောက် ကျွန်တော်နှင့် ဝေးရာဘက်၌ ရှိနေသော အိမ်တံခါးဘက်သို့ လျှောက်သွားပြီး အိမ်ထဲဝင်ရန် ပြင်သည်။ ကျွန်တော် ခပ်သွက်သွက်ပင် ပြေးပြီး သူ့ရှေ့က ပိတ်ရပ်သည်။

သည်တစ်ခါလည်း ကျွန်တော့်လုပ်ရပ်ကို အံ့အားသင့်သွားဟန်ဖြင့် မျက်ခုံးအစုံကို ပင့်မသည်။ ကျွန်တော် သက်ပြင်းတစ်ချက် ချလိုက်ပြီး လက်ကာ၍ . . .

'ခဏနေပါဦး မခင်ခင်ကြီး . . . ကျွန်တော် မခင်ကြီးကို ဘာအနှောင့်အယှက်မှ ပေးဖို့ ရည်ရွယ်ချက် မရှိပါဘူး၊ နောက်တစ်ခုက ကျွန်တော် ထပ်အာမခံပါ့မယ်၊ ကျွန်တော် မခင်ကြီးဆီ အခုလာတာ ချစ်စကား ကြိုက်စကားပြောဖို့လည်း မဟုတ်ပါဘူး၊ ကျေးဇူးပြုပြီး ခဏလေး ကျွန်တော်နဲ့ မျက်နှာချင်းဆိုင် စကားပြောပါ'

'မလိုဘူး ခင်မောင်လတ်၊ နင်နဲ့ငါနဲ့ ဘာစကားမှ ပြောဖို့ မလိုဘူး'

နင်, ငါ အသုံးအနှုန်းများနှင့် ခပ်ရိုင်းရိုင်း၊ ခပ်ကြမ်းကြမ်း ပြောလိုက်သော လေသံက ကျွန်တော့်နားထဲသို့ ဆူးခက် တစ်ခက်လို ဝင်လာသည်။

'လိုပါတယ် မခင်ကြီး၊ မလိုတဲ့အချိန်တုန်းက မခင်ကြီး စိတ်



BURMESE CLASSIC .com

www.burmeseclassic.com



အနှောင့်အယှက် မဖြစ်ရအောင် ကျွန်တော် ဘာစကားတစ်ခွန်းမှ မပြောဘဲ နေခဲ့ပါတယ်၊ ခုကိစ္စကတော့ ပြောဖို့ လို့ကိုလိုတဲ့အတွက် လာပြောတာပါ။ သိပ်အကြာကြီးလည်း မပြောပါဘူး၊ ခဏလေး သည်း ညည်းခံပါ'

'မခံနိုင်ဘူး ခင်မောင်လတ်၊ နင် ငါ့ရှေ့က ဖယ်၊ ငါ့လမ်းကို နင် ပိတ်မထားနဲ့'

'မရဘူး မခင်ကြီး၊ ခဏတော့ ပိတ်ရမှာပဲ၊ ကဲပါလေ . . . ဒါတွေ ပြောနေရင် အချိန်ပိုကြာသွားပဲ့မယ်၊ လိုရင်း မြန်မြန်ပြော၊ မြန်မြန်ကိစ္စ ပြီးပါတယ်၊ ဒီလိုပါ မခင်ကြီး'

ကျွန်တော်က သူ့စကား ကြားဝင်မခံတော့ဘဲ၊ လိုရင်းကို တန်း ပြောရန် စကားစဉ်မပြတ် တရစပ် ဆက်ပြောသည်။

သူ ယောင်ကန်းကန်းနှင့် နားထောင်နေဆဲ ကျွန်တော်က ဆက်ပြောသည်။

'အစတုန်းက ခင်ဗျား ကျွန်တော့်အပေါ် ဘယ်လိုအနေအ ထားရှိတယ်ဆိုတာ ကျွန်တော် လုံးဝ မသိဘူး၊ လုံးလုံးကို မသိတာ အမှန်ပါ၊ ကျွန်တော် ပြောတဲ့စကားကို ယုံ၊ အမှန်အတိုင်း ပြောရရင် ကျောင်းဖွင့်ရက်တွေတုန်းက ခင်ဗျားကို ကျွန်တော် လာလာကြည့်တဲ့ ကိစ္စကို ခင်ဗျား ဘယ်လိုမှ မသိဘူးလို့ ထင်ခဲ့တယ်'

ခင်ကြီး ငြိမ်သွားသည်။ ဘာမှ သိပ်ငြင်းငြင်းဆန်ဆန် မလုပ် တော့ ကျွန်တော် ဆက်၍ . . .

'ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားကို ကျွန်တော် ချစ်နေတယ်ဆို တဲ့ ကိစ္စကို ခင်ဗျားသိအောင် ကျွန်တော် မလုပ်ရဲခဲ့လို့ပါ၊ ကျွန်တော် နားလည်ပါတယ်၊ ခင်ဗျားနဲ့ ကျွန်တော်နဲ့က ဘယ်လိုမှ ထိုက်တန်တဲ့



BURMESE CLASSIC .com

www.burmeseclassic.com



အနေအထားမှာ မရှိဘူး၊ ခင်ဗျား အဆင့်အတန်းနဲ့ ကျွန်တော့်အဆင့်အတန်း မိုးနဲ့မြေလို ကွားခြားတယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်၊ ဒါကြောင့် ကျွန်တော့်စိတ်ကူးနဲ့ပဲ ကျွန်တော် ခင်ဗျားကို ချစ်ခဲ့တာပါ၊ ဒါပေမဲ့ ခက်တာက ခင်ဗျားက ကျွန်တော့်ကို အလိုလို သိနေတယ် မခင်ကြီး၊ ပြီးတော့ ကျွန်တော့်ကိုလည်း မှတ်မိနေတယ်၊ အဲဒါကတော့ အင်မတန် အံ့သြစရာကောင်းတဲ့ကိစ္စပဲ၊ ကျွန်တော်လည်း ဘာကြောင့် အဲလိုဖြစ်ရတယ်ဆိုတာ ဘယ်လိုမှ စဉ်းစားလို့ မရဘူး . . .

ဒါပေမဲ့ ထားပါတော့ . . . ခုတော့ ခင်ဗျားသဘောလည်း ကျွန်တော် သိပါပြီ၊ ခင်ဗျား ကျွန်တော့်ကို ဘယ်လောက် လူရာမသွင်းချင်ဘူး ဆိုတာလည်း နားလည်ပါပြီ၊ ရပါတယ် မခင်ကြီး၊ ခင်ဗျား အနေအထား၊ ခင်ဗျားရဲ့ဘဝနဲ့ ကျွန်တော့်ကို ခင်ဗျား ကြိုက်သလို သဘောထားခွင့် ရှိပါတယ် . . .

. . . အဲဒီအတွက် ခင်ဗျား ပြင်းပြင်းထန်ထန် တောင်းဆိုခဲ့တဲ့ အတိုင်း ဒီကားပေါ်မှာ မနက်ဖြန်ကစပြီး ကျွန်တော့်ကို မမြင်စေရပါဘူး၊ ခင်ဗျားပေးမယ်ဆိုတဲ့ ငွေတစ်ထောင်ကိုလည်း ကျွန်တော် လုံးဝ မယူပါဘူး၊ ခင်ဗျား စိတ်ချမ်းသာအောင် ကျွန်တော့်ဘက်က တာဝန်ကျေကျေ လုပ်ပေးလိုက်တယ်လို့ပဲ သဘောထားပါ . . .

. . . အလားတူပဲ ခင်ဗျားကိုလည်း ကျွန်တော် ကျေးဇူးအရမ်းတင်ပါတယ်၊ လူတစ်ယောက်ဟာ ဘဝမှာ နိမ့်ကျနေရင် ဘယ်လောက် အောက်ကျတယ်၊ အစော်ကား ခံရတယ်၊ မျက်နှာငယ်ရတယ်ဆိုတဲ့ သင်ခန်းစာကို ခင်ဗျား ကျွန်တော့်ကို လက်တွေ့ပေးလိုက်လို့ပါပဲ . . .

. . . ဒီသင်ခန်းစာကိုလည်း ကျွန်တော် တစ်ဘဝလုံးအတွက်



BURMESE CLASSIC .com

www.burmeseclassic.com



ဘယ်တော့မှ မမေ့နိုင်အောင် စွဲစွဲမြဲမြဲ မှတ်ယူထားပါမယ်၊ အဲသလိုပဲ နောင်တစ်ချိန်မှာ ဒီလိုအောက်မကျရအောင်၊ ဒီလိုအစော်ကားမခံရအောင်၊ ဒီလိုမျက်နှာမငယ်ရအောင်၊ ဒီလိုအသည်းမကွဲရအောင် ကျွန်တော် ကြိုးစားသွားပါ့မယ် . . .

. . . တစ်ခုတော့ ရှိတာပေါ့လေ၊ လောကဓံဆိုတာ အလှည့်အပြောင်း ရှိတတ်တယ် ဆိုတာတော့ ခင်ဗျား ကြားဖူးတယ် မဟုတ်လား၊ သစ်ငုတ်မြင့်တုံ၊ မြက်မြင့်တုံဆိုတဲ့စကား၊ ရေစီးတစ်ခါ ရေသာတစ်လှည့်ဆိုတဲ့စကားတွေဟာ အလကားတော့ ရေးထားခဲ့တာ မဖြစ်နိုင်ဘူး၊ တစ်ချိန်ကျရင် ကျွန်တော် ခံစားရတာမျိုး ခင်ဗျား မခံစားရပါစေနဲ့လို့ ဆုတောင်းခဲ့ပါတယ် မခင်ကြီး . . .

. . . ဒါပါပဲဗျာ၊ ခင်ဗျားကို ကျွန်တော် နှုတ်ဆက်ခဲ့ပါတယ်၊ ခု ခရီးအတွက်တင် မဟုတ်ပါဘူး၊ တစ်သက်တာ ထာဝရအတွက် နှုတ်ဆက်ခဲ့တာပါ၊ မခင်ကြီးတစ်យောက် တစ်သက်လုံး ခုလိုပဲ မာန်ဝင့်ဂုဏ်တင့်နေပါစေ'

စကားအဆုံးနှင့် ချာခနဲ လှည့်အထွက် တစ်ပြိုင်တည်းပြုသည်။

အပြန်လမ်း တစ်လျှောက်တွင် တောင်ပေါ်လေအေးက မျက်နှာကို ကြမ်းတမ်းစွာပင် ဝင်ရောက်ပွတ်တိုက်၏။

သို့သော် . . . ယခုမှပင် ကျွန်တော့်ရင်သည် ပေါ့ပါးလွတ်လပ်သွားခဲ့လေသည်တကား။

www.burmeseclassic.com

[၅]

ငါစန္ဒရား မတီးတော့ဘူး ကျော်ဦး၊ ပြီးတော့ အနုပညာအသင်းမှာလည်း ငါ ဘာမှ လုပ်မပေးနိုင်တော့ဘူး၊ ဒီအသင်းကနေ ငါ့ကို ထွက်ခွင့်ပေးပါ'

'ဘာ . . . ဘာပြောတယ် ခင်မောင်လတ်'

'ငါပြောတဲ့စကားကို မင်းကြားပါတယ် ကျော်ဦး၊ အေးလေ . . . နားမရှင်းသေးဘူး ဆိုရင်လည်း ငါထပ်ပြောပါ့မယ်၊ ငါအနုပညာအသင်းက ထွက်လိုက်ပြီ၊ မင်း အဲဒီအကြောင်းကို အသင်းထဲက လူတွေ သိအောင် ပြောလိုက်တော့'

'ဟော့ကောင် ခင်မောင်လတ် နေပါဦး'

ကျောင်းပိတ်ရက်များ ကုန်ဆုံး၍ ကျောင်းပြန်ဖွင့်သည့်နေ့၌



BURMESE CLASSIC .com

www.burmeseclassic.com



ပင် ထိုစကားကို ကျွန်တော် ကျော်ဦးအား ပြောသည်။ စကားအဆုံးတွင် ကျွန်တော်က တောင်ကြီးမှာတုန်းက ခင်ကြီးရှေ့မှနေ လှည့်ထွက်သလို လှည့်ထွက်လာခဲ့သဖြင့် ကျော်ဦးက ကမန်းကတန်း လှမ်းခေါ်သည်။

သို့သော် ကျွန်တော် လှည့်မကြည့်တော့။

တစ်နည်းအားဖြင့် ပြောရလျှင် ကျွန်တော် လှည့်မကြည့်ရဲတော့။ လှည့်ကြည့်လျှင် သူ ကျွန်တော့်ဆီ ပြေးလိုက်လာမည်။ ထို နောက် အကျိုးအကြောင်း မေးမြန်းသောစကားဖြစ်ဖြစ်၊ အသင်းမှ မထွက်ရန် တားမြစ်သော စကားဖြစ်ဖြစ် သူပြောတော့မည်။

ထိုစကားများကို ကျွန်တော် နားမထောင်ရဲ။

သူ့ထံမှ တစ်စုံတစ်ခုသော သံယောဇဉ်စကား ကြားရလျှင် ကျွန်တော် ဘယ်လိုမှ ခံနိုင်ရည်ရှိစွာ တင်းထားနိုင်တော့မည်မဟုတ်။

သည်အသင်းနှင့် သည်အနုပညာကိစ္စများသည် ခင်ကြီးလိုပင် ကျွန်တော့်ဘဝမှာ အတွယ်တာရဆုံး သံယောဇဉ်မြတ်နိုးမှုများ ဖြစ်သည်။

ခင်ကြီးကိုမူ သူ့အမုန်းကြောင့် ကျွန်တော် နာကျင်စွာ သံယောဇဉ် ဖြတ်နိုင်သည်။ ကျွန်တော့်အပေါ် ဘာအမုန်းမှမရှိသော အနုပညာနှင့်အသင်းကိုမူ ကျွန်တော် အဘယ်ပုံ သံယောဇဉ် ဖြတ်နိုင်ပါမည်နည်း။

သို့အတွက် သူ့စကားများ ကျွန်တော့်နားထဲသို့ ဘယ်လိုမှ ဝင်မလာခင် ကျွန်တော် သူနှင့်ဝေးရာသို့ ပြေးလုနီးပါးပင် ထွက်ခွာလာခဲ့သည်။

အဆောင် ပြန်ရောက်သည်နှင့် ကျွန်တော် အောင်မင်းရှိနေ



BURMESE CLASSIC .com

www.burmeseclassic.com



သည်ကိုပင် မရှက်နိုင်ဘဲ ရှိုက်ကြီးတငင် ငိုပစ်လိုက်သည်။

ရင်ထဲက အသည်းနှလုံးကို အပိုင်းအစမျှ မရှိတော့အောင်ပင် မျက်ရည်များမှတစ်ဆင့် အရည်ဖျော်လွှင့်ပစ်ထုတ်ပယ်ပစ်လိုက်သည်။

မျက်ရည်များ ခန်းခြောက်သွားသောအခါ ကျွန်တော့်ရင်ထဲမှာ ခံစားတတ်သော အသည်းနှလုံးဟူ၍ မြူတစ်မှုန်သဲတစ်ပွင့်စာအရွယ်ပင် မကျန်ရစ်တော့ဟု ထင်မိ၏။

◈

'မင်း ဘာတွေဖြစ်တယ်ဆိုတာ ငါ့ကို ပြောပြပါဦး ကိုလတ်ရာ၊ မင်းဖြစ်နေတာတွေကို ငါ ဘာတစ်ခုမှ နားမလည်တော့ဘူး'

ကျွန်တော် ဖြစ်နေပုံကိုကြည့်၍ တစ်လျှောက်လုံး ငြိမ်နေခဲ့သော အောင်မင်းက မေးသည်။

ကျွန်တော်ကလည်း ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နိုင်သွားပြီမို့ . . . 'ငါသိပါတယ် အောင်မင်း၊ ငါ ဘာတွေ ဖြစ်ခဲ့တယ် မသိဘဲနဲ့ မင်း ငါ့ကို ဘယ်လိုလုပ် နားလည်မလဲ၊ ငါလည်း မင်းကို ရှင်းပြမလို့ ပါပဲ'

ကျောင်းပိတ်ရက်အတွင်း ဖြစ်ပျက်ခဲ့သည့် ကိစ္စများကို အောင်မင်းမသိ။

ကျွန်တော်က ကိုဇော်နှင့် လိုက်သွားခဲ့သည့် ခရီးစဉ်တစ်လျှောက်မှ အဖြစ်အပျက်များကို ရှင်းပြလိုက်သည်။ တောင်ကြီးမှာ ခင်ကြီးကို ကျွန်တော် ထာဝရနှုတ်ဆက်ခြင်းအထိ ပြောပြီးမှ ခဏနားသည်။



BURMESE CLASSIC .com

www.burmeseclassic.com



'ဟင် . . . အဲလို့ဆိုတော့ မင်းက'

ကျွန်တော် ခေါင်းညိတ်ပြရင်း . . .

'ဟုတ်တယ် အောင်မင်း၊ အဲဒီခရီးစဉ် အစအဆုံး ငါ မလိုက်ဖြစ်တော့ဘူး၊ တောင်ကြီးမှာ အဲ့လိုလည်း ပြောပြီးရော . . . နောက်တစ်နေ့ မနက်ကျတော့ တောင်ကြီး-ရန်ကုန်ပြေးတဲ့ ဟိုင်းလတ်လိုင်းကားနဲ့ ငါ ပြန်ချလာခဲ့တာပဲ'

'ကိုဇော်က ဘာမှမပြောဘူးလား'

'ကိုဇော်က တားပါသေးတယ်ကွာ၊ ဒါပေမဲ့ မင်းသိတဲ့အတိုင်းပဲ၊ ဒီလောက်ဖြစ်နေတဲ့ ခင်ကြီးနဲ့ငါ ရှေ့ဆက်ပြီး ဘယ်လိုသွားလို့ ဖြစ် တော့မလဲ၊ ကိုဇော့်ဆီက စရိတ်ပဲတောင်းပြီး ငါပြန်လာခဲ့တယ်၊ သူ့ အလုပ်ကလည်း အပြီးအပိုင် ထွက်ခဲ့တယ်'

'ဒါဖြင့် ဒီအမျိုးသမီးနဲ့ ပတ်သက်တဲ့ကိစ္စက ပြီးသွားပြီပေါ့'

'ပြီးသွားပြီ အောင်မင်း၊ အင်မတန်မှ မလှပစွာနဲ့ ပြီးသွားပြီ၊ တစ်သက်လုံးအတွက် နှုတ်ဆက်ခဲ့သလို တစ်သက်တာအတွက် နှလုံးသားကို ပညာပေးဖို့လည်း ငါ့အတွက် ပြည့်စုံသွားပါပြီ၊ အဲဒါကြောင့် ခုပဲ အနုပညာအသင်းခန်းသွားပြီး အသင်းကနေ ငါနှုတ်ထွက်တဲ့ အကြောင်းရော၊ ငါ စန္ဒရားမတီးတော့ဘူးဆိုတဲ့ အကြောင်းရော တစ်ခါတည်း ပြောပြလိုက်တာ'

'ဘာ . . . ဘာဖြစ်လို့လဲ'

အောင်မင်းက အလန့်တကြားနှင့် မေးသည်။ ကျွန်တော်က နာကျင်စွာ တစ်ချက်ပြုံးလိုက်ပြီး . . .

'ပြီးပြီလေကွာ၊ ခုချိန်ကစပြီး ငါအလုပ်တစ်ခုပဲ လုပ်တော့မယ်လို့ ဆုံးဖြတ်လိုက်တယ်'



BURMESE CLASSIC .com

www.burmeseclassic.com



'ဘာအလုပ်လဲ'

'အင်ဂျင်နီယာ ဖြစ်ဖို့ပဲပေါ့၊ ငါ့ဘဝကိုငါ တိုးတက်အောင် လုပ်မယ် အောင်မင်း၊ ငါ့ပညာကို ငါမှီခိုပြီး လူရာဝင် ဂုဏ်တင့်တယ်တဲ့ အဲဒီဘဝကိုပဲ ငါ မဖြစ်ဖြစ်အောင် ကြိုးစားတော့မယ်၊ အဲဒီဘဝကို အမြန်ဆုံးနဲ့ မရောက်ရောက်အောင်လုပ်ဖို့အတွက် ငါ့မှာရှိတဲ့ အချိန်ရော၊ ခွန်အားရော အဲဒီအလုပ် တစ်ခုမှာပဲ အာရုံစိုက်တော့မယ်'

'အနုပညာအသင်းက လူတွေကတော့ စိတ်မကောင်းဖြစ်တော့မှာပဲကွာ'

ကျွန်တော် မဲ့ပြုံး ပြုံးသည်။

'ငါလည်း အဲဒီကိစ္စအတွက် စောစောက ငါမျက်ရည်ကျခဲ့ရတာ၊ မင်းအမြင် မင်းရှေ့မှာပါ . . . အောင်မင်းရာ၊ ငါမျက်ရည်ကျတာ ခင်ကြီးနဲ့ ဖြစ်ခဲ့ရတဲ့ ကိစ္စလို့များ အောက်မေ့နေလို့လား'

'မပြောတတ်ဘူးကွာ၊ အဲဒါ ဘာဖြစ်လို့ ငိုတာလဲ'

'rcspfoifhwl̄hrcef;rwpfa,mufukoGm;wG;fwmrdvdkYxdkufxdkuf wefwef&cJhwlh0oifcef;pwpfcktwGuf?ody/fcspfoifhwlhymn&yfwpfckudk cHa,mZOfjzwf&wlha0'emudkrcHpm;Edkifvdkrusc̄Jh&wlhrsuf&nfaygh\Gm'

'မင်းပြောတာကို ငါနားမလည်ဘူး ကိုလတ်'

'မင်းနားလည်အောင် ဒီထက်နားလည်လွယ်တဲ့ စကားလုံးတွေနဲ့လည်း ငါ ရှင်းမပြတတ်တော့ဘူး အောင်မင်း၊ မင်း နားလည်ချင်ရင်တော့ ဒီစကားလုံးတွေကို ငါစာနဲ့ရေးပေးထားခဲ့မယ်၊ မင်းဟာ မင်း နားလည်အောင် ကြိုးစားယူတော့'

ပြောပြောဆိုဆိုနှင့် စားပွဲပေါ်မှ စာရွက်ဖြူ အလွတ်တစ်ရွက်ကို လှမ်းယူသည်။ ထိုနောက် စောစောက ပြောခဲ့သောစကားနှင့် ခပ်ဆင်



BURMESE CLASSIC .com

www.burmeseclassic.com



ဆင်တူသော စာသားအချို့ ခပ်ကြမ်းကြမ်းချရေးပြီး ပေးထားခဲ့သည်။

မချစ်သင့်တဲ့ မိန်းမတစ်ယောက်ကို သွားချစ်မိလို့ ငါ့မှာ ဘဝသင်ခန်းစာတစ်ခု ရခဲ့တယ် သူငယ်ချင်း၊ အဲဒီအတွက် ငါသိပ်မြတ်နိုးတဲ့၊ ချစ်လည်းချစ်သင့်တဲ့ အနုပညာဆိုတဲ့ တန်ဖိုးရှိပညာရပ်တစ်ခုကို သုံးယောက်စွန့်ပစ်ခဲ့ရတယ်၊ အဲဒီဝေဒနာက ငါ့ရင်ထဲမှာ ဘယ်လိုမှမနေနိုင်အောင် ကြေကွဲခံစားရတယ်၊ အဲဒီအတွက် ငါငိုရတယ်၊ ဒါပါပဲကွာ

ကျွန်တော်ပေးခဲ့သော စာရွက်ကို အောင်မင်းက မျက်မှောင်ကြုတ်၍ ဖတ်ကြည့်နေဆဲမှာပင် အခန်းပြင်သို့ ကျွန်တော်ထွက်လာခဲ့၏။

◈

သည်နောက်ပိုင်းမှာ ကျွန်တော့်နေထိုင်ပုံနှင့် လှုပ်ရှားမှုများက အလွန်ယန္တရား ဆန်လာတော့သည်။

နံနက်လေးနာရီ - အိပ်ရာထ၊ မျက်နှာသစ်၊ စာကြည့်။

နံနက် ခုနစ်နာရီ - ရေချိုး၊ အဝတ်လဲ၊ နံနက်ခင်းစာစား။

နံနက် ရှစ်နာရီ - ကျောင်းတက်။

ကျောင်းဆင်းချိန်မှ ညနေခြောက်နာရီအထိ ရေမိုးချိုး၊ ခေတ္တအနားယူ၊ ညစာစား။

ညနေ ခြောက်နာရီမှ ည ၇း၃၀ နာရီ - ဖတ်ချင်သော စာတစ်ခုခု ဖတ်၊ သို့မဟုတ် လမ်းလျှောက်ချင်လျှောက်၊ ကိုယ်ပိုင်ချိန်။

ည ၇း၃၀ မှ ၈း၃၀ နာရီ - ခေတ္တအနားယူ၊ သတင်းအစီအစဉ်မှ အရေးကြီးသော ရှေ့ပိုင်းသတင်းများ နားထောင်ရန် ရုပ်မြင်သံကြား



BURMESE CLASSIC .com

www.burmeseclassic.com



ကြည့်။

ည ၈း၃၀ မှ ၁၁း၃၀ နာရီ - စာကြည့်၊ အိမ်စာလုပ်၊ ပုံဆွဲ။

ည ၁၁း၃၀ - အိပ်။

စားပွဲရှေ့ နံရံတွင် ကပ်ထားသော အချိန်ဇယားအတိုင်း မဝင်ဝင်အောင် လှုပ်ရှားသည်။ ကျောင်းပိတ်ရက်များနှင့် အခြား အချိန်ပိုများကို ကျောင်းစာ လေ့ကျင့်ချိန်ဟုသာ သတ်မှတ်ထားသည်။

တစ်ရက်မဟုတ်၊ နှစ်ရက်မဟုတ်၊ လနှင့် ချီလာတော့ အောင်မင်းက ကျွန်တော့်ကိုကြည့်ပြီး သနားလာသည်။

'မင်းကြည့်ရတာ လူငယ်တစ်ယောက် လွတ်လပ်တဲ့ လူတစ်ယောက်နဲ့ မတူတော့ဘူး ကိုလတ်၊ ကိုယ့်ကိုယ်ကိုယ် တမင်ထောင်ချထားတဲ့ အကျဉ်းသားလိုလို၊ အချိန်ပြည့် ဝဋ်ခံနေရတဲ့ လူတစ်ယောက်လိုလို ဖြစ်နေပြီ၊ ကြည့်လည်း လုပ်ပါဦးကွာ'

'ဘာမှ ကြည့်လုပ်စရာ မလိုဘူး အောင်မင်း၊ ငါ့ဘဝအတွက် အရေးကြီးဆုံးနဲ့ အဓိကအကျဆုံး ကိစ္စတစ်ခုကို စည်းကမ်းရှိရှိ လုပ်နေတာ၊ ဒါ ငါ့ဘာသာငါ စိတ်ကြိုက်ရွေးထားတဲ့ကိစ္စ၊ ဘယ်သူကမှ ငါမလုပ်ချင်ဘဲ ဇွတ်ခိုင်းနေတာ မဟုတ်ဘူး'

'ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ မင်းကြည့်ရတာ ပင်ပန်းလွန်းတယ်ကွာ၊ ဟိုတုန်းကလို ပျော်ပျော်ရွှင်ရွှင်၊ နောက်လိုက်ပြောင်လိုက် လုပ်နေတာလည်း မမြင်ရတော့ဘူး၊ မင်းအနေအထားနဲ့ ဒီလောက်ကြီးကို လုပ်စရာ မလိုပါဘူး ကိုလတ်ရာ၊ မင်းဖြစ်ချင်တဲ့ အင်ဂျင်နီယာဘဝကို သက်သက်သာသာနဲ့လည်း ဖြစ်ပါတယ်'

ကျွန်တော် ရယ်လိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



'ကိုယ်ရချင်တာတစ်ခုကို တန်ဖိုးကြီးကြီး ဖြစ်စေချင်ရင် အရင်းအနှီးကြီးကြီးတစ်ခုလည်း ပေးဆပ်ရတယ် အောင်မင်း၊ ငါ့ဘဝမှာ တခြားဘာမှ ကျောထောက်နောက်ခံရှိတာ မဟုတ်ဘူး၊ ငွေကြေး အရှိန်အဝါ ဘာတစ်ခုကမှလည်း ငါ့ဘဝကို အထောက်အပံ့ပေးကြမှာ မဟုတ်ဘူး၊ ငါပေးနိုင်တာ ငါ့ခွန်အား ငါ့ဉာဏ်အားနဲ့ ငါ့အချိန်ပဲ ရှိတယ်၊ တခြားအရာနဲ့ ပေးဆပ်စရာရှိတဲ့လူတွေက အဲဒီအရင်းအနှီးတွေကို ဖြုန်းပစ်နေတဲ့အချိန်မှာ ငါက အဲဒါတွေကို တန်ဖိုးရှိအောင် သုံးနေရတယ်၊ ဒါလောက် လုပ်မှလည်း ဒီလိုငွေကြေး အရှိန်အဝါ ဩဇာအထောက်အပံ့ရှိတဲ့သူတွေကို မှီရုံပဲရှိမှာ၊ ဒီလောက်တော့ လုပ်ရမှာပေါ့'

အောင်မင်းက သက်ပြင်းချရင်း ခေါင်းခါသည်။

'ငါ့အမြင်မှာတော့ မင်း အကုသိုလ်အလိပ်လိုက်ဝင်ခဲ့တာလို့ မြင်နေတာပဲ ကိုလတ်၊ မင်းအတွက် အဲဒီအမျိုးသမီးဟာ တကယ့်ကို အကုသိုလ်မ၊ ပြဿနာမပဲ၊ သူဖျက်ဆီးခဲ့တာ မင်းရဲ့အသည်းနှလုံးတင် မကဘူး၊ မင်းရဲ့အင်မတန် ပျော်စရာကောင်းတဲ့ လူငယ်ဘဝကိုလည်း သူ ဖျက်ဆီးပစ်ခဲ့တာပဲ'

'ဒါပေမဲ့ ငါ သူ့ကို ကျေးဇူးတင်ပါတယ်'

'ကောင်းတာပေါ့ ကိုလတ်၊ အဲဒီ ကျေးဇူးရှင် ပြဿနာမကို ဝါဝင်ဝါထွက် သွားကန်တော့ဖို့ရော စဉ်းစားထားသေးလား'

သူ့အထေ့အငေါ့စကားကြောင့် ကျွန်တော် ပြုံးသည်။

'သူ့အချိန်နဲ့သူ အလုပ်လုပ်တာပါ အောင်မင်းရာ၊ ငါ့ကိုယ်ပိုင် ချိန်လေးတွေ ချန်ထားပါသေးတယ်၊ မင်းနဲ့ခဏတစ်ဖြုတ် လက်ဖက်ရည်ဆိုင်ထိုင်လို့ ရပါသေးတယ်၊ မင်းစိတ်ချမ်းသာအောင် အဲဒီအချိန်



BURMESE CLASSIC .com

www.burmeseclassic.com



တွေမှာ ငါ ရယ်ပြနောက်ပြပ့်မယ်'

'ငါ့သဘောကတော့ အဲဒါတွေလုပ်မယ့်အစား အဲဒီမိန်းမကို မင်း ပါးသွားရိုက်ခဲ့ပြီး သူ့ထက်သာတဲ့ ကောင်မလေးတစ်ယောက်နဲ့ ရည်းစားထားပြလိုက်စေချင်တာပဲ'

ကျွန်တော် ရယ်ရင်း လက်ကာပြသည်။

'မလုပ်ပါနဲ့ အောင်မင်းရာ၊ တစ်ဒုက္ခကနေ နှစ်ဒုက္ခ မပွားပါရစေနဲ့၊ ငါ ဘယ်သူ့ကိုမှလည်း ဒုက္ခမပေးတော့ပါဘူး၊ ဒီတစ်သက်မှာလည်း နောက်ထပ် ဘယ်သူ့ကိုမှ ချစ်ဖို့ မကြိုးစားတော့ပါဘူး၊ တစ်ခါသေဖူး ပျဉ်ဖိုးနားလည်သွားပါပြီ'

ကျွန်တော့်စကားအဆုံးမှာ သူက ရှုံ့မဲ့ရင်း ခေါင်းခါမြဲခါသည်။

သို့သော် ကျွန်တော် မူမပြောင်းခဲ့။

ကြိုးစားမှု၏ ရလဒ်အနေနှင့်တော့ ထိုနှစ်စာမေးပွဲကြီးမှာ ကျွန်တော် ဘာသာစုံဂုဏ်ထူးထွက်ပြီး ခရက်ဒစ်ခေါ် အထူးအောင်အဆင့်ဖြင့် အောင်မြင်ခဲ့သည်။

နောက်နှစ် ရမှတ်အဆင့်အလိုက် ခုံနံပါတ်ပြန်စီသောအခါ ကျွန်တော် ခုံနံပါတ်သည် တစ်။

သည်လိုကြိုးစားမှုက ရေပေါ် အရုပ်ရေးသလို မဖြစ်ဟု သဘောပေါက်သွားသည်။

ကျွန်တော့်ရင်ထဲက အနာကို ကုစရာဆေးအဖြစ် ထိုကြိုးစားမှုကိုသာ အသင့်တော်ဆုံးဟု ရွေးချယ်လိုက်ခြင်းသည် အမှန်ဆုံးပင်ဖြစ်သည်ဟု လုံးဝဥဿုံ လက်ခံလိုက်တော့၏။

[၆]

'ဟော့ကောင် ကိုလတ် . . မင်း မအိပ်ဘူးလား၊ ဘာထိုင်လုပ်နေတာလဲ'

ကျွန်တော့် အတိတ်နောက်ကြောင်းပြန် ဇာတ်လမ်းကြီးက တစ်ဝက်တစ်ပျက်နှင့် ပြတ်တောက်သွားသည်။

ကျွန်တော် ညှော်ခန်းကုလားထိုင်ပေါ်တွင် တွေးကောင်းကောင်းနှင့် တွေးနေဆဲ ဘယ်အချိန်က ထ, တစ်ရေးနိုးလာမှန်း မသိသည့် အောင်မင်းက ဒယီးဒယိုင် လျှောက်လာရင်း မေးသည်။

ကျွန်တော်က သူ့ကို ပြုံးပြ၍ . . .

'မင်းပြောနေကျ စကားအတိုင်း ပြောရရင် ငါ့မှာ ခုထိ ဆုံးခန်းမတိုင်သေးတဲ့ အကုသိုလ်တွေ ဝင်နေတာပဲပေါ့ အောင်မင်းရာ၊ လုပ်ပါ၊ မင်းဟာမင်း အိပ်စရာရှိတာ စိတ်ဖြောင့်ဖြောင့်ပဲ ဆက်အိပ်ပါ၊ မနက်



BURMESE CLASSIC .com

www.burmeseclassic.com



ဖြန် ရှုံးပိတ်ရက်ပဲ၊ ငါ စက်ရုံကို သွားစရာ မလိုပါဘူး’

‘အေး . . . စက်ရုံသွားရမယ်ဆိုရင်လည်း ခုချက်ချင်း မျက်နှာသစ်ပြီး ထ,သွားရုံ ရှိတော့တာပဲ သောက်ရှူးရဲ့၊ နာရီလေး အပြင်လေးများလည်း လှမ်းကြည့်ပါဦး၊ ခု ဘယ်နှစ်နာရီ ဘယ်အချိန် ဘယ်ကာလ ရောက်နေပြီဆိုတာ’

သူပြောမှ အလန့်တကြားနှင့် ကျွန်တော် နာရီကို လှမ်းကြည့်သည်။

‘အား . . . လား . . . လား’

ကျွန်တော် မျက်လုံးအစုံ ပြူးကျယ်သွားသည်။

မနက်ခြောက်နာရီ ထိုးနေပြီ ဖြစ်သည်။ အပြင်ဘက်လှမ်းကြည့်တော့လည်း မိုးက စင်စင်လင်းနေပြီ ဖြစ်၏။

‘ငါက မင်းတစ်ရေးနိုးပြီး ထ,လာတာ အောက်မေ့လို့ အောင်မင်း’

‘မင်းအသိစိတ်တွေအားလုံး ရှုးသွပ်သွပ် ပေါချာချာဖြစ်ကုန်ပြီဆိုတာ ငါသိပါတယ် ဖိုးလတ်ရာ၊ ကဲ . . . ဘယ်လိုပဲဖြစ်ဖြစ် လောလောဆယ်တော့ တစ်ရေးရရ သွားအိပ်လိုက်ဦး၊ တစ်ညလုံး အိပ်မထားတဲ့ ရူးကြောင်ကြောင်ကောင်နဲ့ ငါ ဘာစကားမှ မပြောချင်ဘူး၊ ငါလည်း ခုချိန် မထနိုင်ဘူး၊ ဆီးသွားပြီးရင် ပြန်အိပ်ဦးမှာ’

သူ့စကားကြောင့် ကျွန်တော် ထိုင်ရာမှ ထ,ပြီး အိပ်ရာဆီ လျှောက်သွားသည်။

အိပ်ရာပေါ် လှဲချလိုက်သောအခါ ခြောက်နာရီကြာလောက် တစ်ပုံစံတည်း ထိုင်ထားခဲ့သော ခန္ဓာကိုယ်မှ အရိုးအဆစ်များက တဖြိုးဖြိုးတဖြောက်ဖြောက်မြည်ပြီး မကျေမနပ် တုံ့ပြန်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



အိပ်ပျော်ရန် ကျွန်တော် အတော်ကြိုးစားပြီးမှ မအိပ်ချင် အိပ်ချင်နှင့် အိပ်ပျော်သွားတော့၏။

◈

အိပ်မက်ထဲမှာ အေးငယ်နှင့်ကျွန်တော် ပထမဆုံး တွေ့သည်။

ထိုနောက် ခင်ကြီးတို့၊ အောင်မင်းတို့လည်း ရောထွေးရှုပ်ပါလာ၏။ အစီအစဉ်တကျ မက်တတ်သော အိပ်မက်မျိုး မဟုတ်သဖြင့် အိပ်မက်၏ အသေးစိတ်ဖြစ်စဉ်များကို ကျွန်တော် ပြန်မပြောပြတတ်။

အမြင်တစ်ဆုံး ကျယ်ပြန့်သော လယ်ကွင်းပြင်ကြီးများ၊ စက်ရုံမီးခိုးခေါင်းတိုင် မြင့်မြင့်ကြီး၊ တက္ကသိုလ်နယ်မြေဟု ထင်ရသော နေရာတချို့၊ အုပ်စုဖွဲ့ ပျံသန်းသွားသော ကြိုးကြာငှက်များ စသဖြင့် နေရာတော်တော်များများ၊ အရာဝတ္ထုတော်တော်များများလည်း အိပ်မက်ထဲပါသည်။

မနက်ကိုးနာရီလောက်ကျမှ အိပ်ရာက နိုး၏။

ကျွန်တော် မအိပ်ခင်တုန်းကလည်း သူ အိပ်၍ ကျွန်တော် အိပ်သလောက်လည်း သူ လိုက်အိပ်သော အောင်မင်းလည်း ထိုအချိန်ကျမှ နိုးသည်။

နှစ်ယောက်သား မျက်နှာသစ်၊ ရေမိုးချိုး၊ အဝတ်အစားလဲပြီး ကျွန်တော့် အိမ်ဂေဟာနှင့် ခပ်လှမ်းလှမ်းရှိ လက်ဖက်ရည်ဆိုင်ကို ထွက်ခဲ့သည်။

လက်ဖက်ရည်ဆိုင် ရောက်သည်တွင် အောင်မင်းက . . .

'မင်း ဘယ်လိုဆုံးဖြတ်မယ်လို့ စိတ်ကူးလဲ ကိုလတ်'



BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော် ခေါင်းခါရင်း . . .

'ဆုံးဖြတ်ချက်က ဒီလောက် လွယ်လွယ်ချလို့ ရမှာ မဟုတ်သေးပါဘူး အောင်မင်းရာ၊ ငါ့မှာ စဉ်းစားစရာတွေ အများကြီး ရှိပါသေးတယ်'

'စဉ်းစား . . . စဉ်းစား ကိုလတ်၊ မင်းခေါင်းထဲက ဆံပင်တွေ နောက်ထပ် ခုနစ်ဆယ်ရာခိုင်နှုန်းလောက် ထပ်ဖြူသွားအောင် စဉ်းစားလိုက်ဦး၊ စဉ်းစားပြီးမှ မင်းဆုံးဖြတ်ချက်ကို ပြောပြ၊ အဲဒီတော့မှ ငါနဲ့တွေ့မယ်'

သူ့စကားက ကြိမ်းဝါးသံနည်းနည်းဆန်နေသဖြင့် ကျွန်တော် သူ့ကို လှမ်းကြည့်သည်။

သူကတော့ ကျွန်တော့်ကို ဂရုမစိုက်တော့။ ကျွန်တော်တို့ နေရာလို နယ်မြို့လေးများမှာမှ စစ်စစ်မှန်မှန် ရနိုင်သော နွားနို့မလိုင်၊ သကြားဖြူးလေးကို နံပြားပူပူနှင့် တို့နှစ်ခပ်ယူပြီး အားရပါးရ စားသောက်နေချေပြီ။

သူ စားချင်သည် ဆိုသဖြင့် နံပြားနှင့် မလိုင်အပြင် စားတော်ပဲပြုတ် ဝါဝါအိအိလေးများကိုလည်း ဆီဆမ်းလျက် တစ်ပွဲ မှာပေးထားရသေး၏။

ညက ဆက်ရန်ကျန်ရှိသော အတွေးစများဆီ ကျွန်တော့်အာရုံ ရောက်သွားသည်။

ကျွန်တော့်အတွေးများ လက်စသတ်သွားသည့် အချိန်က ရောက်ရှိခဲ့သော နေရာသည် ခင်ကြီးနှင့် ကျွန်တော် လက်စပြတ်သွားပြီ။ စတုတ္ထနှစ် စက်မှုအင်ဂျင်နီယာ အတန်းသို့ တက်နေသည့်ကာလ ဖြစ်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



ယခု ရောက်နေသည့်ကာလမှ ပြန်တွက်လိုက်သောအခါ ထို အဖြစ်အပျက်များသည် ခြောက်နှစ်ကျော် ခုနစ်နှစ်နီးပါး ကြာခဲ့ပြီဖြစ်၏။

ထိုခြောက်နှစ် ခုနစ်နှစ်တာ ကာလများအနက် ရှေ့ပိုင်းသုံးလေးနှစ် ကာလများသည် စင်စစ် ပြန်လည်အောက်မေ့တမ်းတဖွယ် ကာလများ မဟုတ်ကြ။

ထိုရက်များကို ကုစားရသောနေ့ရက်များဟုပင် ကျွန်တော် အမည်ပေးချင်သည်။

ဘဝ၏ပထမဦးဆုံးသော အချစ်၊ မရဲတရဲ ဖွံ့ဖြိုးလာခဲ့ရသော မြတ်နိုးမှုတို့ကို ရက်စက်စွာ ရိုက်ချိုး ဖျက်ဆီး ခံလိုက်ရသည့် ဝေဒနာက အတော်ပြင်းထန်သည်။

ခင်ကြီးအဖို့ရာမှာ ကျွန်တော်ဆိုသော သတ္တဝါအတွက် လက်ကို လာကိုက်သည့် ခြင်တစ်ကောင်ကို ရိုက်လိုက်သလောက်ပင် ခံစားမှု ရှိချင်မှရှိမည် ဖြစ်သော်လည်း ထိုပြင်းထန်သော ရိုက်ချက်အတွက် ကျွန်တော့်ဘဝကို ကျွန်တော် ကာလများစွာ ပြန်ကုစားယူခဲ့ရသည်။

ထိုကုစားရသောနေ့ရက်များကို ချန်လှပ်၍ ရောဂါဝေဒနာ ပျောက်ကင်းပြီးစ နာလန်ထ နေ့ရက်များကိုသာ ကျွန်တော် အမှန်ရချင်တော့သည်။

နာလန်ထကာလများသည် ကျွန်တော် ဘွဲ့ရပြီးချိန်က အစပြုရမည်ထင်၏။



BURMESE CLASSIC .com

www.burmeseclassic.com

[၇]

နောက်ဆုံးနှစ် ဘွဲ့ယူစာမေးပွဲကိုလည်း စတုတ္ထနှစ်၊ ပဉ္စမနှစ်များ နည်းတူပင် ကျွန်တော် အဆင့်တစ်နှင့်ချည်း အောင်ခဲ့သည်။

'မင်း ကျောင်းမှာပဲ ဆရာပြန်လုပ်ပါလား ခင်မောင်လတ်၊ မင်း အမှတ်တွေနဲ့ဆို အမ်အီး ဆက်တက်ခွင့်ရမှာပဲ'

အောင်စာရင်း ထွက်သည့်နေ့က ကျောင်းမှာ ဆုံခဲ့သော ဆရာတစ်ယောက်က အကြံပေးသည်။

ဆရာ့အကြံပေးချက်က အကောင်းဆုံး အကြံပေးချက်ဟုလည်း သဘောပေါက်သည်။ သို့သော် ကျွန်တော်က ကျွန်တော့်အကြောင်းနှင့်ကျွန်တော်ပင် ခေါင်းခါခဲ့သည်။

'ကျွန်တော် လုပ်ငန်းခွင်ထဲပဲ ဝင်ချင်ပြီ ဆရာ၊ ကျောင်းဆရာ



BURMESE CLASSIC .com

www.burmeseclassic.com



အလုပ်ကို မလုပ်ချင်လို့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ခြောက်နှစ်လုံးလုံး စာထဲမှာချည်း နှစ်နေခဲ့ရလို့လား မသိဘူး၊ ဒီစာတွေနဲ့ ပြန်နပမ်းလုံးရမယ့်ကိစ္စကို ကျွန်တော် ကြောက်နေတယ်၊ ဒီစာတွေကို တကယ့်လုပ်ငန်းတွေအဖြစ်ပဲ ကျွန်တော် ပြောင်းလုပ်ချင်ပြီ’

ဆရာက ရယ်ရင်း . . .

‘မင်း အပြင်အလုပ်လျှောက်ရင် အချိန်ယူစောင့်နေရမှာ၊ ခက်ခဲမှာစိုးလို့ ပြောတာပါ။ ကျောင်းမှာဆိုတော့ မင်းအရည်အချင်း သိပြီးသားပဲ၊ တို့ပါ ဝိုင်းလုပ်ပေးလို့ ရတာပေါ့’

‘ကျေးဇူးတင်ပါတယ် ဆရာ၊ ဒါပေမဲ့ ကျွန်တော်ကိုယ်တိုင်က ဒီနယ်မြေကနေ ခွာချင်နေလို့ပါ’

‘အေးလေ . . . ဒါကတော့ မင်းအကြောင်းနဲ့ မင်းပေါ့၊ ကောင်းပါတယ်၊ လုပ်ငန်းခွင်ထဲကျတော့လည်း မင်း ထူးချွန်မှာပါ။ ကြိုးစားပေါ့ ခင်မောင်လတ် ဟုတ်လား’

‘ဟုတ်ကဲ့ ဆရာ’

အမှန်ကတော့ ဆရာ့ကို ပြန်ဖြေရင်း အကြောင်းပြခဲ့သည့် စကားများထဲတွင် ဒီနယ်မြေက ခွာချင်လို့ . . . ဆိုသောစကားသာ မုသားအလွတ်ဆုံးဖြစ်မည်ဟု ကျွန်တော် ထင်မိပါသည်။

တကယ်လည်း သည်နယ်မြေမှာ ကျွန်တော် မနေချင်တော့။ ရန်ကုန်တက္ကသိုလ် ပတ်ဝန်းကျင်နှင့်ပါ ဆိုင်သည်။

သည်ပတ်ဝန်းကျင်နယ်မြေမှာ နေနေသ၍ ကျွန်တော် ခင်ကြီးကို အမှတ်ရနေဦးမှာပဲဖြစ်သည်။

ခင်ကြီးကို သတိရတိုင်းလည်း ခင်ကြီးကို ချစ်ခဲ့ဖူးသည့်အချစ်ခံစားမှုများကိုလည်း သတိရရဦးမည်။ ထိုအခါ ခင်ကြီး၏ ဥပေက္ခာ



BURMESE CLASSIC .com

www.burmeseclassic.com



အမုန်းတရားများကိုလည်း ပြန်သတိရ၊ ရင်နာနေရဦးမည်။

ဘဝမှာ နောက်ထပ်ကို နာကျင်နာကြည်းမှုများကို မခံစားချင်တော့။ ထိုအကြောင်းအရာများကို ပြန်သတိမရစေနိုင်တော့မည့် လွတ်လပ်ကင်းရှင်းသော ပတ်ဝန်းကျင်နယ်မြေတစ်ခုကို ကျွန်တော် ကူးပြောင်းသွားချင်ပြီ။

ထိုလွတ်လပ်ကင်းရှင်းသော နေရာတစ်နေရာမှာ ကျွန်တော့် ဘဝကိုလည်း အသစ်တစ်ဖန် ပြန်စတင်ချင်ပြီ။ ဘဝ၏ အချိုးတစ်ကွေ့ကဏ္ဍတစ်ခုမှာ နေရာယူထားခဲ့သော ထိုခါးသီးဖွယ်အဖြစ်အပျက်များကို ကျွန်တော် မေ့ပျောက် ချန်လှပ်ထားခဲ့ချင်ပြီ။

ထိုရည်ရွယ်ချက်များဖြင့် ကျွန်တော် တက္ကသိုလ်ကျောင်းမှာ ကျောင်းဆရာအလုပ်ကို မလုပ်တော့ဘဲ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့မှ ခေါ်သော အလုပ်များကိုသာ စိတ်ရှည်ရှည်နှင့် စောင့်ဆိုင်းလျှောက်ထားခဲ့သည်။

ကံအားလျော်စွာပင် စက်မှုဝန်ကြီးဌာနက ခေါ်သော အလုပ်တစ်ခုမှာ ကျွန်တော် ရေးဖြေကို ချောချောမောမောအောင်ပြီး လူတွေ့စစ်ဆေးမေးမြန်းခြင်းခံရ၏။

◈

'မောင်ရင်က စာမေးပွဲတွေမှာ တောက်လျှောက် အမှတ်ကောင်းကောင်းတွေနဲ့ အောင်ခဲ့တာပဲ'

'ဟုတ်ကဲ့'

တာဝန်ရှိ စစ်ဆေးသူက ကျွန်တော့်ကိုယ်ရေးမှတ်တမ်းဖိုင်ကို



BURMESE CLASSIC .com

www.burmeseclassic.com



ကြည့်ပြီး မေးသည်။ ကျွန်တော်က ခေါင်းညိတ်အဖြေပေးပြီး ငြိမ်နေလိုက်သောအခါ သူက ဆက်၍ . . .

'မောင်ရင့် စိတ်ဆန္ဒကို ပြောပါဦး'

'ခင်ဗျာ . . .'

'ဩော် . . . မောင်ရင်က ဘယ်လိုအလုပ်မျိုးကို လုပ်ချင်သလဲ၊ ဒါမှမဟုတ် ဘယ်နေရာမျိုးမှာ တာဝန်ထမ်းဆောင်ချင်တာလဲ၊ ရန်ကုန်မှာလား၊ နယ်မှာလား'

'လူကြီးမင်းတို့ တာဝန်ပေးတဲ့ နယ်တစ်နယ်မှာ ကျွန်တော် သင်ထားတဲ့ ပညာနဲ့ အပ်စပ်တဲ့ အံ့ဝင်အလုပ်တစ်ခုခုကို ကျွန်တော် လုပ်ချင်ပါတယ်'

'ဟား . . . ဟား . . . ဘာလဲကွ . . . လူတွေ့အင်တာဗျူးမှာ နယ်မှာ လုပ်မယ်တို့၊ စေလိုရာစေ ဘယ်ကျကျလုပ်မယ်တို့ ပြောရင် အလုပ်ရနိုင်တယ်ဆိုပြီး သူများတွေက သင်ပေးလိုက်လို့ ဒီစကားပြောတာလား'

'မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော့်အတွက် ရန်ကုန်မြို့ဟာ ဘာမှ ထူးပြီး တွယ်ကပ်နေထိုင်ချင်စရာမကောင်းတဲ့ မြို့တစ်မြို့မို့ပါ၊ ကျွန်တော်ကြီးပြင်းခဲ့တာလည်း နယ်မှာပါ၊ ကျွန်တော့်အနေနဲ့လည်း နယ် သဘာဝနဲ့ ကျွမ်းဝင်ခင်တွယ်ပြီးသားပါ၊ ဖြစ်နိုင်ရင် တစ်သက်လုံး ကျွန်တော်ကို ရန်ကုန်မှာ မထားပါနဲ့'

စစ်ဆေးမေးမြန်းသူက ရယ်သည်။ ပြီးမှ . . .

'မင်းမှာ စက်ရုံအလုပ်ရုံနဲ့ ပတ်သက်လို့ အတွေ့အကြုံရော ရှိလား'

'ကျွန်တော် တတိယနှစ်ကစပြီး၊ လုပ်ငန်းခွင် နှစ်စဉ်ဆင်းရတဲ့



BURMESE CLASSIC .com

www.burmeseclassic.com



အတွေ့အကြုံရှိပါတယ်’

‘တို့ဆီက စက်ပစ္စည်းတွေ ဘာတွေက သိပ်ခေတ်မမီဘူးနော်’

‘ကျွန်တော့်မှာလည်း မရှိတာတွေကို ရှာကြံပြီး လွမ်းနေတတ်တဲ့စိတ် မရှိဘူး ခင်ဗျာ၊ မကောင်းတဲ့စက်ကို ကောင်းအောင်ပြင်ပြီး လည်ပတ်အောင်လုပ်ရတဲ့ပညာဟာ ကျွန်တော်သင်ခဲ့တဲ့ ပညာပါ’

‘ဟုတ်ပြီ ဒီစကားက မာကျောကျောဖြစ်သလို ရှိပေမယ့် တန်ဖိုး ရှိပါတယ်ကွယ်၊ ကဲ . . . ဒီလောက်ပါပဲ’

လူတွေ့ခန်း အပြင်ထွက်လာသည့်အချိန်မှာ ထိုအလုပ် ကျွန်တော် ရလိမ့်မည်ဟုပင် မထင်မိ။

အလုပ်ခန့်မည့် ဆယ်နေရာလောက်အတွက် လျှောက်သူက ရာနှင့်ချီ၍ ရှိသည်။ လူတွေ့မေးမြန်းသည်ပင် ခန့်ရမည့်နေရာ၏ လေးငါးဆယ်လောက်ရှိသည်။

ကျွန်တော်ဆိုသည့်ကောင်က ဘာတစ်ခု ကျောထောက်နောက်ခံ အပံ့အပိုးမရှိသူ။

ခဲမှန်ဖူးသည့် စာသူငယ်လို ဖြစ်နေသည်မို့ ဌာနဆိုင်ရာပုဂ္ဂိုလ်များကလည်း ခင်ကြီးလိုပင် ကျွန်တော့်ကို စာရင်းမသွင်း ဘေးဖယ်ထုတ်လိုက်မှာပဲဟု အောက်မေ့ခဲ့၏။

◈

‘ဟင်’

အလုပ်ခန့်စာနှင့် တာဝန်ချထားမှုကို ကြည့်၍ ကျွန်တော် အံ့အားသင့်သွားသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ထိုကာလပိုင်းကတော့ အံ့အားသင့်မှုတွေ များပြားရသော ကာလများဟုပင် ဆိုချင်သည်။ မူလ အမှတ် (၁) စက်မှုဝန်ကြီးဌာနက အလုပ်ခန့်အပ်ရန် ရွေးချယ်စဉ် ကာလကလည်း အံ့သြခဲ့ရသည်။

လူတွေ့စစ်ဆေးပြီး မကြာမီ ရွေးချယ်ခံရသော လူစာရင်း ထွက်သည်။ ကျွန်တော် မျှော်လင့်ထားသလို နိုင်ငံတော်က ကျွန်တော် ကို မပစ်ပယ်၊ မဖယ်ထုတ်။

အမှတ်အဆင့်အလိုက် ရွေးချယ်သောလူစာရင်းမှ ကျွန်တော် ထိပ်ဆုံးနားကပင် ပါခဲ့သည်။

ထိုသို့ရွေးချယ်ခံရပြီး ဖောင်ကြီးရှိ ဝန်ထမ်းတက္ကသိုလ် တက် ရောက်ရန်ကိစ္စအတွက် ကျွန်တော်တို့ ရွေးချယ်ခံထားသော သူများကို ဌာနမှခေါ်ပြီး အမှာစကားပြောသည်။

ထိုစကားထဲမှ စကားပိုဒ်တစ်ခုကို ကျွန်တော် သတိထားလိုက် ၏။

'ခုရွေးချယ်ထားတဲ့ လူတွေဟာ တကယ်ကြိုးစား ပညာသင်ခဲ့ လို့ တကယ်ထိုက်ထိုက်တန်တန် ရွေးချယ်ခံရတယ်ဆိုတာ နားလည် စေချင်တယ်၊ ကိုယ့်ကိုယ်ကိုယ်လည်း သိကြမှာပါ၊ ဒါကြောင့် နိုင်ငံ့ တာဝန် ထမ်းတဲ့နေရာမှာလည်း ရတဲ့ရာထူးနဲ့ ထိုက်ထိုက်တန်တန်ဖြစ် အောင် ကြိုးစားကြပါ'

ဖောင်ကြီး သင်တန်းအပြီးမှာ တာဝန်ပေးခန့်စာ ရသည်။

ထိုစာရွက်ကို ကြည့်ပြီးတော့လည်း ကျွန်တော် အံ့အားသင့်ပြန် ၏။

လစာနှုန်းထားကတော့ အများနည်းတူ အေအီး - လက် ထောက် အင်ဂျင်နီယာစကေးပင် ဖြစ်သော်လည်း တာဝန်ယူရသည့်



BURMESE CLASSIC .com

www.burmeseclassic.com



ရာထူးက . . . စက်ရုံမှူး။

'ဘုရား . . . ဘုရား'

ကျွန်တော် ဘုရားပင် တမိ၏။ မျက်လုံးထဲမှာလည်း ဧရာမ စက်ရုံကြီးများတွင် ဧရာမ သီးသန့်အခန်း၊ ကိုယ်ပိုင်သုံးစွဲရန် ကား၊ လက်အောက်ငယ်သား အမြောက်အမြားဖြင့် ခမ်းနားထယ်ဝါလှသော 'စက်ရုံမှူး' ဆိုတာကြီးများကို ပြေးမြင်မိသည်။

ကျွန်တော် မနေနိုင်လွန်းသဖြင့် ရုံးချုပ်မှ တတ်သိနားလည်သူ တချို့ကို မေးမိသည်အထိ ဖြစ်သွားသည်။

ထိုပုဂ္ဂိုလ်ကတော့ ရယ်၏။

'ဟားဟား . . . ခင်ဗျားထင်သလို မဟုတ်ပါဘူး ကိုခင်မောင် လတ်ရာ၊ အဲဒီနေရာမျိုးကြီးတွေကျတော့ ခင်ဗျားတို့လို အလုပ်ဝင်စ အရာရှိပေါက်စလေးတွေကို ချက်ချင်းပေးခန့်လို့ ဘယ်ရမလဲ၊ အတွေ့ အကြုံ အုပ်ချုပ်မှုပညာ အများကြီးရှိတဲ့လူပဲ ပေးရတာပေါ့၊ ခုဟာက စက်ရုံသေးသေးလေး'

'ဘာလဲဗျ၊ စက်ရုံသေးသေးလေးဆိုတာ'

'ခင်ဗျားကလဲဗျာ၊ စက်ဆိုတာ အကြီးအသေး ရှိသလိုပဲ၊ စက်ရုံ ဆိုတာလည်း အကြီးအသေးတော့ ရှိတာပေါ့၊ ခင်ဗျားနယ်တွေ ဘာ တွေသွားရင် ကားလမ်းဘေးမှာ ဆီစက်တို့၊ ဆန်စက်တို့၊ သစ်စက်တို့ စက်ရုံအသေးစားတွေ မတွေ့ဖူးဘူးလား၊ ဒါလည်း စက်ရုံပေါ့ဗျ၊ အဲဒီ လို စက်ရုံမျိုးမှာ စက်ရုံမှူးခန့်တာ'

'ဩော်'

သည်တော့မှ ကျွန်တော် နည်းနည်းသဘောပေါက်သွားသည်။

'ဒါမျိုးတွေ ရှိပါတယ်၊ ခင်ဗျားတို့လို ဘီအီးတောင် မဟုတ်ဘူး၊



BURMESE CLASSIC .com

www.burmeseclassic.com



အချို့စက်ရုံမှာ ဂျီတီအိုင်ဆင်း၊ အေဂျီတီအိုင်တွေတောင် စက်ရုံမှူးလုပ်နေရတာ ရှိတယ်၊ အဲဒီလို ပြောလို့လည်း ကိုယ့်အလုပ်ကို သိပ်သေးသေးကွေးကွေးလေးလို့လည်း မအောက်မေ့နဲ့ဦးနော်'

'ဟောဗျာ . . . ဘယ်လိုဖြစ်ပြန်လဲ၊ ပြောပါဦး'

'ဘယ်လိုဖြစ်ရမလဲဗျ၊ စက်ရုံမှူးဆိုတာကတော့ စက်ရုံမှူးပဲပေါ့၊ လုပ်ငန်းပမာဏသာ သေးရင် သေးမယ်၊ တာဝန်ယူရတာကတော့ စက်ရုံတစ်ခုလုံးအပေါ်မှာ တာဝန်ရှိတာချင်း အတူတူပေါ့၊ ဒါကြောင့် ကိုယ့်အလုပ်ကိုလည်း ကိုယ် ပေါ့ပေါ့ဆဆ မတွေးနဲ့လို့ ပြောတာ'

'သြော် . . ဟုတ်ပြီ . . ဟုတ်ပြီ၊ ကျွန်တော် သဘောပေါက်ပြီ'

သို့သော် ထိုစကားကို ထိုစဉ်က ကျွန်တော် တကယ်သဘောပေါက်ခဲ့သည် မဟုတ်သေး။

ထိုတာဝန်ကို ထမ်းဆောင်နိုင်ရန်အတွက် ရုံးချုပ်မှာ လေးလလောက် သင်တန်းသဘောမျိုး လေ့လာမှုများ ပြုလုပ်၍ တာဝန်ကျရာ နယ်မြို့လေးသို့ ပြောင်းခဲ့ပြီး တကယ့်တာဝန်ကို တကယ်လက်တွေ့ကျကျ ထမ်းဆောင်ပြီးမှ တကယ်သဘောပေါက်သည်။

စက်ရုံကြီးသည်ဖြစ်စေ၊ သေးသည်ဖြစ်စေ၊ ထမ်းဆောင်ရသည့် လုပ်ငန်းပမာဏများသည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ စက်ရုံမှူးကတော့ စက်ရုံမှူးပင်ဖြစ်၏။



BURMESE CLASSIC .com

www.burmeseclassic.com

[၈]

'ဦးခင်မောင်လတ်'

လုပ်ငန်းအစီရင်ခံစာတစ်ခုကို အချိန်မီပြီးရန် ခေါင်းငုံ့အားစိုက်၍ သွန်နေဆဲ။ အခန်းတံခါးဖွင့်၍ ဝင်လာရင်း ခေါ်လိုက်သောအသံကို ကြားရသည်။

သည်အသံ ကြားရရုံနှင့် မည်သူဖြစ်မည်ဆိုတာ သိပြီးသားမို့ ကျွန်တော် ချက်ချင်း ခေါင်းမော့မကြည့်သေးဘဲ ရေးလက်စဝါကျကို အဆုံးသတ်သည်။ သို့သော် ဝင်လာသည့်လူ၏ပုံစံနှင့် အမူအရာ အနေအထား မည်သို့ရှိနေမည် ဆိုသည်ကိုတော့ ကျွန်တော် မော့မကြည့်ဘဲ သိနေသည်။

ဝါကျဆုံးမှ ကျွန်တော်က ဘောပင်ကိုချရင်း . . .



BURMESE CLASSIC .com

www.burmeseclassic.com



'ဆို . . . ဦးတင်ဝင်းအောင်'

'စက်ရုံအတွက် စက်သုံးဆီတွေနဲ့ ပတ်သက်လို့ မြို့နယ်က စက်ရုံက တာဝန်ရှိသူတစ်ယောက် လာပါလို့ ပြောထားတယ် ဦးခင်မောင်လတ်၊ အဲဒါ ကျွန်တော် သွားလိုက်ဦးမယ်၊ ဦးခင်မောင်လတ် ဘာပြောလိုက်ချင်တာ ရှိသေးလဲ'

သူကတော့ သူ့ထုံးစံအတိုင်း ကျွန်တော့်ရှေ့က ကုလားထိုင်မှာ ဝင်မထိုင်။ ကျွန်တော့်စားပွဲ တင်ပလ္လင်ထိုင်ရင်းပင် မခန့်လေးစားအမူအရာနှင့် မေးသည်။

ကျွန်တော် သူ မသိအောင် သက်ပြင်းတစ်ချက် ခိုးချလိုက်၏။

သည်ပုဂ္ဂိုလ်ကို တစ်နည်းနည်းနှင့် ပညာပေးသင့်ပြီဟုလည်း ဆုံးဖြတ်လိုက်သည်။ သို့အတွက် ကျွန်တော့်စားပွဲပေါ်မှ ဝင်စာအချို့ကို လှန်ကြည့်ရင်း . . .

'ဘယ်တုန်းက ခေါ်တာလဲ ကိုတင်ဝင်းအောင်'

'မနေ့ကမှ ကျွန်တော့်ဆီ စာရောက်တာ'

'ဘယ်မလဲ အဲဒီစာ'

ကျွန်တော့်အမေးကြောင့် သူ ကသိကအောင့် ဖြစ်သွားပုံရသည်။ ပျက်တက်တက်ဖြစ်သွားသောမျက်နှာကို ကြွေပြန်ဆည်လိုက်ရင်း . . .

'ကျွန်တော့်ဆီမှာပါ'

'ခင်ဗျားဆီမှာတင် ဘာဖြစ်လို့ ရပ်ထားရလဲ ကိုတင်ဝင်းအောင်၊ စက်ရုံနဲ့ဆိုင်တဲ့ကိစ္စ ကျွန်တော့်ဆီ အကုန်တင်ပေးရမှာပေ့ါ၊ အဲဒီစာ ကျွန်တော် ကြည့်ချင်တယ်'

'ဘာမှ ထွေထွေထူးထူး မဟုတ်ပါဘူး ဦးခင်မောင်လတ်ရဲ့



BURMESE CLASSIC .com

www.burmeseclassic.com



စက်သုံးဆီ ခွဲတမ်းချဖို့ ဆွေးနွေးမယ့်ကိစ္စပါပဲ၊ ခါတိုင်းသွားနေကျ ကျွန်တော်ပဲ သွားလိုက်ရင် ရပါတယ်'

ကျွန်တော် သည်တစ်ခါတော့ သိသိသာသာ သက်ပြင်းချသည်။

'ခက်ပါလား ကိုတင်ဝင်းအောင်၊ ခင်ဗျားသွားနေကျ၊ လုပ်နေကျဆိုတာ ကျွန်တော် သဘောပေါက်ပါတယ်၊ ဒါပေမဲ့ ခင်ဗျားသွားရင် ဘာလုပ်ရမယ်၊ ဘာပြောရမယ်ဆိုတာ ကျွန်တော် ဆုံးဖြတ်ပြီးမှ ခင်ဗျားကို ညွှန်ကြားမှာပေါ့'

'ဟာဗျာ . . . ဒီကိစ္စက ထုံးစံအတိုင်းပါ'

'ဘယ်ထုံးစံကို ပြောတာလဲ ကိုတင်ဝင်းအောင်၊ ကျွန်တော် နားလည်တဲ့ လုပ်ထုံးလုပ်နည်း ထုံးစံမှာတော့ ဒီစက်ရုံမှာ ကျွန်တော် မသိသင့်တာ ဘာတစ်ခုမရှိဘူး၊ နောက်တစ်ခုက စက်ရုံရဲ့ လိုအပ်ချက်တစ်ခုဟာ စက်ရုံစဖွင့်တဲ့ နေ့ကစပြီး ထုံးစံတစ်ခုတည်းနဲ့လည်း လုပ်နေလို့မရဘူး၊ ဒါဟာလည်း ကုန်ထုတ်စက်ရုံတစ်ခုမှာ ရှိတတ်တဲ့ ထုံးစံပဲ'

'စက်သုံးဆီကိစ္စဆိုတော့ ဦးခင်မောင်လတ် နားမလည်မှာ စိုးလို့ပါ'

'ကျွန်တော် နားမလည်ရင် ခင်ဗျားကို မေးမှာပေါ့ ကိုတင်ဝင်းအောင်၊ ခင်ဗျားက ကျွန်တော့်ရဲ့ ဒု-စက်ရုံမှူးပဲ၊ ကျွန်တော် နားမလည်လို့မေးရင် ခင်ဗျားက ကျွန်တော် နားလည်အောင် ရှင်းပြရမှာပေါ့'

'ကောင်းပြီလေ၊ ကျွန်တော် စာယူလာခဲ့ပါ့မယ်'

ဒု - စက်ရုံမှူးက မကျေမနပ်ပုံစံဖြင့် ထွက်သွားသည်။ သူမကျေမနပ် ဖြစ်သွားကြောင်း၊ သူကြမ်းကြမ်းတမ်းတမ်း ဖွင့်သွားသဖြင့်



BURMESE CLASSIC .com

www.burmeseclassic.com



အသံကျယ်စွာ မြည်သွားသည့် တံခါးပြန်ရိုက်သံက သိသာသည်။

'ဟူး . . .'

ကျွန်တော် ရင်မောစွာဖြင့် လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

◈

စက်ရုံထဲမှ စက်သံ ရုတ်တရက် ရပ်သွားသဖြင့် ကျွန်တော် ကမန်းက တန်း ပြေးထွက်သွားသည်။

'ဘာဖြစ်လို့လဲ ဦးထွန်းညွန့်'

စက်ခန်းထဲမှ အလုပ်ကြပ်က ကျွန်တော့်အသံကြောင့် လှည့်ကြည့်ရင်း သိပ်မပြောချင် မဆိုချင်သော လေသံဖြင့် . . .

'မော်တာ လောင်သွားတာပါ'

'ပြစမ်းဗျာ . . . ဘယ်မော်တာလဲ'

'ဒီဟာ . . .'

သူပြောပုံဆိုပုံလေသံများက တစ်စက်မှ အချိုးမကျ။ သို့သော် ဒါက သိပ်အရေးမကြီးသဖြင့် သူ့အပေါ် ရောက်သွားသောအာရုံကို စက်ဆီ ပြန်ရွှေ့လိုက်ပြီး မော်တာကို စစ်ဆေးသည်။

မော်တာက ခါတိုင်း တွေ့နေကျ မော်တာမဟုတ်။

'ဦးထွန်းညွန့်၊ ဒါ ခါတိုင်း မော်တာ မဟုတ်ပါဘူး'

'ဟို မော်တာ ပျက်သွားလို့ လဲထားတာပါ'

ကျွန်တော်က မော်တာပေါ်မှ လေဗယ်စာတန်းကို သေချာ ဖတ်လိုက်သည်။

'ဟာ . . . ကျွတ်'



BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော် စိတ်ပျက်သွား၏။ ခါတိုင်း သည်နေရာမှသုံးနေကျ မော်တာက သုံးကီလိုဝပ်ဝန်ဆောင်အားရှိသည့်မော်တာ၊ ခု ထည့်ထားသည့် မော်တာက နှစ်ကီလိုဝပ်၊ ဝန်ဆွဲအားချင်းကွာနေမှ သည်မော်တာ မလောင်ဘဲ ဘယ်နေမည်နည်း။

'ဒါ ဒီနေရာက မော်တာမဟုတ်ဘူးလေ ဦးထွန်းညွန့်၊ ဒါက တခြားနေရာမှ သုံးရမယ့်ကိစ္စပဲ၊ သူ့နေရာနဲ့သူ မှန်အောင် သုံးမှပေါ့၊ ကီလိုဝပ်ချင်း ကွာနေတဲ့ကိစ္စ၊ ခင်ဗျားသုံးရင် လောင်သွားမှာ သိရမှာပေါ့'

'ခါတိုင်းလည်း သုံးနေကျပဲ ဦးခင်မောင်လတ်'

'မဟုတ်ဘူး ဦးထွန်းညွန့်၊ ဒါမျိုးက သုံးကို မသုံးရဘူး၊ စက်ဆိုတာ သူ့ဟာနဲ့သူ အချိတ်အဆက် အကုန်ရှိပြီးသား၊ နောက်ပြီး ဒီမော်တာအပေါ်က စာတွေက အလကားရေးထားတာ မဟုတ်ဘူး၊ သူနဲ့သင့်ရာ သင့်ရာသုံးဖို့ သူ့ပစ္စည်းရဲ့အကြောင်း သူသေချာ ပြောပြထားတာ'

'ဒါ အခန့်မသင့်လို့ ဖြစ်သွားတာပါ ဦးခင်မောင်လတ်၊ ကျွန်တော်တို့ တစ်သက်လုံး လုပ်လာတာ၊ ဒီပစ္စည်းနှစ်ခုကို ဘာမှစာမဖတ်ပါဘူး၊ ဦးခင်မောင်လတ်တို့ အင်ဂျင်နီယာ ကျောင်းမှာတော့ မပြောတတ်ဘူး၊ ကျွန်တော်တို့ လက်တွေ့အလုပ်ခွင်မှာတော့ တစ်သက်လုံး ဒီလိုပဲ လုပ်လာတာပါပဲ'

'ဟာဗျာ . . . အဲ့လို လုပ်တော့ အဲ့လိုပဲ လောင်ပြီပေါ့၊ ဒီစက်ရုံမှာ အရံမော်တာတွေ အများကြီးရှိပါတယ်ဗျာ၊ သုံးကီလိုဝပ်ဆို သုံးကီလိုဝပ်ပဲ ရှာသုံးပေါ့၊ ကဲ . . . အခု ဘယ်မော်တာနဲ့ လဲမလဲ အခုယူပြ'

ဦးထွန်းညွန့်က ဘာမှမပြောတော့ဘဲ လှည့်ထွက်သွားသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ခဏကြာမှ သူ့တပည့်နှစ်ယောက်ကို မ,ခိုင်း၍ မော်တာတစ်လုံး ယူချလာ၏။ ကျွန်တော်က ခဏချခိုင်းပြီး မော်တာပါ လေဗယ်စာတန်းကို ဖတ်သည်။ ဒါလည်း နှစ်ကီလိုဝပ်ပဲ ရှိသည်။

'မရဘူး ဦးထွန်းညွန့်၊ ဒီဟာ သွားပြန်ထား၊ ခင်ဗျား သေချာရွေး၊ ဒီနေရာမှာ အင်္ဂလိပ်လို သုံးနဲ့ ဒဗလျူပါတာပဲယူ'

'ကျွန်တော် မရွေးတတ်ဘူး'

သက်သက်မဲ့ကတ်နေပြီဟု ကျွန်တော် သိလိုက်သည်။ ကျွန်တော့်မျက်နှာကြော တမင် တင်းပစ်လိုက်ရတော့သည်။

'ခင်ဗျား ဘယ်လိုမှ မရွေးတတ်စရာ အကြောင်းမရှိဘူး ဦးထွန်းညွန့်၊ အင်္ဂလိပ်စာ တစ်လုံးနှစ်လုံးလောက်တော့ ခင်ဗျား သိရမယ်၊ မသိရင်လည်း ပြဿနာ မဟုတ်ဘူး၊ မော်တာအရွယ် ကြည့်ရွေးရင်တောင်ရတယ်၊ ခင်ဗျား တစ်သက်လုံး ဒါတွေကိုင်လာတဲ့သူ၊ အဲဒီတော့ ခင်ဗျား သူနဲ့တော်တာကိုပဲ ရွေးတတ်ပါ၊ နောက်ပြီးရင် ကျွန်တော် ပြန်လာကြည့်မယ်၊ လွဲနေရင် လုံးဝ စက်မလည်ရဘူး၊ ခင်ဗျားရာထူး ခင်ဗျားတာဝန်နဲ့ ဒီမော်တာလေး တစ်လုံးမှ မှန်အောင် မတတ်နိုင်ဘူးဆိုရင်တော့ ခင်ဗျားကို ဒီနေရာခန့်ထားတဲ့လူတွေ လွဲနေလို့ပဲ ဖြစ်ရမယ်၊ ကျွန်တော့်လက်ထက် ဒီစက်ရုံမှာ အဲလောက်မှ မတတ်တဲ့သူကို ဒီလိုနေရာမျိုးမှာ ခန့်မထားနိုင်ဘူး . . . ရှင်းတယ်နော်၊ ကျွန်တော့်တာဝန် ကုန်ပြီ'

ပြောပြောဆိုဆိုနှင့် ကျွန်တော် လှည့်ထွက်ခဲ့သည်။

အပြင်ရောက်ပြန်တော့ ကိစ္စက မပြီးသေး။ စက်ရုံထဲကို ဘယ်ကဘယ်လို ဝင်လာ၍ စည်းမရှိကမ်းမရှိ ဘယ်လိုရောက်ရောက်နေမှန်း မသိသည့် နောက်ဆုံးပေါ် နံပါတ်နှင့် ဆန်နီပစ်ကပ်ကားအဖြူ



BURMESE CLASSIC .com

www.burmeseclassic.com



လေးကို မြင်လိုက်ရပြန်သောကြောင့် ပိုဒေါပွသွားရပြန်၏။

◈

ဤသည်မှာ ကျွန်တော် စက်ရုံတွင် တာဝန်ယူစက ကြုံတွေ့ရသော စိတ်ညစ်ညူးစရာကိစ္စများပင် ဖြစ်သည်။

ကျွန်တော် စက်ရုံမှူး လုပ်ရသည့်စက်ရုံက နယ်မြို့ကလေး အရွယ်အစားနှင့် နှိုင်းစာလျှင်ပင် အတော်အသင့် သေးငယ်သည့် စက်ရုံတစ်ရုံသာ ဖြစ်ပါသည်။

စက်ရုံဝင်းကလည်း သိပ်အကြီးအကျယ် မဟုတ်။ ပင်မ စက်ရုံ လည်ပတ်သည့် အလုပ်ရုံကြီးနှစ်ခု အပါအဝင် အုပ်ချုပ်ရေးရုံး၊ ဘွိုင်လာ နေရာ၊ လောင်စာဆီ သိုလှောင်ရာ နေရာ၊ ကုန်ကြမ်းလှောင်ဂိုဒေါင် နှစ်ခုနှင့် ဝန်ထမ်းများနေထိုင်ရာ တန်းလျားသုံးခုပါ ပါမှ လေးငါးဧက ထက်ပို၍ မကျယ်ဝန်း။

သို့ရာတွင် လုပ်ငန်းအနေအထားအရ စက်ရုံလေးက သပ်ရပ်၍ ခေတ်မီမှုလေးတွေတော့ ရှိသည်။ ပြီးတော့ သည်လုပ်ငန်းက ပြည်တွင်းစားသုံးမှုအတွက်အပြင် နိုင်ငံခြားဝင်ငွေ ရနိုင်သော အခွင့်အလမ်းများလည်း ရှိသည်မို့ လုပ်ငန်းတန်ဖိုး မသေးဟု ဆိုနိုင်သည်။

ရန်ကုန်မန္တလေး ကားလမ်းဘေးမှာ တည်ရှိနေသည့်အတွက် ကုန်ထုတ်လုပ်မှုအပြင် စက်ရုံ၏ လှပသန့်ရှင်း သပ်ရပ်မှုအနေအထား၊ စည်းကမ်းစနစ် ကျနမှုတို့ကိုလည်း အာရုံမစိုက်လျှင် မဖြစ်သည့်အခြေအနေမှာရှိသည်။

သို့သော် စက်ရုံငယ်၏ အနေအထားအတိုင်း ခံစားရသည့်

www.burmeseclassic.com



အခွင့်အရေးက ချို့ချို့ငှငှသာ ဖြစ်သည်။ ကုန်ကြမ်းသယ်ယူပို့ဆောင်ရန် ကားအလုံအလောက် မရှိ။ ရှိသည့်ကားနှစ်စီးအနက် တစ်စီးက ဘယ်လိုမှ သုံး၍မရသည့် အနေအထားမှာ ရှိသည်။ စက်ရုံမှူး ဆိုသည်မှာလည်း တာဝန်ပိုင်းသာ စက်ရုံမှူးဖြစ်၏။

ခပ်စုတ်စုတ်ရုံးလေးထဲမှာ ရသလို ယူထားရသည့်အခန်းတစ်ခန်းမှလွဲလျှင် စက်ရုံမှူးအတွက် အထူးအခွင့်အရေး ဘာမှမရှိ။ နေစရာအိမ် ကိုယ့်ဘာသာကိုယ် ငှားနေရမည်။ စီးစရာ ကားမရှိ။ ကားငှားခ ခွင့်ပြုချက်ငွေအချို့သာ ပေးထားသည်။

ဝန်ထမ်းအတွက် ပျဉ်ထောင် တန်းလျားလေး နှစ်ခု၊ ကျွန်တော့်အရင်က စက်ရုံမှူးအစီအစဉ်ဖြင့် ဆောက်ပေးထားခဲ့သည်များ ရှိသော်လည်း သူ့ဟာသူ ပြည့်နေပြီ။

ခက်သည်က သည်စက်ရုံမျိုးကလည်း သူ့ကုန်ကြမ်းအလုပ်နှင့်သူ လိုအပ်သော ရက်အတိုင်းအတာအထိ နှစ်ဆယ့်လေးနာရီလည်ရသည့် စက်မျိုး။ အပြင်မှာသွား အိမ်ငှားနေဖို့ စဉ်းစားသည့်အခါ ညရေးညတာ အလွန်စိုးရိမ်ရသည်။ စက်ရုံမှာကလည်း မီးဘေးအန္တရာယ်ကို ထိပ်တန်းအဆင့် ဂရုစိုက်ရသည့် အနေအထား။

ကျွန်တော့်အရင် စက်ရုံမှူး ဘယ်လိုလုပ် နေသွားလဲဟု မေးရသည်။

ထိုစက်ရုံမှူးကျတော့ ကျွန်တော့်လို အိမ်ထောင်မရှိသေးသူမဟုတ်ဘဲ၊ အိမ်ထောင်ရှင်မို့ မြို့ထဲမှာ အိမ်ငှားနေပြီး ညရေးညတာကို ဒု-စက်ရုံမှူးနှင့် လွှဲထားသည်ဟု ပြောသည်။ ဒု-စက်ရုံမှူးက တန်းလျားများတွင် အခန်းတစ်ခန်း ရထားသည်။

ကျွန်တော်လည်း အတော်စဉ်းစားသေးသည်။ နောက်မှ စက်ရုံ



BURMESE CLASSIC .com

www.burmeseclassic.com



တွင် လူကြီးသူကြီးများလာလျှင် တည်းဖို့ ဆောက်ထားသည့် ဧည့်ရိပ်သာလေးတစ်ခု သွားတွေ့သည်။

သည်မှာက အရေးကြီး ဧည့်သည်စောင်သည် ရှားသည်။

မထူးဘူး သည်မှာပဲနေမည်ဟု ဆုံးဖြတ်၍ ဧည့်ရိပ်သာလေးကို စက်ရုံမှူးအိမ်အဖြစ် ပြောင်းပြီး ကျွန်တော် နေလိုက်သည်။

ထိုနေရာမှာနေလျှင် စက်ရုံကို ကျွန်တော် နှစ်ဆယ့်လေးနာရီ ကြီးကြပ်နိုင်သည်။

သိပ်ကိုယ့်ကိုယ်ကိုယ် ဂုဏ်ဖော်ပြီး ကြီးကြပ်ချင်လွန်းလှ၍ တော့ မဟုတ်။ စက်ရုံမှာ ကျေနပ်စရာ တော်တော်များများရှိနေသလို ပြုပြင်စရာလေးတွေ တော်တော်များများလည်း ရှိသည်ဟု ကျွန်တော် မြင်နေပါသည်။

မရှိတော့သည့်ပုဂ္ဂိုလ်ကို အပြစ်မပြောချင်သော်လည်း ရှေ့က စက်ရုံမှူး၏ ချို့ယွင်းချက်တွေ တော်တော်များများ ရှိနေသည်ကို သတိထားမိသည်။ လုပ်ငန်းအရ သူ့ဟာနှင့်သူ သင့်တင့်စွာ လည်ပတ်နေသော်လည်း ယိုကွက်ဟာကွက်တွေ အများကြီး ရှိနေပါသည်။

ရောက်စပိုင်း လေ့လာဆဲကာလမှာတော့ သူ့အထိုင်နှင့်သူ၊ သူ့ပုံမှန်အတိုင်း ရှိနေသေးသည်မို့ ပြဿနာ သိပ်မပေါ်သော်လည်း ကျွန်တော် လုပ်ငန်းကျွမ်းကျင်မှု အနည်းငယ်ရလာ၍ နည်းနည်း ဇာတ်လမ်းစကြည့်သည်မှာပင် ပြဿနာတွေက စဝင်လာသည်။

စောစောက ကျွန်တော် ပြောခဲ့သည့် ကိုတင်ဝင်းအောင်နှင့် ဦးထွန်းညွန့်ကိစ္စနှစ်ခုမှာ နမူနာမျှသာ ရှိသေး၏။

◙◈◙

www.burmeseclassic.com

[၉]

အဓိက,ကတော့ စက်ရုံသေးငယ်သည်မှန်သော်လည်း စက်ရုံမှူးဆိုသော အဆင့်နှင့် နှိုင်းယှဉ်သည့်အခါ ကျွန်တော့်အနေအထားကလည်း သေးငယ်၍ နေသောကြောင့်ပင် ဖြစ်သည်။

အသက်အရွယ်အရကော၊ ကျောင်းဆင်းပြီး ဘွဲ့ရစအင်ဂျင်နီယာ တစ်ယောက်အနေနှင့်ကော နှစ်ခုစလုံးတွင် တချို့ဝန်ထမ်းများအမြင်၌ လူမလေး ခွေးမခန့် ဖြစ်နေပုံရ၏။

သို့အတွက် အခေါ်အဝေါ်ကအစ စက်ရုံမှူး သို့မဟုတ် ဆရာစသဖြင့် လူကြီးတစ်ယောက်ကို ခေါ်ပုံမျိုးခေါ်ရန် သူတို့ဝန်လေးကြသည်။ မလွှဲသာသဖြင့် 'ဦး' တပ် ခေါ်ရသည်ပင် သိပ်ကျေနပ်ကြဟန်မတူ။



BURMESE CLASSIC .com

www.burmeseclassic.com



ထားတော့ . . . သည်ကိစ္စအတွက် ကျွန်တော့်မှာလည်း သိပ်ထူးထူးခြားခြား ခံစားချက်မဖြစ်ပါ။ ကျွန်တော်ကလည်း သည်လောက်အရိုသေခံချင်သည့် အမျိုးအစားမျိုးထဲမှာ မရှိ။

ရှိသည့်ပြဿနာက လုပ်ငန်းခွင်ဆိုင်ရာ အတတ်ပညာကိစ္စမှာ နေရာမပေးချင်ကြခြင်း ဖြစ်သည်။ သူတို့စိတ်ထဲမှာ အင်ဂျင်နီယာတက္ကသိုလ်၌ ခြောက်နှစ်တင်းတင်း ကျွန်တော် သင်ကြားခဲ့ရသောပညာများသည် သူတို့လုပ်ငန်း၌ ဘာမှအသုံးမတည့်ဟု ခံယူနေကြပုံရ၏။

စည်းကမ်းစနစ်နှင့် လုပ်ကိုင်ခြင်း မှန်သမျှကို သူတို့အမြင်၌ စာအုပ်ကြီးအတိုင်းလုပ်ရပ်ဟု ထင်နေကြသည်။ လုပ်ငန်းအတွေ့အကြုံ ဘာမှမရှိဘဲ အသားလွတ် လာ ဆရာလုပ်သည်ဆိုသော အမြင်ကို ပါးစပ်က မပြောသော်လည်း သူတို့လုပ်ရပ်နှင့် အမူအရာများဖြင့် ဖော်ပြကြသည်။

သည်အပိုင်းကျတော့ ကျွန်တော်က ခွင့်လွှတ်၍မရ။

ဝန်ထမ်းအကုန်လုံးက သည်လိုမဟုတ်သော်လည်း တချို့ဝန်ထမ်းများ၌ သည်အမြင်မပျောက်သမျှ ကာလပတ်လုံးသည် စက်ရုံကိုကျွန်တော် ထိန်းသိမ်းကွပ်ကဲ၍ တိုးတက်အောင်ကြိုးစားရမည့်တာဝန်သည် လျော့ရဲပေါ့ပျက်နေမည်သာ ဖြစ်သည်။

စက်မှုတက္ကသိုလ်သည် စက်မှုဆိုင်ရာ အတတ်ပညာသာမက လုပ်ငန်းခွင် စီမံခန့်ခွဲ အုပ်ချုပ်မှုပညာ၊ လက်တွေ့လေ့ကျင့်မှု ပညာတို့ကိုပါ သင်ပေးလိုက်သည်။ ထို့အတူ စက်မှုတက္ကသိုလ်နှင့် သည်လုပ်ငန်းခွင် မရောက်ခင် ကြားကာလမှာလည်း ဖောင်ကြီး၊ ရုံးချုပ် စသည်တို့မှာ လုံလောက်သော လေ့ကျင့်သင်ကြားမှုတွေ လုပ်ခဲ့ရသေးသည်။



BURMESE CLASSIC .com

www.burmeseclassic.com



သက်ဆိုင်ရာ လုပ်ငန်းခွင်၏ သဘာဝနှင့် ထိတွေ့ဆက်ဆံရမည့်သူများ၏ စရိုက်အခြေအနေ စသည်တို့ကို ခန့်မှန်းလေ့လာပြီး သည်နှင့် ကျွန်တော့်အခန်းကဏ္ဍကို ပီပြင်စွာ ရယူနိုင်ရန် ကျွန်တော် ကြိုးစားတော့သည်။

ဤကာလမှာပင် အေးငယ်နှင့် ကျွန်တော် ပတ်သက်ဆုံစည်းရခြင်း ဖြစ်၏။

◈

ရုံးခန်းထဲမှ ထွက်လိုက်သည်နှင့်ပင် ဆန်နီကားဖြူလေးကို လှမ်းမြင်လိုက်သည်။

'ဒီကားက ဘာဖြစ်လို့ စက်ရုံထဲရောက်ရောက် နေရတာလဲ'

စက်ရုံရောက်စကတည်းက သည်ကားလေး စက်ရုံထဲရောက်ရောက်နေခြင်းကို သတိထားမိသည်။ ပထမတော့ ဒီစက်ရုံက ဝန်ထမ်းတစ်ယောက်ယောက်ရဲ့ ကားများလားဟု ထင်မိသေးသည်။ ပြော၍မရ စက်ရုံဝန်ထမ်းထဲမှာ ဆင်းရဲသူများပါသလို ချမ်းသာသူများလည်း ရှိသည်။ အထူးသဖြင့် စက်ရုံရုံး စီမံခန့်ခွဲရေးဌာနနှင့် ဓာတ်ခွဲခန်းဘက်မှာ ဘွဲ့ရပညာတတ် ချမ်းသာသူများရှိသည်။

သို့သော်လည်း ကားရောက်ချိန်က ရုံးတက် ရုံးဆင်းချိန်မျိုး မဟုတ်သဖြင့် ထိုဝန်ထမ်းများကို အကြိုအပို့ လုပ်သည့်ကား မဖြစ်နိုင်။

လုံခြုံရေးကိစ္စတို့ ဘာတို့နှင့်တော့ သိပ်စိုးရိမ်ပူပန်စရာ မရှိသော်လည်း စက်ရုံထဲမှာ ကျွန်တော်မသိဘဲ ဖြစ်နေသော ကိစ္စတစ်ခုကို ချွင်းချန်မထားချင်သဖြင့် စက်ရုံဂိတ် လုံခြုံရေးအစောင့်များရှိရာသို့



BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော် လျှောက်လာခဲ့သည်။

'ကိုထွန်း'

'ဟုတ်ကဲ့ . . . ဆရာ'

လုံခြုံရေးက ကိုထွန်းကတော့ ကျွန်တော်နှင့် ပတ်သက်၍ ပြေပြေလည်လည် ရှိပါသည်။

'ကိုထွန်း . . . ဟိုကားကို စက်ရုံထဲ ခင်ဗျားလွှတ်လိုက်တာလား'

'ဟုတ်ပါတယ် ဆရာ . . . ဘာဖြစ်လို့လဲ'

'ဘာမှမဖြစ်ပါဘူး . . . အဲဒီကားက ဘယ်ကလဲ'

'မြို့ထဲက ကားပါ ဆရာ၊ စက်ရုံကို ဒီလိုပဲ လာနေကျ ကားမို့ ဖွင့်ပေးလိုက်တာပါ၊ ဦးတင်ဝင်းအောင်တို့နဲ့လည်း ရင်းနှီးပါတယ်'

'ဪ . . . ဦးတင်ဝင်းအောင်ဆီ လာတာလား'

'အာ . . . မပြောတတ်ဘူး ဆရာ'

'ခင်ဗျားဆီမှာ ဘယ်သူနဲ့တွေ့ဖို့ ဘာကိစ္စဆိုတာ မှတ်တမ်းရေးမသွားဘူးလား၊ ဂိတ်ပတ်စ်တွေ ဘာတွေကော မပေးဘူးလား'

'လာနေကျကားမို့ မလုပ်မိဘူး ဆရာ'

ကျွန်တော် သက်ပြင်းချသည်။

'အဲလိုတော့ မလုပ်နဲ့လေဗျာ၊ ကိစ္စရှိလို့ လာတာကတော့ ဘယ်သူ့ဆီလာလာ၊ လာပစေပေါ့၊ ဒါပေမဲ့ လူဝင်ခွင့်၊ ကားဝင်ခွင့်တွေ ဘာတွေကိုတော့ သူ့စည်းကမ်းနဲ့သူ လုပ်ရမှာပေါ့၊ နောက်ပြီးတော့ နေရာတကျလည်း ရပ်ခိုင်း၊ ခု သူရပ်ထားပုံက ကန့်လန့်ကြီး၊ ပစ္စည်းသယ်တဲ့ကားကြီးတွေဘာတွေ ဝင်တာထွက်တာနဲ့ကြုံရင် မလွတ်မလပ် ဖြစ်နေမှာပေါ့'



BURMESE CLASSIC .com

www.burmeseclassic.com



'ဟုတ်ကဲ့ ဆရာ၊ နောက်ကို ကျွန်တော် ဆရာပြောတဲ့အတိုင်း လုပ်ပေးပါ့မယ်'

ကိစ္စက ဒီလောက်ပဲမို့ ကျွန်တော် ဘာမှထပ်မပြောတော့ဘဲ ပြန်လှည့်လာခဲ့၏။

သည်ကိစ္စက နောက်ထပ် ရေးကြီးခွင်ကျယ်ဖြစ်လာလိမ့်မည် ဟုလည်း လုံးဝထင်မထားမိ။

◈

'ကိုတင်ဝင်းအောင် မရှိဘူးလား'

ဒိုင်းခနဲ တံခါးကို ခပ်ကြမ်းကြမ်းဖွင့်ဝင်လာသံကို အရင်ကြား ရသည်။ ကျွန်တော် လှမ်းကြည့်လိုက်သည်တွင် စက်ရုံထဲမှ မဟုတ် သော လူငယ်တစ်ယောက် ဝင်လာသည်ကို တွေ့သည်။

သူ့အမေးကြောင့် ကျွန်တော် ခေါင်းခါပြရင်း . . .

'ကိုတင်ဝင်းအောင် ဟိုဘက်အခန်းမှာ'

'အရင်က သူ ဒီအခန်းမှာပါ'

ချာတိတ်ပုံစံက သိပ်အပိုးကျိုးကျိုးမဟုတ်။ ကင်ဖိုအကျီပွပွ၊ ချာလီဘောင်းဘီနှင့် ဝေါ့ကင်းရှူးစသော သူ့အဆင်အယင်များက လည်း သည်ပတ်ဝန်းကျင်မှာ နည်းနည်းထူးဆန်းနေသည်။

ရုပ်လေးက ချောချောလေး ဖြစ်သော်လည်း တစ်စုံတစ်ခုကို မကျေမနပ်ဖြစ်နေသော အမူအရာနှင့် ခပ်ပြတ်ပြတ် ခပ်ကောကော လေသံကြောင့် ကျွန်တော်ဘက်ကလည်း သိပ်မဖော်မရွေတော့ဘဲ . . .

www.burmeseclassic.com



'ဟုတ်တယ်၊ ဟိုဘက်အခန်း ရောက်သွားပြီ'

ကျွန်တော့်စကားကြောင့် ဘာမှထပ်မပြောတော့ဘဲ ချာခနဲ လှည့်ထွက်သည်။ ပြီးတော့ အဝင်တုန်းကလိုပင် တံခါးကို ခပ်ကြမ်းကြမ်း ဖွင့်ထွက်သွားသည်။

အရင်စက်ရုံမှူး ပြောင်းသွားပြီး ကျွန်တော် မရောက်မီ စပ်ကြားကာလတွင် ဒု-စက်ရုံမှူးက စက်ရုံမှူးအဖြစ် တာဝန်ယူရသည်။ ထိုစဉ်က သည်အခန်းမှာ ကိုတင်ဝင်းအောင် ထိုင်ရသည်မို့ အခန်းမှား မေးထားပဲ ဖြစ်မည်ဟု တွေးမိပြီးသည်ကိစ္စကို မေ့ထားလိုက်သည်။

လုပ်စရာတာများကိုသာ ဆက်လုပ်နေလိုက်၏။

သို့သော် ခဏအကြာတွင် ကျွန်တော့်အခန်းထဲသို့ ကိုထွန်း ရောက်လာ၏။

'ဆရာ'

'ပြော . . . ကိုထွန်း၊ ဘာဖြစ်လို့လဲ'

'ဟိုနေ့က ကားရောက်လာတယ်၊ ဆရာပြောတဲ့အတိုင်း ဂိတ်ပက်စ်လုပ်ဝင်ဖို့ ကျွန်တော်ပြောတာကို သူက လက်မခံဘူး၊ ခါတိုင်း ဝင်နေကျပဲ၊ ခုမှ ပေရှည်မနေနဲ့ ဘာညာနဲ့ ကျွန်တော့်ကို ရန်လုပ်တယ်၊ ပြီးတော့ လူချည့် ဝင်သွားပြီး ဦးတင်ဝင်းအောင်ကို သွားခေါ်လာတယ်၊ ဦးတင်ဝင်းအောင်ကလည်း ဝင်နေကျပဲ ဝင်ပါစေကွာလို့ ပြောတယ်'

'အဲဒီတော့ ခင်ဗျားက ဘာပြောလိုက်လဲ'

'မဟုတ်ဘူး ဒု-စက်ရုံမှူး၊ စက်ရုံမှူးကိုယ်တိုင်က သေချာမှာထားတာ၊ ကျွန်တော် စက်ရုံမှူးကို အကျိုးအကြောင်း မပြောဘဲ မလွှတ်ရဲဘူးဆိုတော့ စက်ရုံမှူးကို သွားပြောပြလိုက်ပါ၊ ဒီကိစ္စ သူ တာဝန်ယူပါတယ်တဲ့'



BURMESE CLASSIC .com

www.burmeseclassic.com



'ကောင်းပြီ၊ သူတာဝန်ယူရင် ခင်ဗျား ဂိတ်ပက်စ်နဲ့ ဧည့်သည် မှတ်တမ်းမှာ သူ့ကိုရေးပြီး လက်မှတ်ထိုးခိုင်း၊ ဂိတ်ပက်စ်မပါဘဲ မှတ်တမ်းမှာ မဖြည့်ဘဲ ဘယ်လူ၊ ဘယ်ကားမှ မဝင်ရဘူး၊ အဲဒါ စည်းကမ်းလို့ ပြောလိုက်၊ အဲဒီအတိုင်း မဟုတ်ရင် လုံခြုံမှု စည်းကမ်းဖောက်ဖျက်မှုနဲ့ ခင်ဗျားအရေးယူခံရမယ်'

'ဟုတ် . . . ဟုတ်ကဲ့ ဆရာ'

'ဘယ်အချိန်ဝင်၊ ဘယ်အချိန် ထွက်တယ်ဆိုတာပါ ခင်ဗျား ယူထားရမယ်၊ အဝင်အထွက်လည်း လက်မှတ်ထိုးရမယ်၊ ဟုတ်လား ကိုထွန်း'

'ဟုတ်ကဲ့ပါ ဆရာ'

'ကောင်းပြီ . . . သွားတော့'

ကိုထွန်း ပျာပျာနှင့် ပြန်ထွက်သွားသည်။

သည်မှာလည်း ဤမျှနှင့် ပြီးပြီးဟု ထင်လိုက်မိသေး၏။

သို့သော် . . . မဟုတ်။

◈

'ဆရာ'

သည်တစ်ခါဝင်လာသည်က စောစောကလို ယောကျ်ားများ မဟုတ်တော့။ အချိန်အားဖြင့်လည်း တော်တော်လေး ကြာမှ ရောက်လာသလို ရောက်လာသူကလည်း မိန်းကလေးတစ်ယောက် ဖြစ်သည်။

မိန်းကလေးတစ်ယောက်ဟု ဆိုလိုက်ပေမယ့် ပြင်ပပြင်လွင်က



BURMESE CLASSIC .com

www.burmeseclassic.com



ရောက်လာသော လူစိမ်းဧည့်သည်မိန်းကလေးတော့ ဟုတ်ပုံမရ။ ဝတ်ထားသော ယူနီဖောင်းဝတ်စုံအရ စက်ရုံထဲက ဝန်ထမ်းတစ်ယောက်ပင် ဖြစ်လိမ့်မည်ဟု ထင်သည်။ သေချာတော့ ကျွန်တော် မမှတ်မိ။

'ဆရာနဲ့အေးငယ် စကားနည်းနည်းပြောချင်လို့ပါ'

'ကောင်းပါပြီ . . . ထိုင်ပါ'

ကျွန်တော်က ကျွန်တော့်စားပွဲရှေ့မှ ထိုင်ခုံကို လက်ညွှန်ရင်း ပြောသည်။ အေးငယ်ဟု သူ့ကိုယ်သူပြောသော မိန်းကလေးက ဝင်ထိုင်ရင်း . . .

'ဒီလိုပါဆရာ၊ စက်ရုံထဲကို ဧည့်သည်တို့ ကားတို့ ဝင်ထွက်တဲ့ကိစ္စ ဆရာစည်းကမ်းလုပ်လိုက်တယ်လို့ ပြောပါတယ်၊ အဲဒါ ဟုတ်ပါသလား'

ဟား . . . သည်ကိစ္စက မပြီးသေးသော ပြဿနာပန်းချီကားပါလားဟု တွေးလိုက်ရင်း . . .

'အင်း . . . ဟုတ်ပါတယ်၊ အဲဒါ ဘာဖြစ်လို့လဲ'

'ဘာမှမဖြစ်ပါဘူး ဆရာ၊ ဖြစ်နိုင်ရင် ဧည့်သည်တိုင်းကို စက်ရုံထဲ ရုံးထဲအထိ အဝင်မခံဘဲ ကိစ္စပေါ်မူတည်ပြီး ဧည့်သည်တွေ့ချင်တယ်ဆိုတဲ့သူက ဂိတ်ကို လာတွေ့ရတဲ့ စနစ်လုပ်ပေးပါလို့ ပြောချင်လို့ပါ'

'အာ . . .'

ရုတ်တရက် ကျွန်တော် ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ သူပြောမှ အခြားစက်ရုံများတွင် လုပ်လေ့လုပ်ထရှိသည့် ပုံစံကို သွားသတိရသည်။

'အေးငယ်ပြောတာ ဒီလိုပါဆရာ၊ ဆရာတို့လို အရာရှိတွေဆီ

www.burmeseclassic.com



အလုပ်ကိစ္စနဲ့ လာတဲ့ ဧည့်သည်တွေအတွက်ကတော့ ဆရာကလည်း ဂိတ်အထိ ထွက်ဖို့မကောင်း၊ အလုပ်ကိစ္စကလည်း ရုံးထဲမှာပဲရှိတော့ စက်ရုံထဲရုံးထဲအထိ ဝင်လာတာ သဘာဝကျပါတယ်၊ ဒါပေမဲ့ . . ’

အေးငယ်က ပြောရင်းနှင့် တုံ့နှေးနှေး ဖြစ်သွားသည်။ ကျွန်တော်က သူ့စကားကို စိတ်ဝင်စားသွားသောကြောင့် . . .

‘ဟုတ်ပြီ ဆက်ပြောပါဦး၊ ဒါပေမဲ့ ဘာဖြစ်လဲ’

‘ဒါပေမဲ့ စောစောက လာသွားတဲ့ ဧည့်သည်ဆိုပါတော့၊ အဲဒီလိုလူမျိုးကျတော့ ဘာအရေးကြီးတဲ့အကြောင်းမှ မရှိဘဲ၊ အေးငယ်တို့ အခန်းထဲအထိ တံခါးမရှိ မားမရှိ ဝင်လာပြီး စကားတွေပြောနေတာ ဆရာ၊ အေးငယ်တို့မှာလည်း အနှောင့်အယှက် ဖြစ်ပါတယ်’

‘သြော် . . . စောစောက ဆန်နီကားအဖြူနဲ့ ဧည့်သည်ကို ပြောတာလား’

‘ဟုတ်ပါတယ်၊ ဒီစက်ရုံမှာ ဒီလိုလာလုပ်နေတာ သူတစ်ယောက်ပဲ ရှိပါတယ်’

‘အဲဒါ ဦးတင်ဝင်းအောင်ဆီ လာတဲ့ဧည့်သည် မဟုတ်ဖူးလား’

‘မဟုတ်ပါဘူး ဆရာ၊ ဦးတင်ဝင်းအောင်နဲ့လည်း ရင်းနှီးပါတယ်၊ ဒါပေမဲ့ သူလာတာကတော့ အေးငယ်ဆီကိုပါ’

‘နေပါဦးဗျာ၊ ကျွန်တော် တစ်ခုမေးပါရစေ၊ ခင်ဗျားဆီလာတဲ့ ဧည့်သည်ကို ခင်ဗျားက ဘာဖြစ်လို့ အတားအဆီး လုပ်ချင်ရတာလဲ၊ အဲဒီလူက ခင်ဗျားမိတ်ဆွေ မဟုတ်ဘူးလား၊ ခင်ဗျားနဲ့ မသိဘူးလား’

‘သိပါတယ်ဆရာ၊ မိတ်ဆွေလည်းမိတ်ဆွေ၊ ဒါပေမဲ့ သူလာတိုင်း အေးငယ် ဧည့်ခံစကားပြောမနေနိုင်ပါဘူး၊ ပြီးတော့ အခန်းထဲ အထိ ဝင်လာပြီး ပြောချင်ရာပြော၊ ဆိုချင်ရာဆိုနေတဲ့အခါကျတော့



BURMESE CLASSIC .com

www.burmeseclassic.com



ပတ်ဝန်းကျင်ကလည်း တစ်မျိုးမြင်ပါတယ်'

ကျွန်တော်ရေးတေးတေးတော့ သဘောပေါက်သလို ဖြစ်သွားသည်။ ဖြစ်နိုင်တာကတော့ စက်ရုံရုံးခန်းကို လူပျိုလှည့်ရာ ဌာနအဖြစ် ထိုဇည့်သည်ချာတိတ်က ပိုင် . . . ပိုင်သလို အသုံးပြုနေပုံရသည်။

သို့သော် စည်းကမ်းဆိုသည်က ရှေ့နောက် မတိုင်းထွာဘဲ လုပ်ချင်သလိုလုပ်လို့လည်း မဖြစ်။

ပုဂ္ဂိုလ်တစ်ဦးချင်းအနေနှင့် သူလက်မခံချင်တာက သူ့ဟာသူ ပြတ်ပြတ်သားသား ပြောရဲလျှင် ငြင်းလွှတ်၊ နှင်လွှတ်လို့ရသည်။

ဧည့်သည်အားလုံးကို ဂိတ်ဝမှာသာ လာတွေ့ရေး။ မတွေ့ချင်ပါက ဂိတ်ဝ၌ပင် ငြင်းပယ်လွှတ်နိုင်ရေး ဆိုသည့်ကိစ္စများတွင် အနှောင့်အယှက်ဖြစ်နိုင် မဖြစ်နိုင် စဉ်းစားရဦးမည်။ သို့အတွက် . . .

'ကောင်းပြီလေ၊ မအေးငယ်ပြောတဲ့ စည်းကမ်းကို ကျွန်တော် ပြန်စဉ်းစားကြည့်ပါဦးမယ်၊ မလိုအပ်ဘဲ စည်းကမ်းတွေ နင်းထုတ်နေတာမျိုးလည်း ကျွန်တော် မဖြစ်ချင်ဘူး၊ အဲလိုပဲ လိုအပ်ရင်လည်း ဘယ်လိုလူနဲ့ ဖြစ်ဖြစ် စည်းကမ်းအရ ရင်ဆိုင်ရဖို့ ကျွန်တော် ဝန်မလေးပါဘူး'

'ဟုတ်ပါတယ် ဆရာ၊ အေးငယ်လည်း ဆရာစဉ်းစားနိုင်အောင် တင်ပြပေးတာပါ၊ မြို့မှာ ပိုက်ဆံရှိတဲ့ သူဌေးသား၊ စက်ရုံက လူကြီးတွေတချို့နဲ့ ရင်းနှီးလည်း ရင်းနှီးနေတော့၊ ဆရာအားနာပြီး စည်းကမ်းမလုပ်နိုင်ရင်လည်း နေပါ၊ ဒါပေမဲ့ စက်ရုံထဲမှာ အလုပ်လုပ်နေတဲ့ ဝန်ထမ်းမိန်းကလေးတစ်ယောက်အနေနဲ့ စက်ရုံဝင်းဟာတော့ သူ့သိက္ခာအတွက် လုံခြုံမှုရှိတဲ့နေရာတစ်နေရာဖြစ်ချင်ပါတယ် ဆရာ၊ ဒီလောက်ပါပဲ အေးငယ်ကို ခွင့်ပြုပါဦး'

www.burmeseclassic.com



ပြောပြောဆိုဆိုနှင့် အေးငယ်က ထ,ရပ်သည်။

သူ့စကားက အတော်ထိရောက်သောစကားမို့ ကျွန်တော် ပျာပျာသလဲနှင့် လှမ်း၍ . . .

'နေဦး . . . အေးငယ်'

အေးငယ် ခြေလှမ်းများ တုံ့ခနဲရပ်သည်။

'အဲ့ . . . ခင်ဗျားက အေးငယ်၊ အေးငယ်နဲ့ပြောလို့ အေးငယ်လို့ပဲ ခေါ်လိုက်တာနော်၊ ကျွန်တော်ကလည်း လူသစ်ဆိုတော့ ခင်ဗျားနာမည် အရှည်ရော၊ ဘယ်ဌာနကဆိုတာရော ကျွန်တော် မသိဘူး၊ ဒါပေမဲ့ ခင်ဗျားပြောတဲ့ကိစ္စကို ကျွန်တော် လက်ခံပါတယ်၊ ကျွန်တော် စီစဉ်ပေးပါ့မယ်'

အေးငယ် ခေါင်းညိတ်ရင်း . . .

'ကျေးဇူးပါပဲ ဆရာ၊ အေးငယ်နာမည် အရှည်က အေးအေးငယ်ပါ၊ ဒါပေမဲ့ ကိုယ့်တပည့် ဝန်ထမ်းတစ်ယောက်အနေနဲ့ အေးငယ်လို့ပဲ ဆရာခေါ်ရင်လည်း ရပါတယ်၊ အေးငယ်က ငွေစာရင်းကပါ၊ စာရေးမပဲ'

'ဟုတ်ပြီ အေးငယ်၊ ရပါပြီ'

အေးငယ်က ညင်ညင်သာသာပင် ပြန်ထွက်သွားသည်။

ကျွန်တော်က အတန်ကြာတွေ၍ စဉ်းစားနေမိ၏။



BURMESE CLASSIC .com

www.burmeseclassic.com

# အပိုင်သုံး

BURMESE CLASSIC .com

[၁]

'လာ . . . အေးငယ်၊ ထိုင်ပါဦး'

ကျွန်တော် လှမ်းခေါ်ခိုင်းလိုက်၍ မကြာမီ အေးငယ်ရောက်လာသည်။

အေးငယ်က ကျွန်တော့်စကားအဆုံးမှာ ကျွန်တော့်စားပွဲရှေ့ ကုလားထိုင်တွင် ဝင်ထိုင်သည်။ သူ ဘာမှမပြောခင်မှာပင် ကျွန်တော်က စ၍ . . .

'ညှော်သည်ကိစ္စကို အလုပ်ကိစ္စနဲ့လာတဲ့ ညှော်သည်ကလွဲရင် ကျန်တဲ့ ကိုယ်ရေးကိုယ်တာကိစ္စနဲ့လာတဲ့ ညှော်သည်မှန်သမျှ ဂိတ်ဝမှာပဲ အထဲကလူက ထွက်တွေ့ဖို့ စည်းကမ်းထုတ်လိုက်တယ် အေးငယ်'

'ဟုတ်ကဲ့ ဆရာ . . . အေးငယ် သိပြီးပါပြီ'



BURMESE CLASSIC .com

www.burmeseclassic.com



'အဲဒါ အေးငယ်ဆီက ကိုယ်နည်းနည်းပါးပါး သိချင်တာရှိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ စည်းကမ်းထုတ်တာနဲ့ ပတ်သက်ပြီး ကိုယ် ဒု-စက်ရုံမှူးနဲ့ တော်တော် အငြင်းအခုန် လုပ်လိုက်ရတယ်၊ သူက ဒီစည်းကမ်း မလုပ်စေချင်ဘူး၊ ပြီးတော့ မောင်ကျော်ကျော်နဲ့ ပတ်သက်လို့လည်း ကိုယ့်ကိုသတိထားနေဖို့ သူကပြောတယ်'

အေးငယ် မျက်လွှာချလိုက်သည်။ သက်ပြင်းတစ်ချက်ချပြီးမှ . . .

'အေးငယ်လည်း ဆရာ့ကို အဲဒီကိစ္စနဲ့ပတ်သက်လို့ ပြောမလို့ပါ၊ ဟုတ်ပါတယ် ဆရာ . . . ဒီကိစ္စနဲ့ပတ်သက်လို့ ကျော်ကျော် အရမ်း စိတ်ဆိုးသွားပါတယ်'

'အဲဒီတော့'

'ကျော်ကျော်ကတော့ ဒီမြို့မှာ သိပ်ဆိုးတယ်ဆရာ၊ ဆရာ သွားတာလာတာ၊ နေတာထိုင်တာမှာ သတိနဲ့ သွားလာနေထိုင်ရင် ကောင်းမယ်၊ ဆရာ့မှာ အန္တရာယ်ဖြစ်မှာ စိုးလို့ပါ'

'ကိုတင်ဝင်းအောင်ကလည်း ဒီလိုပဲပြောတယ် အေးငယ်၊ ကိုယ် သူ့ကို အသေးစိတ်ပြောပါလို့ မေးတော့ . . . သူက သူ မပြောချင်ဘူး အေးငယ်ကိုပဲ မေးကြည့်ပါလို့ ပြောတယ်၊ အဲဒါ အေးငယ် ကိုယ့်ကို နည်းနည်းပါးပါး ရှင်းပြပါလား'

အေးငယ် မျက်လွှာတစ်ချက် လှန်ကြည့်သည်။

'သူက အေးငယ်ကို ကျောင်းကတည်းက လိုက်နေတာပါ ဆရာ၊ ဒါပေမဲ့ အေးငယ်က သူ့ကို လက်မခံပါဘူး၊ ခု အေးငယ် အလုပ်ဝင်တော့လည်း စက်ရုံထဲအထိ လိုက်လိုက်ပြီး နှောင့်ယှက်နေပါတယ်'



BURMESE CLASSIC .com

www.burmeseclassic.com



'အရင်စက်ရုံမှူး လက်ထက်တုန်းကတော့ အေးငယ် ခု ကိုယ့်ကို လာပြောသလို မပြောဘူးလား'

'အရင်စက်ရုံမှူးလက်ထက်က အေးငယ် အလုပ်မဝင်ရသေးဘူး ဆရာ၊ အေးငယ် အလုပ်ဝင်တာ သိပ်မကြာသေးပါဘူး၊ ဆရာ မရောက်ခင် ဦးတင်ဝင်းအောင် ခေတ္တစက်ရုံမှူး လုပ်နေတုန်းကမှ ဒီကိစ္စတွေ ဖြစ်တာပါ'

'ဦးတင်ဝင်းအောင်ကိုကော မပြောမပြဘူးလား'

'ဦးတင်ဝင်းအောင်နဲ့ ကျော်ကျော်တို့က အရမ်းရင်းနှီးကြတယ် ဆရာ၊ ဦးတင်ဝင်းအောင်ကို အကြောင်းပြပြီး စဝင်ထွက်တာဆိုတော့ အေးငယ်လည်း မပြောရဲဘူး'

'ကိုယ့်ကျတော့ ဘာဖြစ်လို့ ပြောတာလဲ'

'ဆရာ စက်ရုံကို စည်းကမ်းတကျ ပြန်လုပ်နေတာကို အေးငယ် အပါအဝင် ဝန်ထမ်းတော်တော်များများက သိနေပါတယ်၊ အဲဒီလိုလုပ်တဲ့အတွက် သဘောမကျတဲ့သူတွေ ရှိပေမယ့် အေးငယ်တို့ အများစုကတော့ လက်ခံပါတယ်၊ ဒီလိုပဲ လုပ်တာကို သဘောကျပါတယ်၊ ဒါကြောင့် ဆရာ့ကိုလည်း အေးငယ် အရဲစွန့်ပြီး ပြောပြရတာပါ'

'မောင်ကျော်ကျော်က တော်တော်ဆိုးသလား အေးငယ်'

'ဆိုးတယ် ဆရာ၊ သူတို့က ဒီမြို့မှာ အချမ်းသာဆုံးလည်း အချမ်းသာဆုံး၊ သူ့မိဘတွေကလည်း လူကြီးပိုင်းတွေနဲ့ အရမ်းပေါက်ရောက်တာဆိုတော့ သူ့အပေါင်းအသင်းအုပ်စုတွေနဲ့ ခပ်ရမ်းရမ်းနေတာကို ဘယ်သူမှ သိပ်မပြောရဲဘူး'

'အေးငယ်ကိုရော သူတို့က တော်တော်ဆိုးဆိုးရွားရွား နှောင့်ယှက်နေလို့လား'



BURMESE CLASSIC .com

www.burmeseclassic.com



'အဲဒီလိုတော့ မဟုတ်ပါဘူး ဆရာ၊ သူနဲ့ ပတ်သက်လို့ အေးငယ် ကြောက်လည်းကြောက်တာနဲ့ သူ့အချစ်ကို လက်မခံတာ လွဲရင် ခင်ခင်မင်မင် လိုက်လိုက်လျောလျောတော့ နေခဲ့ပါတယ်၊ အဲဒါကို သူက တစ်မျိုး အဓိပ္ပာယ်ကောက် လွဲချင်လည်း လွဲမှာပေါ့'

ကျွန်တော် ခေါင်းညိတ်သည်။

'ကောင်းပြီလေ၊ အေးငယ် သတိပေးတာကိုလည်း ကိုယ် သတိထားပါ့မယ်၊ ဒါပေမဲ့ ဂရုတော့ မစိုက်ပါဘူး၊ စက်ရုံကိစ္စက ကိုယ့်တာဝန်အရ ကိုယ်ဆောင်ရွက်တာပဲ၊ အေးငယ်ကြောင့် သက်သက် ဒီစည်းကမ်းထုတ်ရတာ မဟုတ်ပါဘူး၊ စက်ရုံလုံခြုံရေးနဲ့ ဝန်ထမ်းတွေ အလုပ်ခွင်မှာ စိတ်အနှောင့်အယှက် မဖြစ်ဖို့ကိစ္စဟာ စက်ရုံမှူးလုပ်ရတဲ့ အလုပ်ပါ'

'ဟုတ်ပါတယ် ဆရာ၊ ဒါပေမဲ့ ဆရာ့ကို အေးငယ် ကျေးဇူးတင်တာတော့ ကျေးဇူးတင်ပါရစေ၊ နောက်တစ်ခုက ခုလာမယ့် စနေနေ့ကျရင် အေးငယ်တို့အိမ်မှာ ဆွမ်းကျွေးရှိပါတယ်၊ အဲဒါ ဆရာလာနိုင်ရင် လာခဲ့ပါ ဆရာ၊ အေးငယ် မေမေကလည်း ဆရာ့ကို ဖိတ်ခိုင်းလိုက်ပါတယ်'

'အေးငယ်တို့အိမ်က ဘယ်နားမှာလဲ'

'ဈေးနားမှာပါ ဆရာ၊ မြို့နယ် လုပ်ငန်းစစ်ဆေးရေးက ဦးစိုးတင့်တို့အိမ် သိတယ်မဟုတ်လား'

'သိတယ် အေးငယ်'

'သူတို့အိမ်နားမှာပါပဲ၊ ဆရာ အဲဒီနေ့ကျရင် သူ့ဆီဝင်ပြီးမှ သူနဲ့အတူ လာခဲ့ပေါ့၊ အေးငယ် ဦးစိုးတင့်ကို ကြိုပြောထားပါမယ်'

'အဲဒါ ကောင်းသားပဲ၊ ကိုစိုးတင့်ကို ကိုယ် မနက်ကိုးနာရီ



BURMESE CLASSIC .com

www.burmeseclassic.com



ရောက်အောင် လာခဲ့မယ်လို့ ပြောထားပေါ့၊ ကိုယ်လည်း သူ့ဆီ ဖုန်းဆက်လိုက်ပါ့မယ်'

'ဟုတ်ကဲ့ ဆရာ'

အေးငယ်က ခဏအကြာတွင် ပြန်သွားသည်။

ကိုယ့်အလုပ်ဌာနမှ ဝန်ထမ်း၊ ကိုယ့်ထက် ငယ်သူလည်းဖြစ် ကျွန်တော့်စိတ်ထဲမှာလည်း ခင်ကြီးနှင့် ပတ်သက်၍ အလဲအကွဲ ခံစားရပြီးကတည်းက ရင်ခုန်လှုပ်ရှားတတ်သော စိတ်များလည်း ငြိမ်သက်သေဆုံးသွားသလို ဖြစ်နေပြီမို့ ထွေလီကာလီစိတ် မဖြစ်သော်လည်း အေးငယ်ကို အလိုအလျှောက် ခင်မင်သွားမိသည်ကတော့ အမှန်ဖြစ်သည်။

အေးငယ်အနေအထားက သည်မြို့လေးနှင့် မလိုက်အောင် ပင် လှပသည်။ မျက်နှာဖြူဖြူနုနုလေးမှာ အပြစ်ပြောစရာ တစ်ကွက်မှ မရှိ။ ဆေးမကူဘဲ နက်မှောင်နေသော မျက်ခုံး မျက်တောင်လေးများ၊ ဆိုးဆေးမတင်ဘဲ နီထွေးနေသော နှုတ်ခမ်းပါးလေးများ၊ နူးညံ့သိမ်မွေ့သော်လည်း ဟန်ပန်မများသော ပြောဟန်ဆိုဟန်ကလေးများ။

သူဌေးသား ကျော်ကျော် အသဲအမဲ ပိုးပန်းနေသည်ဆိုသည်မှာ မလုံလောက်စရာမရှိ။

သည်မိန်းကလေးအကြောင်းကို ကျွန်တော်ပင်လျှင် မကြာခဏ တွေးနေမိ၏။

◈

'ဪ . . . ဆရာတို့လာပြီ၊ လာ ဆရာ၊ ကိုးနာရီ ကျော်တာတောင်



BURMESE CLASSIC .com

www.burmeseclassic.com



မလာသေးလို့ အေးငယ်မျှော်နေတာ၊ ဧကန္တ ကိုစိုးတင့်ကြီး အလှပြင်တာ စောင့်နေရတယ် ထင်တယ်'

အေးငယ်က ဝမ်းသာအားရ ကြိုသည်။

ကိုစိုးတင့် ရယ်ပြီး . . .

'ဟား . . . ဘယ်က ငါအလှပြင်တာ စောင့်နေမှာလဲ နင့်ဆရာကိုက နောက်ကျတာဟ၊ ဒါတောင် မျက်ခုံးမွှေးတစ်ဖက်ပဲ ဆွဲခဲ့ရတယ် မတွေ့ဘူးလား'

'လုပ်ပြီ . . . ကိုစိုးတင့်ကြီးကတော့ ပြောတော့မယ်၊ အေးငယ်ဆရာ ဘာမှပြင်စရာမလိုဘူး ခန့်ပြီးသား'

အေးငယ်ပုံစံလေးက ဖျတ်ဖျတ်လတ်လတ်နှင့် သွက်လက်နေသည်။

ယူနီဖောင်းနှင့် မြင်နေကျမို့ ခုလိုလှလှပပလေး ပြင်ဆင်ထားသည့်ကိစ္စကို ပထမဆုံး မြင်ဖူးသည်မှာပင် ကျွန်တော် အံ့သြနေသည်။

လှလိုက်တာဟုလည်း စိတ်ထဲမှာ ချီးမွမ်းမိ၏။

'ဆရာ . . . ဒါ အေးငယ်မေမေပါ ဒေါ်ခင်ဖြူတဲ့၊ ဆရာက အေးငယ်တို့ စက်ရုံက စက်ရုံမှူးပါ မေမေ၊ ဦးခင်မောင်လတ်တဲ့'

အေးငယ်က သူ့မိခင်နှင့် မိတ်ဆက်ပေးသည်။ သူ့မိခင်က အသက် သိပ်မကြီးသေး၊ လေးဆယ့်ငါးဝန်းကျင်လောက်ပဲ ရှိဦးမည်ဟု ကျွန်တော်ခန့်မှန်းသည်။ သူ့လိုပင် ခပ်သွယ်သွယ်ဖြူဖြူမြင့်မြင့်ဖြစ်၍ ငယ်စဉ်က အေးငယ်လိုပင် တော်တော်လှမည်ဟု ခန့်မှန်းနိုင်သည်။

ဒေါ်ခင်ဖြူက ပြုံးရင်း . . .

'သြော် . . . သမီးတို့ စက်ရုံမှူးလား၊ စက်ရုံမှူးကြီးဆိုတော့ အန်တီက အသက်ကြီးကြီး တော်တော် လူကြီးကြီး အောက်မေ့နေ



BURMESE CLASSIC .com

www.burmeseclassic.com



တာ၊ ဆရာက ငယ်ငယ်လေးပဲ’

‘ကျွန်တော်က ဘွဲ့ရပြီးပြီးချင်း ဒီအလုပ် တန်းရတာပါ အန်တီ’

‘သူတို့ အင်ဂျင်နီယာတွေက ဒါမျိုး ဖြစ်တတ်တယ် အန်တီရဲ့ ကိုလတ်က ကျွန်တော်တို့နဲ့ တက္ကသိုလ်တုန်းက အတန်းတူလောက်ပါပဲ’

‘ခုလည်း ရတဲ့လခကတော့ အတူတူပါပဲ ကိုစိုးတင့်ရာ’

ကျွန်တော်က ကိုစိုးတင့် စကားကို ဝင်ချေပသည်။ ကျွန်တော် စကားအဆုံးမှာ ဒေါ်ခင်ဖြူက . . .

‘အသက်ငယ်ပေမယ့် ဆရာ အလုပ်တာဝန်ကျေပွန်တာ စည်းကမ်းကြီးတာ၊ စက်ရုံကို နိုင်နိုင်နင်းနင်း အုပ်ချုပ်နိုင်တာတွေတော့ သမီးက ချီးကျူးမဆုံးဘူး ဆရာ၊ ဒီလိုပဲ ဖြစ်ရမှာပေါ့လေ၊ ဒီခေတ်က လူငယ်တွေခေတ်ပဲ၊ သမီးနဲ့ပတ်သက်လို့လည်း အစစ ဆုံးမပါဆရာ၊ ဆရာတို့ကိုပဲ အပ်ထားရမှာပဲ’

‘ကဲ . . . စကားတော့ နောက်မှအေးအေးဆေးဆေး ပြောတော့ မေမေ၊ ဆရာတို့ကို အရင် ကျွေးလိုက်ဦးမယ်၊ ဆရာကတော့ အကြောင်းမဟုတ်ပါဘူး၊ တော်ကြာ ကိုစိုးတင့်ကြီးက ကျွေးတာ နောက်ကျလို့ဆိုပြီး သမီးကို အပြစ်တင်နေဦးမယ်’

‘အောင်မာ လာပြန်ပလား၊ ငါ့ မပြောနဲ့ နင့်ဆရာက ငါ့ထက်တောင် ပိုငတ်ကြီးကျသေးတယ်’

‘အံမယ် . . . အဲလို မပြောပါနဲ့နော်၊ အေးငယ်ဆရာက ကိုစိုးတင့်ကြီးလို မဟုတ်ပါဘူး’

‘တွေ့လား . . . တွေ့လား . . . သူ့ဆရာထိတော့ နာတယ်၊ ချာတိတ်နော် . . . စက်ရုံမှူးဆိုပြီး သိပ်ဖားမနေနဲ့၊ နင့်လုပ်သက်နဲ့



BURMESE CLASSIC .com

www.burmeseclassic.com



ပရိုမိုးရှင်းဖြေဖို့က အဝေးကြီးလိုသေးတယ်’

‘အံမယ် . . . ဖားတာ မဟုတ်ပါဘူးနော်၊ အေးငယ် ဒါမျိုး ဝါသနာမပါဘူး၊ လာ ဆရာ၊ သူပြောတာ အဟုတ်မမှတ်နဲ့၊ တကယ် ဖြေရတော့မှ အေးငယ်ကို အမှတ်ပိုပေး’

အေးငယ်နောက်တတ်မှန်း ခုမှပင် သိရသည်။ သူ့စကား ကြောင့် အားလုံး ရယ်လိုက်ကြသည်။ ကျွန်တော်လည်း ရင်ထဲ ထိတ် ခနဲ ဖြစ်သွား၏။

သူ့စကားကြောင့်တော့ မဟုတ်။ ကလေးမက ချာတိတ်ပီပီ ဖိုးဇတ်ဆို သွက်သွက်လက်လက် ကျွန်တော့်လက်ကိုဆွဲပြီး မုန့်စားပွဲ ဝိုင်းဆီ ခေါ်သွားသောကြောင့် ဖြစ်သည်။

စားပွဲဝိုင်းဆီရောက်သည်အထိ ကျွန်တော့်လက်ကို မလွှတ်။

ကျွန်တော်တို့ကို ကြည့်ပြီး ရယ်နေသော စက်ရုံမှ အလုပ် သမားနှင့် ဝန်ထမ်းအချို့ကို မြင်ရသောကြောင့် ကျွန်တော် ရှက်ကိုး ရှက်ကန်း ဖြစ်သွားသည်။

ရယ်နေသော ဝန်ထမ်းများထဲမှ မျက်နှာပျက်နေသော ဝန် ထမ်းတစ်ယောက်ကိုလည်း သတိထားမိလိုက်၏။

အခြားသူ မဟုတ် . . . ဦးတင်ဝင်းအောင်။

◈

‘အေးငယ်တို့မှာ မောင်နှမသားချင်း ဘယ်နှစ်ယောက်ရှိလဲ’

ခုထိ သူမိတ်ဆက်ပေးသည့်အထဲမှာ အမေတစ်ယောက်သာ ပါသေးသဖြင့် ဇွန်းကို မုန့်ဟင်းခါးပန်းကန်ထဲ နှစ်ထားရင်း ကျွန်တော်



BURMESE CLASSIC .com

www.burmeseclassic.com



မေးကြည့်သည်။

'အေးငယ်က စုစုပေါင်း သမီးတစ်ယောက်တည်းဆရာ၊ တစ်အိမ်လုံးမှာ အေးငယ် ဗိုလ်ပဲ'

'ဟုတ်တယ် ကိုလတ်ရ၊ ကုလားပဲတို့ ပဲစင်းငုံတို့ မရှိဘဲ ဗိုလ်ပဲ တစ်ယောက်တည်း ထင်တိုင်းကျဲနေတာပဲ၊ ခုကော ဘာကိစ္စကျွေး တာလို့ ခင်ဗျားကို ဖိတ်ထားလဲ'

ကိုစိုးတင့်က ဝင်မေးသည်။ ကျွန်တော်က အေးငယ်မျက်နှာ လှမ်းကြည့်သည်။ အေးငယ်က ပြုံးရင်း . . .

'ပြောလိုက်လေ ဆရာ၊ ဆရာ့ကို အေးငယ် ဘယ်လိုဖိတ်ထား လဲတဲ့'

'ကျွန်တော် ပြောတာတော့ ဆွမ်းကျွေးလို့ပဲ ပြောတာပဲ ကိုစိုး တင့်ရ'

'ဘာအတွက် ဆွမ်းကျွေးလို့ မပြောဘူးလား'

'ဟင့်အင်း'

'မေးကြည့် . . . မေးကြည့်၊ ကာယကံရှင် သူ့ဟာသူ ပြော လိမ့်မယ်'

'ဘာအတွက်လဲ အေးငယ်'

'အလကားပါ ဆရာ၊ အေးငယ်ကို သူ သက်သက်မဲ့ စ,မလို့ ချွန်နေတာ၊ ခုပွဲက အေးငယ် အသက်နှစ်ဆယ်ပြည့်တဲ့ မွေးနေ့၊ အေးငယ်ကို အပျိုကြီးလို့ သူ စ,မလို့ ဟုတ်တယ်မဟုတ်လား ကိုစိုး တင့်'

ကိုစိုးတင့်က ရယ်သည်။

'ဒါပေါ့ ကိုလတ်၊ စဉ်းစားကြည့်ဗျာ . . . နှစ်ဆယ်ဆိုတဲ့



BURMESE CLASSIC .com

www.burmeseclassic.com



အသက်က နည်းလား၊ မနက်ဖြန်ဆိုရင်ပဲ အရွယ်တော် တစ်ဆိတ် ဟိုင်းလို့ နှစ်ဆယ်ကျော် အစိတ်ပိုင်း ရောက်တော့မယ်၊ အဲဒါ သူ့ကိုယ်သူ ကလေးတဲ့'

'အို . . . အေးငယ်က ကလေးလို နေတာပဲ၊ နှစ်ဆယ်ဖြစ်ဖြစ်၊ အစိတ်ဖြစ်ဖြစ် ကလေးက ကလေးပဲပေါ့ မဟုတ်ဘူးလား၊ ဆရာက လည်း အေးငယ်ကို ကူပြောပေးပါဦး'

ကျွန်တော် ရယ်လိုက်သည်။

'ဟုတ်တယ် ကိုစိုးတင့်၊ အဲဒါတော့ အေးငယ်ကို အပြစ်မပြော နဲ့၊ သူက နှစ်ဆယ် ဘာဟုတ်သေးလဲ၊ ကျွန်တော်တောင် အစိတ်ပြည့် ပြီး စက်ရုံထဲမှာသာ ရှုးသိုးသိုး လုပ်နေရတာ၊ အပြင်မှာတော့ ကိုယ့် ကိုယ်ကို ကလေးပဲ အောက်မေ့နေတာဗျ'

'ကဲ . . . တွေ့လား ကိုစိုးတင့်၊ ဆရာတောင် အစိတ်ကျော်ပြီ၊ ကလေးပဲတဲ့'

ကျွန်တော်တို့ကိုကြည့်၍ ကိုစိုးတင့်က လက်မြှောက်ပြသည်။

'တော်ပြီ . . . တော်ပြီ၊ ခင်ဗျားတို့ ဆရာတပည့်နှစ်ယောက် ကိုတော့ ကျွန်တော် လက်မြှောက်ပြီ၊ နောက်နေ့မှ ခင်ဗျားတို့နှစ် ယောက် ဆော့ဖို့ အိုးပုတ်ချိုးရုပ် ပလုပ်တုတ်တွေ စက်ရုံကို ပို့လိုက်ဦး မယ်၊ ဒီလောက် ကလေးဖြစ်ချင်တဲ့သူတွေ တစ်ခါမှ မတွေ့ဖူးဘူး'

ကျွန်တော်တို့နှစ်ယောက် သဘောကျစွာ ရယ်လိုက်ကြသည်။ ဝိုင်းကလေးက သည်နည်းနှင့် အတော်စည်ကားသွား၏။

www.burmeseclassic.com

## [၂]

ထိုစဉ် . . . အိမ်ရှေ့ဘက်မှ မော်တော်ဆိုင်ကယ် အိပ်ဇောကို တမင်ဆူညံအောင် ပြုပြင်ထားသဖြင့် တဖုန်းဖုန်းမြည်နေသော အသံများကြားရသည်။

ထိုအသံများက ခပ်ဝေးဝေးဆီမှနေ တဖြည်းဖြည်း နီးလာပြီး အိမ်ရှေ့ကျမှ ရပ်လိုက်ပုံရသည်။ အသံများ ပိုကျယ်လာပြီးမှ ရပ်သွား၏။

'အေးငယ် . . . နင့်ဗရုတ်သုက္ခကောင်တွေတော့ လာနေပြီ၊ သွား . . . ကြည့် ဧည့်ခံလိုက်ဦး'

ကိုစိုးတင့်စကားကြောင့် ကျွန်တော်အိမ်ရှေ့ဘက် လှမ်းကြည့်လိုက်သည်။ အိမ်ရှေ့ပြတင်းမှ ပန်းအိပင်များ တွယ်နေသဖြင့် ဘာမှ

www.burmeseclassic.com



မမြင်ရ။

အေးငယ်မျက်နှာ သုန်မှုန်သွားသည်။

'ကြည့် . . . စိတ်ညစ်ဖို့ကောင်းတယ် ကိုစိုးတင့်၊ အဲဒီကောင်တွေကို အေးငယ် လုံးလုံးဖိတ်ထားတာ မဟုတ်ဘူး၊ သူတို့မို့ မဖိတ်ဘဲ အရှက်မရှိ လာရဲတယ်'

ကျွန်တော်က ဘာဖြစ်မှန်း မရိပ်မိသဖြင့် အေးငယ်ကိုသာ အခြေအနေ ကြည့်နေသည်။ အေးငယ်က ကျွန်တော့်ဘက်လှည့်ပြီး . . .

'ကျော်ကျော်တို့ပေါ့ ဆရာ'

'သြော်'

ကျွန်တော်က သည်လောက်သာပြောပြီး ငြိမ်နေလိုက်သည်။ အေးငယ်ကတော့ ငြိမ်မနေ . . .

'ကြည့်နေ ကိုစိုးတင့်၊ အေးငယ် သူတို့ကို လုံးဝသွားမခေါ်ဘူး၊ ဧည့်လည်း မခံဘူး၊ သူတို့ဟာသူတို့ အရှက်မရှိရင် ဝင်စားသွားကြပစေ'

'အဲ . . . အဲလိုတော့ မလုပ်နဲ့လေ၊ ဒီကောင်တွေအကြောင်းလည်း နင်သိသားနဲ့၊ ကိုယ့်အိမ်လာတဲ့ ဧည့်သည်ကိုတော့ ဧည့်သည်လို ဆက်ဆံမှပေါ့'

ပြောဆိုနေရင်းပင် ကျော်ကျော်တို့အုပ်စု တိုက်ထဲဝင်လာသည်။ ပုံစံတွေကတော့ ထုံးစံအတိုင်း အရမ်းကို သားနားနေသည်။ ကျော်ကျော်နှင့် ရွယ်တူ သုံးလေးယောက်ကလည်း ကျော်ကျော့်လိုပင် အဖိုးတန် အဝတ်အစားများနှင့် လှပနေ၏။ မျက်နှာကြောလေးတွေကသာ အရွယ်နှင့် မလိုက်အောင် ခပ်တင်းတင်း ဖြစ်နေကြသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ဝင်လာကြပြီးနောက် မျက်လုံးဖြင့် တစ်ခန်းလုံးကို လိုက်ကြည့်သည်။ သည်တော့မှ ကျော်ကျော့်လက်ထဲတွင် မွေးနေ့လက်ဆောင် ယူလာဟန်တူသော ပက်ကင်ထုပ်တစ်ထုပ် ပါလာမှန်း သတိထားမိသည်။

'လာ . . . မောင်ကျော်ကျော်တို့ ဝင်ထိုင်ကြ၊ သမီး မုန့်ပွဲလေး ဘာလေး ချပေးလေ'

အေးငယ်မေမေ ဒေါ်ခင်ဖြူကတော့ လူကြီးပီပီ ဣန္ဒြေရရပင် ဆီးကြိုနှုတ်ဆက်သည်။ အခန်းထဲက မျက်လုံးများက ကျော်ကျော်တို့ဆီတစ်လှည့် ကျွန်တော်တို့ဆီတစ်လှည့် ကူးပြီးအခြေအနေ အကဲခတ်နေကြသည်။

ကျော်ကျော့်မျက်လုံးများက ကျွန်တော်တို့ဝိုင်းရောက်သည်နှင့် ပုံပြောင်းသွားသည်။ မျက်မှောင်တစ်ချက် မသိမသာကြုတ်သွားပြီး မျက်နှာလည်း ပျက်သွားသည်။

ထို့နောက် ဒေါ်ခင်ဖြူဘက်လှည့်၍ တစ်ချက်ပြုံးပြရင်း . . .

'ရပါတယ် အန်တီ၊ ကျွန်တော်တို့က သူစိမ်းတွေ မဟုတ်ပါဘူး၊ ဖြည်းဖြည်းမှ စားတာပေါ့'

'အေးကွယ် . . . ဒါဆိုလည်း ထိုင်ကြပါဦး'

'ဟုတ်ကဲ့ အန်တီ၊ ခဏလေးပါ။ အေးငယ်ကို လက်ဆောင်ပေးမလို့'

ပြောပြောဆိုဆိုနှင့် ကျွန်တော်တို့ဝိုင်းဆီ လျှောက်လာသည်။ ကျွန်တော့်ဘေးနားတွင် ဒူးထောက်ထိုင်နေသော အေးငယ် ဘေးရပ်၍ . . .

'ရော့ . . . အေးငယ် . . . အေးငယ်အတွက် မွေးနေ့လက်



BURMESE CLASSIC .com

www.burmeseclassic.com



ဆောင် . . . .’

အေးငယ်က တစ်ချက်မော့ကြည့်ရင်း . . .

‘ငါ ဘာလက်ဆောင်မှ လက်မခံဘူး ကျော်ကျော်၊ ငါ့မွေးနေ့အတွက် ငါ ရိုးရိုး ဆွမ်းကျွေးတာ၊ ဒီမှာ ဖိတ်ထားတဲ့ လူတွေအားလုံးလည်း ဘယ်သူမှ လက်ဆောင်ယူမလာဘူး’

‘အေး . . . ဒါပေမဲ့ ငါက နင့်မွေးနေ့မှာ လက်ဆောင် မပေးရရင် မနေနိုင်လို့ ယူလာတာ အေးငယ်၊ ဒီထဲက တခြားလူတွေနဲ့ ငါနဲ့လည်း မတူဘူး၊ နင် မယူလည်း ငါ အတင်းပေးရမှာပဲ’

‘ငါ မလိုချင်ဘူး’

အေးငယ်အသံက ခပ်မာမာထွက်သွားသည်။

ကျွန်တော်က ကိုစိုးတင့်ကို တစ်ချက် လှမ်းကြည့်သည်။ ကိုစိုးတင့်က သဘောပေါက်သွားဟန်ဖြင့် တစ်ချက်ရယ်လိုက်ရင်း . . .

‘ကဲပါ . . . သူငယ်ချင်းအချင်းချင်း ခင်လို့မင်လို့ ယူလာတာပဲ၊ အေးငယ်ကလည်း ယူလိုက်၊ ပြီးတော့ ကျော်ကျော်တို့ကိုလည်း မုန့်လေး ဘာလေးချပြီး ဧည့်ခံလိုက်ပါဦး၊ တို့က အေးအေးဆေးဆေးမှ ပြန်ကြမှာပါ၊ အစ်ကိုကြီး ကိုထွေးရော နေကောင်းလား ကျော်ကျော်’

‘ကောင်းပါတယ်’

ကိုစိုးတင့်က အေးငယ်ကိုပြောရင်း ကျော်ကျော်ဘက်ပါလှည့်၍ နှုတ်ဆက်သည်။ ကျော်ကျော်ကတော့ မျက်နှာတင်းတင်းနှင့်ပင် ဝတ်ကျေတန်းကျေ တုံ့ပြန်သည်။

ဒါတောင် အေးငယ်က သိပ်မလှုပ်။ ကျွန်တော် မနေသာတော့ဘဲ . . .

‘ဟုတ်သားပဲ အေးငယ် . . . သွားလိုက်လေ’

www.burmeseclassic.com



သည်တော့မှ အေးငယ် သိသိသာသာ သက်ပြင်းချရင်း ထရပ်သည်။ ကျော်ကျော့်လက်ထဲက အထုပ်ကို ဆောင့်အောင့်ယူရင်း ကျွန်တော်တို့ စားပွဲမှာပင် ချထားခဲ့သည်။

ကျော်ကျော်တို့ စားပွဲဝိုင်းမှာ ဝင်ထိုင်ချိန်တွင် ကိုတင်ဝင်းအောင် တစ်ယောက် သူတို့ဝိုင်းသို့ ထသွားသည်ကိုလည်း မြင်လိုက်ရသည်။

အေးငယ်က မုန့်ပွဲလာချပေးသော ကောင်မလေးများကို လှမ်းခေါ်လိုက်၏။

◈

'အေးငယ်တို့က တော်တော်ချမ်းသာတာပဲ ကိုစိုးတင့်'

ကျွန်တော်က ထိုစားပွဲဘက် အာရုံမရောက်အောင် စကားမရှိစကားရှာရင်း တစ်ဖက်ကလည်း အေးငယ်တို့အိမ် တိုက်နှင့်ခြံဝန်းပရိဘောဂတို့ကို လေ့လာတွေ့ရှိသလောက် ကိုစိုးတင့်နှင့် မေးကြည့်သည်။

ကိုစိုးတင့်က ခေါင်းညိတ်၍ . . .

'မဆိုးပါဘူး ကိုလတ်၊ သူ့အဖေရှိတုန်းကတော့ ဒီထက် ပိုချမ်းသာတာပေါ့လေ၊ ခုတော့ ထိုင်စားသက်သက် ဖြစ်နေတော့ အရင်ကလောက် ဝင်ငွေတော့ မကောင်းဘူးပေါ့၊ ဒါပေမဲ့ သူတို့သားအမိ နှစ်ယောက်တည်းကတော့ လေးငါးသက် ထိုင်စားလည်း လုံလောက်ပါတယ်ဗျာ'

ဟုတ်နိုင်သည်ဟု ကျွန်တော် အောက်မေ့သည်။ အေးငယ်တို့



BURMESE CLASSIC .com

www.burmeseclassic.com



တစ်ထပ်တိုက်ကလေးက တော်တော် သစ်သစ်လွင်လွင်နှင့် ကျယ်ကျယ်ဝန်းဝန်းလေး ရှိသလို တိုက်အပြင်ဖက် ခြံဝန်းကလည်း မြေတော်တော်ကျန်သေးသည်။ ပရိဘောဂများကလည်း အဖိုးတန်ခေတ်မီ အသုံးအဆောင်များပင်။

'သူ့အဖေကရော . . .'

'ဆုံးသွားပြီ ကိုလတ်၊ ကောင်မလေး ဆယ်တန်းတက်နေတုန်းမှာ ကင်ဆာနဲ့ ဆုံးသွားတာ၊ ကောင်မလေး စာမေးပွဲ ဖြေခါနီးကြီး ဖြစ်သွားတာဆိုတော့ ကောင်မလေးခမျာ စာတော်လျက်နဲ့ အမှတ်နည်းသွားတယ်၊ ဒါကြောင့် တက္ကသိုလ်တောင် ဆက်မတက်တော့ဘဲ အဝေးသင်နဲ့ ဘွဲ့ယူဖို့ လုပ်တော့တာ'

'ခုရော ကျောင်းပြီးပြီလား'

'မပြီးသေးဘူးဗျ၊ ခုမှ နောက်ဆုံးနှစ်ဖြစ်မယ် ထင်တယ်၊ ဘာလဲ ကျောင်းလည်း မပြီးသေး၊ ဒီလောက် ချမ်းသာလျက်နဲ့ အလုပ်ဝင်လုပ်နေလို့ အံ့သြနေလား'

'ဟုတ်တယ် ကိုစိုးတင့်'

'ဒါကတော့ သူ့စိတ်ကူးနဲ့ သူပါ၊ အိမ်မှာနေ အလကားပဲ၊ ဘာအလုပ်မှ မရှိဘူး၊ လူပိုလုပ်မနေချင်ဘူးဆိုပြီး ကျွန်တော်တို့ကို ပူဆာတာနဲ့ ကျွန်တော်တို့ပဲ ဝိုင်းအလုပ်ရှာပေးထားလိုက်တာ'

'ကိုစိုးတင့်ကိုတော့ တော်တော် ခင်ပုံရတယ်'

'ဟာ . . . ဒီကောင်မတွေက ကျွန်တော်တို့လက်ပေါ် ကြီးလာတာဗျ၊ ကျွန်တော့်ညီမနဲ့ သူနဲ့က အချစ်ဆုံးသူငယ်ချင်းတွေ၊ ခု ဟိုကောင်မ တက္ကသိုလ်တက်နေလို့ သူတစ်ယောက်တည်း ဖြစ်နေတာ၊ ကျောင်းပိတ်ရက်တွေကျ ခင်ဗျား တွေ့ပါလိမ့်မယ်၊ တစ်မြို့လုံး မျက်စိ

www.burmeseclassic.com



ရှုပ်အောင် တတွဲတွဲပဲ’

သည်မှာ ကိုယ့်စကားနှင့်ကိုယ် အာရုံပြောင်းနေဆဲမှာပင် အေးငယ်က အချိုပွဲ လက်ဖက်ပွဲများ လာချပေးသည်။ ပြီးတော့ ခပ်စူစူမျက်နှာနှင့် . . .

‘အချိုပွဲစားရင်း အေးအေးဆေးဆေး နေဦးနော် ဆရာ၊ နေ့လယ် ထမင်းစားပြီးမှ ပြန်ရမယ်၊ ကိုစိုးတင့်ကြီးလည်း တစ်ခါတည်း စားသွား၊ ဟိုပြဿနာကောင်တွေ မြန်မြန်ကျေနပ်သွားပြီး မြန်မြန်ပြန်မှ အေးမှာ’

‘အေးပါ၊ ကိုယ့်ကိစ္စ ကိုယ့်ဟာကိုယ် ရှင်းလိုက်ပါဦး၊ မနက်စာ တင် မဟုတ်ဘူး၊ တို့က ညစာပါ စားလို့ရတယ်၊ ဒါမျိုးကျွေးမယ့်သူပဲ လိုက်ရှာနေတာ’

‘တွေ့လား . . . ငတ်ကြီးကျတယ် ပြောတော့လည်း မခံချင်ဘူး၊ ဆရာ့သူငယ်ချင်း အဲဒါကြောင့် မိန်းမ မရတာ သိရဲ့လား’

‘ဟ . . . ဘာဆိုင်လို့လဲ’

ကျွန်တော် ရယ်နေလိုက်သည်။

ဟိုဘက်မှာ ရှုတင်းတင်း ဖြစ်နေသလောက် သည်ဘက်မှာ ခုခဏလေးတွင်ပင် ရွှတ်တွတ်တွတ် လုပ်၍ ပြုံးပြသွားသေးသော အေးငယ်ကို ကြည့်၍ ကျွန်တော် သဘောကျသွား၏။

တတ်လည်းတတ်နိုင်တဲ့ အေးငယ်ပါပေ။



BURMESE CLASSIC .com

www.burmeseclassic.com

[၇]

'အေးငယ်ခင်တတ် ပျော်တတ်ပါတယ် ဆရာ၊ ကိုစိုးတင့်ကြီး ပြောသလိုပဲ ဘယ်အသက်ရောက်ရောက် အေးငယ် ကလေးလိုပဲ ပေါက်ကရ လုပ်နေချင်တာပါ၊ ဒါပေမဲ့ အဲဒီကောင်တွေကျတော့ ဘယ်လိုမှကြည့်လို့မရဘူး၊ စက်ရုံမှာ ဆရာ့ကို ဒုက္ခပေးရတာလဲ အဲဒါကြောင့်ပဲ'

ထိုပုဂ္ဂိုလ်တစ်သိုက်ကလည်း တော်တော်လေးမှ တော်တော်လေးကြာအောင် နေသွားသည်။ သူတို့ပြန်တော့ ဧည့်ခန်းထဲမှာ ဧည့်သည် မကျန်သလောက် ဖြစ်သွားပြီ။

နောက်ဆုံး ကိုတင်ဝင်းအောင်ပင် မကျန်တော့မှ ကျွန်တော်တို့ကို နှုတ်ဆက်၍ ပြန်သွားသည်။

ကျွန်တော်ပင် ခု စခင်၊ ခုမှ စရောက်ဖူးသည့် အိမ်မှာ အကြာ


BURMESE CLASSIC .com

www.burmeseclassic.com



ကြီး နေရတာ မျက်နှာပူလာသဖြင့် ထပြန်ဖို့ ကြိုးစားသေး၏။

သို့သော် ကိုစိုးတင့်က ဘာလောနေရသလဲဗျ၊ အေးအေးဆေး ဆေးနေစမ်းပါ၊ စက်ရုံကျတော့လည်း အိမ်မဟုတ်ဘာမဟုတ် ဧည့်ရိပ်သာမှာ တစ်ယောက်တည်း ပျင်းခြောက်ခြောက်ကြီး ဖြစ်နေရမှာများ မပူပါနဲ့၊ အပြန်ကျရင် ကျွန်တော့်ကားနဲ့ ပြန်ပို့ပေးပါ့မယ်၊ ဘာညာနဲ့ ဇွတ်ဆွဲထားသဖြင့် ထိုင်နေရခြင်းဖြစ်သည်။

ကိုစိုးတင့်နှင့်ကတော့ လုပ်ငန်းအရလည်း ဆက်စပ်နေ၊ ပြီးတော့ ကျွန်တော်သည်ကို ပြောင်းလာကတည်းက စ,ရင်းနှီးရသူမို့ ပြောမနာ ဆိုမနာ၊ အားနာစရာ မရှိ။

ကျောင်းတုန်းက မျက်မှန်းတမ်း ခင်ခဲ့သော မြို့ပြအင်ဂျင်နီယာ ကိုနေဦးက သည်မြို့ဆောက်လုပ်ရေးမှာ ရှိသည်။ ကျွန်တော် ပြောင်းလာခါစက သူနှင့်ပတ်သက်၍ ကိုစိုးတင့်နှင့် ရင်းနှီးခဲ့ခြင်းသာ ဖြစ်သည်။

ကိုစိုးတင့်တို့က အေးငယ်တို့အိမ်နှင့် တစ်အိမ်ကျော်မျှသာ ကွာဝေးသည်။ ကိုစိုးတင့်တို့အိမ်ကိုတော့ အရင်က နှစ်ခါသုံးခါ ရောက်ခဲ့ဖူး၏။ ခုလို မဆက်စပ်မိသဖြင့် အေးငယ်နှင့် မရင်းနှီးခဲ့ခြင်းသာ ဖြစ်သည်။

ကျွန်တော်ကလည်း စောစောပိုင်းက အလုပ်ထဲသာ အာရုံစိုက်ပြီး ရုံးပိုင်းထက် စက်ရုံပိုင်းကို ဂရုစိုက်ဖြစ်သည်။

အထူးသဖြင့် ခင်ကြီးနှင့် ပတ်သက်ခဲ့ပြီးကတည်းက မိန်းကလေးဆို အာရုံပို မရှိစွာ နေလာခဲ့သောကြောင့် ရုံးပိုင်းက အေးငယ်ကို ရှိမှန်းပင် မသိခဲ့။ ကျော်ကျော်၏ကား အဝင်အထွက် ပြဿနာကျမှ အေးငယ်ကို သတိထား သတိပြုမိသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ခင်ကြီးကိုစွပြီး သည်ဘက်ပိုင်းမှာ အေးငယ်သည် ပထမဆုံး ရောရောနှောနှော ပြန်နေခဲ့သော မိန်းကလေးပင်။ အေးငယ်နှင့် သည်လိုနေလိုက်သောအခါကျမှ ဟိုတုန်းက အနုပညာအသင်းမှာ မိန်းကလေး သူငယ်ချင်းများနှင့် ခင်ခင်မင်မင် ပျော်ပျော်ရွှင်ရွှင် နေခဲ့သော အဖြစ်ဟောင်းများကို သတိရသည်။

စိတ်ထဲမှာလည်း ပြန်နုပျို လန်းဆန်းသလို ဖြစ်လာ၏။

'ဒါက အရေးမကြီးပါဘူး၊ ကဲ . . . နင့်ပုဂ္ဂိုလ် ပေးသွားတဲ့ လက်ဆောင်လေးဘာလေး ဖွင့်ကြည့်ပါဦး၊ သူကမှ အလိုက်ကန်းဆိုး သိသိနဲ့ မွေးနေ့လက်ဆောင်တွေ ပေးဖော်ရသေးတယ်၊ ငါတို့က လက်ချည်း လာစားတဲ့သူတွေ'

အေးငယ်စကားအဆုံးမှာ ကိုစိုးတင့်က ရွှတ်နောက်နောက် ဝင်ပြောသည်။ အေးငယ်က ရှုံ့မဲ့ရင်း . . .

'ဒီမှာ . . . ကိုစိုးတင့် ဒါ . . . တော၊ မြို့ကြီးပြကြီးလို ဖန်ခွက်စက္ကူပတ် လာပေးတဲ့ လက်ဆောင်လိုချင်လို့လုပ်တဲ့ မွေးနေ့မဟုတ်ဘူး၊ အပိုတွေ မပြောနဲ့၊ ဒီလက်ဆောင်လည်း တော်တော်ကြာကျရင် အမှိုက်ပုံးထဲ သွားထည့်ပစ်မှာ၊ သူ့ဟာ ဖွင့်တောင်မကြည့်ဘူး၊ သူ့ဟာသူ မိဘပိုက်ဆံဖြုန်းပြီး စိန်တစ်ဆင်စာ လာပေးလည်း အေးငယ်က မမက်မောဘူး၊ သိရဲ့လား'

'အဲဒါကြောင့် ငါလည်း နင့် မြန်မြန် ဖွင့်ကြည့်ခိုင်းတာပေါ့ဟ၊ နင်ပြောသလို ဖန်ခွက် စက္ကူပတ်ထားတာဆိုရင်တော့ ငါလည်း မမက်မောပါဘူး၊ စိန်တစ်ဆင်စာ ဆိုရင်တော့ နင် မယူရင်၊ တို့နှစ်ယောက် ယူပြီး ရောင်းစားမလို့'

ကိုစိုးတင့် တမင်နောက်နေမှန်း သိသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ကိုစိုးတင့်တို့ကလည်း သည်မြို့ပေါ်မှာ ကိုယ်ပိုင်ကားနှင့် ဘာနှင့်ရှိသော အတော်ပြေလည်ကြသည့် မိသားစုများဖြစ်သည်။ ကျော်ကျော်တို့လို နောက်ဆုံးပေါ် နံပါတ်နှင့် ကားအမျိုးအစားနှင့် မဟုတ်သော်လည်း ဏ, နံပါတ် ပရက်စတိုလေးတစ်စီးနှင့် ရုံးတက်ရုံး ဆင်း လုပ်နိုင်သော အနေအထားတော့ ရှိသည်။

ကိုစိုးတင့် နောက်သည်ကို အေးငယ်ကလည်း အညံ့မခံ။

'ယူထား ယူထား၊ ရောင်းမစားနဲ့ အဲဒီ စိန်တစ်ဆင်စာကို ကိုစိုးတင့်ကြီး မိန်းမယူတဲ့အခါကျတော့ မချစ်ပွင့်ကြီးကို ဆင်ပေး'

'ဟာ . . . ဒီကောင်မလေး . . . နင့်ကြီးဒေါ် မချစ်ပွင့်ကို ငါက ယူရမှာလားဟ'

မချစ်ပွင့်ဆိုသည်မှာ ထိုမြို့မှ နာမည်ကြီး အရူးမတစ်ယောက်မို့ ကျွန်တော်ပါ သူ့ကို ကြည့်ပြီး အားရပါးရ ရယ်မိသည်။ အေးငယ်က လည်း မျက်ရည်လေးများပင် ထွက်အောင်ရယ်သည်။

ထိုနေ့က တကယ်ပင် မနက်စာ ထမင်းစားပြီး ကျွန်တော်တို့ ပြန်ခဲ့ရ၏။

◈

'တကယ်ဆိုရင် . . . ကိုယ်ကလည်း ချစ်မိနေပြီ
ဖွင့်ဟလို့ အပြောခက်သည် . . .
အကြင်နာတွေ ပို၊ မြူချိုလို့ လှမြတ်ဟန်ချီ
မင်းအကြည့်ကို ကိုယ်သိသည် . . .
နှစ်ကိုယ်တူ . . . ချစ် . . . ချစ်တဲ့ အကြောင်းကိုအတည်



BURMESE CLASSIC .com

www.burmeseclassic.com



မျက်လုံးချင်း စကားပြောနေပြီ . . .'

ထိုရက်ပိုင်းများတွင် ခင်ကြီးကိစ္စ ပြီးခဲ့ကတည်းက တစ်ခါမှ မလုပ်ခဲ့ဖူးသော အလုပ်တော်တော်များများကို ပြန်လုပ်နေမိသည်။

ဂီတာတီးခြင်းကိစ္စကလည်း ထိုကာလများစွာအတွင်း ပထမဆုံးအကြိမ်အဖြစ် ပြန်တီးဖူးခြင်း ဖြစ်၏။

စနေနေ့က အေးငယ်တို့အိမ် ဆွမ်းကျွေးသွားခဲ့ပြီး တနင်္ဂနွေနေ့ တစ်နေ့လုံး ပျင်းနေမိသည်။ ယင်းသည်လည်း တစ်ယောက်တည်းနေရခြင်းအတွက် အထီးကျန်မှုအပေါ် ပထမဆုံးပြန်လည် ပျင်းရိခြင်းပင်။

သို့အတွက် ခါတိုင်းလို အခန်းအောင်းပြီး စာချည်း ဖတ်မနေနိုင်တော့ဘဲ စက်ရုံဝင်းအတွင်း လမ်းလျှောက်ထွက်ခဲ့သည်။ စက်ရုံဂိတ်ဝနားက ဗာဒံပင်ရိပ် ခုံတန်းလေးမှာ စက်ရုံအလုပ်သမားလေး မောင်အေးထွန်းနှင့် မောင်စိုးရီတို့ ဂီတာတီးနေသည်ကို အသံကြားသည်။ လှမ်းမြင်သည်။

သူတို့တီးနေသော သီချင်းက ခိုင်ထူး၏ အဥ္စလီသီချင်း။

ခါတိုင်းဆို အမှုမဲ့အမှတ်မဲ့ပင် ဖြတ်သန်းသွားမိမည်ဖြစ်သော်လည်း ခုခါတော့ ဘာကြောင့်မှန်းမသိ။ အဥ္စလီလေးကရော၊ ဂီတာသံလေးကပါ နှလုံးသားမှာ လာငြိတွယ်သည်။

ရင်ထဲမှာ အလွမ်းငွေ့လေးတစ်ခု ရိပ်ခနဲ ဖြတ်ပြေး၏။

ကျွန်တော်တို့ စက်ရုံဝန်း၏ မျက်နှာချင်းဆိုင် ကားလမ်း၏တစ်ဖက်တွင် လယ်ကွင်းပြင်ကြီး ရှိသည်။ လယ်ကွင်းပြင်ကြီးက မြင်ကွင်းတွင် ဝေးသထက် ဝေးသွားပြီ။ အဝေးဆုံး၏ နှုတ်ခမ်းသတ်မှာ ရိုးမ

www.burmeseclassic.com



တောင်တန်းကြီးများက ပြာမှိုင်းမှိုင်းအုံ့ညို့ညို့ဖြင့် တည်ရှိနေသည်။

မြောက်ဘက်ကို လှမ်းကြည့်လိုက်တော့လည်း ကုက္ကိုပင်များ တစ်ဖက်တစ်ချက် အုပ်ဆိုင်းထားသော ကားလမ်းရှည်လျားလျားကြီး က လှနေသည်။ ခန္ဓာကိုယ်ထဲမှာ နှစ်ပေါင်းများစွာ ပျောက်ဆုံးနေ သော နှလုံးသားတုန်ခါမှု လှိုင်းလေးများက ပထမဆုံးအကြိမ်အဖြစ် ပြင်းထန်စွာလှုပ်ရှားလာသည်။

'ဆရာ . . . လမ်းလျှောက်လား'

မောင်အေးထွန်းက ဂီတာတီးနေရာမှ လှမ်းမေးသည်။ ကျွန် တော်က . . . 'ဒီလိုပါပဲကွာ၊ တစ်ယောက်တည်း ပျင်းနေတာနဲ့ လျှောက်လာတာပါ၊ မင်းတို့ ဂီတာသံလေးလည်း နားထောင်လို့ ကောင်းလို့' ဟု ပြောရင်း သူတို့နားတွင် ဝင်ထိုင်သည်။

'ကျွန်တော်တို့က နည်းနည်းပါးပါးလောက်ပဲ လုပ်တတ်တာ ပါ ဆရာ'

ကျွန်တော်က ရယ်၍ . . .

'ကောင်းပါတယ်ကွ၊ ကိုယ်လည်း ဟိုတုန်းက ဒါတွေလုပ်ခဲ့ဖူး တာပဲ၊ လက်သံနားထောင်လိုက်ရင် ဘယ်လောက်ရှိတယ်ဆိုတာ သိပါ တယ်'

'ဟာ . . . ဒါဖြင့် အပျင်းပြေတစ်ပုဒ်လောက် လုပ်ပါလား ဆရာ၊ ကျွန်တော်တို့လည်း ပညာရတာပေါ့'

'ဟာ . . . ငါက မတီးတာ တော်တော့်ကို ကြာပြီကွ'

'လုပ်ပါ ဆရာရယ်၊ နည်းနည်းပါးပါးတော့ ရဦးမှာပါ'

သူတို့က အတင်းတိုက်တွန်းရသည်အထိပင် မရောက်လိုက် ပါ။ ခါတိုင်း ဂီတာသံဖြစ်ဖြစ် စန္ဒရားသံဖြစ်ဖြစ် ဂီတသံတစ်ခုခု ကြားမိ

www.burmeseclassic.com



လျှင် တင်းခနဲဖြစ်သွားတတ်သော စိတ်မျိုးပျောက်နေသည်မို့ သည်နှစ်ခွန်းလောက်နှင့်ပင် ကျွန်တော် ဂီတာကို လှမ်းယူဖြစ်သွားသည်။

လက်ကျင့် ပြတ်နေသည်မို့ အစပိုင်းမှာ ယောင်ဝါးဝါးဖြစ်နေသေးသော်လည်း ခဏနှင့်ပင် ကျွန်တော် ချာန်ဝင်လာသည်။

'ငါက မင်းတို့လို ခေတ်ပေါ်တွေတော့ မရဘူးကွာ၊ ခပ်ဟောင်းဟောင်းလေးတွေပဲ ရတယ်'

အရှက်ပြေပြောရင်း ကျွန်တော်တို့ တစ်ချိန်က နာမည်ကြီးခဲ့သော မောင်သိန်းဝင်း၏ မျက်လုံးချင်း စကားပြောနေပြီ သီချင်းကို ဘာကြောင့်မှန်း မသိ . . . အလိုလို ဆိုဖြစ်သွားသည်။

'ခူးမယ့်ပြင် ဒီအပင် အရင်ညွှတ်မည် . . .
ခုတော့တမင် ဟန်ဆောင်သည်
ဘယ်လိုပုံစံ အခြေအနေမျိုးနဲ့ . . . တွေ့ကြုံမည်
အသည်းနှလုံးက ထိတ်လှုပြီ . . .'

ခံစားချက်များက နှလုံးသားကို မသိမသာ တိုးဝှေ့နေ၍လားမသိ။ ကာလများစွာ မေ့ပျောက်နေခဲ့သော သီချင်းတစ်ပုဒ်သည်ပင် အထင်အငေါ့ မရှိ တီးခတ်သီဆို၍နေရသည်။

မောင်အေးထွန်းနှင့် မောင်စိုးရီတို့ နှစ်ယောက်ကတော့ အလွန်အမင်း အံ့ဩနေသည့်ပုံစံဖြင့်ပင် ကျွန်တော့်ကို ငေးကြည့်နေသည်။

သူတို့စိတ်ထဲမှာ သူတို့၏ စက်ရုံမှူးသည် ဒါမျိုးတွေ တီး၊ ဒါမျိုးတွေ ဆိုတတ်မည်ဟု နည်းနည်းမှပင် တွေးထင်ထားပုံမရ။

သံမဏိအရုပ်ကြီးတစ်ရုပ်အသက်ဝင်လာသည်ကို မယုံနိုင်စွာ



BURMESE CLASSIC .com

www.burmeseclassic.com



ေးကြည့်နေပုံမျိုးဖြင့်သာ ကြည့်ပြီးရင်း ကြည့်နေတော့၏။

◈

'ချစ်ပန်းရနံ့လေး ကြူကြူအေး
တူတူမွှေး . . . မွှေးချင်တာ . . .
မေတ္တာ . . . တေးသံသာသာ
ကြားချင်ကြတဲ့ မောင်မယ်မှာ
နားဆင်သမကွယ့် ဆောင်လည်မှာ
တစ်ဦးကိုတစ်ဦး . . . ကြည်နူးမြူးလှစွာ . . .
ချစ်ရည်ရွှန်းတဲ့ . . . မျက်ဝန်းလဲ့ပြာပြာ . . .'

ဖြစ်ချင်တော့ ထိုရက်များ အတွင်းမှာပင် ကျွန်တော်နှင့် စန္ဒရားနှင့်လည်း ပြန်ဆုံစည်းခွင့်ကြုံသည်။

နောက်တစ်ပတ် စနေနေ့ရုံးပိတ်ရက်မှာ ကိုစိုးတင့်က ခေါ်သဖြင့် ကျွန်တော် သူ့အိမ် လိုက်သွားဖြစ်သည်။ ကိုစိုးတင့်က သူ့အိမ်မှာပင် မရပ်။ အေးငယ်တို့အိမ် သွားရအောင်ဗျာဟု ဇွတ်ခေါ်သဖြင့် ကျွန်တော် မငြင်းချင်ငြင်းချင်ဖြင့် ငြင်းရင်း ပါသွားပြန်သည်။

ထိုနေ့ကျတော့ ဧည့်ခန်းအသွင်အပြင်က လုံးဝပြောင်းလဲနေပြီဖြစ်၏။

အလှူနေ့က ဧည့်သည်များ ဧည့်ခံရန် ဧည့်ခန်းကို ရှင်းထားသဖြင့် ဘာမှမရှိ။ သည်နေ့ကျတော့ ဧည့်ခန်းထဲမှာ သူ့မူလရှိနေကျ ပစ္စည်းများအကုန် ပြန်ရောက်နေပြီ။



BURMESE CLASSIC .com

www.burmeseclassic.com



ထိုအထဲမှာ ပေါလစ်ရောင် တပြောင်ပြောင်လက်လက်ထနေသော စန္ဒရားကြီးတစ်လုံး ပါပါသည်။

'ဟာ . . . စန္ဒရားကြီးပါလား၊ ဘယ်သူ တီးတာလဲ၊ အေးငယ် တီးတာလား'

ကျွန်တော့်အမေးကြောင့် အေးငယ်က ရယ်၍ . . .

'ဖေဖေတီးတဲ့ စန္ဒရားကြီးပါ ဆရာ၊ အေးငယ်က ဝါသနာပဲပါတာ၊ လုံးဝ မတီးတတ်ဘူး၊ ဖေဖေက အေးငယ် ဆယ်တန်းအောင်မှ သင်ပေးမယ်ဆိုပြီး ဈေးကိုင်ထားတာ၊ အေးငယ် ဆယ်တန်းမအောင်ခင် ဖေဖေ ဆုံးသွားတော့ အေးငယ်ရော စန္ဒရားကြီးရော ဒီတိုင်း ငုတ်တုတ်ကြီးတွေ ကျန်နေခဲ့တာပေါ့'

'ဒါဖြင့် ဒီနောက်ပိုင်း ဘယ်သူတီးလဲ'

'ဘယ်သူမှ မတီးဘူး၊ ဒီတိုင်း အလှထားတာပဲ'

'ဟာ . . . စန္ဒရားဆိုတာမျိုးက ဒီအတိုင်းပစ်ထားရင် အသံတွေ ကြောင်ကုန်မှာပေါ့၊ ခုရော အသံတွေ မှန်မှ မှန်သေးရဲ့လား မသိဘူး'

'မသိဘူးလေ၊ ဆရာတီးတတ်ရင် စမ်းကြည့်ပါလား၊ အဲဒါဆို အေးငယ်တို့လည်း အတော်ပဲ ဆရာ့လက်သံလေး မြည်းကြည့်ရတာပေါ့'

ထိုအချိန်က အေးငယ်၏မိခင် ဧည့်ခန်းမှာ မရှိ။ ကိုယ့်အချင်းချင်းတွေလိုချည်း ဖြစ်နေသည်မို့ ကျွန်တော် ရွံ့တွန့်တွန့် ဖြစ်မနေတော့ဘဲ စန္ဒရားအဖုံးကို မတင်ပြီး ခလုတ်များပေါ် လက်ချောင်းများ ပြေးလွှား လှုပ်ရှားကြည့်သည်။

'ဟ . . . ခင်ဗျားက ဒါလည်း ဖြစ်တာပဲလား'



BURMESE CLASSIC .com

www.burmeseclassic.com



'ဟုတ်တယ် ဆရာ၊ တီးတတ်ရင် တီးစမ်းပါ၊ အေးငယ် နား ထောင်ချင်လို့'

စန္ဒရားနှင့်ကင်းကွာသည်မှာ ကြာပြီဖြစ်သော်လည်း ဒါနှင့် ဖက်ကြီးလာသလို ဖြစ်လာခဲ့သော အလေ့အကျင့်က ရှိနေသည်မို့ အသံစမ်းတာကအစ ဂီတသံ ဖြစ်နေခြင်းကို ရိပ်မိသွားသော နှစ်ယောက်စလုံးက ပျာပျာသလဲ ဖြစ်သွားသည်။

ကျွန်တော် ခလုတ်စုံအောင် စမ်းသပ်တီးကြည့်သည်။

သိပ်တော့ မဆိုးသေး။ အသုံးနည်းသော တစ်လုံး နှစ်လုံးတွင် အသံတွေ လျော့နေသည်ကလွဲ၍ တော်ရုံ သီချင်းကို ကောင်းစွာ ရုပ်လုံးဖော်နိုင်သော အနေအထားမှာ ရှိသေးသည်။

စန္ဒရားအခြေခံ သင်ရိုးထဲမှ တီးကွက်အချို့ကို ရ,မရ ပြန်စမ်းကြည့်လိုက်၏။

ရတော့ ရသေးသည်။ ဟိုတုန်းကလောက် မညက်တာ တစ်ခု ပဲရှိသည်။

ဆရာမောင်ကိုကို၏ ပန်းမြိုင်လည်း သံဆန်းထဲမှ မှတ်မိသမျှ တီးကွက် တစ်ပုဒ်ကို အောက်အောက်မေ့မေ့လေး ပြန်လုပ်ကြည့် သည်။ သည်အရသာမျိုးနှင့် ကင်းကွာခဲ့ရသည်မှာ ကြာလွန်းနေ၍လား မသိ။ မညက်တစ်ညက်လေး ခုလို တီးရသည်ပင် အရသာ ရှိလွန်းလှ သည်။

'ဆရာ . . . ဒီမှာထိုင်'

အေးငယ်က ကုလားထိုင်တစ်လုံး ယူလာပေးသည်။

ခုချိန်မှာ အနုပညာကိစ္စတွေ ပြန်ဝါသနာပါမို့လည်း ဘာအဟန့် အတားတွေမှ မရှိတော့သည်မို့ ကျွန်တော့်စိတ်ကို လွတ်လပ်စွာပင်



BURMESE CLASSIC .com

www.burmeseclassic.com



လွှတ်ပေးလိုက်ပြီး ကုလားထိုင်တွင် ဝင်ထိုင်သည်။

မိတ်ဆွေငယ်ပေါင်းတစ်ဦးနှင့် အကြာကြီးကွဲပြီးမှ ပြန်ဆုံသော အခါ စကားတွေ ပြောမကုန်နိုင်အောင် ဖြစ်သလို ကျွန်တော်လည်း လက်တွေ့သမ္ဘူ ခေါင်းထဲ မှတ်မိလာသော တီးကွက်တိုင်းကို တီးကြည့်နေမိသည်။

တီးရင်း တီးရင်းနှင့်လည်း ပိုမှတ်မိသည်ထက် မှတ်မိလာ၏။

အတော်လေး အားရပါးရ စိတ်လွတ်ကိုယ်လွတ် တီးနေမိပြီးမှ သတိပြန်ရ၍ တစ်ချက်ရယ်ရင်း တီးကွက်ကို လက်စသတ်လိုက်သည်။

'ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . . ဖြောင်း'

လက်ခုပ်သံများကြောင့် ကျွန်တော် လှည့်ကြည့်လိုက်၏။

ကိုစိုးတင့်၊ အေးငယ်အပြင် သူ့မိခင် ဒေါ်ခင်ဖြူပါ ရောက်နေသည်။

'ကောင်းလိုက်တဲ့ တီးကွက်ပဲ ကိုလတ်ရဲ့၊ ခင်ဗျားက လျှို့ထားတာပဲဗျ၊ ဒါတွေလုပ်တတ်တာ တစ်ခါမှ စကားထဲ ထည့်မပြောဖူးဘူး၊ တကယ့်လူပဲ'

'အင်းနော် . . . အေးငယ်တော့ မျက်စိနဲ့ မြင်နေရလို့ပဲ၊ နို့မို့ ယုံတောင် ယုံမှာ မဟုတ်ဘူး'

'မောင်ခင်မောင်လတ်လက်က ပထမတန်းစား လက်ပဲ၊ သမီးတို့ ဖေဖေလောက်ကို လက်ရှိတယ်၊ စန္ဒရားသံကြားတာနဲ့ အန်တီ ကမန်းကတန်း ပြေးထွက်လာတာ၊ ခုန နားထောင်ရင်း သမီးတို့အဖေကို သတိရလို့ မျက်ရည်တောင် ဝဲလာတယ်၊ ကောင်းတယ် မောင်ခင်မောင်လတ်'



BURMESE CLASSIC .com

www.burmeseclassic.com



ချီးကျူးသံများကြောင့် ကျွန်တော် ရယ်လိုက်သည်။

'ကျွန်တော် စန္ဒရားနဲ့ ဝေးနေတာ ကြာလို့ အားရပါးရကို တီးပစ်လိုက်မိတယ် အန်တီ၊ ဟိုတုန်းက ကျွန်တော် အရမ်းဝါသနာကြီးတာ၊ နောက်ပိုင်းမှ အကြောင်းတစ်ခုရှိလို့ တမင်ရပ်ထားခဲ့တာ'

'အေးကွယ်၊ ဒီမှာလည်း စန္ဒရားက ပစ်ထားရတာပဲ၊ စိတ်ရရင် မောင်ခင်မောင်လတ် ကြိုက်တဲ့အချိန် လာတီးပါ၊ စိတ်တိုင်းကျ သုံး၊ အချိန်ရရင် သမီးကိုပါ မောင်ခင်မောင်လတ် သင်ပေးဦး၊ သမီးကလည်း သင်ချင်တာကို တအားဖြစ်နေတာ'

'ဟုတ်တယ် ဆရာ၊ ဆရာ့ကြိုက်တဲ့အချိန် ကြိုက်သလောက်လာတီးပါ၊ အေးငယ်ကိုလည်း သင်ပေးနော်'

'ကဲပါ . . . သင်တာက နောက်ကိစ္စ၊ ခုလောလောဆယ် ဖီလင်သီချင်းလေး တစ်ပုဒ်လောက် စမ်းပါဗျာ၊ ကြုံတုန်း ရောဂါလေး ဘာလေး တက်သွားရအောင်'

ဒေါ်ခင်ဖြူနှင့် အေးငယ်စကားအဆုံးမှာ ကိုစိုးတင့်က ဝင်ပြောသည်။

ဤနည်းဖြင့် 'မျက်ဝန်းလဲ့ပြာပြာ' ကို ကျွန်တော် တီးဖြစ်သွားခြင်း ဖြစ်သည်။

'ချစ်ရည်ရွှန်းလဲ့ . . . မျက်ဝန်းလဲ့ပြာပြာ . . .
တိတ်တခိုး ကြည့်ကာ . . .
ပီတိအဟုန် လွှမ်းခြုံခဲ့ရရှာ
တထိတ်ထိတ် ရင်ခုန်ကာ . . .
မလုံမလဲ . . . မယုံမရဲ . . .



BURMESE CLASSIC .com

www.burmeseclassic.com



ကြုံမြဲမမွတာ၊ သည်းဘဝင်မှာ လှုပ်ရှား
အလုပ်များသည်မှာ . . .
အချစ်ရဲ့သဘော . . .
စစ်ကြောဝေဖန် . . . အမှန်မလွဲပါ . . .

တီးဆိုလေး ဆိုရင်းဖြင့် စန္ဒရားခုံထောင့်တွင် ရပ်နေသော အေးငယ်ကို ကြည့်သည်။ အပြုံးဖြင့် အေးချမ်းနေသော အေးငယ်၏ မျက်ဝန်းလေးများသည် ရွှန်းလဲ့နေ၏။

ကျွန်တော့်ရင်ထဲမှာ တထိတ်ထိတ် ခုန်လာသည်။

ကျွန်တော် ဘာတွေဖြစ်နေပြီလဲ။

'အို . . . ချစ်ခြင်းမေတ္တာ . . .
သင့်အတွက်နေရာ . . . ကိုယ့်အသည်းမှာ . . .
ထိကပါးရိကပါး ကျီစားသလိုများ
မပြုအားရက်ပါ . . .

ဆရာရွှေပြည်အေး၏ လက်ရာဟု ထင်သည်။ သေချာတော့ မသိ။ ကဗျာလို စာသားလေးများက ကျွန်တော့် ရင်ကို ထိကပါး ရိကပါး၊ ကျီစားသလို ပြုသည်။

ကျွန်တော့်တစ်ကိုယ်လုံး လေထဲ၊ တိမ်ထဲမှာ အိပ်မက်နှင့်တူ လွင့်ပါးနေရသကဲ့သို့ ဖြစ်နေမိ၏။



BURMESE CLASSIC .com

www.burmeseclassic.com

[၄]

'တစ်ခုခုကတော့ တစ်ခုခုသေချာတယ် ကိုလတ်၊ ခင်ဗျားကပဲလား၊ အေးငယ်ကပဲလား၊ ဒါမှမဟုတ် နှစ်ယောက်စလုံး တစ်ပြိုင်တည်းကပဲလား သေချာတော့ မပြောတတ်ဘူး၊ ဒါပေမဲ့ ခင်ဗျားတို့ နှစ်ယောက်ကြားမှာ တစ်ခုခုကတော့ ဖြစ်နေတာ သေချာပြီ'

'ဟာ . . . ဘာလဲဗျ၊ ခင်ဗျားဟာက အကုန် တစ်ခုခုချည်းပဲ၊ ဘာတစ်ခုခုလဲ၊ ဘာဖြစ်နေလို့လဲ၊ ဘာမှမဖြစ်ဘူး၊ အေးငယ်နဲ့ ကျွန်တော်က အလုပ်သဘောအရ ဆရာတပည့်တွေ'

'ဟုတ်ပါတယ်၊ အလုပ်သဘောအရတော့ ခင်ဗျားပြောတာကို ဘာမှငြင်းစရာ မရှိပါဘူး၊ ဒါပေမဲ့ ကျွန်တော်က အလွတ်သဘော ပြောတာပါ၊ ခင်ဗျားတို့နှစ်ယောက် တစ်ခုခု ဖြစ်နေပြီ ကိုခင်မောင်လတ်၊



BURMESE CLASSIC .com

www.burmeseclassic.com



စက်ရုံမှူးကြီး ကျွန်တော် သိတယ်'

'မဟုတ်ပါဘူး ကိုစိုးတင့်ရာ၊ ခင်ဗျားနဲ့ ကျွန်တော်ကလည်း သူငယ်ချင်း မိတ်ဆွေတွေပါ။ အေးငယ်ကလည်း ခင်ဗျားညီမလေးလို ဖြစ်နေတာပါ။ ကျွန်တော်နဲ့သူ စ,သိတာတောင် တစ်လမပြည့်သေးပါဘူး၊ သေချာရင်းနှီးရတာဆို အရင်တစ်ပတ် စနေနေ့ကမှပါ'

ကျွန်တော့်စကားကြောင့် ကိုစိုးတင့်က ရယ်သည်။

'အဲ့ဒါလည်း ကျွန်တော် သိပြီးသားပါ ကိုလတ်၊ ခင်ဗျားတို့ချင်း ခင်မင်ရင်းနှီးရတဲ့ကိစ္စမှာ ကျွန်တော် အဓိကပါဝင်ခဲ့တဲ့သူပဲ၊ ခင်ဗျားတို့ချင်း ရင်းနှီးတာကြာပြီလို့ ကျွန်တော် တစ်ခွန်းမှ မပြောပါဘူး၊ ကျွန်တော် ပြောတာက တစ်ခုခုဖြစ်နေပြီလို့ပဲ ပြောတာပါ'

ထိုနေ့က အေးငယ်တို့အိမ်က အပြန်တွင် ကိုစိုးတင့်က စက်ရုံအထိ ကျွန်တော်နှင့်အတူတူ လမ်းလျှောက်လိုက်ခဲ့သည်။ ကားနှင့် လိုက်ပို့မည် ပြောသေးသော်လည်း ကျွန်တော်က အညောင်းပြေ လမ်းလျှောက်ပြန်မည် ဆိုသဖြင့် သူပါ လမ်းလျှောက်လိုက်ခဲ့ခြင်းဖြစ်သည်။

တစ်လျှောက်လုံး ဣန္ဒြေရရ နေလာခဲ့ပြီး မြို့စွန်နှင့် စက်ရုံကြား ကွင်းပြင်ကျယ်ကြီးဖြစ်နေသော နေရာကို ဖြတ်တော့မှ သည်စကားများ ပြောလာခြင်းဖြစ်၏။

ကျွန်တော့်မျက်နှာ တစ်ခုလုံး နွေးနွေးရှိန်းရှိန်းကြီး ဖြစ်သွားသည်။

'မအပ်မစပ်တွေ မပြောပါနဲ့ ကိုစိုးတင့်ရာ၊ အေးငယ်က ကလေးပါ၊ ကျွန်တော့်ထက် အများကြီး ငယ်ပါတယ်'

'ဟား ဟား . . . ဟား ဟား'

ကျွန်တော့်စကားအဆုံးမှာ ဘာကို ကိုစိုးတင့် သဘောကျ



BURMESE CLASSIC .com

www.burmeseclassic.com



သည် မသိ။ အားရပါးရကို ထရယ်တော့သည်။

သူ့ရယ်သံကြောင့် လမ်းဘေးချိုင့်ထဲမှာ အစာကောက်နေသော ငှက်ကလေးနှစ်ကောင်ပင် ပြူးပြူးပျာပျာ လှည့်ကြည့်သည်။

'ဘာရယ်တာလဲဗျ'

'ကျွန်တော် သဘောကျလို့ပါ ကိုလတ်ရာ၊ ခင်ဗျား အတော်ရယ်ရတဲ့လူပဲ၊ ပြီးခဲ့တဲ့ စနေနေ့ကတင် အေးငယ် နှစ်ဆယ်ပြည့်တာဗျ၊ အသက်နှစ်ဆယ်ဆိုတာ ကလေးလား၊ ပြီးတော့ . . . ခင်ဗျားကရော ဘယ်လောက် ကြီးသေးလို့လဲ၊ ခင်ဗျားနဲ့ ကျွန်တော် ရွယ်တူချင်းပါဗျာ၊ ခင်ဗျားက အဘိုးကြီးလေသံ မဖမ်းစမ်းပါနဲ့'

'နို့ . . . အေးငယ်က ကျွန်တော့်ထက် မငယ်လို့လား'

'ဘယ်နှစ်နှစ် ငယ်လို့လဲ၊ ဆယ့်ငါးနှစ်လား၊ အနှစ်နှစ်ဆယ်လား၊ တော်စမ်းပါ ကိုလတ်ရာ၊ မိုးကြိုးပစ်တာ ထန်းလက်နဲ့ မကာစမ်းပါနဲ့၊ ခင်ဗျား အေးငယ်နဲ့ တွေ့ရင် စိတ်မလှုပ်ရှားဘူးလား၊ အဲဒါပဲပြော'

'မလှုပ်ရှားပါဘူးဗျာ၊ ဒီလိုပါပဲ'

'သေချာတယ်နော်'

'အင်း . . . သေချာပါတယ်'

'ခုချက်ချင်း မိုးကြိုးပစ်'

'ဟာ . . . ခင်ဗျားကလည်း'

'ဟားဟား . . မကြောက်ပါနဲ့ဗျာ၊ နွေခေါင်ခေါင်ကြီး တကယ်မိုးကြိုးမပစ်ပါဘူး၊ ခင်ဗျား ညာနေမှန်းသိလို့ တမင်စမ်းကြည့်တာပါ၊ ထားပါတော့လေ၊ ခင်ဗျား ဝန်မခံချင်သေးရင်လည်းနေပါ၊ ခင်ဗျား ပြောတာအမှန်လို့ပဲ ယာယီ လက်ခံထားပါ့မယ်၊ ဒါပေမဲ့ . . .'

ကိုစိုးတင့်က ဆက်မပြောသေးဘဲ စကားကို ခဏရပ်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော်က သူ့စကားအဆက်ကို စိတ်ဝင်စားစွာဖြင့် နားထောင်ရန် လှည့်ကြည့်သည်။ သူက မျက်နှာကို မချိုမချဉ်လုပ်ရင်း . . .

'ဒါပေမဲ့ ခင်ဗျားသိထားအောင် တစ်ခုတော့ ပြောထားမယ်၊ အေးငယ်ကတော့ ခင်ဗျားနဲ့ ပတ်သက်လို့ တစ်ခုခုဖြစ်နေတာ သေချာတယ် ကိုလတ်၊ အဲဒါတော့ ခင်ဗျား လက်ခံ၊ နောက်ကျရင် ဒီထက် ခင်ဗျား ပိုသိလာလိမ့်မယ်'

သူ့စကားအဆုံးမှာ ကျွန်တော် ငြိမ်သွားသည်။

ကွင်းပြင်က လေပြင်းပြင်းတစ်ချက် လမ်းပေါ်ကို ဖြတ်တိုက်သည်။

ကျွန်တော်တို့ရှေ့ ကုက္ကိုပင်တစ်ပင် အကွာလောက်မှာ ဖုန်မှုန့်များနှင့် သစ်ရွက်ခြောက်များ လွင့်ပါလာသော လေလှိုင်းတစ်ခု လမ်းမကြီးပေါ် ဖြတ်ပြေးသည်။

ရန်ကုန်တက္ကသိုလ်နယ်မြေထဲတွင် အဓိပတိလမ်းကို ဖြတ်ကူးခိုက် ခင်ကြီးနှင့် ဖျတ်ခနဲ ဆုံစည်းလိုက်စဉ် ကနဦး ရင်ထဲမှာ ဖြစ်ဖူးသော ခံစားမှုမျိုးလေး ရင်ထဲမှာ ဖြစ်ပွားသွား၏။

◈

'တစ်ခုတော့ သတိထားနော် . . . အရင်တစ်ပတ်က ဆွမ်းကျွေးမှာ ခင်ဗျား တွေ့ခဲ့တဲ့ ကျော်ကျော်ဆိုတဲ့ကောင်ကတော့ သိပ်မလွယ်ဘူး၊ ဒီကောင်က အေးငယ်ကို အသေအလဲ လိုက်နေတဲ့ကောင်၊ ဇွတ်လည်း ဇွတ်သမား၊ ဇွတ်လိုက်ကလေးပေါ့'



BURMESE CLASSIC .com

www.burmeseclassic.com



စက်ရုံ ရောက်ပြီးသည်အထိ ကိုစိုးတင့်က တော်တော်နှင့် မပြန်သေး။

ကျွန်တော် ချမ်းသာသမျှ စုဆောင်းထားရှိသော စာအုပ်စင်မှ စာအုပ်များကို သဘောကျသည်ဆိုကာ မွှေနှောက်ရင်း မဆုံးသေးသော ဇာတ်လမ်းကို ပြန်ဆက်သည်။

ကျွန်တော်က ရယ်လိုက်ပြီး . . .

'အေးအေးဆေးဆေး စာအုပ်ပဲမွှေပါ ကိုစိုးတင့်ရာ၊ ကျွန်တော့်ကို နေရင်းထိုင်ရင်း ပြဿနာမွှေမပေးပါနဲ့၊ အေးငယ်နဲ့ တကယ်လိုက်ဖက်တာက ကျော်ကျော်လို လူငယ်လေးမျိုးပေါ့'

'ဘာဖြစ်လို့ လိုက်ဖက်တာလဲ'

'ဩော်ဗျာ . . . အရွယ်ဆိုလည်း တူတူလောက်ပဲ၊ နောက်တစ်တန်းတည်းသား သူငယ်ချင်းတွေ၊ ပြီးတော့ . . . ကောင်လေးက ရုပ်ကလည်း ချော၊ မိဘတွေကလည်း ပိုက်ဆံချမ်းသာ၊ အေးငယ်ကိုလည်း ဒီလောက် ချစ်တယ်ဆိုတော့ ဘာလိုသေးလဲ'

ကိုစိုးတင့်က ခေါင်းခါသည်။

'လိုတယ် ကိုလတ်၊ ခင်ဗျား အဲဒီစကားပြောတာဟာ အေးငယ်အကြောင်း တကယ်မသိလို့၊ ပြီးတော့ ကျော်ကျော့်အနေအထားကိုလည်း ခင်ဗျား မသိလို့'

'အေးငယ်က ဘယ်လိုဖြစ်နေလို့လဲ ကိုစိုးတင့်'

'အေးငယ်ကို သူ ကလေးဆန်ဆန်နေတာ၊ ရွှတ်နောက်နောက်လုပ်တတ်တာလေးတွေကြည့်ပြီး ခပ်ပေါ့ပေါ့လေးလို့တော့ သွားမတွေးလိုက်နဲ့ ကိုလတ်၊ ကောင်မလေးက အရမ်းတွေးခေါ်မြော်မြင်တတ်တယ်၊ အသိအလိမ္မာလည်း ရှိတယ်'



BURMESE CLASSIC .com

www.burmeseclassic.com



'မတွေးပါဘူး ကိုစိုးတင့်ရာ၊ အေးငယ် သေသေဝပ်ဝပ်ရှိတာ၊ ချက်ချက်ချာချာရှိတာ၊ စည်းလေးကမ်းလေးနဲ့ နေတတ်တာ အလုပ်ခွင်မှာ ကျွန်တော် သတိထားမိပြီးသားပါ'

'ဟုတ်တယ် ကိုလတ်၊ ပြီးတော့ ကောင်မလေးရဲ့ စိတ်ဓာတ်က တစ်မျိုး၊ ခင်ဗျား စဉ်းစားကြည့်လေ၊ သူ့မိသားစု အခြေအနေနဲ့ သူ့အရွယ်နဲ့ ဒီအလုပ်မျိုး သူ ဘာလုပ်စရာလိုလဲ၊ အေးအေးဆေးဆေး တက္ကသိုလ်တက်ပြီး လွတ်လွတ်လပ်လပ် သူပျော်နေလို့ရတာပဲ၊ ပိုက်ဆံဆိုလည်း သူကြိုက်သလောက် သုံးဖြုန်း၊ သူ့အမေက ဘာမှတွန့်တိုစရာ မရှိဘူး၊ သူစိတ်တိုင်းကျကို နေလို့ရတယ်'

ကျွန်တော် ခေါင်းညိတ်ပြသည်။ သူက ဆက်၍ . . .

'ဒါပေမဲ့ သူက မဟုတ်ဘူး၊ သူ့အမေကိုလည်း သူ နီးနီးကပ်ကပ်နေပြီး ဂရုစိုက်ပြုစုချင်တယ်၊ အမှတ်မကောင်းလို့ တက္ကသိုလ်ကောင်း မရမယ့်အတူတူ၊ ဘွဲ့ရတာချင်း အတူတူပဲဖြစ်တဲ့ အဝေးသင်တက်မယ်၊ တစ်ဖက်ကလည်း လခနည်းတာများတာက အရေးမဟုတ်ဘူး၊ သူ လူပို မဟုတ်ဘူးဆိုတာပြဖို့ အလုပ်အကိုင်လေးတစ်ခုနဲ့ သူ ကျွန်ခံရရနေမယ်၊ ဒီလို သူက . . .'

'ဒါဖြင့် ကျော်ကျော်ကရော ဘယ်လိုဖြစ်နေလို့လဲ'

'ကျော်ကျော်ကျတော့လည်း သူနဲ့ဘာမှ မဆိုင်ပြန်ဘူးဗျ၊ ဟိုကောင်လေးက ပေါ်ကြော့လေး၊ မိဘအရှိန်အဝါ၊ ငွေကြေးချမ်းသာတာ အကြောင်းပြုပြီး ထင်သလိုနေ၊ ပပလွှားလွှား ဝတ်စားသုံးဖြုန်းပြီး ထင်တိုင်းကြဲနေတဲ့ ကောင်လေး၊ ဒီကောင်လေး ကျောင်းဆက်မတက်တာက အေးငယ်လို ရည်ရွယ်ချက်နဲ့မဟုတ်ဘူး၊ သူက ဆယ်တန်းကို မအောင်တာ၊ ခုတော့ ဆက်လည်း မဖြေတော့ဘူး၊ ဘာအလုပ်မှ



BURMESE CLASSIC .com

www.burmeseclassic.com



လည်း မလုပ်ဘူး၊ ဆိုင်ကယ်တစ်စီး၊ ကားတစ်စီးနဲ့ အဲလိုပဲ လမ်းသူရဲ လုပ်နေတာ သူ့အလုပ်'

ကျွန်တော် သဘောပေါက်သွားသည်။

'အေးပေါ့ဗျာ . . . အဲ့လိုဖြစ်နေတော့လည်း အေးငယ်အနေနဲ့ အများကြီး စဉ်းစားရတော့မှာပေါ့'

'စဉ်းစားဖို့က အဝေးကြီး ကိုလတ်၊ လုံးဝ အထင်ကို မကြီးတာ၊ စာရင်းထဲကို ထည့်မတွက်ဘူး၊ ကျွန်တော် ညီမအရင်းလို နေတာပဲဗျာ၊ ကျွန်တော် သိတာပေါ့၊ ဟိုကောင်လေး ရမ်းတတ်မှန်းသိလို့ ပိုစိုးပက် စက်ပြော မလွှတ်တာပဲ ရှိတယ်၊ ဒါတောင် ဟိုနေ့က ခင်ဗျားအမြင်ပဲ၊ အဲဒါ သူ အလိုက်လျောဆုံး ဆက်ဆံတဲ့ မြင်ကွင်းပဲ'

သူ့စကားကြောင့် ကျွန်တော် တစ်စုံတစ်ခုကို သတိရ၍ . . .

'ဒါနဲ့ အဲဒီနေ့က ကျော်ကျော်ပေးသွားတဲ့ လက်ဆောင်ရော၊ နောက် ဘယ်လိုဖြစ်သွားလဲ'

'အား . . . အဲဒါပြောပြရဦးမယ်၊ ခင်ဗျားကို အဲဒါပြောဖို့ မေ့နေလို့၊ အဲဒီလက်ဆောင်က ဘာမှတ်လဲ၊ ခြောက်ရာတန် ပါတိတ်ဝမ်းဆက်နဲ့၊ လေးရာလောက် ပေးရတဲ့ လေဒီရှူးဗျား၊ လာပေးတဲ့ လက်ဆောင်က ပေါ့သေးသေး မဟုတ်ဘူး၊ အဲဒါကို မချောက ဘာလုပ်တယ်မှတ်လဲ'

ကျွန်တော် ကြိုရယ်ချင်နေသဖြင့် အသံထွက်ရယ်ရင်း . . .

'ဘာလုပ်ပစ်လဲ'

'သူတို့အိမ်က ခိုင်းတဲ့ကောင်မလေးကို ချက်ချင်း ချုပ်ပြီး ချက်ချင်းဝတ်ခိုင်းတယ်၊ ပြီးတော့မှ ကျော်ကျော် မမြင်မြင်အောင်၊ ကျော်ကျော်တို့အိမ်ရှေ့မှာ ခေါက်တုံ့ခေါက်ပြန် သွားလျှောက်ပြခိုင်းတာ၊



BURMESE CLASSIC .com

www.burmeseclassic.com



အဲဒါတွေ သူ တစ်ခုမှ မယူဘူး၊ အဲဒီကောင်မလေး အကုန်ပေးပစ်လိုက်တယ်'

'မလွယ်ဘူးနော်'

'လုံးဝမလွယ်ဘူး ကိုလတ်၊ ကနေ့အထိ ကျွန်တော် မျက်စိနဲ့ မြင်ဖူးသမျှထဲမှာ သူ လေးလေးစားစားနဲ့ ချွဲတဲတဲလုပ်ဖူးတာ ခင်ဗျား တစ်ယောက်ပဲ ရှိတယ်၊ ခင်ဗျား သီချင်းဆိုနေတုန်းက ခင်ဗျားကို ကြည့်နေတဲ့ အကြည့်မျိုး၊ ခင်ဗျားကို စန္ဒရားသင်ပေးဖို့ ပူဆာတုန်းက ချွဲတဲ့ အချွဲမျိုး၊ ကျွန်တော့်တစ်သက် သူ့ဆီမှာ ဒီတစ်ခါပဲ မြင်ဖူးသေးတယ်၊ အဲဒါကြောင့် တစ်ခုခုတော့ တစ်ခုခုပဲလို့ ပြောတာပေါ့'

သည်တစ်ခါတော့ ကျွန်တော် မရယ်နိုင်ဘဲ သက်ပြင်းချသည်။

'ခင်ဗျားပြောတာကို ကျွန်တော် နားလည်ပါတယ် ကိုစိုးတင့်၊ ဒီအသက်အရွယ်ကျမှ ဒါတွေကို အလကားနေရင်း ရှက်ကိုးရှက်ကန်း လည်း ဖြစ်မနေချင်ပါဘူး၊ ဒါပေမဲ့ ကျွန်တော့်ဘဝ အနေအထားက သူ့လို မိန်းကလေးမျိုးနဲ့ မတန်ပါဘူးဗျာ'

'ဘာလဲ ခင်ဗျားက ခင်ဗျားဘဝမှာ ဘာတွေ လုပ်ထားခဲ့ဖူးလို့လဲ'

'မကောင်းမှုဆိုရင်တော့ ကျွန်တော့်တစ်သက်မှာ ဘာတစ်ခုမှ မလုပ်ဖူးပါဘူး ကိုစိုးတင့်၊ တစ်အချက် ကျွန်တော့်မိဘ အနေအထား၊ ကျွန်တော့်အနေအထားက အများကြီး ချို့တဲ့ပါတယ်၊ ခင်ဗျား အခု မြင်နေရတဲ့ စာအုပ်စင်ရယ်၊ အဲဒီအဝတ်အစား လေးငါးခြောက်စုံရယ်၊ အိပ်ရာပေါ်မှာ လူနဲ့မနည်းတူအောင် ပြင်ဆင်ထားရတဲ့အိပ်ရာ၊ စောင်၊ ခြင်ထောင်ရယ်၊ ကျန်တဲ့ပစ္စည်း တိုလီမိုလီလေးတွေရယ်ဟာ ကျွန်တော် ချမ်းသာသမျှ အကုန်ပဲ၊ အဲဒါလေးတွေလောက်ပဲ ယူလာ



BURMESE CLASSIC .com

www.burmeseclassic.com



နိုင်ပြီး ဒီမှာ စက်ရုံမှူး လာလုပ်ရတော့ ကျွန်တော့် ဒု - စက်ရုံမှူး ကိုတင်ဝင်းအောင်လို လူမျိုးကတောင် သိပ်မလေးစားတော့ဘူးပေါ့'

ကိုစိုးတင့် မျက်နှာရှုံ့မဲ့၍ ခေါင်းခါသည်။

'မဆိုင်ပါဘူးဗျာ၊ အဲဒီလူတွေက တစ်မျိုးပါ။ သူက ခင်ဗျားသာ ဒီကိုရောက်မလာရင် သူ စက်ရုံမှူးဖြစ်မှာဆိုတဲ့ စိတ်မျိုးကလည်း ရှိသေးတယ်၊ ခင်ဗျားတို့ စက်ရုံမျိုးတချို့မှာ သူတို့လို ဂျီတီအိုင်ဆင်းတွေလည်း စက်ရုံမှူးဖြစ်နေကြတာ ရှိတယ်မဟုတ်လား၊ ထားပါ၊ အဲဒါတွေ ခင်ဗျား လုံးဝမစဉ်းစားစမ်းပါနဲ့၊ ဒါတွေက အချိန်တန်ရင် အားလုံး အဆင်ပြေသွားမယ့်ကိစ္စတွေပါ'

'ကျွန်တော်က ကျွန်တော့်ဘဝအခြေအနေကို ပြောပြတာပါ၊ ကျွန်တော်က ခုမှ ကြိုးစားရတုန်းရှိတဲ့သူ ကိုစိုးတင့်၊ ဒီအခြေအနေ ရောက်အောင်တောင် မနည်းလုပ်ယူခဲ့ရတာ၊ ဒါလည်း တစ်ခါသေဖူး ပျဉ်ဖိုးနားလည်ခဲ့ရလို့ပါပဲ'

'ဘယ်လိုဗျ . . . တစ်ခါသေဖူး ပျဉ်ဖိုး နားလည်ခဲ့ရလို့ပဲ ဟုတ်လား'

'ဟုတ်တယ် ကိုစိုးတင့်'

'လုပ်စမ်းပါဦးဗျ၊ အဲဒါလေးတော့ ကျွန်တော့် ရှင်းပြပါဦး'

ကျွန်တော်က နာကျင်စွာ တစ်ချက်ပြုံး၍ . . .

'သိပ်အထူးအဆန်းကြီး မဟုတ်ပါဘူးဗျာ၊ အာအိုင်တီရောက်စက အတော်လှပြီး အင်မတန်ချမ်းသာတဲ့ မိန်းကလေးတစ်ယောက်ကို သွားစိတ်ဝင်စားမိဖူးတယ်၊ အဲဒီမှာ သူက အဖက်တောင် မလုပ်ဘူး၊ ပြီးတော့ ကျွန်တော်လို ကောင်မျိုးက သူ့ကို စိတ်ဝင်စားရပ့ါမလားဆိုပြီး ကျွန်တော့်ကို မုန်းလိုက်တာဗျာ၊ တူးခါးနေတာပဲ၊ နောက်ဆုံးအနား



BURMESE CLASSIC .com

www.burmeseclassic.com



တောင် မကပ်နိုင်ဘဲ ကျွန်တော် ကျွမ်းပစ်သွားခဲ့ရဖူးတယ်၊ ဒါကြောင့် အဲဒီတုန်းကတည်းက စပြီး ဘယ်မိန်းကလေးမှ စေ့စေ့တောင် မကြည့်ဘဲနေခဲ့တာ ခုထိပဲဆိုပါတော့’

ကျွန်တော်က ခင်ကြီးနှင့်ပတ်သက်သော ကိစ္စတချို့ကို အသေးစိတ်လေးများဖြည့်လျက် ပြောပြလိုက်သည်။

သူက ရယ်ပြီး . . .

‘ခင်ဗျားလည်း တစ်ခါတည်း အသည်းကွဲခဲ့ရတယ် ဆိုပါတော့လေ’

‘အသည်းတော့ မကွဲပါဘူး ကိုစိုးတင့်၊ အသည်းကွဲလောက်အောင် အသည်းနဲ့ပတ်သက်တဲ့ကိစ္စက ဘာမှလုပ်ရသေးတာမှ မဟုတ်ဘဲ’

‘ဒါဖြင့် ဘာဖြစ်ခဲ့တာလဲ’

‘အသည်းကို လေစိမ်းတိုက်ခံရပြီး မာကျောသွားတာ ကိုစိုးတင့်၊ အဲဒီမှာ ကျွန်တော့်ဘဝရဲ့ နိမ့်ကျခြင်း ဆင်းရဲခြင်း၊ အောက်ကျခြင်း ဆိုတာတွေကို အရမ်းခါးသီးသွားတယ်၊ ဘဝကို ဖြစ်တဲ့နည်းနဲ့ ထူထောင်ယူမယ်၊ အဲဒီလို နိမ့်ကျတဲ့ဘဝမှာ ဘယ်တော့မှ မနေရအောင် ကြိုးစားမယ်ဆိုပြီး ဘုရင့်နောင် ဖောင်ဖျက်တဲ့နည်းနဲ့ကို ကြိုးစားခဲ့တာ၊ နဂိုက အနုပညာသမား ကျွန်တော်ဟာ စန္ဒရားတို့ ဂီတာတို့ကို ပြန်လက်နဲ့ထိတာ တစ်ပတ်ပဲ ရှိသေးတာ၊ အဲဒါကြောင့်ပေါ့’

ကိုစိုးတင့်က သဘောကျစွာ ပြုံးသည်။ ကျွန်တော်က မလုံ့ခြုံဖြင့် . . .

‘လုပ်ပြန်ပြီဗျာ၊ ခင်ဗျားက ဘာပြုံးတာလဲ’

ကိုစိုးတင့်က ရယ်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



'အိုးမလုံ အုံမပွင့်ပါနဲ့ ကိုယ့်လူရာ၊ ကျွန်တော် ပြုံးတာက ရိုးရိုးသားသားပါ၊ ခင်ဗျား မျက်ဝန်းလဲ့ပြာပြာသီချင်းဆိုရင်း အေးငယ်ရဲ့ မျက်ဝန်းလဲ့ပြာပြာကို ရွှန်းရွှန်းလဲ့လဲ့ လှမ်းကြည့်တဲ့ကိစ္စကို စောင်းပြောချင်လို့ ပြုံးတာ မဟုတ်ပါဘူး'

'ဟာ . . . ခင်ဗျား တကယ်မလွယ်တဲ့လူပဲ ကိုစိုးတင့်'

အရာရာကို သတိပြုမိတတ်သော ကိုစိုးတင့်၏ မျက်စိလျင်မှု သတိထားတတ်မှုကို ကျွန်တော် တကယ်အံ့သြသွားသည်။

သူက ရယ်ရင်း . . .

'ဒါလောက်တင် မဟုတ်ပါဘူး ကိုလတ်၊ ကျွန်တော့်မှာ ပြောစရာတွေ အများကြီး ရှိပါသေးတယ်၊ ဒါပေမဲ့ စောသေးတယ်ဗျာ၊ မပြောသေးဘူး၊ နောက်မှ . . .'

သူက ပဟေဠိလေးနှင့် စကားကို အစဖြတ်သည်။

သည်လုပ်ငန်းစစ်နှင့်အလုပ်လုပ်ရသော တော်ရုံ မသမာပုဂ္ဂိုလ်တွေကတော့ တော်တော့်ကို မချောင်ဟု ဖြုံလည်း ဖြုံသွားမိ၏။



BURMESE CLASSIC .com

www.burmeseclassic.com

[၅]

'တီ . . . တီ'

'ဝှီး . . . '

'ဟာ . . . '

ကားဟွန်းသံ ကြားလိုက်ရသည်။ ထို့နောက် ကျွန်တော်နှင့် လွတ်သည် ဆိုရုံကလေးကပ်ပြီး 'ဝှီးခနဲ' ကားတစ်စီးက ဖြတ်သွား သည်။ ကျွန်တော် လန့်ဖျပ်ပြီး စက်ဘီးကို လမ်းဘေးမြေကြီးပေါ် ချိုးကွေ့ချလိုက်ရ၏။

'ကံကောင်းလို့ဗျာ၊ ကားကလည်း ရမ်းလိုက်တာ'

ဖြစ်သည့်နေရာက မြို့ဝင် တံတားအလွန်လေးနားမှာမို့ ပတ် ဝန်းကျင်မှာ လူသူမပြတ်။ ဘေးမှာရပ်နေသော လူတစ်ယောက်က



BURMESE CLASSIC .com

www.burmeseclassic.com



ဝင်ပြောသည်။

ကျွန်တော်က မောင်းသွားသောကားကို လှမ်းကြည့်လိုက်သည်။

ဆန်နီပစ်ကပ် အမိုးဖွင့် ကားအဖြူလေး။

အဝေးရောက်နေပြီမို့ နံပါတ်တွေဘာတွေ လှမ်းမဖတ်နိုင်သည့်တိုင် ကျော်ကျော့်ကားဟု သေချာပေါက် သိလိုက်သည်။

'ဟင်း . . .'

ကျွန်တော် သက်ပြင်းချလိုက်၏။

အေးငယ်တို့ ကိုစိုးတင့်တို့ပြောသည့် သတိထားနေဆိုသည်မှာ ဒါမျိုးကို ရည်ညွှန်းပြောခြင်းပဲ ဖြစ်မည်ဟု သတိရသည်။ မတော်တဆ စက်ဘီးခေါင်းယမ်း၍ ဘယ်ဘက်ကို တစ်ထွာတစ်မိုက် ယိုင်မိလျှင် ထိုနေရာ၌ပင် ကျွန်တော် ပွဲချင်းပြီးသွားနိုင်၏။

စိတ်ထဲမှာ ဒေါသတော့ ဖြစ်သွားမိသော်လည်း အင်းလေ . . ရှိပါစေတော့၊ ကိုယ့်ဟာကိုယ် သတိထားနေတာ အကောင်းဆုံးပါပဲဟု တွေးပြီး စက်ဘီးပေါ် ပြန်တက်စီးခဲ့သည်။

ရုံးပိတ်ရက် မြို့ထဲထမင်းစားထွက်ရန် မောင်အေးထွန်းထံမှ စက်ဘီးငှားပြီး ထွက်လာခဲ့ခြင်းသည် ကံကောင်း၍ ဆေးရုံပေါ်ရောက် မသွားခြင်းပင်။

ထမင်းဆိုင် မရောက်မချင်း ကားက နောက်တစ်ခါများ ပြန်လှည့်လာဦးမလား။ စိုးရိမ်စိတ်နှင့် ရှေ့ရော နောက်ရော သတိထား သွားသည်။

သို့သော် ကျော်ကျော့် ကားလေးကို ထိုနေ့အဖို့ နောက်တစ်ခါ မမြင်ရတော့။



BURMESE CLASSIC .com

www.burmeseclassic.com



ထမင်းစားနေတုန်း အခြားကားလေးတစ်စီးသာ ရောက်လာ၏။

◈

'ဟာဗျာ . . . ခင်ဗျား ရှာလိုက်ရတာ၊ မောင်အေးထွန်း မေးတော့လည်း စက်ဘီးယူပြီး ထွက်သွားတယ်သာ ပြောတယ်၊ ထမင်းဆိုင်လို့ မပြောဘူး'

ကိုစိုးတင့်က သူ့ပရက်စတို ကားနီလေးကို ဆိုင်ရှေ့မှာရပ်ပြီး အပြစ်တင်စကားဖြင့် ဝင်လာသည်။

ကျွန်တော်က ရယ်၍ . . .

'ကျွန်တော်မေ့ပြီး မမှာခဲ့မိတာဗျ ကိုစိုးတင့်ရ၊ ဒါပေမဲ့ နောက်ဆုံးတော့ ခင်ဗျား ကျွန်တော့်ကို ရှာတွေ့တာပဲ မဟုတ်လား၊ ကဲ . . . ပြော ဘာကိစ္စလဲ'

'ဘာကိစ္စမှ မဟုတ်ဘူး၊ ဒီမနက် ခင်ဗျားကို အိမ်မှာ ထမင်းကျွေးမလို့ လာခေါ်တာ၊ ခင်ဗျားက စားတောင်စားနေပြီ'

'ကျွတ် . . . စောစောကမှ မသိဘဲဗျ'

'အေးဗျ . . . ကျွန်တော်ကလည်း ဖုန်းကြိုဆက်ဖို့ မေ့သွားတယ်၊ ထားပါ၊ အဲဒါက အရေးမကြီးပါဘူး၊ ထမင်းစားပြီးရင် အိမ်လာခဲ့ဗျာ၊ ရန်ကုန်က ကျွန်တော့်ညီမလည်း ကျောင်းပိတ်လို့ အိမ်ပြန်ရောက်နေတယ်၊ အေးငယ်လည်း အိမ်မှာပဲရှိတယ်၊ အဲဒါကြောင့် ခင်ဗျား ရှိနေဖို့လိုအပ်တယ်ဆိုပြီး အသည်းအသန် လိုက်ရှာတာ"

"ဟာ . . . ဘာဆိုင်လို့လဲဗျ၊ ခင်ဗျားကလည်း"



BURMESE CLASSIC .com

www.burmeseclassic.com



ကိုစိုးတင့်က ရယ်သည်။

'ဘာဆိုင်လို့လဲ ဆိုတဲ့ကိစ္စကတော့ နောက် တဖြည်းဖြည်း အဖြေပေါ်လာမှာပေါ့ဗျာ၊ ကဲ . . . မြန်မြန်စား၊ ဒါမှမဟုတ် ဆက်မစားဘဲ ဒီတိုင်း ရပ်ချင် ရပ်ထားလိုက်တော့၊ အိမ်ကျမှ ဆက်စား၊ အိမ်မှာ ဟိုဟင်းကောင်းတယ်'

'ဘာဟင်းမို့လဲဗျ'

'မျက်ဝန်းလဲ့ပြာပြာ ဟင်းလေ'

'ဟာ . . .'

ကိုစိုးတင့်က ရယ်ပြီးရင်းသာ ရယ်နေတော့သည်။

ခဏအကြာမှာ ကိုစိုးတင့်တို့ အိမ်သို့ ကျွန်တော် ရောက်သွား၏။

◈

'ငါစိတ်ကူးတစ်ခုရတယ် လေးလေး၊ နောက်တစ်ပတ်ကျ နင်တို့ ဘယ်သွားစရာ ဘာလုပ်စရာရှိသေးလဲ'

ကိုစိုးတင့်တို့အိမ်က အတော်ကျယ်ဝန်းသည်။ နှစ်ထပ်လည်း နှစ်ထပ်အိမ်မို့ အပေါ်ထပ်မှာ လူကြီး သူကြီးတွေ မရှိဘဲ ကျွန်တော်တို့ ချည်း လွတ်လွတ်လပ်လပ်နေလို့ရသည်။

ထိုနေ့က ကိုစိုးတင့်တို့အိမ်မှာ လူလည်း အတော်စုံသည်။ ကိုစိုးတင့်၏ ညီမ လေးလေးတင့်၏ အဖွဲ့ဝင်များ ဖြစ်သော အေးငယ်၊ မိစု၊ ခိုင်ခိုင်စသော သူငယ်ချင်း သုံးလေးယောက်ရှိနေသည်။ ကိုစိုးတင့်၏အဖွဲ့ဝင်များဖြစ်သော ကျွန်တော်၊ ကိုနေဦး၊ ကိုစောဝင်းတို့



BURMESE CLASSIC .com

www.burmeseclassic.com



လည်း ရှိနေသည်။

အေးချမ်းဖော်ရွေပျော်ရွှင်သော သည်မိသားစုလေးကြောင့် ကျွန်တော်တို့၏ ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော ရုံးပိတ်ရက်လေးများ စိုပြည်လှပနေခြင်းပင်။

ကိုစိုးတင့်စကားကြောင့် လေးလေးက သူ့အုပ်စုနှင့်သူ တဟားဟား ရယ်မောပြောဆိုနေရာကနေ . . .

'ဘာလုပ်မှာလဲသာ ကိုကိုပြောပါ၊ လေးလေးတို့ အား,မအား ဆိုတာက ကိုကို့အစီအစဉ်ပေါ်မှာ မူတည်ပြီးမှ ဆုံးဖြတ်ရမှာ'

'အေးအေး . . . ဒါဖြင့် ပြီးရော၊ နောက်တစ်ပတ်ကျ ငါတို့ အုပ်စု စုပြီး ကျိုက်ဂူဘက် သွားရရင် ကောင်းမလားလို့၊ အိမ်က, ကတည်းက ထမင်းဟင်း စားစရာသောက်စရာတွေ စီစဉ်သွားမယ် ဟာ၊ ပျော်ပွဲစားသဘောပေါ့"

'ဟာ . . . ကောင်းတယ်ကိုကို၊ လေးလေးတို့လည်း မရောက်ဖူးဘူး သွားချင်တယ်၊ ကိုကိုတို့ဝိုင်းက လူကြီးတွေ ပိုက်ဆံထုတ်လုပ်ရေး တာဝန်သာ ယူ၊ လေးလေးတို့အုပ်စုက ချက်ဖို့ပြုတ်ဖို့ တာဝန်ယူမယ်'

'ကိုကို . . . ကျိုက်ဂူက လမ်းကောင်းလို့လား'

လေးလေးစကားအဆုံးတွင် လေးလေးတို့ဝိုင်းမှ မိစုက ဝင်မေးသည်။ ကိုစိုးတင့်က ခေါင်းညိတ်၍ . . .

'ကောင်းတယ်လို့ ပြောတယ်ဟ၊ ဟိုတစ်ပတ်က တိုင်းဦးစီးက အဖွဲ့တွေ သွားကြသေးတယ်တဲ့၊ တစ်နေ့က တိုင်းရုံးကလူတွေ ပြောလိုက်တယ်၊ နင်တို့ရော ရောက်ဖူးလား မိစု'

'ဟင့်အင်း . . . ကြားပဲကြားဖူးတာ၊ တစ်ခါမှ မရောက်ဖူးဘူး၊



BURMESE CLASSIC .com

www.burmeseclassic.com



နှင်ရောက်ဖူးလား အေးငယ်'

အေးငယ်ကလည်း ခေါင်းခါ၍ . . .

'ဟင်အင်း မရောက်ဖူးဘူး'

'သူတို့သွားမမေးနဲ့ မိစု၊ ငါတောင် မရောက်ဖူးဘူး၊ တို့ထဲမှာ ကိုစောဝင်း တစ်ယောက်ပဲ ရောက်ဖူးတယ်၊ ကဲ . . . ကိုစောဝင်း နည်းနည်းပါးပါး အတွေ့အကြုံလေး ရှင်းပြလိုက်ပါဦး'

ဆက်သွယ်ရေးရုံးမှ ကိုစောဝင်းကလည်း လူချော၊ သဘောကောင်း ပျော်တတ်သူဖြစ်သည်။

'ဒီမှာ အားလုံး သေချာနားထောင်ပါ၊ အဲဒီဒေသရဲ့ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး အခြေအနေကစပြီး သမိုင်းစဉ် တစ်လျှောက်မှာ ဖြစ်ပျက်ခဲ့တဲ့ ရာဇဝင်ကြောင်းဆိုင်ရာ အချက်အလက်တွေပါမကျန်၊ ကျွန်တော် အသေးစိတ် တင်ပြပါ့မယ်၊ ဒါဟာ ကျွန်တော် တတ်သိနားလည်ကြောင်း ကြွားဝါလိုခြင်းထက် ခု ဒီအခမ်းအနားမှာ သဘာပတိ သဘောမျိုး တာဝန်ယူထားတဲ့ ဦးစိုးတင့်ရဲ့ ပန်ကြားတောင်းဆိုချက်အရ ပြောကြားရတာ ဖြစ်ပါတယ်၊ ပထမအနေနဲ့ နိဒါန်းပိုင်းကို ကျွန်တော် အစီရင်ခံပါ့မယ်'

'တော်ပြီ မပြောနဲ့တော့ ဟိုကျမှ ကိုယ့်ဟာကိုယ် ကြည့်တော့မယ်'

'တွေ့လား၊ အဲဒီလူကြီးဟာ ဆက်သွယ်ရေးက အော်ပရေတာလို့ မပြောရဘူး လေကြောကိုရှည်တယ်'

'သူများ ရည်းစားစကားပြောတဲ့ဖုန်း အကုန်ခိုးနားထောင်ပြီး အကျင့်ပါနေတာပေါ့'

ကိုစောဝင်း နိဒါန်းမှ မစရသေးခင် ဩဘာပေးသံများ မေတ္တာ



BURMESE CLASSIC .com

www.burmeseclassic.com



ပို့သံများ ချီးကျူးဂုဏ်ပြုသံများ တစ်ခဲနက် ပေါ်ထွက်လာ၏။ ကိုနေဦးက ရယ်ရင်း . . .

'ဟုတ်သားပဲဗျ၊ ခင်ဗျားကလည်း နိဒါန်း မစခင်ကို တစ်နာရီရှိနေပြီ'

'နေပါဦး၊ နေပါဦး၊ ဆန္ဒမစောကြပါနဲ့၊ ဒီကိစ္စက အင်မတန်အရေးကြီးတဲ့ကိစ္စမို့ ကျိုးကြောင်းခိုင်လုံစွာ ရှင်းပြဖို့ ကြိုးစားနေရတာပါ၊ ဒီထဲမှာ ဒီဒေသကို ရောက်ဖူးတာက ကျွန်တော် တစ်ယောက်ပဲရှိတယ် မဟုတ်လား'

'ခဏလေး ကိုစောဝင်း၊ ခင်ဗျားက ဘယ်တုန်းက ရောက်ဖူးတာလဲ'

ကိုစိုးတင့်က ဝင်မေးသည်။ ကိုစောဝင်းက မချိုမချဉ် မျက်နှာပေးဖြင့် လှမ်းကြည့်ရင်း . . .

'ပြောပါ့မယ်၊ ပြောပါ့မယ်၊ ခုလိုမရှင်းလင်းတဲ့အချက်တွေကို စိတ်ပါဝင်စားစွာ ဝင်ရောက်ဆွေးနွေးတဲ့အတွက် ကျေးဇူးလည်း တင်ပါတယ်၊ ကျွန်တော်ဟာ အဲလေ . . . ကျွန်တော်ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်ကျော် အမိဝမ်းမှ ကျွတ်ပြီး လေးနှစ်ခန့်အကြာမှာ အဖေလုပ်သူက ကုန်းပိုးခေါ်သွားလို့အတွက် ရောက်ခဲ့ဖူးခြင်း ဖြစ်ပါတယ်'

'ဟာ . . . တော်တော့၊ လေးနှစ်သားက ရောက်ခဲ့မှတော့ ဘာမှတ်မိမှာလဲဗျ'

'အင်းလေ'

'ဟုတ်ပါတယ်၊ ကျွန်တော်ကလည်း မှတ်မိတာတွေ ပြောမလို့ မဟုတ်ပါဘူး၊ သူများပြောလို့ ကြားဖူးတာတွေပဲ ပြောမှာပါ၊ ကျတ်ဂူကို



BURMESE CLASSIC .com

www.burmeseclassic.com



ရောက်ဖို့အတွက် ကျွန်တော်တို့ အခုရှိနေတဲ့ နေရာကနေ လူကြီးမင်းတို့ မိုင်ပေါင်းသုံးဆယ်ကျော် ကားစီးသွားရမှာ ဖြစ်ပါတယ်'

'လုပ်မနေနဲ့ အဲဒါက သိပြီးသား'

'ဟုတ်ပါပြီ၊ ဒီကနေ မိုင်ပေါင်းသုံးဆယ်ကျော်သွားပြီတဲ့နောက် ရောက်တဲ့နေရာဟာ ကျတ်ဂူပါပဲ၊ ကျတ်ဂူအကြောင်းကို အသေးစိတ်မပြောနိုင်ပေမယ့် အကြမ်းဖျင်းအားဖြင့် စကားလိမ်ပြန်လိုက်ရင်တော့ ကျူဂတ်လို့ အသံထွက်ပါတယ်'

'သေရောကွာ၊ ငါတို့တော့ အရှူးဘုံမြှောက်မိပြီ'

ထိုစကားဝိုင်းကတော့ ရယ်သံများဖြင့်ပင် အဆုံးသတ်ခဲ့ရ၏။

www.burmeseclassic.com

[၆]

‘အေးငယ် နောက်တစ်ပတ်ကျ လိုက်ခဲ့မှာမဟုတ်လား’

လောကမာန်အောင် ဆုတောင်းပြည့်ဘုရား ရင်ပြင်တော်က ကျယ်ဝန်းသည်နှင့်အမျှ တိတ်ဆိတ်အေးချမ်းနေသည်။

ပင်ခြေတွင် အုတ်ခုံဖြင့် ဝိုင်းပတ်ထားသော ညောင်သပြေပင်ကြီးအောက်တွင် နှစ်ယောက်သား ထိုင်ဖြစ်သည်။ ကျွန်တော့်အမေးကို အေးငယ်က ခေါင်းမညိတ်၊ ခေါင်းမခါသေးဘဲ . . .

‘ဆရာရော လိုက်မှာလား’

ကျွန်တော် ပြုံး၍ . . .

‘အေးငယ်လိုက်ရင်တော့ ကိုယ်လည်း လိုက်မှာပေါ့’

‘အေးငယ်လည်း အဲလိုပဲ’

www.burmeseclassic.com



'အဲလိုပဲ . . . ဟုတ်လား အေးငယ်၊ အဲလိုပဲဆိုတာ ဘာလဲ'

'ဆရာ့လိုပဲလို့ ပြောတာပေါ့၊ ဆရာက အေးငယ်လိုက်ရင် ကိုယ်လည်း လိုက်မှာပဲဆို'

'အင်း . . .'

'အေးငယ်လည်း ဆရာလိုက်ရင် လိုက်မှာပေါ့'

'ဩော် . . ဒီလိုလား၊ အဲဒါဆို သေချာပြီလို့ သတ်မှတ်လိုက်တော့ အေးငယ်၊ အရေးကြီးတဲ့ကိစ္စ ဘာရှိရှိ ဖြစ်တဲ့နည်းနဲ့ ရက်ရွှေ့လိုက်တော့မယ်၊ ဒါပေမဲ့ ဟိုကျရင်တော့ ဘယ်ဟာတွေက ဘာဆိုတာ အေးငယ်က ရှင်းပြရမှာနော်၊ ကိုယ်က ဒီအရပ်ဒေသတွေကို ကြားတောင်ကြားဖူးတာ မဟုတ်ဘူး'

အေးငယ်က ရယ်သည်။

'ရပါတယ် ဆရာရဲ့၊ အေးငယ်လည်း တစ်ခါမှ ရောက်ဖူးတာ မဟုတ်တော့ ကျွမ်းကျင်ပါတယ်၊ သစ်ပင်မြင်ရင် ဒါသစ်ပင်၊ ချောင်းတွေ့ရင် ဒါချောင်း၊ တောင်တွေ့ရင် ဒါတောင်၊ ဂူတွေ့ရင် ဒါဂူဆိုတာ ပြောပြပါ့မယ်'

'ဟုတ်ပြီ၊ ဒါဆို ကိုယ် ဗဟုသုတကြွယ်ဝဖို့ သေချာသွားပြီပေါ့'

ညောင်သပြေပင်ရိပ်မှာ ရယ်သံလေးများ လွင်သွားသည်။

ထိုနေ့က ကိုစိုးတင့်တို့အိမ်မှာ ဆုံသော ရုံးပိတ်ရက် ပထမနေ့ မဟုတ်၊ ဒုတိယနေ့ တနင်္ဂနွေနေ့ဖြစ်သည်။ ကိုစိုးတင့်တို့ မောင်နှမက အေးငယ်ကို ခေါ်လာပြီး ကားနှင့်စက်ရုံ ဝင်ခေါ်သည်။

ထိုနောက် မြို့စွန်ရှိ မြို့ကျက်သရေဆောင်ဘုရား ကျွန်တော် မရောက်ဖူးသေးဆိုကာ သွားကြခြင်း ဖြစ်သည်။ ဘုရား ရောက်တော့ ကျွန်တော်တို့နှစ်ယောက်ကို တစ်ဖွဲ့ထား၍ သူတို့မောင်နှမက ယောင်



BURMESE CLASSIC .com

www.burmeseclassic.com



လည်လည်နှင့် ရှောင်ထွက်သွားသည်။

ကိုစိုးတင့်က သူ့ညီမလေးလေးကို ဘာပြောထားသည်မသိ။ ကျွန်တော်နှင့် အေးငယ်ကို နီးစပ်စေချင်တဲ့ အဖွဲ့ဝင်ထဲမှာ လေးလေးပါ တိုးလာသည်။ ခုနောက်ပိုင်း ဘာလုပ်လုပ် အေးငယ်နှင့်ကျွန်တော့်ကို သီးသန့်ပုံစံလေးများဖြစ်အောင် ဝိုင်းလုပ်ပေးနေကြသည်။

အေးငယ်လည်း ရိပ်တော့ရိပ်မိနေပုံရ၏။ သို့သော် တစ်ခါတစ်ရံ တည့်တည့်၊ တစ်ခါတစ်ရံ စောင်းပါးရိပ်ခြည် နောက်ပြောင်နေသည့် ကိစ္စလေးများကိုပင် ဣန္ဒြေရရ မသိဟန်ဆောင်သည်။

အုပ်စုကလည်း အလွန် အစ,အနောက်များသည့် အုပ်စု။

တစ်ခါတစ်ရံ ကျွန်တော် အေးငယ်ကို အားနာမိလောက်အောင် စ,ကြ နောက်ကြသည်။ သို့အတွက်များ ကိုစိုးတင့်တို့ ကျေးဇူးရှင်မောင်နှမက အုပ်စုထဲမှ ခွဲထုတ်ပေးခြင်းလား မဆိုနိုင်။

'သေချာတယ် ဆရာ၊ ကိုစောဝင်း ပြောတဲ့ ကျူဂတ် ဗဟုသုတမျိုးတွေကတော့ အများကြီး ရစေ့မယ်'

'အေးငယ် မနေ့ကလည်း သူလုပ်တာနဲ့ ကျတ်ဂူကိစ္စတောင် သေချာ မသိလိုက်ရဘူး၊ အေးငယ်သိတာလေးတွေရှိရင် ကိုယ့်ပြောပြထားပါဦး၊ အဲဒါက ဘယ်နားမှာ ရှိတာလဲ'

အေးငယ်က ရယ်သည်။

'တောင်ပေါ် တက်သွားရတယ်ပြောတာပဲ ဆရာ၊ အေးငယ်လည်း သေချာမသိဘူး၊ ဒီလိုဆရာရဲ့ အဲဒီဘက်က လမ်းမကောင်း၊ လုံခြုံရေး မကောင်းလို့ မသွားရဲကြတာ ကြာပြီ၊ ခု အဲဒီလမ်း ပြန်ပြီးသွားလို့ သွားလို့လာလို့ရတာ သိပ်မကြာသေးဘူး'

'အဲဒီမှာက ဘာတွေရှိလို့လဲ'



BURMESE CLASSIC .com

www.burmeseclassic.com



'အဓိက,ကတော့ လမ်းပန်းရှုခင်း သာယာပြီး ဟိုမှာလည်း စမ်းချောင်းလေးတွေ၊ ရေတံခွန်လေးတွေရှိလို့ ပျော်ပွဲစားသဘောမျိုး သွားကြတာပါ။ ကျတ်ဂူဆိုတာကတော့ အဲဒီမှာရှိတဲ့ ဂူကြီးတစ်ခုတဲ့'

'သြော် . . . တကယ့်ဂူလား'

'ဟုတ်တယ် ဆရာ၊ တော်တော်ကြီးတဲ့ ဂူကြီးလို့ ပြောတာပဲ၊ အထဲမှာလည်း ကျောက်လှေကြီးတွေ၊ ကျောက်စားပွဲတွေလိုဟာမျိုး ထူးထူးဆန်းဆန်းတွေ ရှိတယ်၊ တချို့က အဲဒီထဲမှာ ကျတ်တွေ နေလို့ ဆိုပြီး ကျတ်ဂူဘာညာဖြစ်လာတာပါ'

'ကျတ်တွေဘာတွေနဲ့ရော တွေ့ဖူးတာတို့ ဘာတို့ ပြောကြဆိုကြတာ ရှိသေးလား'

'အဲဒါ အေးငယ် မသိဘူး ဆရာ၊ ကျတ်ဆိုတာကို အေးငယ် သေချာ မသိတာ၊ ကျတ်ဆိုတာ ဘာလဲ'

ကျွန်တော် ရယ်လိုက်သည်။

'ကိုယ်လည်း မသိဘူး အေးငယ်ရယ်၊ ဒီလိုပဲ ကြားဖူးနားဝ ရှိတာပါ၊ ကျတ်ဆိုတာ ဘယ်လိုပြောမလဲ၊ အဲ . . . နာနာဘာဝ တစ်မျိုး ဆိုပါတော့၊ နာနာဘာဝဆိုတာရော သိလား'

'ဟင့်အင်း . . . မသိဘူး ဆရာ'

အလွန်လှပသော အသံလေး ကြားလိုက်ရ၏။ ထို 'ဟင့်အင်း မသိဘူး ဆရာ' ဆိုသော စကားလုံး ခုနစ်လုံး၏ အသံနေအသံထားက သာမန်ကြားရိုးကြားစဉ်အသံမျိုး မဟုတ်။ နွဲ့တဲ့တဲ့လိုလို၊ ထောင့်တောင့်တောင့်လိုလို အဖြတ်အတောက် အဆွဲအငင်လေးများက တစ်မျိုး ဖြစ်နေသည်။

ကျွန်တော်ရယ် မဟုတ်။ သည်အသံမျိုးက ကောင်းကင်ပျံနေ



BURMESE CLASSIC .com

www.burmeseclassic.com



သော ပုဂ္ဂိုလ်ခုနစ်ဆယ်လောက်ကို တစ်ခါတည်းနှင့် ကျွမ်းပစ် ချောန်လျှော သွားစေနိုင်သည့် အနေအထားမှာ ရှိသည်။

ကျွန်တော်က တုန်ခါလုဆဲဆဲ ဖြစ်သွားသော လေသံကို မနည်းကြိုးစား၍ တည်ငြိမ်အောင် လုပ်လိုက်ပြီး . . .

'အဟမ်း . . . နာနာဘာဝဆိုတာ ခပ်ဆန်းဆန်းတွေ လုပ်တတ်တဲ့ သတ္တဝါမျိုးကို ပြောတာပါ၊ ကျတ်ဆိုတာလည်း အဲဒါမျိုးပေါ့၊ ကိုယ်ကြုံဖူးလို့တော့ မဟုတ်ဘူးနော်၊ ကိုယ်လည်း ကြားဖူးတာပဲ'

'အင်းပါ . . .'

'တစ်ခါတုန်းက ခရီးသွားတစ်ယောက်ဟာ ညဘက်ကြီး ခရီးသွားရင်းနဲ့ မမျှော်လင့်ဘဲ ပွဲခင်းကြီးတစ်ခုနဲ့ သွားတိုးရောတဲ့၊ ဟာ . . . အဲဒီမှာ မီးတွေကလည်း ထိန်လင်းနေ၊ လူတွေကလည်း စည်ကားဆိုတော့ သူလည်း ပွဲခင်းထဲ ရောက်သွားတာပေါ့၊ အဲဒီပွဲခင်းက အငြိမ့်ပွဲကြီးတဲ့၊ အငြိမ့်မင်းသမီးကလည်း လှသလားမမေးနဲ့ ဆိုတဲ့ သီချင်းအသံကလည်း ပထမတန်းစားပဲ၊ လူပြက်တွေကလည်းကောင်းလိုက်တာတဲ့'

'အင်း . . .'

'အဲဒါနဲ့ အဲဒီလူကလည်း ပွဲတော်ကြီးနဲ့ တိုးပြီဆိုပြီး ပွဲခင်းထဲမှာ စားသောက်၊ ပွဲဝင်ကြည့်၊ သူ ဝင်ထိုင်ကြည့်တဲ့နေရာဘေးမှာလည်း ချောချောလှလှ မိန်းကလေးတွေ အများကြီးပဲ၊ အရမ်းကို ပျော်စရာကောင်းနေသတဲ့ . .'

'အင်း . . .'

'တော်တော်လေးကြာတော့ အနားက မိန်းကလေးတစ်ယောက်နဲ့ ခင်မင်သွားရာက အဆင်ပြေသွားပြီး စောင်တွေဘာတွေ

www.burmeseclassic.com



အတူခြံပြီး ပွဲကြည့်တဲ့အဆင့်အထိ ဖြစ်လာတယ်’

‘ဟင် . . . ဆရာကလဲ’

‘ဆရာက မလဲနဲ့ အေးငယ် . . . ဇာတ်လမ်းက ဒါပဲ၊ အဲလိုနဲ့ ပွဲကြည့်ရင်း ပုဂ္ဂိုလ်လည်း မေ့ခနဲတစ်ချက် ဖြစ်သွားပြီး အိပ်ပျော်သွားသတဲ့၊ နိုးလာတော့ ကြည့်လိုက်တော့၊ ပွဲခင်းလည်း မရှိတော့ဘူး၊ လူတွေလည်း မရှိတော့ဘူး၊ မိုးလည်း လင်းနေပြီ၊ သူရောက်နေတဲ့နေရာက တကယ့်ရွာပျက်ကုန်းကြီး၊ သူကကျတော့ သစ်ငုတ်တိုကြီးတစ်ခုကို ဖက်ပြီး အိပ်ပျော်နေတာ . . . တဲ့’

‘အမလေး . . . ကြောက်စရာကြီး’

‘အဲဒါပဲ အေးငယ်၊ သူရောက်သွားတဲ့နေရာက ကျတ်တွေနေတဲ့ ကျတ်ကုန်းတဲ့၊ ကျတ်ဆိုတာကလည်း အဲဒါမျိုးပဲ၊ သူတို့နဲ့ဆုံလို့ ဘာဒုက္ခမှတော့ မပေးဘူး ထင်တာပဲ၊ ဒါပေမဲ့ အေးငယ်စဉ်းစားကြည့်ပေါ့၊ လူမဟုတ်ဘဲ လူယောင်ဆောင်ထားတဲ့လူတွေကြားထဲမှာ တစ်ညလုံးနေရတာ အဲဒီလူလည်း တဖြည်းဖြည်း စဉ်းစားမိမှကြောက်ပြီး ရူးသွားတယ်လို့ ပြောတာပဲ၊ အခု ကျတ်ဂူဆိုတာဟာလဲ၊ ဒါမျိုးပဲလား လို့ သိချင်လို့ မေးကြည့်တာ’

‘မပြောတတ်ဘူး ဆရာ၊ အဲဒီကျတ်ဂူဆိုတဲ့ နေရာကလည်း ထူးတော့ ထူးဆန်းတာတွေ အများကြီး ရှိတယ် . . . တဲ့၊ နေရာကလည်း တကယ့်တောကြီး၊ တောင်ကြီးထဲမှာ . . . ဆရာ ပြောတာနဲ့ သွားရမှာတောင် လန့်လာပြီ’

‘မလန့်ပါနဲ့ . . . ကိုယ်ပါ ပါတယ်၊ ပွဲခင်း တွေ့တော့လည်း ဝင်ကြည့်ကြတာပေါ့’

‘အဲဒီကျ ဆရာ့အားကိုးရရင်တော့ ကောင်းတာပေါ့၊ တော်ကြာ



BURMESE CLASSIC .com

www.burmeseclassic.com



ဆရာက မင်းသမီးပဲ ငမ်းနေပြီး၊ အနားက ကောင်မလေးတွေနဲ့ စောင်ခြုံကြည့်နေရင် အေးငယ် ဘယ်လိုလုပ်မလဲ'

'မပူပါနဲ့ အေးငယ်ရယ်၊ အေးငယ်ထက်ပိုပြီး ဘယ်ကျတ် ဘယ်မင်းသမီးကမှ မလှနိုင်ပါဘူး'

'ဟော . . . ဟော . . . အဲဒါ ဆရာ မြှောက်နေပြီ'

'မမြှောက်ပါဘူး အေးငယ်ရဲ့ တကယ်ပြောတာပါ'

'မြှောက်လည်း ရပါတယ် ဆရာရဲ့၊ အဲ့လိုပြောလို့ အေးငယ် ဘယ်တုန်းကမှ စိတ်မဆိုးတတ်ခဲ့ဖူးပါဘူး'

နှစ်ယောက်သား ရယ်လိုက်ကြရပြန်၏။

◈

ကျတ်ဂူခရီးလေးကတော့ ဘဝမှာ ဘယ်သောအခါမှ မမေ့နိုင်မည် မဟုတ်သည့်ခရီးလေးတစ်ခုပင်။

ကားမထွက်ခင် ကိုစိုးတင့်တို့အိမ်မှာ စုဝေးနေကတည်းကပင် ရင်ခုန်စရာလေးများက စတင်ခဲ့၏။

'ဆရာ . . . ရောက်နေတာ ကြာပြီလား'

'ဟင် . . . '

ခရီးက စောစောထွက်မှ ဖြစ်မည့်ခရီးမို့ မနက်ငါးနာရီလောက် မှာပင် လူစုံအောင် စုကြသည်။ ဆောင်းတွင်းကလည်း ဆောင်းတွင်းမို့ နှင်းများ ပိတ်နေအောင်ကျနေသည်။

ကျွန်တော် ရောက်သွား၍ ခြံဝလွန်ရုံ ရှိသေးသည်။ နောက်မှ အသံကြားသဖြင့် လှည့်ကြည့်လိုက်၏။



BURMESE CLASSIC .com

www.burmeseclassic.com



အေးငယ် . . .။

သူ့အမေးကို မဖြေနိုင်ဘဲ 'ဟင်' ဆိုသော အသံလေး ရင်ထဲမှာ မြည်ဟည်းသွားကာ ထိုစက္ကန့်ပိုင်း၌ ကျွန်တော့် ထွက်သက်ဝင်သက်များ ရပ်ဆိုင်းသွားသည်။

လှလိုက်တာ။

ခါတိုင်းလည်း အေးငယ် လှပါသည်။ သို့သော် ထိုနေ့ကတော့ တကယ့်ကို အတုမရှိ လှနေ၏။ လိမ္မော်ရောင် ယုန်မွေးဆွယ်တာလေး၊ လိမ္မော်ရောင် သိုးမွေးခေါင်းစွပ်လေး စွပ်ထားသော အေးငယ်၏ မျက်နှာဖွေးဖွေးလေးလည်း လှပစွာ ခြယ်သထားသော အမွှမ်းအမံများဖြင့် ဘယ်လိုလှနေမှန်း မသိ။

'ခုပဲ ရောက်တာ အေးငယ်'

'အမယ် . . မယ်မယ် . . . ဒီနှစ်ယောက် နောက်ကျပါတယ် အောက်မေ့တယ်၊ သူတို့က နှင်းတောထဲမှာ စကားလက်ဆုံ ပြောမကုန်ဖြစ်နေကြတာကိုး'

'ဟာ . . . ကိုစိုးတင့်ကြီးကလည်း အေးငယ်ရော ဆရာရော ခုမှ ရောက်တာ သိရဲ့လား'

ကိုစိုးတင့်က ရယ်၍ ကားနောက်ခန်းထဲမှ ခေါင်းထုတ်ပြီး လှမ်းပြောသည်။

'ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ ခုမှပဲ ရောက်ရောက် အကြာကြီးကတည်းက ရောက်ရောက် ငါက အပြစ်မပြောပါဘူး၊ ဒါ သဘာဝပဲဟာ၊ ကဲ . . ကဲ . . ကားပေါ်တက်ကြတော့၊ မင်းသားနဲ့ မင်းသမီး ပေါ်မလာသေးလို့ အားလုံးက မျှော်နေကြတာ'

'မျှော်နေရင် ရောက်ပြီလို့ ပြောလိုက်ပေါ့ ကိုစိုးတင့်ရဲ့၊ မင်းသား



BURMESE CLASSIC .com

www.burmeseclassic.com



နဲ့ မင်းသမီးကလည်း ပရိသတ် မျှော်ရကျိုးနပ်အောင် အထူးကပြ အသုံးတော်ခံပါ့မယ်လို့ ကန်ထရိုက်ပွဲစားကြီးက ပြောပေးဖို့လည်း မမေ့နဲ့ဦး'

ပြောပြောဆိုဆိုနှင့် အေးငယ်က ကားပေါ်တက်သည်။

ကျွန်တော်လည်း ရယ်၍ ကားပေါ်တက်လိုက်သည်။

နောက်ခန်းမှာ ထိုင်ရမည့်နေရာက အေးငယ်ဘေးမှ တစ်နေရာသာ ရှိမည်မို့ ထိုနေရာ၌ပင် ဝင်ထိုင်လိုက်သည်။

'ဟဲ . . . ဟဲ'

ကိုစိုးတင့်က ကျွန်တော်တို့နှစ်ယောက်ကို မချိုမချဉ်ကြည့်ပြီး ရယ်သည်။ ကျွန်တော်က မလုံမလဲဖြင့် . . .

'ဘာလဲဗျ ခင်ဗျားက . . .'

'ဟဲ ဟဲ . . . ဘာမှ မဟုတ်ပါဘူး၊ ကြည့်ကောင်းလို့'

'ဘာ ကြည့်ကောင်းတာလဲ'

အေးငယ်က ခပ်ဆတ်ဆတ် ဝင်မေးသည်။

'ဩော် . . . ညက တီဗွီကလာတဲ့ ရုပ်ရှင်ပြောတာပါ၊ သိပ်ကောင်းတာပဲ၊ မင်းသားနဲ့ မင်းသမီးက ရှေ့သွားနောက်လိုက် တကယ်ညီတယ်'

ကားပေါ်မှ ရယ်သံလေးများ ဆူညံသွားသည်။

'ဘာလဲ . . . ဇာတ်ကားနာမည်က 'နှစ်ယောက်တည်းနေချင်တယ် ဘေးလူတွေက ရှုပ်လိုက်တာ' တဲ့လား'

အေးငယ်ဟိုဘက်မှ မိစုကလည်း ဝင်ထောင်သည်။

'မဟုတ်ဘူးဟ 'အချစ်နဲ့ သူ၏ကိုကို'

'ဘယ်ဟုတ်ရမှာလဲ၊ 'အချစ်နဲ့ သူ၏ဆရာ' ပါဗျ'



BURMESE CLASSIC .com

www.burmeseclassic.com



ကိုစောဝင်းစကားအဆုံးမှာ တစ်ကားလုံး ဝါးခနဲ ပွဲကျသွားသည်။

ကျွန်တော် ဘာလုပ်ရမှန်းပင် မသိတော့။

သို့သော် အေးငယ်က ဘာလုပ်ရမှန်းသိသည်။ ခပ်တည်တည်ပင် ကျွန်တော့်ဘက် လှည့်လိုက်ပြီး . . .

'ဆရာ . . . ကိုယ့်ဟာကိုယ် ခပ်တည်တည်နေနော်၊ ဘယ်သူဘာပြောပြော ဂရုမစိုက်နဲ့၊ အေးငယ်တို့ ရိုးသားမှန်း ဘုရားသိတယ်၊ လိမ့်လည်း ကျဦးမယ်၊ သတိထား၊ အစွန်းဘက် သိပ်မကပ်နဲ့၊ ဒီဘက်တိုးထိုင်'

'ဟဲ့ . . . အေးငယ်၊ အမိန့်တွေ ပေးလှချည်လား၊ နင်တို့နှစ်ယောက် ဘယ်သူက ဆရာ၊ ဘယ်သူက တပည့်လဲ'

ကိုနေဦးကလည်း မနေ၊ ထပ်ထောင်သည်။ ကိုစောဝင်းကရယ်၍ . . .

'မတူဘူးလေ ကိုနေဦးရဲ့၊ စက်ရုံမှာ ကိုလတ်က စက်ရုံမှူး၊ အေးငယ်က နောက်ကျရင် အိမ်မှာ ပြည်ထဲရေးဝန်ကြီး ဖြစ်တော့မှာ၊ အံမယ်လေး'

ကိုစောဝင်း စကားမဆုံးခင် အေးငယ်က လက်ကိုင်အိတ်ဖြင့် လှမ်းရိုက်သည်။

'အေးငယ် . . . ဒီနေ့ အရမ်းပိုလှနေတယ်နော်'

'ဒါပေ့ါဟာ . . . အချစ်နဲ့တွေ့ရင် လူတိုင်း မိတ်ကပ်လိမ်းကြတာပါပဲဆိုတဲ့ စကားပုံရှိတယ် မဟုတ်လား'

'ဒါပေမဲ့ ခဏပါ၊ တော်ကြာကျရင် ဒီနှုတ်ခမ်းနီက ပြန်ဆိုးရမှာသေချာတယ်'

မိန်းကလေးအုပ်စုရော ယောက်ျားလေးအုပ်စုကရော နှစ်အုပ်စု ပြိုင်လောင်နေသဖြင့် ကျွန်တော် ခေါင်းပင် မဖော်ရဲတော့။

သို့သော် ရင်ထဲမှာကုလားဘုရားပွဲသာမက ဘင်ခရာတပ်မကြီးတစ်ခုလုံး ရောက်နေကြ၏။



BURMESE CLASSIC .com

www.burmeseclassic.com

[၇]

'အံမယ်လေးဗျ . . .'

ကားက ဂျိုင်းခနဲ ချိုင့်တစ်ခုထဲ ကျသည်။ ကိုစောဝင်းက အသံပြဲကြီးနှင့် ထ,အော်၏။

'အဲဒါ ဘာဖြစ်တာလဲ'

စ,တာများနေသဖြင့် စိတ်ကောက်ချင်ယောင် ဆောင်နေသော အေးငယ်က မနေနိုင်တော့ဘဲ ဝေါက်ဆတ်ဆတ် ထ,မေးသည်။

'ဟ . . . ဘာဖြစ်ရမှာလဲဟ၊ ကားဆောင့်လို့ပေါ့'

'အံမယ် . . . သူက ရှေ့ဆုံးကလည်း ထိုင်နေသေးတယ်၊ ပြီးတော့ သူက ဦးအောင်အော်တယ်၊ အစွန်ကလူတွေ အော်ဖို့လည်း ထားဦး'

www.burmeseclassic.com



'သိပါတယ် အေးငယ်ရာ၊ နင့်ဆရာ ပိုအဆောင့်ခံရတယ်ဆိုတာ သိပါတယ်၊ ကိုလတ်အော်ရရင် ပါးစပ်ညောင်းနေမှာစိုးလို့ ငါက စေတနာနဲ့ သူ့အစား ဝင်အော်ပေးတာပါ'

စကားက ဘယ်ရောက်ရောက် မြားဦးက သည်ပဲ ပြန်လှည့်သည်။

ကားလမ်းက တဖြည်းဖြည်း ပိုကြမ်းလာ၏။

မူလ ကတ္တရာလမ်းမကြီးပေါ်ကနေ ခွဲထွက်လာခါစကတော့ မြေနီလမ်းကြမ်း ရှိနေသေးသဖြင့် တော်သေးသည်။ သည့်ဘက်ကျတော့ လမ်းက လှည်းလမ်းသာသာမျှသာ ရှိတော့သည့်အတွက် အတော်လေး ဆိုးလာသည်။

သူတို့ပြောစကားများအရ ထိုလမ်းသည် ဟိုတုန်းက ရိုးမတောင်ကြောကိုပတ်၍ ဖောက်ထားသော စစ်သုံးလမ်းတစ်ခုဟု သိရသည်။ မြေလတ်ဒေသကနေ တိုင်းရင်းသားပြည်နယ်တစ်ခုသို့ အမြန်ဆုံးနှင့် အတိုဆုံးသွားနိုင်ရန် အင်္ဂလိပ်ခေတ်က ဖောက်ခဲ့သောလမ်းဟု ဆိုသည်။

သောင်းကျန်းသူများ နှစ်ပေါင်းများစွာ လွှမ်းမိုးခဲ့သောကြောင့် ပြင်ခွင့်ဆင်ခွင့်လည်း မရခဲ့။ ခု . . . ငြိမ်းချမ်းသွားသည့်ကာလကျမှ တဖြည်းဖြည်း ပြန်ပြုပြင်နေရခြင်းဖြစ်သည်။

ရိုးမတောင်စွယ်များဘက် တဖြည်းဖြည်း ရောက်လာသည်မို့ တောတောင်ကလည်း ပိုထူထပ်လာသည်။

'လုပ်ဗျာ . . . ကိုလတ်၊ လမ်းခရီးလေး သာယာတုန်း ဂီတာလေးနဲ့ သီချင်းလေး တစ်ပုဒ်လောက် ဟဲစမ်းပါ၊ ခင်ဗျားအတွက် ဒီဂီတာကြီးက တမင်ယူလာရတာ'



BURMESE CLASSIC .com

www.burmeseclassic.com



'ဟာ . . . ဒီလောက် လမ်းဆိုးနေတာ ခင်ဗျားကလဲ'

'သိပါတယ်ဗျ၊ ဒါပေမဲ့ ခင်ဗျားက လမ်းဆိုးလေ ပိုဟန်ကျလေ ဖြစ်နေတော့ မျက်ဝန်းလဲ့ပြာပြာလေးများ ဟဲချင်နေလားလို့ပါ'

'အိုး . . . သေတော့မှာပဲ'

'ကိုစိုးတင့်ကြီးနော်'

လမ်းကလှုပ်လေ အေးငယ်နှင့်ကျွန်တော့်ကြား ထိစပ်မှုက ပိုများလေ ဖြစ်နေသည်ကို စုံထောက်မျက်လုံးများ ဖြစ်နေသော ကိုစိုးတင့်ကို မြင်ဖြစ်အောင် မြင်သည်။

သူ့စကားကြောင့် အေးငယ်မျက်နှာလေးပင် နီရဲသွားသည်။ ကျွန်တော်လည်း မျက်နှာမထားတတ်အောင် ဖြစ်သွား၏။

'ဒါပေ့ါဗျ . . . ရင်ခုန်သံ နည်းနည်းမြန်သည်ဆိုတာ ခုချိန်ကိုလတ်ရင်ဘတ် စမ်းကြည့်ပါလား၊ အမြောက်သံလိုဖြစ်နေတာ ဒီကတောင် ကြားရတယ်'

'ဟုတ်တယ် ကိုလတ်၊ ခင်ဗျား လက်မောင်းကို နည်းနည်းပြန်စမ်းကြည့်ပါဦး၊ အသားတွေပွန်းပြီး သွေးတွေ ဘာတွေများ ထွက်နေသလားလို့'

'ဘာဖြစ်လို့လဲ'

'ဩော် . . . အေးငယ်နဲ့ လက်မောင်းချင်း ထိလွန်းလို့ ပွန်းပဲ့များနေသလားလို့ပါ'

'ဟာ . . . တော်တော့ ကိုစိုးတင့်၊ ခင်ဗျားတို့ လုပ်တာနဲ့ ကျုပ်တို့ နေစရာမရှိတော့ဘူး'

'နေစရာအတွက်တော့ မပူပါနဲ့ဗျ၊ အေးငယ်တို့အိမ်က အကျယ်ကြီးပါ၊ အဘွားကြီးကလည်း သဘောကောင်းပါတယ်'

www.burmeseclassic.com



'ဟော့လူ . . .'

ကျွန်တော် အေးငယ်ကို အားနာ၍ လှမ်းဟန့်သည်။

အေးငယ်က ရယ်ပြီး . . .

'မပြောနဲ့ ဆရာ၊ ဆရာတားလေ ပိုဆိုးလေ ဖြစ်လာမှာပဲ၊ သူတို့ဟာသူတို့ ပြောချင်ရာ ပြောပါစေ၊ လွှတ်သာပေးလိုက်၊ ကိုယ် မဟုတ်ရင် ပြီးတာပဲ'

'ဒါပေါ့ . . . ဒီလို သတ္တိရှိရမယ်၊ ပတ်ဝန်းကျင်ကို ရင်ဆိုင်ရဲ ရမယ်၊ ဘယ်သူဖျက်ဖျက် ကိုယ် မပျက်ရဘူး၊ ကိုယ်ပျက်ရင် အရေပြားရောဂါကုဆေးရုံ ပို့လိုက်တော့'

ရုံးကိုယ်စီမှာ ကြွန်ခြေများ တစ်ခွဲသားနှင့် နေလာကြရသော လူငယ်အရာရှိများပီပီ လွတ်လပ်ရေးရတုန်း စွတ်ကဲနေကြသည်။

သို့သော် . . . ဝိုင်းလေးက လူနည်းနည်းနှင့် အတော်ပွဲစည်ပြီး ပျော်စရာ ကောင်းနေသည်ကတော့ အမှန်ပင်။

တစ်ခါတုန်းကလည်း ခင်ကြီးတို့နှင့်အတူ သည်လို ခပ်ဆင်ဆင်ခရီးမျိုးတစ်ခု သွားဖူးသည်။

ခင်ကြီးတို့နှင့် သွားခဲ့ရသော ခရီးတွင် ခံစားခဲ့ရမှုများနှင့်တော့ ဘာမှမဆိုင်ဟု စိတ်ထဲက အလိုအလျောက် ဆက်စပ်တွေးမိပြီး ယှဉ်ကြည့်နေမိ၏။

◈

အဝင်ဝက လူတစ်ယောက် ခေါင်းငုံ့ပြီး ဝင်သာရုံရှိသော်လည်း အထဲကျတော့ ဂူကြီးက ဟိုတယ်ဧည့်ခန်းမကြီးတစ်ခုစာလောက် ကျယ်ဝန်း



BURMESE CLASSIC .com

www.burmeseclassic.com



သွားသည်။

အမိုးဘက်မှ အပေါက်တစ်ခုကြောင့် အလင်းရောင်ကလည်း ခပ်မှိန်မှိန် ရှိနေသည်။

'ဒါက ပထမဂူ၊ အထဲမှာ ဒုတိယဂူတစ်ခု ရှိသေးတယ်၊ ဟော ဟိုက လှိုဏ်လေးထဲကနေ ဝင်သွားရတယ်၊ ဟိုဘက်ကျတော့ ခုလို အလင်းရောင်နဲ့ ဘာနဲ့ မဟုတ်တော့ဘူး၊ အမြဲတမ်း မှောင်နေတယ်၊ လေဝင်လေထွက် သိပ်မကောင်းလို့ အသက်ရှူလည်း နည်းနည်း ကျပ်တယ်'

လေးနှစ်သားလောက်က ရောက်ခဲ့သည်ဆိုခြင်းက တမင် နောက်ခြင်းဖြစ်ပြီး၊ လွန်ခဲ့သည့် လေးငါးနှစ်လောက်က ပြန်ကြားရေး အဖွဲ့တစ်ဖွဲ့နှင့်အတူ လိုက်ခဲ့ရဖူးသူ ကိုစောဝင်းက ခရီးလမ်းညွှန်လုပ်ပြီး ရှင်းပြသွားသည်။

'ဒါကြီးကို ကျောက်လှေကြီးလို့ ခေါ်ကြတာပဲ'

ဂူ၏ဘေးဘက်နံရံတစ်လျှောက် လှေဧရာကြီးလို ဖြစ်နေသော ကျောက်သားရှည်ရှည်ကြီးကို ပြသည်။

'ကျောက်စားပွဲဆိုတာက . . . ဒါ'

စာရေးစားပွဲနှစ်ခုသာသာခန့်ရှိ လေးထောင့် ကျောက်တုံးကြီး ကို တွေ့ရသည်။

'ပြန်ကြားရေးအဖွဲ့နဲ့အတူ လာတုန်းက ပညာရှင်ကြီးတွေ ပြော သွားတာကတော့ ဒါ ကျောက်ခေတ်ကလူတွေ နေခဲ့တဲ့ ဂူတဲ့၊ အဲဒါကို လူတွေက ဒဏ္ဍာရီဆန်ဆန် ကြားဖူးနေတဲ့ အဖြစ်အပျက်တွေနဲ့ ပေါင်းပြီး ကျတ်တွေနေတဲ့ ဂူလိုလို၊ ညဘက်တွေမှာ ကျတ်တွေ လူ ယောင်ဆောင်ပြီး ပွဲလမ်းသဘင်တွေ လုပ်သလိုလို လျှောက်ပြော



BURMESE CLASSIC .com

www.burmeseclassic.com



ပြတာပါတဲ့'

'အဲဒါဖြစ်ဖို့ များပါတယ် ကိုစောဝင်း၊ ကြည့်ရတာကတော့ ဘာမှကြောက်စရာ မရှိပါဘူး'

'ဒါပေမဲ့ ဒီအရပ်က လူတွေပြောတာတော့ ညဘက် ညဘက်မှာ ဒီဘက်က လူသံ၊ လှည်းသံ၊ သီချင်းသံတွေ ကြားနေရတယ်တဲ့'

'အမယ်လေး'

အနားက အေးငယ် ခပ်တိုးတိုးလေး အမယ်လေး တ,ပြီး ကျွန်တော့်ဘက် တိုးကပ်လာသည်ကို သတိထားမိသည်။

ကျွန်တော်က လှည့်ပြုံးပြပြီး . . .

'ကြောက်သွားလို့လား အေးငယ်'

'အင်း . . .'

အေးငယ်က ခေါင်းညိတ်ပြသည်။

'ကဲ . . . အထဲဘက် ဆက်ဝင်ရအောင်၊ လက်နှိပ်ဓာတ်မီး သမားတစ်ယောက် ရှေ့ကိုလာဗျာ၊ ကိုနေဦး ဒီဘက်ကို လာခဲ့၊ ကိုစိုးတင့်က နောက်ဆုံးကနေ မီးပြပေး'

လိုဏ်ပေါက်က လူတစ်ယောက် သွားသာရုံသာ ကျယ်သည်။

'ဆရာ . . . ဝင်လို့ဖြစ်ပါ့မလား၊ အေးငယ် ကြောက်တယ်'

အေးငယ်က ရှေ့က ဝင်သွားသော ကိုစောဝင်းတို့ မိစုတို့ကို ကြည့်၍ တွန့်ဆုတ်ဆုတ် ဖြစ်နေသည်။

'ရပါတယ် အေးငယ်ရဲ့၊ ဘာမှမဖြစ်ပါဘူး ဝင်ပါ'

'ဒါဖြင့် ဆရာပါ လာ၊ အေးငယ်နားမှာပဲ နေနော်'

အေးငယ်က ကျွန်တော့်လက်ကို ဆွဲရင်း အထဲဝင်သည်။ အေးစက်စက်ဖြစ်နေသော အေးငယ်လက်ကလေးကို ဆွဲကိုင်ပြီး ကျွန်



BURMESE CLASSIC .com

www.burmeseclassic.com



တော့်နောက်ဘက်က လိုက်၏။

‘ရကြလား’

ကိုစောဝင်းအသံက လှိုဏ်ဂူနံရံများနှင့် ပဲ့တင်ရိုက်သံများ ပြု၍ ပေါ်ထွက်လာသည်။

‘ရတယ် ရတယ် . . . ရှေ့က မြန်မြန်သာသွား’

နောက်ဘက်မှ ကိုစိုးတင့်အသံ ကြားသည်။ ကျွန်တော်တို့ ခြေလှမ်းများ တင်လိုက်ကြသည်။

‘ဆရာ’

သွားနေရင်း အေးငယ်က ဘာပြောရန် စိတ်ကူးရသည်မသိ ခြေလှမ်းကို ရပ်လိုက်ပြီး နောက်လှည့်ကြည့်သည်။ မမျှော်လင့်ဘဲ မှောင်ထဲတွင် ဖြစ်သွားသည်မို့ သတိမထားမိလိုက်သော ကျွန်တော်က အေးငယ်နှင့် မျက်နှာချင်းဆိုင် ဝင်တိုးသည်။

‘အို . . .’

ကျွန်တော့်မျက်နှာက အေးငယ်၏ နုနုအိအိ ပါးပြင်လေးနှင့် သွားရောက်ထိကပ်မိသည်။

‘ဆရာကလဲ . . .’

‘ဆောရီး အေးငယ်၊ မတော်လို့ပါ’

မမျှော်လင့်သော အထိအတွေ့ကြောင့် ရင်ထဲမှာ ဒိတ်ဒိတ်ခုန်၍ ကတုန်ကယင်ကြီး ဖြစ်သွားသည်။

အေးငယ်အသံလေးကလည်း တုန်တုန်ယင်ယင် ဖြစ်နေ၏။



BURMESE CLASSIC .com

www.burmeseclassic.com

[၈]

သည်ဘက်ဂူကတော့ အထဲမှာ ဘာမှ ထွေထွေထူးထူး မရှိဘဲ စိုစွတ်နေသော ကျောက်နံရံနှင့် ကျောက်ပန်းဆွဲ အချို့သာ ရှိသည်။

'ဒီဘက်ကတော့ ဒါပါပဲ ရှေ့ဘက်နည်းနည်းဆက်သွားရင် စမ်းချောင်းလေးတစ်ခု ရှိတယ်၊ အဲဒီမှာတော့ ခေါင်မိုးက ဝင်လာတဲ့ အလင်းရောင်လေးရှိလို့ ဒီလို မမှောင်ဘူး၊ လာပါ . . . လက်စနဲ့ အဲဒီအထိ ဆက်သွားလိုက်ရအောင် ဒီထဲက နည်းနည်း အသက်ရှူကြပ်တယ်'

ကိုစောဝင်း စကားအဆုံးမှာ ကိုစိုးတင့်က . . .

'ရတယ်လေ ဆက်သွားကြမယ်'

'ဆရာ . . .'



BURMESE CLASSIC .com

www.burmeseclassic.com



အေးငယ်၏ တီးတိုးအသံကြောင့် ကျွန်တော်က 'ဘာလဲ အေးငယ်' ဟု ပြန်မေးသည်။ အေးငယ်က ခပ်တုန်တုန် လေသံဖြင့် . . .

'အေးငယ် ဆက်မသွားချင်တော့ဘူး၊ အေးငယ်တို့ ပြန်ထွက်ကြရအောင်'

'ရတယ်လေ၊ ကိုစိုးတင့်ကို ကိုယ်ပြောလိုက်မယ်'

'အင်း . . .'

'ကိုစိုးတင့် ကျွန်တော်နဲ့ အေးငယ် အပြင်ပြန်ထွက်နှင့်မယ်၊ ခင်ဗျားတို့ အေးအေးဆေးဆေးသာ ဆက်သွား၊ ဖြစ်တယ်မဟုတ်လား'

'ဖြစ်ပါတယ်၊ ဓာတ်မီး ယူသွားလေ'

'မယူတော့ဘူး ကိုစိုးတင့်၊ အပြင်ရောက်ရင် လင်းသွားမှာပဲ ဂူပေါက်နေရာကိုသာ မီးထိုးပေးထား'

ကိုစိုးတင့်က ဂူပေါက်နေရာကို မီးထိုးပြထားသည်။ ကျွန်တော်နှင့် အေးငယ် ပြန်ထွက်ခဲ့၏။

သည်ဘက်ဂူ ပြန်ရောက်မှ အလင်းရောင်မှုန်မှုန်ဖြင့် အသက်ရှူပြန်ဝပြီး နေရထိုင်ရတာ ကောင်းသွားသည်။

'ဘာဖြစ်လို့လဲ အေးငယ်၊ သူများတွေတောင် မကြောက်ဘဲနဲ့'

'သူများ မကြောက်ပေမယ့် အေးငယ် ကြောက်တယ် ဆရာရဲ့ ပြီးတော့ အထဲလည်း ဘာမှရှိတော့တာ မဟုတ်ဘူး'

'စမ်းချောင်း ရှိတယ်တဲ့'

'စမ်းချောင်းများ အထူးအဆန်းကျနေတာပဲ၊ အင်းလေ ဆရာ ကြည့်ချင်ရင်တော့ သွားကြည့်ပေါ့၊ အေးငယ် ဒီက စောင့်နေမယ်'

ကျွန်တော်က ရယ်ပြီး . . .

www.burmeseclassic.com



'အေးငယ် မပါရင်တော့ မသွားချင်တော့ပါဘူး၊ ကိုယ်က အေးငယ်နဲ့ပဲ သွားချင်တာ'

'ဘာဖြစ်လို့လဲ'

'စောစောကလို နောက်တစ်ခါ ပြန်ဖြစ်ဦးမလားလို့'

'ဟာကွာ၊ ဆရာကလည်း ဘာမှန်းလည်း မသိဘူး၊ အေးငယ် ရှက်လိုက်တာ၊ ဘာဖြစ်လို့ အဲဒါကြီး ပြန်ပြောရတာလဲ'

အေးငယ်က ကျွန်တော့် ရင်ဘတ်ကို စုံထုရင်း ပြောသည်။ ကျွန်တော်က အေးငယ်လက်နှစ်ဖက်ကို ဖမ်းကိုင်၍ . . .

'အေးငယ် . . .'

'ဘာလဲ'

အေးငယ်က စူစူအောင့်အောင့် လေသံဖြင့် ပြောသည်။ မှုန်မွှားမွှား အလင်းရောင်ထဲမှာပင် အေးငယ် ရှက်နေကြောင်း သိသာ၏။

ကျွန်တော်က လှုပ်ရှားနေသော ရင်ကို ထိန်းချုပ်လိုက်ပြီး . . .

'အေးငယ်ကို ကိုယ်ချစ်တယ်'

'အို . . . ဆရာကလဲ'

'တကယ်ပြောတာ အေးငယ်၊ ကိုယ် ဆက်ဟန်မဆောင်ချင်တော့ဘူး'

'ဆရာကလဲ ဒီနေရာကြီးမှာ'

'ဒီနေရာကြီးမှာ မပြောရဘူးလား'

'ဟင့်အင်း'

'ဒါဖြင့် အပြင်ထွက်မယ်၊ လာ . . .'

ကျွန်တော်က အေးငယ် လက်ကလေးကို ဆွဲမြဲ ဆွဲလျက် ပထမဂူထဲမှနေ အပြင်သို့ ထွက်သည်။ အေးငယ်က မရုန်းဘဲ လိုက်



BURMESE CLASSIC .com

www.burmeseclassic.com



လာ၏။ အပြင်ရောက်၍ ကြည့်လိုက်သောအခါ အေးငယ်မျက်နှာလေး ပန်းရောင်ပြေးနေသည်ကို တွေ့ရသည်။

'ကဲ . . . အပြင်ရောက်ပြီး အေးငယ် ပြောတော့'

'အေးငယ်က ဘာပြောရမှာလဲ'

'ကိုယ့်ကို ချစ်တယ်ဆိုတာလေ'

'ဟင့်အင်း . . . မပြောချင်ဘူး၊ အေးငယ် ကြောက်တယ်'

'ဟာ . . . အေးငယ်ကလည်း ဒါကြောက်စရာမှ မဟုတ်ဘဲ၊ ပြောပါ အေးငယ်ရယ်၊ ကိုယ် သိပ်ကြားချင်နေလို့ပါ'

'ဟင့်အင်း . . . မပြောဘူး၊ အေးငယ်ကို အဲလို ဇွတ်မလုပ်နဲ့'

အေးငယ် မျက်နှာလေး မှုန်တိုတိုဖြစ်သွားသည်။ ပြီးတော့ သူ့လက်ကိုလည်း ကျွန်တော့်လက်ထဲမှ ရုန်း၏။

'အေးငယ်လက်ကို လွှတ်ပေး'

ကျွန်တော် အံ့အားသင့်စွာဖြင့် လက်ကိုလွှတ်ပေးလိုက်သည်။ အေးငယ်အမူအရာက ရုတ်ခြည်းပြောင်းလဲသွားသဖြင့် ကျွန်တော့်စိတ်ထဲ စိုးရိမ်စိတ်တစ်ခု ဝင်သွားသည်။ အေးငယ် စိတ်များဆိုးသွားပြီလား။

'ဘာဖြစ်လို့လဲ အေးငယ်၊ ကိုယ့်ကို စိတ်ဆိုးသွားပြီလား '

အေးငယ် မဖြေဘဲ သည်တိုင်း ပေရပ်နေသည်။

'ပြောလေ အေးငယ်'

ကျွန်တော်က ထပ်မေးသည်။ သည်တစ်ခါ အေးငယ်က ကျွန်တော့်ကို စူးစိုက်ကြည့်ပြီး . . .

'အင်း . . . စိတ်ဆိုးတယ်'

ထိုအဖြေကြောင့် ကျွန်တော် ဘာပြန်ပြောရမည်မှန်းမသိ ဖြစ်



BURMESE CLASSIC .com

www.burmeseclassic.com



သွား၏။

ခြေမကိုင်မိ လက်မကိုင်မိလည်း ဖြစ်သွားသည်။ ပြီးမှ သက်ပြင်းတစ်ချက်ချ၍ . . .

'ဆောရီးပဲ အေးငယ်၊ ကိုယ်တောင်းပန်ပါတယ်'

ထိုစဉ် ဂူထဲဝင်သွားသောအုပ်စုက အသံပြုပြီး ပြန်ထွက်လာကြသဖြင့် ကျွန်တော်စကားကို လက်စဖြတ်လိုက်သည်။ အေးငယ်က ထိုအုပ်စုထွက်လာရာဘက်သို့ ပြေးထွက်သွား၏။

စောစောက ရင်ထဲမှ ပျော်ရွှင်တက်ကြွနေခဲ့သော ကျွန်တော့်စိတ်များသည် ခုခါ ဘယ်ဆီထွက်ပြေးသွားကြပြီ မသိ။

◈

'လုပ်ဗျာ ကိုလတ်၊ ဂီတာနဲ့ သီချင်းလေးတစ်ပုဒ်၊ နှစ်ပုဒ်လောက်'

နူရာ ဝဲစွဲ၊ လဲရာ သူခိုးထောင်းဟုပဲ ပြောရမလား၊ မြေနိမ့်ရာ လှံစိုက်၊ ရေနစ်သူ ခဲဆွဲ၊ မြွေပူရာ ကင်းမှောင့်ဟုပင် ဆိုရမလား၊ ကိုယ့်ကိုယ်ကိုယ် ဘယ်စကားပုံနှင့် နှိုင်း၍ သနားရကောင်းမှန်းပင် မသိတော့ ဖြစ်သွားသည်။

အေးငယ်အတွက် သောကတောင်ထု မြင်းမိုရ်ကဲ့သို့ ပြုနေရချိန်၊ ရိုင်းသွားသလို၊ ရမ်းသွားသလို ဖြစ်သွားသော ကိုယ့်လုပ်ရပ်များအတွက် ရှက်ခြင်း၊ ကြောက်ခြင်းများဖြင့် မိုးမွှန်နေရချိန်။

အထူးသဖြင့် အေးငယ်မျက်နှာကို ဘယ်လိုကြည့်ရမှန်း မသိအောင် ဖြစ်နေချိန်မှာ ကိုစိုးတင့်မို့ ရက်ရက်စက်စက် ဂီတာတီးခိုင်းရက်သည်။ သီချင်းဆိုခိုင်းရက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော် မျက်နှာမကောင်းစွာနှင့်ပင် ခေါင်းခါရင်း . . .

“မလုပ်ပါနဲ့ ကိုစိုးတင့်ရာ၊ ကျွန်တော် ခုချိန် ဘာမှမလုပ်ချင်ဘူး’

‘ဟာ . . ပုဂ္ဂိုလ် ခင်ဗျားက ဘယ်လို ဖြစ်ရပြန်တာလဲ၊ မျက်နှာကလည်း လုပ်ငန်းစစ်ရှေ့မှာ စာရင်းလိမ်တွေမိနေတဲ့ စက်ရုံမှူးပုံစံနဲ့ ဘာဖြစ်လို့လဲ နေမကောင်းဘူးလား’

‘ကောင်းပါတယ်’

‘ကောင်းရင် . . . လုပ်လေဗျာ၊ ထမင်းစားဖို့က အဝေးကြီးလိုသေးတယ်၊ ဒီတိုင်းငုတ်တုတ်ကြီး ဘာထိုင်လုပ်နေကြရမှာလဲ’

‘ဖဲထုပ်တွေပါတယ် မဟုတ်လား၊ ပျင်းရင် ဖဲရိုက်နေကြ’

‘အံမယ် . . . မင်းသားက ညွှန်ကြားချက်တွေတောင် ပြန်ပေးနေသေးတယ်၊ ဒါ ဖဲရိုက်ချိန်လည်း မဟုတ်သေးဘူးဗျ’

‘ဘာဖြစ်နေလဲ ကိုစိုးတင့်’

ခက်ပြီ . . . ဟု ကျွန်တော့် စိတ်ထဲ အောက်မေ့လိုက်သည်။ ကိုစိုးတင့်တစ်ယောက်တည်းကိုတောင် ဘယ်လိုကျော်လွှားရမည်မှန်းမသိ ဖြစ်နေဆဲမှာ သူ့စစ်ကူဖြစ်သော ကိုစောဝင်းနှင့် ကိုနေဦးတို့ရောက်လာသည်။

ကျွန်တော်က ခပ်လှမ်းလှမ်းရေတံခွန်ဘက် သစ်ပင်ရိပ်တစ်ခုတွင် ပလတ်စတစ်များခင်း၍ ဝိုင်းထိုင်ရန် ပြင်ဆင်နေသော မိန်းကလေးများဘက် လှမ်းကြည့်မိသည်။

ကျွန်တော်တို့ဘက် အရိပ်အကဲကြည့်ဟန်ဖြင့် တစ်ချက်လှမ်းကြည့်လိုက်သော အေးငယ်နှင့် အကြည့်ချင်းဆုံသွားသည်။ ကျွန်တော်က ကပျာကယာ မျက်လွှာချလိုက်သည်။

စောစောကတည်းက တနုံ့နုံ့ခံစားနေရသော ခံစားချက်များ



BURMESE CLASSIC .com

www.burmeseclassic.com



ရင်ထဲပြန်ဝင်လာ၏။

◈

ခံစားမှုများတွင် အဓိကဦးဆောင်နေသည်ကတော့ နောင်တရခြင်းပင်။

ကျွန်တော်ဘာဖြစ်လို့ ဒီလောက်လက်လွတ်စပယ် လုပ်မိပါသနည်း။ ကျွန်တော့်အပြုအမူက အတော်လေး ရိုင်းပျသွားသည်။ ပြီးတော့ အလွယ်တကူ လုပ်လိုက်လွန်းရာလည်း ကျသွားသည်။

အေးငယ် ခုလောက်စိတ်ဆိုးတာ နည်းတောင် နည်းသေး၏ဟု ကိုယ့်ကိုယ်ကိုယ်အပြစ်တင်ရင်း တွေးမိ၏။

စဉ်းစားကြည့်သော် အေးငယ်နှင့်ကျွန်တော် ရင်းနှီးရသည့် သက်တမ်းသည် ဘာမှမကြာသေး။ သူ့ဘက်က ကလေးဆန်သော ပွင့်လင်းဖော်ရွေမှုလေးများကြောင့်သာ သည်လောက် ရင်းနှီးမှုမြန်သွားခြင်း ဖြစ်သည်။

ဒါကို ကျွန်တော်က အခွင့်အရေး ယူလိုက်သလို ဖြစ်သွားသည်။

တစ်နည်းအားဖြင့် သူ့ဖြူစင်သော ခင်မင်မှုကို ပွင့်လင်းဖော်ရွေမှုကို ကျွန်တော် စော်ကားလိုက်ခြင်း ဖြစ်သည်။ စိတ်ထဲက သည်လို စော်ကားမိခြင်း မဟုတ်သည့်တိုင် အပြုအမူက သည်သဘော သက်ရောက်သွား၏။

ပြီးတော့ သူက ကလေး၊ ကိုယ့်လက်အောက်က တပည့်သားမြေးလို မိန်းကလေး။ ကိုယ့်အပေါ် လုပ်ငန်းသဘာဝအရ လေးစားလိုက်လျောခင်မင်နေတာလည်း ဖြစ်နိုင်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော် ဒီလိုစကားမျိုးကို ဒီလောက် လွယ်လင့်တကူ မပြောလိုက်သင့်။

ရှက်စရာကောင်းလိုက်တာဟုလည်း တွေးမိသည်။

ကျွန်တော့်ကိုယ်ကျွန်တော် ကိုယ်ကျင့်တရားအရ စက်ဆုပ်ရွံ ရှာဖွယ်ကောင်းသူတစ်ယောက်လို ထင်မြင်လာမိသည်။ အေးငယ် စိတ် ဆိုးတာ မဆန်း၊ အပြစ်မဟုတ်။

လူကြီးတစ်ယောက်အနေနှင့် ကျွန်တော့်စိတ်ကို သည်လောက် အလိုမလိုက်သင့်၊ ခံစားမှုကို ဦးစားမပေးသင့်။ ရုတ်ခြည်းပေါ်ပေါက် လာသော ဆန္ဒတစ်ခုကို သည်မျှ မြန်ဆန်စွာ အကောင်အထည် ဖော် မပစ်သင့်။

နှိုင်းနှိုင်းချိန်ချိန် သုခမိန် ဟူသော စကားကို လိုက်နာ၍ ဘာ လုပ်လုပ် ချင့်ချင့်ချိန်ချိန် ရှိသင့်သည်။

ခုတော့ ဆင်ဖြူမျက်နှာ၊ ဆင်မည်းမကြည့်ဝံ့သလို အေးငယ်၏ မျက်နှာကို ကျွန်တော် ရဲရဲမကြည့်ဝံ့တော့။ လိပ်ပြာငယ်သလိုဖြစ်ပြီး အလိုလို သေးသိမ်သွားသည်။

ပြီးတော့ ရှေ့ဆက်ပြီးလည်း အေးငယ်ကို ကျွန်တော် ဘယ်လို ဆက်ဆံရတော့မည်နည်း။ အေးငယ်သည် ကျွန်တော့်မျက်နှာကို ကြည့်ချင်စိတ် ရှိချင်မှ ရှိတော့မည်။

ခေါင်းထဲမှာလည်း ခရီးသွားခြင်းကိစ္စသည် ကျွန်တော့်နှလုံး သားရေးရာအတွက် အကျိုးမပေးသော ကိစ္စများလား။ ခင်ကြီးနှင့် တုန်းကလည်း သည်လို ခရီးတန်းလန်းမှာပင် ကျွန်တော် အလဲအကွဲ ကျဆုံးခဲ့ရသည်။ ထိုစဉ်က ကျွန်တော့်မှာ အပြစ်မရှိ။

ခုကျတော့ အေးငယ်က ခင်ကြီးကဲ့သို့ မဟုတ်သလို အပြစ်က



BURMESE CLASSIC .com

www.burmeseclassic.com



လည်း ကျွန်တော့်ဘက်မှာသာ ရှိနေသည်။

အကယ်၍ နောက်နေ့ နောက်နေ့များတွင် ရုံးတက်သောအခါ သူနှင့် လုပ်ဖော်ကိုင်ဖက် စက်ရုံဝန်ထမ်းများအား ဤအကြောင်း ပြောပြပြီး ကဲ့ရဲ့သဗြိုဟ် စကားတင်းဆိုလိုက်မည် ဆိုပါလျှင် . . .

ကျွန်တော် တွေးရင်းနှင့်ပင် ချွေးပြန်လာသည်။

ကျွန်တော်သည် အေးငယ်အတွက် ဒုတိယကျော်ကျော် ဖြစ်တော့မှာ သေချာ၏။



BURMESE CLASSIC .com

www.burmeseclassic.com

[၉]

'အေးလေ . . . ခင်ဗျားက နေရင်းထိုင်ရင်း ဘယ်လိုဖြစ်သွားရတာလဲ၊ လာပါဗျ၊ ဟိုမှာထိုင်ဖို့နေရာ အဆင်သင့် လုပ်ထားပြီးပြီ၊ အဲဒီမှာ သွားဝိုင်းမယ်၊ ပြီးတော့ ခင်ဗျား လက်သံနှင့် တေးသံ နားထောင်မယ် . . . လာပါ . . .'

'ဟုတ်တယ်ဗျာ . . . လာပါ'

ကိုစောဝင်းရော ကိုနေဦးကပါ ဖွတ်လက်ဆွဲခေါ်သည်။ ကျွန်တော် ဖွတ်ကို ရှုန်းကန်မိသည်။

'ခင်ဗျားတို့ သွားထိုင်နှင့်ပါဗျာ၊ ကျွန်တော် လာခဲ့ပါ့မယ်၊ ခဏလေး ကျွန်တော် တစ်ယောက်တည်း နေပါရစေ၊ သိပ်မကြာပါဘူး'

အားလုံးက ကျွန်တော့်ကို နားမလည်သလို ဝိုင်းကြည့်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



ကိုစိုးတင့်က ကျွန်တော့်လက်ကို လက်ကုပ်ခေါ်ပြီး . . .

'ခင်ဗျားနဲ့အေးငယ် ဘာဖြစ်လို့လဲ ကိုလတ်၊ ခုန ခင်ဗျားတို့နှစ်ယောက် ဂူပြင်ထွက်သွားကတည်းက ကျွန်တော် သိပ်မသင်္ကာဘူး၊ ကျွန်တော်တို့ ပြန်ထွက်လာတော့ ခင်ဗျား အမူအရာလည်း ပျက်နေတယ်'

ကျွန်တော် ထိတ်ထိတ်လန့်လန့်နှင့် ခေါင်းခါသည်။

'မဟုတ်ပါဘူး ကိုစိုးတင့်၊ ဒါကြောင့် မဟုတ်ပါဘူး၊ ကျွန်တော် ဘာမှမဖြစ်ပါဘူး၊ နည်းနည်းခေါင်းထဲမှာ ငြီးစီစီဖြစ်နေလို့၊ ဒီဘက်ခဏလေး လမ်းလျှောက်မလို့ပါ၊ ကျွန်တော် ခုချက်ချင်း လာခဲ့ပါ့မယ်၊ စိတ်ချပါ'

'သိပ်မကြာဘူး မဟုတ်လား'

'မကြာပါဘူး'

'အဝေးကြီးလည်း မသွားနဲ့နော်'

'မသွားပါဘူး'

'အဲဒါဆိုလည်း ပြီးရောလေ၊ ကျွန်တော်တို့ သွားနှင့်လိုက်မယ်၊ ခင်ဗျား ခဏနေ လိုက်ခဲ့ . . . ဟုတ်လား'

'ဟုတ်ကဲ့ ကိုစိုးတင့်'

ကိုစိုးတင့်က ကျွန်တော့်နားကခွာပြီး ကိုနေဦးနှင့် ကိုစောဝင်းတို့ကို ခေါ်၍ အေးငယ်တို့ဘက် လျှောက်သွားသည်။

ကျွန်တော် သည်ဘက်တောတန်းဘက်သို့ လျှောက်လာခဲ့၏။

◈



BURMESE CLASSIC .com

www.burmeseclassic.com



'ဆရာ . . .'

'ဟင် . . .'

မမျှော်လင့်ပဲ ကြားလိုက်ရသော ခေါ်သံကြောင့် ကျွန်တော် ရင်တစ်ခုလုံး ဒိန်းခနဲဖြစ်သွားသည်။ ခန္ဓာကိုယ်ထဲမှ သွေးကြောများ လည်း သွေးလည်ပတ်မှု ရပ်ဆိုင်းသွားသလို ဖြစ်သွား၏။

ကျောခိုင်းလျက်ဖြစ်နေသော အနေအထားကနေ လှည့် မကြည့်ရဲ။ တဖြည်းဖြည်း နီးကပ်လာသော ခြေသံကိုသာ ထိတ်လန့် တကြား နားထောင်နေမိသည်။

အေးငယ်က ကျွန်တော့်ကို ကျော်၍ မျက်နှာချင်းဆိုင် အနေ အထားတွင် ရပ်လိုက်သည်။ ကျွန်တော် ခေါင်းငုံ့ထားမိ၏။

'အဲဒါ ဘာဖြစ်တာလဲ ဆရာ'

'ဘာမှမဖြစ်ပါဘူး အေးငယ်၊ ဘာဖြစ်လို့လဲ'

'ဘာမှမဖြစ်ရင် ဘာမှမဖြစ်သလိုပဲ နေပါလား၊ ဆရာ ခုလိုလုပ် နေတော့ သူများတွေက ဘာထင်ကြမလဲ၊ ခုပဲ ကိုစိုးတင့်တို့က လာမေး နေပြီ၊ နင်နဲ့ ကိုလတ်နဲ့ ဘာဖြစ်လို့လဲတဲ့၊ ဘာလဲ အေးငယ်က အမှန် အတိုင်း သူတို့ကို ရှင်းပြလိုက်စေချင်လို့လား'

'အေးငယ်သဘောပါ၊ ကိုယ်က အပြစ်ရှိတဲ့သူပဲ'

အေးငယ်ထံမှ ခစ်ခနဲ ရယ်သံကြားလိုက်သည်။

'ကောင်းပြီလေ၊ အေးငယ်သဘောဆို၊ အေးငယ်ပြောတာ ဆရာ နားထောင်ရမှာပေ့ါ၊ ဟုတ်တယ် မဟုတ်လား . . .'

ကျွန်တော် ခေါင်းညိတ်ပြသည်။

'အဲဒါဆို ဆရာ ဒီလိုပုံကြီး လုပ်မနေနဲ့၊ ခါတိုင်းလိုပဲ ဘာမှမဖြစ် သလိုနေပါ၊ ခုနဖြစ်ခဲ့တဲ့ကိစ္စကို အေးငယ်လည်း မေ့ပစ်လိုက်မယ်၊



BURMESE CLASSIC .com

www.burmeseclassic.com



ဆရာလည်း မေ့ပစ်လိုက်'

'မေ့လို့ ဘယ်ရမလဲ အေးငယ်'

'ဩော် . . . ခက်လိုက်တာနော် ဆရာကလဲ၊ ဒီမှာ ဆရာ၊ ခဏလေး ခေါင်းမော့စမ်းပါ၊ အေးငယ်ကို သေချာကြည့်ပါ၊ မဟုတ်တာလုပ်တုန်းက လုပ်ထားပြီး၊ ခုတော့ အေးငယ်ကို ဆရာ ရင်မဆိုင်ရဲတော့ဘူးလား'

ကျွန်တော့်ကိုယ် တောင့်ခနဲ ဖြစ်သွားသည်။ ချက်ချင်းပင် ခေါင်းကိုပြန်မော့ပြီး အေးငယ်ကိုလည်း စူးစိုက်ကြည့်လိုက်၏။ အေးငယ်မျက်နှာက စပ်ဖြဲဖြဲ ပြောင်စပ်စပ် လုပ်နေသည်။

'အဲလိုမှပေါ့ ဆရာရဲ့၊ အဲဒီလို သတ္တိရှိမှ အေးငယ်က သဘောကျတာ၊ ဒီမှာ ဆရာ . . . ဆရာက အေးငယ်ကို ရည်းစားစကားပြောတယ်၊ အေးငယ်က လက်မခံဘူး၊ အဲဒါဘာဖြစ်လဲ၊ သူ့အပိုင်းနဲ့သူ ကဏ္ဍပြီးသွားပြီ၊ အခု အေးငယ်ကလည်း ဆရာ့ကို ဘာမှပြောနေတာ မဟုတ်ဘူး၊ အခုအချိန်မှာ အေးငယ်နဲ့ဆရာ နှစ်ယောက်တည်း ရှိနေတာလည်း မဟုတ်ဘူး၊ ဒို့ပြင်လူတွေ အများကြီး ပါလာတဲ့ခရီး၊ အေးငယ်တောင် ကြံ့ခြေရရနေနိုင်သေးရင် ဆရာ ဘာဖြစ်လို့ ကြံ့ခြေရရ မနေနိုင်ရတာလဲ'

'အေးငယ် ကိုယ့်ကို အရမ်းစိတ်ဆိုးသွားလား'

'အဲဒီအချိန်တုန်းကတော့ စိတ်ဆိုးတယ် ဆရာ၊ အခု စိတ်မဆိုးတော့ဘူး၊ ဆရာ့အပေါ်မှာလည်း ဘယ်လိုမှ သဘောမထားဘူး၊ ဆရာ့ကို အပြစ်ရှိတယ်လို့လည်း မပြောဘူး၊ အေးငယ်သဘောက ဆရာနဲ့အေးငယ် ခါတိုင်းလိုပဲ ပြန်နေချင်တယ်'

ကျွန်တော် သက်ပြင်းချလိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



'ကောင်းပြီ အေးငယ်၊ ခုလိုပြောတာ ကျေးဇူးလည်း တင်ပါတယ်၊ ကျေလည်း ကျေနပ်ပါတယ်၊ ကိုယ့်ဘက်က မှားသွားတာရှိရင်လည်း ခွင့်လွှတ်ပါ၊ ဒါပေမဲ့ . . .'

'ဒါပေမဲ့ မနေနဲ့ဆရာ၊ ခု ဒီခရီးစဉ်တစ်လျှောက်လုံးမှာ အိမ်ပြန်မရောက်မချင်း အေးငယ်နဲ့ဆရာ ဘာမှမဖြစ်ချင်ဘူး၊ ဒီအကြောင်းတွေလည်း မဆွေးနွေးချင်ဘူး၊ ဆရာ ခါတိုင်းလိုပဲ ပြန်နေမလား မနေဘူးလား၊ အဲဒါပဲပြော'

'မနေရင် ဘာဖြစ်မှာလဲ အေးငယ်'

'အဲဒါဆိုရင်တော့ အေးငယ် အရမ်းစိတ်ဆိုးမယ်၊ တစ်သက်လုံးလည်း ဆရာ့ကို ခွင့်လွှတ်တော့မှာ မဟုတ်ဘူး'

အေးငယ်မျက်နှာက ပြန်တည်ငြိမ်သွားသည်။

ကျွန်တော်ပြုံး၍ ခေါင်းညိတ်လိုက်သည်။

'ကောင်းပါပြီ အေးငယ်၊ ကိုယ်အေးငယ် ပြောသလိုပဲ ခါတိုင်းလို ပြန်နေပါ့မယ်'

အေးငယ် အပြုံးနှင့်တကွ မျက်စောင်းတစ်ခုက လှပစွာကျရောက်လာသည်။

'အင်း . . . ဆရာနော် ဆရာ၊ ဆရာ တကယ်မကောင်းဘူး၊ အေးငယ်နေရာက ပြန်စဉ်းစားကြည့်ပါဦး၊ အေးငယ်မှာ လက်ဆွဲပြီး ရည်းစားစကားလည်း အပြောခံရသေးတယ်၊ ပြီးတော့ သူကပဲ စိတ်ကောက်နေလို့ သူ့ပြန်လိုက်ချော့နေရသေးတယ်'

'ကိုယ်တောင်းပန်ပါတယ် အေးငယ်'

'တော်ပါပြီလို့ဆို . . . မပြောနဲ့တော့၊ လာ . . . ဟိုမှာ ဂီတာလိုက်တီးပေး၊ သီချင်းလည်း ဆိုပေး'



BURMESE CLASSIC .com

www.burmeseclassic.com



ပြောပြောဆိုဆိုနှင့် ကျွန်တော့်လက်ကို ဆတ်ခနဲကောက်ဆွဲပြီး ကျန်အုပ်စုများရှိရာဆီ ခေါ်ဆောင်သွားသည်။

ကျွန်တော့်မှာ အပြစ်ရှိသော ကျောင်းသားငယ်၊ ဆရာမခေါ် ဆောင်ရာနောက် လိုက်ရသလို ခပ်ကုပ်ကုပ်နဲ့ လိုက်သွားရသည်။

ခရီးထွက်ရင်းဖြစ်လာရသောကိစ္စများက ခင်ကြီးနှင့်တုန်းက ကိစ္စများကို သတိရစရာ ဖြစ်သွားသော်လည်း အေးငယ်က ခင်ကြီး မဟုတ်။

ရှုံးနိမ့်တာချင်း တူလျှင်တောင်မှ ကျွန်တော် အေးငယ်ကို အများကြီး ကျေးဇူးတင်ရမည် ဖြစ်ပါသည်။

ထိုက်သင့်သော အပြစ်ပေးလျှင်ပင် ကျေနပ်သင့်သည် ဖြစ်ပါ၏။



BURMESE CLASSIC .com

www.burmeseclassic.com

# အပိုင်းလေး

www.burmeseclassic.com

[၁]

ကျတ်ဂူမှ ပြန်ရောက်တော့ ညနေခြောက်နာရီကျော်ပြီ ဖြစ်သည်။

ကားပေါ်မှဆင်း၍ လျှပ်စစ်မီးများ လင်းနေပြီ ဖြစ်သော စက်ရုံလမ်းအတိုင်း လျှောက်လာစဉ် ပတ်ဝန်းကျင်မှာလည်း နှင်းလား မြူလား မသိသည့် မှုန်မှုန်မွှားမွှားလေးများ ကျဆင်းနေကြပြီ။

အားလုံးနှင့်အတူ နှုတ်ဆက်ရိုး နှုတ်ဆက်စဉ်အတိုင်း အေးငယ်ကို နှုတ်ဆက်၍ ပြန်လာရသော်လည်း ကားထွက်သွားပြီး တစ်ယောက်တည်း ကျန်ခဲ့သောအခါ ရင်တစ်ခုလုံး လပ်ဟာသွားသည်။

စိတ်ထဲမှာလည်း အေးငယ်နှင့် ထာဝရ ခွဲခွာလိုက်ရသလို ခံစားရမိသည်။

www.burmeseclassic.com



အေးငယ်စကားလေးများကိုလည်း နှင်းမှုန်ထဲမှာနေ ကြားနေရသည်။

'ခု ခရီးစဉ်တစ်လျှောက်လုံးမှာ အိမ်ပြန်မရောက်မချင်း အေးငယ်နဲ့ဆရာ ဘာမှ မဖြစ်ချင်ဘူး'

ခုတော့ သူပြောသောခရီးစဉ်က ပြီးဆုံးခဲ့ပေပြီ။

သူပြောသလို ဘာမှမဖြစ်ဟန်ဆောင်ခဲ့ရသော အနေအထားလေးများကလည်း ပြီးဆုံးခဲ့ပြီ ဖြစ်သည်။

မနက်ဖြန်ကျလျှင် သို့မဟုတ် ရုံးပြန်ဖွင့်ရက် သန်ဘက်ခါကျလျှင် အေးငယ် ကျွန်တော့်ကို ခု ခရီးစဉ်တစ်လျှောက်ကလို ဆက်ဆံတော့မည်ဟု သေချာပေါက် တွက်၍မရတော့။

အလွန်ဆုံးမှ သူ ကျွန်တော့်ကို တာဝန်ဝတ္တရားအရ ဆက်ဆံခြင်းမျိုးသာ ပြုပေတော့မည်။ သို့တည်းမဟုတ် ကျွန်တော်နှင့် ရှေ့ဆက်၍ မျက်နှာချင်းမဆိုင်ချင်တော့ဘူးဆိုလျှင်လည်း သူ အလုပ်ကထွက်ချင်ထွက်သွားနိုင်သည်။

မိန်းကလေးတို့၏ ကာယိက္ကန္ဒြေအရ လုံခြုံမှုအတွက် စိတ်မချနိုင်သော စက်ရုံမှူးတစ်ယောက် ဦးစီးသည့်စက်ရုံမှာ သူ အလုပ်ဆက်လုပ်ချင်မှ လုပ်ပေတော့မည်။

ကျွန်တော့်ကို ရမ်းကားတတ်သော လူတစ်ယောက်အနေနှင့် သူ သတ်မှတ်သွားလေပြီလား။

အများရှေ့မှာ က္ကန္ဒြေမပျက် နေသွားခဲ့ခြင်းဖြင့် ကျွန်တော့်သိက္ခာနှင့် သူ့သိက္ခာကို မျှတစွာ အဖတ်ဆယ်ပေးသွားခဲ့သော သူ့အပေါ် ကျေးဇူးတင်ခြင်းမှအပ ကျွန်တော့်မှာလည်း ဘာမှလုပ်စရာမရှိတော့။

www.burmeseclassic.com



ခရီးစဉ်၏နောက်ပိုင်း ကျန်ရှိသောအချိန်များမှာ အများရှေ့ ကြွေ့ပျက်အောင် 'ခါတိုင်းလို' ဟုဆိုကာ သူနေသွားသည့် အမူအရာများကို လွမ်းဆွတ်စွာ ပြန်တွေးမိသည်။

တစ်သက်လုံး လွမ်း၍မကုန်အောင် 'ခါတိုင်းလို' တော့ သူ နေသွားပေးခဲ့ပါ၏။

တကယ်တော့ 'ခါတိုင်းလို' သက်သက် မဟုတ်ပါ။

ကျွန်တော် ဒါလေးတွေ သတိရတိုင်း ကြေကွဲပူဆွေးလွမ်းဆွတ်တသနေရအောင် နောက်ဆုံး နှုတ်ဆက်ခြင်းမျိုးဖြင့်များ နှုတ်ဆက်သွားလေသည်လား။

ကျွန်တော် တစ်ယောက်တည်း အထီးကျန်စွာ နေထိုင်သွားရတော့မည့် စက်ရုံဝင်းကြီးကို တစ်ချက်လှမ်းကြည့်လိုက်သည်။ စက်ရုံကြီးက နှင်းမှုန်မှုန် မြင်ကွင်းကြားမှာ စိတ်မကောင်းစွာ ငြိမ်သက်ပေးနေသည်။

ကျွန်တော် ရှေ့ဆက်လမ်းလျှောက်သွားနိုင်သော အင်အားပင် မရှိတော့ဘဲ အနားတွင် လှမ်းမြင်လိုက်ရသည့် ဗာဒံပင်ရိပ်ခုံတန်းလေးမှာ သွားထိုင်လိုက်သည်။

အေးငယ်နှင့် ကျွန်တော် နေ့လယ်က ဆက်လက်ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်လေးများကို တမ်းတမ်းတတဖြင့် ပြန်တွေးနေမိ၏။

◈

'ဟား . . . ဟား . . . ဒါကြောင့် ကျွန်တော် ပြောပါတယ် ကိုစိုးတင့်ရဲ့ ဒီကိစ္စကို ခင်ဗျား မကိုင်တွယ်ပါနဲ့၊ သူ့နည်းနဲ့သူ ရှင်းလိုက်ရင် လွယ်

www.burmeseclassic.com



လွယ်လေးပါ . . . လို့'

ကျွန်တော် ပြန်ရောက်သည်နှင့် ကိုစောဝင်းက စပြီးနောက်သည်။

အေးငယ်က ကျွန်တော့်လက်ကို လွှတ်လိုက်ပြီး ကိုစောဝင်းဘက် လှည့်ကာ . . .

'ဒီမှာနော် . . . စေတနာနဲ့ လုပ်ပေးတာကို တောင်ပြောမြောက်ပြော မပြောနဲ့၊ နောက်တစ်ခါ ဒါမျိုးဖြစ်ရင် အေးငယ် တာဝန်မယူဘူး၊ ခုလည်း အေးငယ်ဆရာ ဒီလိုဖြစ်တာ ရှင်တို့ကြောင့် သိရဲ့လား'

'ဟောဗျာ . . . နောက်ဆုံးကျတော့ ငါတို့ တရားခံဖြစ်နေပါရောလား၊ ဘာဆိုင်လို့လဲ အေးငယ်ရဲ့'

'ဘာဆိုင်ရမလဲ၊ ဆရာက သူ့ဟာသူ အေးအေးနေချင်တာ၊ ကိုစောဝင်းတို့က အေးငယ်တို့ အနေရခက်အောင် ဘာဖြစ်လို့ လိုက်စနေတာလဲ၊ လာ . . . ဆရာ ထိုင်၊ ကိုစိုးတင့်ကြီး ပေး အဲဒီဂီတာ'

အေးငယ် လုပ်သွားပုံလေးက လွန်စွာလှပသည်။ သူ့ဘာသာ သေသပ်စွာ ခင်းကျင်းသွားသော အခင်းအကျင်းထဲမှာ အဓိက ကျွန်တော် အနေရမခက်ရေးကို ဦးစားပေးသွားသည်။

မပြီးသေး။ ကိုစိုးတင့် လှမ်းပေးသော ဂီတာကိုယူပြီး ကျွန်တော့် လက်ထဲထည့်သည်။ ပြီးမှ . . .

'ဆရာ . . . အေးငယ် မျက်ဝန်းလဲ့ပြာပြာ နားထောင်ချင်တယ်၊ ဆရာ မဆိုချင်ရင် ဂီတာပဲ တီးပေး၊ အေးငယ် ဆိုပေးမယ်နော်'

ဆပ်ကပ်ထဲမှ ကြာပွတ်ရှင် ကောင်မလေးရှေ့မှာ ဇရာမ ကျားကြီး ကျွတ်စကီးပြနေသလို ကျွန်တော် ကောင်းစွာ ခံနေရသည်။

'ဟဲဟဲ . . . တို့ကလည်း ဒီလိုမျိုးပဲ နားထောင်ချင်နေတာ'



BURMESE CLASSIC .com

www.burmeseclassic.com



ကိုစောဝင်းကတော့ ဘယ်လိုမှ တားမရ ဆီးမရအောင်ပင် အနည်းဆုံး စပ်ဖြဲဖြဲလေးနှင့်တော့ ဝင်တို့ထောင်လိုက်သေး၏။

'ကဲ . . . ဆရာ၊ သူတို့ပြောတာ နားမထောင်နဲ့၊ အေးငယ် ပြောတာလုပ်'

ဆရာဆိုသော အသံလေးကို စက္ကန့်သုံးဆယ်လောက် ကြာ အောင်ဆွဲ၍ စူအောင့်အောင့် မူနွဲ့နွဲ့လေး ပြောသည်။ ကျွန်တော် ပြုံးပြီး ဂီတာကို စတင်တီးခတ်၏။

'ချစ်ပန်းရနံ့လေး ကြူကြူအေး
တူတူမွှေးမွှေး မွှေးချင်တာ . . .
မေတ္တာ တေးသံသာသာ . . .
ကြားချင်ကြတဲ့ မောင်မယ်နှစ်ဖြာ . . .
နားဆင်သမကွယ့် ဆောင်လယ်မှာ
တစ်ဦးကို တစ်ဦး ကြည်နူးမြူးလှစွာ . . .
ချစ်ရည်ရွှန်းတဲ့ မျက်ဝန်းလဲ့ပြာပြာ
ချစ်ရည်ရွှန်းတဲ့ မျက်ဝန်းလဲ့ပြာ . . . ပြာ
တိတ်တခိုးကြည့်ကာ . . .
ပီတိအဟုန် လွှမ်းခြုံခဲ့ကြရှာ . . .
တထိတ်ထိတ် ရင်ခုန်ကာ . . .'

အေးငယ်အသံလေးက ချိုအေးအေးနှင့် တော်တော်ကောင်း သည်။ အခြားနားထောင်သူများ မပြောနှင့်။ ဂီတလောက ပညာရှင် တွေကြားမှာ အကြာကြီးနေခဲ့ဖူးသော ကျွန်တော်ပင် အံ့သြသွားသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ပြီးတော့ သီချင်းကလည်း ကျွန်တော်တို့နှစ်ယောက် ကြားမှာ များစွာ အဓိပ္ပာယ်ကြီးသော မျက်ဝန်းလဲ့ပြာပြာ။

သီချင်းဆိုနေရင်း အေးငယ်က သူ့မျက်ဝန်းညိုပြာပြာကြီးများဖြင့် တစ်ချက် လှမ်းကြည့်သေးသည်။ သူ့မျက်ဝန်းများတွင် မျက်ရည်ကြည်များ ရစ်ဝဲနေသည်ကိုလည်း တွေ့လိုက်သည်။

ကျွန်တော့်ရင်ထဲ ဆို့သွား၏။

သည်တုန်းက တစ်ခါ။

◈

ထမင်းစားကြစဉ်က တစ်ခါ။

ထမင်းစားရန်ပင် ဝန်လေးနေသော ကျွန်တော်က ဟင်းခွက်များကို လှမ်းနှိုက်ရန် လက်တွန့်နေသည်။

ဤသည်ကို သတိထားမိသော အေးငယ်က ကြက်သားဟင်းပန်းကန်ကို ဆတ်ခနဲ ကောက်ယူ၍ . . .

'ဆရာ . . . ထမင်းစားရင် ဟင်းလေးဘာလေး ထည့်စားရတယ်နော်၊ အဲဒါလည်း မေ့မနေနဲ့၊ ရော့ . . . ဒါ အပြီးအပြတ်လည်း မဟုတ်သေးဘူး၊ နောက်ထပ် အရည်ရော အဖတ်ရော တောင်းလို့ရသေးတယ်'

သူ့စကားကြောင့် အားလုံးက ရယ်သည်။

ကျွန်တော်က ဣန္ဒြေမပျက်ပြုံးရင်း ထမင်းပန်းကန်လေး ထိုးပေးလိုက်သည်။ ကျွန်တော့်ပန်းကန်ထဲ ရောက်လာသော ဟင်းဖတ်လေးက အသားတုံး မဟုတ်။ အသည်းဖတ်လေး နှစ်မြွာဖြစ်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



ထိုထမင်းတစ်ပန်းကန်ကို ကျွန်တော် မနည်းကုန်အောင် စားယူရ၏။

ထိုထမင်းပွဲလေးကိုလည်း သည်တစ်သက်မှာ မေ့တော့မည် မဟုတ်။

◈

'ဆရာ . . . မအေးဘူးလား'

နှင်းမှုန်ထဲတွင် ထိုင်တွေးနေမိသည်မှာ မည်မျှကြာသွားသည် မသိ။ လုံခြုံရေးမှ ဝန်ထမ်းက လာစကားပြောမှ ကျွန်တော့်အတွေးစ ဖြတ်သည်။

'ဘယ်နှစ်နာရီ ရှိပြီလဲ ကိုထွန်း'

'ခုနစ်နာရီရှိပြီ ဆရာ'

ထိုင်နေတာ တစ်နာရီနီးပါး ရှိပြီဟု သတိရသည်။

စိတ်ရှိတိုင်းသာ လွှတ်ပေးရလျှင်တော့ သည်နေရာမှာပင် သွေးခဲသေသွားပေလိမ့်မည်။ နေ့လယ်ကလည်း စိတ်ရှိတိုင်း လွှတ်ပေးမိသည့်အတွက် ဒုက္ခတစ်ခါ ရောက်ခဲ့ပြီးပြီမို့ ဆက်ထိုင်နေချင်သေးသော်လည်း ကျွန်တော် ထရပ်လိုက်သည်။

နှင်းမှုန်မှုန်များကြောင့် အားပျော့နေသော မီးတိုင်အလင်းရောင်များအောက်ကနေ ကျွန်တော် ကျွန်တော့် ဧည့်ဂေဟာလေးဆီ ပြန်လျှောက်သွား၏။

ရာသီဥတုက အေးပေမည့် တစ်နေ့လုံး ပင်ပန်း ငြီးစီစီ စိတ်ဓာတ်ကျဆင်းလာသော ကိစ္စများ ပြေပျောက်ရန် ကျွန်တော် ရေချိုးပစ်



BURMESE CLASSIC .com

www.burmeseclassic.com



လိုက်သည်။ ရေချိုးပြီး အတန်ငယ် လန်းဆန်းလာမှ မစားချင်တော့သော ညစာအတွက် ကော်ဖီတစ်ခွက် ဖျော်သောက်ရန် ပြင်သည်။

'ဆရာ . . . ဆရာ ဦးခင်မောင်လတ်'

ကော်ဖီလေး ဖျော်လာပြီး ဧည့်ခန်းရှိ ဆက်တီကုလားထိုင်လေးမှာ ဝင်ထိုင်သည်။

ထိုင်နေရင်း သတိရသဖြင့် ကော်ဖီပင် မသောက်နိုင်သေးဘဲ အေးငယ် စိတ်ဆိုးသွားရသည့်အဖြစ်ကို ပြန်တွေးမိနေပြန်သည်။

ထိုစဉ် ပိတ်ထားသော တံခါးကို လာခေါက်ပြီး ခေါ်သံကြောင့် ကျွန်တော် ပျာပျာသလဲ ထ၍ တံခါးဖွင့်ပေးလိုက်သည်။

ကိုထွန်း။

'ဘာဖြစ်လို့လဲ ကိုထွန်း'

'စောစောက စက်ဘီးနဲ့လူတစ်ယောက် လာသွားတယ် ဆရာ၊ ပြီးတော့ ဆရာ့အတွက် အရေးကြီးလို့ဆိုပြီး စာတစ်စောင်လည်း ပေးသွားတယ်'

'စာတစ်စောင် ဟုတ်လား'

'ဟုတ်တယ် ဆရာ'

'ဘယ်သူက ပေးတာတဲ့လဲ'

'မပြောတတ်ဘူး ဆရာ၊ အဲဒီလူက စာပေးပြီး ချက်ချင်း ပြန်ထွက်သွားတာပဲ'

'ဟင် . . .'

ကျွန်တော့စိတ်ထဲ ဘာမှန်းမသိသော စိုးရိမ်ပူပန်မှုလေးတစ်ခု ဖြစ်လာပြီး စာကို လှမ်းယူလိုက်သည်။

'ကျွန်တော်သွားမယ် ဆရာ'



BURMESE CLASSIC .com

www.burmeseclassic.com



'ဟုတ်ပြီ . . . ဟုတ်ပြီ ကိုထွန်း၊ ကျေးဇူးပဲ'

ကျွန်တော် တံခါးကိုပင် ပြန်မပိတ်နိုင်တော့ဘဲ မီးရောင်အောက် ပြန်သွား၍ စာအိတ်ကို ဖွင့်ဖောက်လိုက်သည်။

ထိုအခါ ကျွန်တော် များစွာ အံ့အားသင့်သွား၏။



BURMESE CLASSIC .com

www.burmeseclassic.com

[၂]

ဆရာ

အေးငယ် ပြန်ရောက်ရောက်ချင်း ဒီစာကို ရေးလိုက်တာပါ။

နေ့ခင်းက ဆရာ အရမ်းစိတ်မကောင်း ဖြစ်သွားမှန်း အေးငယ် သိပါတယ်။ ဆရာ စိတ်ထိခိုက်သွားတဲ့ ကိစ္စဟာ ဟန်မဆောင်တတ်တဲ့ ဆရာ့မျက်နှာမှာ အထင်းသား ပေါ်နေတာကို အေးငယ် တွေ့ပါတယ်။

အေးငယ် တောင်းပန်ပါတယ် ဆရာရယ်. .

ဆရာစိတ်ထိခိုက်အောင် အေးငယ် တမင်လုပ်တာ မဟုတ်ပါဘူး။ ဒီကိစ္စနဲ့ ပတ်သက်လို့ ဆရာ့ ကို အေးငယ်



BURMESE CLASSIC .com

www.burmeseclassic.com



ရှင်းပြပါရစေ။

ဒီနေ့သွားတဲ့ နေရာက ကျုတ်ဂူဆိုတဲ့ နေရာနော် . . .။

အေးငယ်စိတ်ထဲမှာ ဆရာပြောပြတဲ့ ကျုတ်ကုန်းလား၊ ကျုတ်ရွာလား၊ အဲဒီအကြောင်းက စွဲနေပါတယ်။ ဆရာပြောတဲ့ ခရီးသွားဟာ ကျုတ်တွေနေတဲ့နေရာမှာ တစ်ညလုံး ပျော်ရွှင်နေပြီး မနက်ကျတော့ ညက သူကြုံခဲ့တာတွေဟာ တကယ်မဟုတ်ဘဲ သူ အလှည့်စားခံလိုက်ရတာ ဖြစ်နေတော့ ရူးသွားတယ်ဆိုတာလေ. . .။

ဒီနေ့ခရီးမှာလည်း အေးငယ်သိပ်ပျော်ပါတယ် ဆရာ။ ပျော်တာမှ တကယ့်အဖြစ်အပျက်တွေမှ ဟုတ်ရဲ့လား။ အိပ်မက်လေးများ ဖြစ်နေမလားလို့တောင် ပူမိတဲ့အထိ ပျော်ပါတယ်။

ဒါပေမဲ့ . . . အေးငယ်စိတ်ထဲမှာ စွဲလမ်းနေတဲ့ အစွဲအလမ်းက မဖျောက်နိုင်တော့ ကျုတ်ဂူမှာ ပျော်ရတာဟာ ကျုတ်တွေနဲ့ တွေ့ခဲ့တဲ့လူလို နောက်ကျရင် အကုန်ပျောက်သွားပြီး ရူးလောက်အောင် ခံစားရမယ့် ဒုက္ခတွေ ဖြစ်လာမှာလည်း အရမ်းစိုးရိမ်နေမိတယ်. . .။

အဲဒီအချိန်မှာ ဆရာက အေးငယ်ကို ချစ်စကားပြောလိုက်တော့ အေးငယ် အရမ်းထိတ်သွားတယ်။ ဒီကိစ္စက အေးငယ်အတွက် အပျော်ဆုံးကိစ္စပါ။

ဒါပေမဲ့ ကျုတ်ဂူသွားတဲ့ ခရီးတစ်လျှောက်မှာတော့ အေးငယ်နဲ့ဆရာ ချစ်သူမဖြစ်ချင်ဘူး။ အေးငယ် အရမ်း



BURMESE CLASSIC .com

www.burmeseclassic.com



ကြောက်တယ်။

အေးငယ် အဲ့ဒါကြောင့် ကြောက်ကြောက်နဲ့ ငြင်းလိုက်တာပါ။

ဆရာ . . .

အေးငယ် ဆရာ့ကို တကယ်မချစ်ဘူးလို့များ ထင်သွားသလား။

အေးငယ် . . . ဆရာ့ကို၊ အို . . . ဘယ်လို ပြောရမှန်းတောင် မသိဘူး၊ အေးငယ် . . . ရှက် တယ်။ ဟိုလေ . . . အေးငယ် ဆရာ့ကို . . .

အင်း . . . ဆရာ့ကိုလို့ မပြောတော့ပါဘူး၊ ဆရာ့ကို အေးငယ် ခေါ်ချင်တဲ့ အခေါ်အဝေါ်လေးတစ်ခု ရှိတယ် . . .။

အဲဒါ ဘာလဲဆိုတော့ 'ကိုကို' . . . တဲ့

ဆရာ့ကို . . . ကိုကို . . . လို့ပဲ အေးငယ် ခေါ်တော့မယ်နော် . . .

အေးငယ် . . . ကိုကို့ . . . ကို ချစ်ပါတယ်။

ဒီစကားကို လှည့်စားတတ်တဲ့ သဘာဝရှိတဲ့ နေရာမျိုးမှာ အေးငယ် မပြောချင်ဘူး ကိုကိုရယ် . . .။

ကိုကို့ကို ချစ်တဲ့အတွက်လည်း အေးငယ် မရှုံးချင်ဘူး။ ကိုကိုကလည်း အေးငယ်ကို ကျွတ်ကြီးတွေလို မလှည့်စားသွားနဲ့နော်။

ခုနေတော့ အေးငယ်ကို ချစ်တယ်ဆိုပြီး နောက်ကျတော့ တစ်မျိုးပြောင်းပြီး သွေးဖယ်သွားမှာ အေးငယ်



BURMESE CLASSIC .com

www.burmeseclassic.com



စိုးတယ် ကိုကိုရယ်။

ဘဝမှာ တစ်ခါမှ မချစ်ဖူးတဲ့ အချစ်မျိုးနဲ့ ချစ်မိနေတဲ့ အချစ်ဆုံးကိုကို့ကို အေးငယ် တစ်သက်လုံး စိတ်မဆင်းရဲရဘဲ အမြဲချစ်သွားချင်ပါတယ်။

ကဲ . . . ကိုကို . . .

အဲဒီတုန်းက အေးငယ်ပြောတယ် မဟုတ်လား။ ဒီခရီးစဉ်တစ်လျှောက်လုံးမှာ ဘာမှမဖြစ်ခဲ့သလို နေချင်တယ် ဆိုတာလေ . . .

ခု ဒီခရီးစဉ် ပြီးပြီမို့ ကိုကို စိတ်ချမ်းသာသွားရအောင် အေးငယ် ချက်ချင်းပဲ အဖြေပေးလိုက် တာပါ။

ပျော်သွားပြီလား ကိုကို။

ပျော်သွားရင် အေးငယ်ပြောတာ မမေ့ပါနဲ့။

ကိုကို ဘယ်တော့မှ 'ကျတ်ကြီး' မလုပ်ရဘူးသိလား။

ကိုကို့ကို အေးငယ် ချစ်တယ် . . .။

နောက်တစ်ခါ ထပ်ပြောမယ်နော်။

ကိုကို့ကို အေးငယ် ချစ်တယ်။

ကဲ . . . စိတ်ချမ်းသာသွားရင် အိပ်တော့။

နောက်လည်း ဘယ်တော့မှ မျက်နှာပုပ်သိုး သိုးကြီး မနေနဲ့တော့နော်။ ဒါပဲ . . . ဒါပဲ . . .

ကိုကို့ကိုချစ်တဲ့
အေးငယ်

www.burmeseclassic.com



'ဟင်း . . .'

စာကို အသက်ပင် မရှူရဲဘဲ ဖတ်နေမိသော ကျွန်တော် စာဆုံးမှပင် သက်မကြီးချနိုင်သည်။

စိတ်ထဲမှာလည်း ဘယ်လိုပျော်သွားမှန်း မသိအောင်ပင် ခံစားလိုက်ရ၏။ တစ်ယောက်တည်းဖြစ်နေသော ကျွန်တော့်မှာ ဘာလုပ်ရမှန်းလည်း မသိ။

ဘာမှလည်း လုပ်စရာမရှိသဖြင့် အေးငယ်စာကို ဘယ်နှစ်ခေါက်မှန်း မသိအောင် အထပ်ထပ် ပြန်ဖတ်နေမိသည်။

'ဒါပေမဲ့ ကျွတ်ဂူသွားတဲ့ ခရီးတစ်လျှောက်မှာတော့ အေးငယ်နဲ့ ဆရာချစ်သူ မဖြစ်ချင်ဘူး၊ အေးငယ် အရမ်းကြောက်တယ်'

'ကိုကို ဘယ်တော့မှ ကျွတ်ကြီး မလုပ်ရဘူး သိလား'

ဖြစ်မှဖြစ်ရလေ အေးငယ်ရယ် . . . ဟုလည်း အကြိမ်ကြိမ်ရေရွတ်နေမိ၏။

ကျွန်တော့်မှာတော့ သည်ခရီးမှာ အခြားသူများရှေ့ ဣန္ဒြေမပျက်အောင်နေပြီး နောက်ကျရင်လည်း အမြဲခွဲနေရတော့မလား။ သူ့စကားကို တလွဲအဓိပ္ပာယ်ကောက်၍ တွေးပူလိုက်ရတာ။

သူက ကျွတ်ဂူမှာ ကျွတ်ကိစ္စများ စွဲလမ်းပြီး ခရီးပြီးအောင် စောင့်နေခြင်း ဖြစ်သည်။

စိတ်ချ အေးငယ်ရေ . . . ဘယ်တော့မှ ကိုယ်ကျွတ်ကြီးမလုပ်ဘူး။

'အေးငယ်အပေါ်လည်း ဘယ်တော့မှ မပြောင်းလဲဘူး၊



BURMESE CLASSIC .com

www.burmeseclassic.com



မလှည့်စားဘူး၊ မညာဘူး၊ မသွေဖယ်ဘူး၊ မစိုးရိမ်နဲ့’

တစ်ယောက်တည်း အရူးတစ်ယောက်လို တတွတ်တွတ်ပြော နေမိ၏။



BURMESE CLASSIC .com

[၃]

'အေးငယ်က တော်တော်ဆိုးတာပဲကွာ၊ မနေ့က တစ်နေ့လုံး ကိုကို့မှာ ဘယ်လောက် စိတ်ဆင်းရဲရတယ် မှတ်လဲ'

'သိသားပဲ၊ ဒါပေမဲ့ ဘာဖြစ်လို့ ကိုကိုက အဲဒီနေရာကျမှ ဒီစကားတွေက ပြောရတာလဲ၊ ပြောစရာနေရာတွေ အများကြီးရှိတယ်၊ ကိုကိုမှ အဟုတ်မဟုတ်တာ'

အေးငယ်က မျက်စောင်းလေး တချီချီနှင့် ပြောသည်။

ကျွန်တော် ရယ်လိုက်ပြီး . . .

'ဘာဆိုင်လို့လဲ အေးငယ်ရယ် . . . ကိုကို့မှာမှ ဒီအစွဲအလမ်းတွေ မရှိတာ၊ ကိုကို ဘယ်လိုမှ မမျိုသိပ်နိုင်တော့လို့ ပြောလိုက်တာပေါ့'

www.burmeseclassic.com



နောက်တစ်နေ့ကလည်း တနင်္ဂနွေနေ့ ရုံးပိတ်ရက်ပဲမို့ မနက်အိပ်ရာထကတည်းက ကျွန်တော် မနေနိုင်တော့ဘဲ အေးငယ်တို့ဆီ ထွက်လာခဲ့သည်။

တွေ့စကတော့ အေးငယ်လည်း ရှက်ကိုးရှက်ကန်းလေးတော့ ဖြစ်နေသေး၏။

ခဏကြာမှ နှစ်ယောက်သား စက်ဘီးတစ်စီးစီဖြင့် ထွက်လာခဲ့ကြသည်။

ဘယ်မှလည်း ထူးထူးထွေထွေ သွားစရာမရှိသော မြို့ကလေးမို့ မြို့ပြင် လူရှင်းရာ ကားလမ်းမဘေး ကုက္ကိုပင်ကြီးတစ်ပင်အောက်မှာ စက်ဘီးထောင်ထားပြီး ထိုင်စကားပြောကြသည်။

အေးငယ်က ရယ်ပြီး . . .

'ကောင်းတာပေ့ါ၊ အဲဒီတုန်းက အေးငယ် တကယ်စိတ်ဆိုးတာ သိရဲ့လား၊ သူများ ဒီလောက် ကြောက်ပါတယ်ဆိုတဲ့ နေရာကျမှ ဆိုက်ဆိုက်မြိုက်မြိုက် သူက ဒီစကားတွေ ပြောတယ်၊ အေးငယ် ကိုကို့ကို တကယ်မုန်းမလို့ သိရဲ့လား၊ သနားလို့'

'အံမယ်လေး . . . တကယ်တော့ မမုန်းလိုက်ပါနဲ့ အေးငယ်ရယ်၊ သနားလက်စနဲ့ တစ်သက်လုံးလည်း သနားသွားစမ်းပါ'

'သနားတာက အရေးမကြီးပါဘူး၊ ကိုကို အေးငယ်ကို တကယ်ချစ်လို့လား'

'တုန်နေအောင် ချစ်ပါတယ် အေးငယ်ရယ်၊ ဘာဖြစ်လို့ ကိုကို့ကို ဒီမယုံသင်္ကာစကားတွေ မေးနေရတာလဲ'

'မေးရတာပေ့ါ၊ ကိုကို့စိတ်ထဲမှာ အေးငယ် ကိုကို့ကို ချစ်နေမှန်း သိလို့ ဒီကောင်မလေး ငါ အပျော်ကြံလိုက်ဦးမယ်လို့ တွေးပြီး ဒီလို



BURMESE CLASSIC .com

www.burmeseclassic.com



လုပ်တာရော မဖြစ်နိုင်ဘူးလား'

'မဟုတ်ရပါဘူးဗျာ . . . အေးငယ် ချစ်နေမှန်းလည်း ကိုကို မသိပါဘူး၊ ကိုကို့ဘာသာကိုကို အေးငယ်ကို သတ်သတ်ချစ်နေမိတာပါ'

'မပြောတတ်ဘူးလေ . . . ကိုကိုတို့ ယောကျ်ားတွေက ယုံရတာ မဟုတ်ဘူး၊ ကိုကိုသာ အေးငယ်ကို အဲဒီလိုသဘောထားမျိုးနဲ့ လှည့်စားသွားရင်တော့ အေးငယ် ရှုံးရုံမကဘူး သေတောင်သေသွားမှာ'

'စိတ်ချပါ အေးငယ်ရာ၊ ကိုကို အေးငယ်ကို ဘယ်တော့မှ မလှည့်စားပါဘူး၊ ကတိပေးပါတယ်၊ ကိုကိုက လူပဲ၊ ကျွတ်မှ မဟုတ်တာ'

အေးငယ် ရယ်သည်။

'သွားပါ၊ ကျွတ်ဂူမှာ ရည်းစားစကား ပြောတာ၊ ကျွတ်မို့လို့ပေါ့၊ ကိုကို့ကို အေးငယ်မယုံဘူး၊ ကိုကို လူအစစ် ဟုတ်ချင်မှ ဟုတ်မယ်၊ လူယောင်ဆောင်နေတဲ့ လူကျွတ်ကြီးလားလည်း မသိဘူး၊ ကိုကို့ကို အေးငယ် လူကျွတ်ကြီးလို့ ခေါ်မှာပဲ'

'အင်း . . . ကိုကို့တော့ လူကျွတ်ကြီး ခေါ်ပြီး တကယ်တမ်းကျမှ အေးငယ်က 'ကျွတ်မလေး' လုပ်သွားမှာလည်း ကိုကိုက စိုးတာပဲ အေးငယ်၊ အဲဒီအခါကျ ကိုကိုလည်း ရှုံးမှာပဲ"

'အံမယ် . . . မယ် . . . သူကပဲ ပြောရတယ် ရှိသေးတယ်၊ ကိုကိုနော် . . . လူလည်ကြီး သားသမီး မလုပ်နဲ့၊ အေးငယ်က ကျွတ်မလေး မဟုတ်ဘူး၊ ကိုကိုသာ လူကျွတ်ကြီး'

နှစ်ယောက်သား ရယ်လိုက်ကြသည်။



BURMESE CLASSIC .com

www.burmeseclassic.com



အဝေးမှ ရိုးမတောင်တန်းကြီးဆီ လှမ်းကြည့်လိုက်မိ၏။

တောင်တန်းကြီးက အခုတော့လည်း ကြည်လင်ပြာလဲ့လှပနေသည်ပဲလေ။

◈

ဘဝ၏ စိတ်အချမ်းသာရဆုံးနှင့် အပျော်ရွှင်ဆုံးနေ့ရက်များကို ပြောပါ . . . ဟုဆိုလျှင် အေးငယ်နှင့် ကျွန်တော်တို့၏ ချစ်သူဘဝနေ့ရက်များကို ကျွန်တော် မဆိုင်းမတွ ညွှန်ပြမိလိမ့်မည် ဖြစ်၏။

ကိုစိုးတင့်အပါအဝင် ကျွန်တော်တို့ အသိုက်အဝန်းအားလုံးကလည်း ကျွန်တော်တို့နှစ်ယောက်၏ ချစ်ခြင်းကို ကျေနပ်စွာ လက်ခံကြသည့်အပြင် ကူညီစရာရှိလျှင်လည်း ကူညီစောင့်ရှောက်ပေးကြသည်။

ရိုးဖွင့်ရက် စက်ရုံမှာတော့ တာဝန်ဝတ္တရားစည်းကမ်းများနှင့်အညီ မှန်တမ်းသာ နေထိုင်ဆက်ဆံကြသော်လည်း ရိုးပိတ်ရက်ဆိုလျှင် သူငယ်ချင်း မိတ်ဆွေ အပေါင်းအသင်းများနှင့် စုဝေးဝိုင်းဖွဲ့တွေ့ဆုံကြသည်။ ရံဖန်ရံခါလည်း နှစ်ယောက်တည်း တွေ့ဆုံခွင့်လေးတွေရသည်။

သို့သော် . . . မိုးမမြင်လေမမြင်၊ ပျော်မဆုံးမော်မဆုံးလုပ်တာ၊ သိပ်ထင်ထင်ပေါ်ပေါ်ကြီးဖြစ်အောင် သွားလာ လှုပ်ရှားတာမျိုးတော့ မလုပ်ကြ။ လူတွေ မျက်စိရှုပ်လည်းမခံ။

ကိုယ့်ဘာသာကိုယ် ကြွေနြေရရ သေသေဝပ်ဝပ်ပင် နေခဲ့ကြသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော်တို့လည်း အစကတည်းက သဘောပေါက်ကြပါသည်။

သည်မြို့လေး အနေအထားမှာ ဆိတ်ကွယ်လုံခြုံရာဟု သိပ်မရှိလှ။ ရန်ကုန်မြို့မှာ စုံတွဲတစ်တွဲ မြို့ထဲ ပျောက်သွားခြင်းကိစ္စကို ဘယ်သူမှ အရေးလုပ်မနေကြသော်လည်း နယ်မြို့လေးများကျတော့ သည်လိုမဟုတ်။

လူတွေကလည်း တစ်ယောက်နှင့်တစ်ယောက် မသိသူ မရှိကြသလို တစ်ယောက်တစ်ခုခုလုပ်ပြီဆိုလျှင်လည်း တစ်မြို့လုံးပျံ့လွယ်သည်။

တစ်ဖက်က ကျွန်တော့်အလုပ်တာဝန်ပိုင်းအရ သိပ်ကလေးကလားဆန်စွာ နေထိုင်မိလျှင် အပြစ်ဖြစ်လာနိုင်သလို ကျန်တစ်ဖက်က ကျော်ကျော့်ကို ဂရုစိုက်ရသေးသည်။

ဤမျှဂရုစိုက်နေထိုင်သည့်ကြားကပင် ချစ်သူ့ကာလတစ်လမပြည့်ခင် ကျွန်တော် စိတ်အနှောင့်အယှက်ဖြစ်စရာ ပြဿနာနှစ်ခုနှင့် ကြုံဆုံလိုက်ရသေး၏။

တစ်ခုက ဌာနဆိုင်ရာပြဿနာ။

◈

'ထိုင် . . . ဦးခင်မောင်လတ်'

တိုင်းရုံးက ခေါ်ဆိုသဖြင့် ကျွန်တော်တို့မြို့လေးနှင့် မိုင်လေးငါးဆယ်ဝေးသော တိုင်းမြို့သို့ ကျွန်တော် သွားရသည်။

တိုင်းမှ တာဝန်ရှိပုဂ္ဂိုလ်က ကျွန်တော့်ကို လေ့လာအကဲခတ်



BURMESE CLASSIC .com

www.burmeseclassic.com



သော မျက်လုံးများနှင့်ကြည့်ရင်း ထိုင်ခွင့်ပေးသည်။ ကိစ္စကို ချက်ချင်း မပြောသေးဘဲ နည်းနည်းပါးပါး အာလာပသလ္လာပ စကားများပြောပြီးမှ . . .

'ဒီလို ဦးခင်မောင်လတ် . . . ခင်ဗျားကို လှမ်းခေါ်ရတဲ့ကိစ္စကတော့ ကျွန်တော့်ဆီမှာ ခင်ဗျားနဲ့ပတ်သက်တဲ့ တိုင်စာတစ်ခု ရောက်နေလို့ပဲ'

'ဗျာ . . . တိုင်စာ၊ ဟုတ်လား ဆရာ'

'အင်း . . . တိုင်စာဆိုတဲ့သဘောထက် ပစ်စာသဘောမျိုးက ပိုမှန်ပါလိမ့်မယ်၊ ဒါကြောင့်လည်း ကျုပ်တို့ဆီက တရားဝင်အရေးယူဆောင်ရွက်ဖို့တော့ မရှိသေးပါဘူး၊ ဒါပေမဲ့ အဲဒီစာက ရုံးချုပ်ကလူကြီးတွေဆီအထိပါ ရောက်ထားတော့ နည်းနည်းပါးပါး ခင်ဗျားကို မေးမြန်းပြီး အကျိုးအကြောင်း ပြန်ပြောပြဖို့တော့ လိုလိမ့်မယ်'

'ဟုတ်ပါတယ် ဆရာ၊ ဆရာတို့လုပ်သင့် လုပ်ထိုက်တာကိုတော့ အားမနာဘဲ လုပ်ပါ၊ ကျွန်တော့်အပေါ် တိုင်တဲ့သူက ဘာများ မကျေမနပ် ဖြစ်နေလို့လဲ'

'ဒီလိုဗျ . . . သူ့စာမှာပါတဲ့သဘောကို ပြောရရင်တော့ ခင်ဗျားဟာ စက်ရုံမှူးဆိုတဲ့ အရှိန်အဝါကိုသုံးပြီး စက်ရုံထဲက ဝန်ထမ်းမိန်းကလေးတစ်ဦးကို ဖျက်လိုဖျက်ဆီး လုပ်ဖို့ကြံစည်နေတယ်တဲ့၊ ဟိုမိန်းကလေးကလည်း ခင်ဗျားက သူ့အထက်အရာရှိ ဖြစ်နေတော့ ကြောက်ပေမယ့် ပြန်မပြောဝံ့ဘူး ဖြစ်နေတယ် . . . တဲ့'

'ဟာ . . . အဲဒါမဟုတ်ပါဘူး ဆရာ'

တိုင်းအရာရှိစကားမဆုံးမီမှာ ကျွန်တော် ပျာပျာသလဲ ငြင်းလိုက်သည်။ သည်ကိစ္စက အေးငယ်နှင့်ပတ်သက်၍ မလိုသူတစ်



BURMESE CLASSIC .com

www.burmeseclassic.com



ယောက်ယောက်က လုပ်ကြံဖန်တီးလိုက်သော ကိစ္စပင်ဖြစ်သည်ဟု ချက်ချင်းသဘောပေါက်လိုက်သဖြင့် . . .

'ကျွန်တော် ဒီကိစ္စကို ရှင်းပြခွင့်ရှိပါသလား ဆရာ'

တိုင်းအရာရှိက ရယ်၍ . . .

'ရှင်းပြခွင့်ရှိတာပေါ့ ကိုခင်မောင်လတ်ရာ၊ ရှင်းပြစေချင်လို့ ခင်ဗျား ဒီခေါ်လိုက်တာပဲ၊ လုပ်ပါ ဒီကိစ္စ ဘာကြောင့် ဒီလိုဖြစ်ရတယ် ဆိုတာ ခင်ဗျားသဘောပေါက်လား'

'သဘောပေါက်ပါတယ် ဆရာ၊ ကျွန်တော့်မှာ လုံးလုံးအပြစ် မရှိပါဘူးလို့တော့ ကျွန်တော် မပြောချင်ပါဘူး၊ တကယ်ဖြစ်နေတဲ့ အနေအထားက ဒီလိုပါ'

ကျွန်တော်က တိုင်းအရာရှိကို အေးငယ်နှင့်ကျွန်တော့်ပကတိ အရှိပုံစံ အနေအထားကို ပြောပြလိုက်သည်။

'ဒီမိန်းကလေးဟာ ကျွန်တော့်ဆီက ဝန်ထမ်းဆိုတာတော့ မှန် ပါတယ်၊ ဒါပေမဲ့ ခုနပြောသလို ရာထူးအရှိန်အဝါ သုံးတယ်ဆိုတာရော၊ ဖျက်လိုဖျက်ဆီးလုပ်ဖို့ ကြံစည်တယ်ဆိုတာရော၊ သူကကြောက်လို့ ငြိမ်နေရတယ်ဆိုတာရော အဲဒါတွေကတော့ တစ်ခုမှမဟုတ်ပါဘူး ဆရာ၊ ကျွန်တော်ဟာ အိမ်ထောင်မရှိတဲ့ လူပျိုလူလွတ်တစ်ယောက်ပါ၊ ဒီမိန်းကလေးနဲ့ ကျွန်တော် နှစ်ဦးသဘောတူ မေတ္တာမျှနေကြတာပါ'

'လူငယ်တို့ဘာသာဘာဝ ဆိုပါတော့'

တိုင်းအရာရှိက ရယ်ရင်းနှင့် ဝင်ထောက်မေးသည်။

'ဟုတ်ပါတယ် ဆရာ၊ နှစ်ဦးသဘောတူ ဆိုပေမယ့် ကျွန်တော် ခိုးကြောင်ခိုးဝှက် နေကြတာလည်း မဟုတ်ပါဘူး၊ မိန်းကလေးမိခင်က လည်း သိပါတယ်၊ သူ့မှာ အဖေတော့ မရှိတော့ပါဘူး၊ ပြီးတော့



BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော်တို့နှစ်ယောက်လုံး မိကောင်းဖခင်သားသမီးတွေလိုပဲ နေကြတာပါ၊ အနေအထိုင် အစစ ရှင်းသန့်ပါတယ်'

'အင်း . . . ကိုယ်လည်း ဒီလိုပဲ ဖြစ်မယ်လို့ ထင်ပါတယ်၊ မောင်ရင်ကရော ဒီမိန်းကလေးကို အတည်တကျ လက်ထပ်ဖို့ စိတ်ကူးရဲ့လား'

'ကျွန်တော် မိသားဖသားပီပီ လက်ထပ်ယူမှာပါ ဆရာ၊ ခုချိန်မှာတော့ မိန်းကလေးကလည်း အဝေးသင်တက္ကသိုလ် နောက်ဆုံးနှစ် မဖြေရသေး၊ ကျွန်တော်ကလည်း ကိုယ့်အိုးကိုယ့်အိမ်နဲ့ အတည်တကျ နေနိုင်အောင် မပြည့်စုံသေး၊ ကျွန်တော်တို့နှစ်ယောက် မေတ္တာမျှတာကလည်း ဘာမှမကြာသေးလို့ အချိန်စောင့်ဆိုင်းနေတဲ့သဘောပါ'

တိုင်းအရာရှိက ခေါင်းညိတ်သည်။

'ကောင်းပြီလေ၊ ဒီအတိုင်းဆို ပြဿနာမရှိပါဘူး၊ လူမှုရေးစကားနဲ့ ပြောရရင် နဖူးစာရွာလည်တာပဲ၊ ကိုယ်တို့ စက်ရုံမှူးကြီးမောင်ကြီး မပြန်နိုင်တယ်၊ ဖြစ်ရတဲ့ ဇာတ်လမ်းပေါ့၊ အရေးမကြီးပါဘူး၊ ကိုယ် ကြည့်ရှင်းလိုက်ပါ့မယ်၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်၊ ဒီကိစ္စမှာ မောင်ရင့်အပေါ် မကျေနပ်တဲ့လူတွေရှိတယ်ဆိုတာကတော့ သတိထားနော်၊ သူတို့ တိုင်စာအတိုင်းသာဆို မောင်ရင့်ကို ချက်ချင်း အရေးယူပြီး ကြီးလေးတဲ့အပြစ်ပေးလောက်အောင်ကို ဆိုးရွားနေတယ်၊ အထူးသဖြင့် ဒီကိစ္စမျိုးမှာ တစ်ဖက်က အငြိုးကြီးတတ်တယ်၊ သတိတော့ထား၊ ကိုယ့်ဘက်က အမှားအယွင်း မရှိစေနဲ့'

'စိတ်ချပါ ဆရာ . . . ကျွန်တော်တို့နှစ်ယောက် ဆက်ဆံရေးမှာကို အရမ်းသတိထားပါတယ်၊ စက်ရုံထဲလုပ်ငန်းခွင်ထဲမှာ ရုံးဆက်ဆံရေးအပြင် စကားအပိုတောင် မပြောကြပါဘူး၊ တာဝန်ချိန်

www.burmeseclassic.com



မဟုတ်တဲ့ အချိန်မှာသာ သူနဲ့ကျွန်တော် သမီးရည်းစားလို နေထိုင်ကြ တာပါ'

'ဟုတ်ပြီ၊ ဒါပဲလား ကိုခင်မောင်လတ်၊ ဘာပြောစရာ ရှိသေး လဲ'

'မရှိပါဘူး ဆရာ'

ကျွန်တော်က သည်ကိစ္စကို သည်လောက်နှင့်ပဲ ဖြတ်ပြီး အခြား အလုပ်တာဝန်ပိုင်းဆိုင်ရာ လိုအပ်ချက်အချို့ကို တင်ပြသည်။

ဤသည်က တစ်ခုဖြစ်၏။

◈

နောက်တစ်ခုကတော့ ကျော်ကျော့်ကိစ္စပင်။

သည်ကိစ္စကတော့ ကျွန်တော့်ပြဿနာ မဟုတ်၊ ကျွန်တော်နှင့် လည်း ဘာမှမဆိုင်။ စိတ်မကောင်းစရာ သတင်းတစ်ခုအဖြစ် ကိုစိုးတင့်ဆီမှ ကြားရခြင်းသာ ဖြစ်သည်။

'ကျော်ကျော်အခြေအနေ မကောင်းဘူး ကိုလတ်၊ ခုရက်ပိုင်း မှာ အရက်တွေ အရမ်းသောက်၊ အိမ်လည်း မကပ်သလောက် ဖြစ်နေ တယ်၊ အရင်လို လှလှပပဝတ်စား၊ ကားနဲ့ဆိုင်ကယ်နဲ့ အဆင့်တန်းရှိရှိ ရမ်းကားနေတာမျိုး မဟုတ်တော့ဘူး၊ အရက်မူးပြီး လမ်းဘေးရောက် နေတာ၊ ခင်ဗျားကိုလည်း အသေအလဲကို မကျေမနပ်ဖြစ်နေတာ၊ မနေ့ညကဆို အေးငယ်တို့ အိမ်ရှေ့မှာ တစ်ညလုံး မူးရူးအော်ဟစ်နေ တာပဲ'

'ဘာတွေအော်လို့လဲ'



BURMESE CLASSIC .com

www.burmeseclassic.com



'ထုံးစံအတိုင်းပေါ့ဗျာ . . . ရက်စက်တဲ့ မိန်းမ၊ ဂုဏ်မက်တဲ့ မိန်းမ၊ ငါ အရာရှိ မဟုတ်လို့ မချစ်နိုင်တာ မဟုတ်လား ဘာညာနဲ့ပေါ့၊ မိစိမ်းကားကြီးတွေရော၊ သူ့အသည်းတွေ ကွဲနေပြီဆိုတာတွေ စုံနေတာပဲ'

ကျွန်တော် ပင်ပန်းစွာ သက်ပြင်းတစ်ချက်ချသည်။

'အေးငယ်တို့ သားအမိတော့ ဒုက္ခပါပဲ ကိုစိုးတင့်ရာ'

'သူတို့လည်း သူတို့ဒုက္ခနဲ့ပေါ့ဗျာ၊ ဒါပေမဲ့ ချာတိတ်ဒုက္ခက ပိုကြီးတယ်၊ တစ်ညလုံးဆိုတာ စကားဥပမာ ပြောတာပါ၊ သူတို့ ည ကိုးနာရီလောက် လာအော်တယ်၊ ဆယ်နာရီကျော်ကျော်လောက် ကျတော့ ရပ်ကွက်က တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ ရဲစခန်းက လာပြီး ခေါ်သွားတာ၊ မနက်မိုးလင်းမှ အိမ်ကလိုက်ပြီး အချုပ်ထဲက ထုတ်ခဲ့ရတယ်တဲ့'

ကျွန်တော် စိတ်ထိခိုက်သွားသည်။

လူကုံထံသားသမီး လောကမှာ အနာဂတ်ဘဝတွေအများကြီး တည်ဆောက်ရမည့် လူငယ်တစ်ယောက် ဤမျှ စိတ်ဓာတ်ပျက်ပြား ဒုက္ခများအောင် ကျွန်တော်များ လုပ်မိနေသလား။

'ကြားရတာ စိတ်မကောင်းဘူးဗျာ၊ ဒီမှာ ကိုစိုးတင့် . . . ခင်ဗျား ကျွန်တော့်ကို တစ်ခု ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ၊ ဒီကလေး ဒီကိစ္စမှာ ဒီလိုဖြစ်ရတာ ကျွန်တော့်မှာ တာဝန်ရှိသလား၊ ကျွန်တော့်ကြောင့်များ ဒီကလေးဘဝ ခုလောက် ဆိုးရွားသွားရသလားဗျ'

ကိုစိုးတင့်က ဘာမှမဖြေသေးဘဲ အရင် သက်ပြင်းချသည်။ ပြီးမှ . . .

'အဲဒါက ဘယ်လိုပြောရမလဲ ကိုလတ်၊ ခင်ဗျားနဲ့ ဆိုင်တယ်လို့



BURMESE CLASSIC .com

www.burmeseclassic.com



ပြောလို့ရသလို တကယ်ကျတော့လည်း ဘာမှမဆိုင်ပါဘူး၊ ခင်ဗျားဝင်လာလို့ ဒီမှာ သူရှုံးရတာမှ မဟုတ်ဘဲ၊ အစကတည်းက အေးငယ်က သူ့ကိုချစ်မှ မချစ်တာ၊ ဒါပေမဲ့ ဒါမျိုးဆိုတာက ခက်သားပဲလေ၊ သူ့စိတ်ထဲမှာကျတော့ ခင်ဗျားကြောင့် အေးငယ်ကို စွန့်လွှတ်ရတယ်လို့ ထင်ချင်လည်း ထင်နေမှာပေါ့ မနေ့ညက အဲဒီကောင်လေး အော်တဲ့အထဲမှာ အဲဒါတောင် ပါသေးတယ်'

'ဘာတဲ့လဲ ကိုစိုးတင့်'

'ငါ့အကြောင်း သိမယ်၊ နင့်ကောင်ကို ငါသတ်ပစ်မယ် အေးငယ် . . . သိလားဘာညာနဲ့ ကြိမ်းတာပါ။ ဒါပေမဲ့ အလကားပါဗျာ၊ အဲလောက်တော့ သူ မလုပ်ရဲပါဘူး'

'သူလုပ်ရဲတာ မလုပ်ရဲတာ ကျွန်တော် စိတ်မဝင်စားပါဘူး ကိုစိုးတင့်၊ ကျွန်တော် စိတ်မကောင်းတာက သူ့အတွက်ပါ။ သူ ဒီလိုသာ လုပ်နေရင် သူ့အတွက်လည်း မကောင်းဘူး၊ သူ့မိဘတွေလည်း ဘယ်လောက်စိတ်ဆင်းရဲကြမလဲ'

ကိုစိုးတင့်က ခေါင်းခါသည်။

'အဲဒါတွေ ဘာမှမတွေးနဲ့ ကိုလတ်၊ လူဆိုတာ ကိုယ့်ဘဝကိုယ် ဖန်တီးတည်ဆောက် ယူကြရတာပဲ၊ ကျွန်တော် ပွင့်ပွင့်လင်းလင်း ပြောမယ်လေ၊ ခင်ဗျားလည်း ခင်ဗျားဒုက္ခနဲ့ခင်ဗျား ကြုံခဲ့ရဖူးတာပဲ၊ အဲဒီတုန်းက ခင်ဗျား သူ့လိုဖြစ်လို့လား'

'ကျွန်တော်နဲ့ သူနဲ့တော့ မတူဘူးပေါ့ဗျာ၊ ကျွန်တော်စိတ်ဓာတ်နဲ့ ကျွန်တော် ခံယူကျင့်သုံးပုံ၊ ဘဝကို ရင်ဆိုင်ပုံတို့က တစ်မျိုးကိုး'

'အဲဒါဟာ ဘဝရဲ့ အဆုံးအဖြတ်ပဲ ကိုလတ်၊ ဒါကြောင့် လူကြီးတွေက ဘဝအတွက် ခံယူတွေးခေါ် ရင်ဆိုင်ပုံမှန်ဖို့ ဆုံးမကြတာပဲပေါ့၊

www.burmeseclassic.com



ခင်ဗျား ရင်ဆိုင်ပုံမှန်ခဲ့လို့လည်း ခုအချိန်မှာ ခင်ဗျား ဒီဆုလာဘ်တွေ ရနေတာပေါ့၊ နို့မို့ ခင်ဗျားဘဝ ပျက်ခဲ့တာ ကြာလှရော့မယ်’

‘ကျွန်တော် တစ်ခုခု လုပ်ချင်တယ်ဗျာ၊ ဒီကလေး ကျွန်တော့်ကြောင့် အဲလိုကြီးဖြစ်သွားရတာကိုတော့ ဒီအတိုင်း ကြည့်မနေချင်ဘူး’

ကိုစိုးတင့်က ရယ်သည်။

‘အဲဒါအတွက် ခင်ဗျားလုပ်စရာ တစ်ခုတည်း ရှိတယ် ကိုလတ်၊ ခင်ဗျား အင်မတန်ချစ်တဲ့ အေးငယ်ကို မရရအောင် ဖျောင်းဖျပြောပြီး အဲဒီကောင်လေးနဲ့ ပေးစားလိုက်တာပဲ၊ အဲဒါကျတော့ ခင်ဗျား လုပ်နိုင်မလား၊ စိတ်ကူးမယဉ်ပါနဲ့ဗျာ၊ အချစ်နဲ့စစ်မှာ မတရားတာ မရှိပါဘူး’

ကျွန်တော်က ခေါင်းခါ၍ . . .

‘ကျွန်တော် စိတ်ကူးမယဉ်တတ်ပါဘူး ကိုစိုးတင့်၊ ဒါပေမဲ့ ခင်ဗျား ပြောတဲ့ အချစ်နဲ့စစ်မှာ မတရားတာ မရှိဘူး ဆိုတာကိုတော့ လက်မခံဘူး၊ အရာအားလုံးမှာ တရားမျှတမှု ရှိရမယ်၊ အချစ်ဆိုရင်လည်း တရားသောအချစ်ပဲ ဖြစ်ချင်တယ်၊ စစ်ဆိုရင်လည်း တရားသောစစ်ပဲ ဖြစ်ချင်တယ်၊ တရားသော စစ်အတွက် ကျွန်တော့်အသက်ကို စွန့်လွှတ်ဖို့ လိုအပ်လာရင် စွန့်လွှတ်ဖို့ ဝန်မလေးသလို၊ တရားသော အချစ်အတွက် အသည်းနှလုံးကို စတေးပေးဖို့ လိုလာရင်လည်း ကျွန်တော် ဝန်မလေးချင်ဘူး ကိုစိုးတင့်’

ကျွန်တော့်စကားအဆုံးမှာ ကိုစိုးတင့်က ကျွန်တော့်ကို အံ့အားသင့်ဟန်ဖြင့် လှမ်းကြည့်သည်။

စောစောက စကားများပြောစဉ်က ရှိခဲ့သော လက်လွတ်စပယ်ဟန်များလည်း ပျောက်သွား၏။

ကျွန်တော်က သူ့ကိုမကြည့်တော့ဘဲ သူ့ရှေ့ခန်းစားပွဲပေါ်ရှိ



BURMESE CLASSIC .com

www.burmeseclassic.com



သစ်သားပန်းပုရုပ်ကလေးကို လှမ်းကြည့်မိသည်။

ဘာအပြစ်အနာအဆာမှ မရှိသော ယမင်းရုပ်လေးမို့လား မသိ ဘယ်သောအခါကြည့်ကြည့် ဘယ်နေရာက ကြည့်ကြည့် စိတ်အေး ချမ်း၊ ကြည်နူးဘွယ် လှပနေ၏။



BURMESE CLASSIC .com

www.burmeseclassic.com

[၄]

'ဘာ . . . ဘာပြောတယ် ကိုကို၊ ကိုကိုက ကျော်ကျော့်ကို သွားတွေ့မယ် ဟုတ်လား၊ ဘာကိစ္စ သွားတွေ့ရမှာလဲ'

ကျွန်တော့်စကားအဆုံးတွင် အေးငယ်က အထိတ်တလန့် အမူအရာနှင့် ပျာပျာသလဲ ပြန်မေးသည်။

ကျွန်တော်သည် စကားပြောလိုက်လျှင် အေးငယ် သည်လိုများ ဖြစ်လေမလား . . . ကြိုတင်မျှော်လင့်ထားသည်လေး ရှိနေသည်မို့ ကျွန်တော် သူ့ကို တည်ငြိမ်စွာပင် လှမ်းကြည့်သည်။

'ဒီလိုရှိတယ် အေးငယ်၊ ခုအခြေအနေက ကျော်ကျော့်စိတ်ထဲမှာ အေးငယ်ကို သိပ်အထင်လွဲနေတယ်၊ ကိုကိုက ပညာတတ်၊ အရာရှိတစ်ယောက်ဖြစ်နေလို့ အေးငယ်က သူ့ကိုမချစ်ဘဲ ကိုကို့ကို ချစ်တာ


BURMESE CLASSIC .com

www.burmeseclassic.com



လို့ သူအရမ်း အစွဲအလမ်း ကြီးနေတယ်မို့လား၊ အဲဒါမဟုတ်ဘူးဆိုတာ သူ နားလည်အောင် ရှင်းပြမလားလို့'

အေးငယ်က ခေါင်းကို တွင်တွင်ခါသည်။

'ဘာရှင်းပြစရာလိုလဲ ကိုကို၊ သူ လူမဟုတ်ဘူးလား၊ သူ့မှာ ခေါင်းမရှိဘူးလား၊ အေးငယ်စိတ်ဓာတ် ဘယ်လိုရှိတယ်ဆိုတာ သူ သိပြီးသားပဲ၊ ဘာအခုမှ ဟိုထင်ဒီထင် ထင်နေရမှာလဲ၊ နောက်ပြီးတော့ အေးငယ်နဲ့ သူနဲ့ ဘာဆိုင်လို့လဲ၊ အေးငယ်ဟာအေးငယ် ဘာကြောင့်ဖြစ်ဖြစ် ဘယ်သူ့ကိုဖြစ်ဖြစ် ချစ်ချင်တဲ့သူ ချစ်မှာပေါ့၊ အေးငယ်က သူ့ခွင့်ပြုချက်ယူပြီးမှ ချစ်ရမှာလား'

အေးငယ်၏ ချက်ကျလက်ကျစကားကြောင့် ကျွန်တော်ပင် ဘာမှမပြောနိုင်ဘဲ သူ့ကိုပြုံးပြီး လက်ကာပြရသည်။

'နေပါဦး . . . နေပါဦး အေးငယ်ရယ်၊ သူ့ ဒေါကန်တာနဲ့ ကိုကို့ကိုပါရောပြီး စိတ်မဆိုးလိုက်ပါနဲ့ဦး၊ ကိုကို ရှင်းပြပ့ါမယ်'

'ဟင့်အင်း . . . ကိုကိုလည်း ဘာမှရှင်းမပြနဲ့၊ အေးငယ် ကိုကို့ကိုပါ ထုရိုက်ပစ်ချင်နေတာ သိရဲ့လား၊ ကိုကိုကရော ဘာဖြစ်လို့ သူ့ဘက်က စိတ်မကောင်းတွေ စက်မကောင်းတွေ ဖြစ်နေရတာလဲ၊ အေးငယ် ကိုကို့ကို ကြည့်နေတာတွေ ကြာပြီ၊ မပြောချင်လို့ သိရဲ့လား'

ပြောရင်းနှင့် အေးငယ် မျက်ရည်လေးများပါ လည်လာသည်။ ဆက်ပြောလျှင် ငိုတော့မည်ဆိုသည်ကို သိနေသည်မို့ သူ့ပခုံးလေးကို ဖွဖွဆုပ်ကိုင်လိုက်ရင်း . . .

'အေးငယ် ကိုကို့ကို အရမ်းစိတ်ဆိုးနေလား'

'ဆိုးတယ်'

'အဲဒါဆို အေးငယ် စိတ်ပြေသွားအောင် ကိုကို့ကို ထုလိုက်



BURMESE CLASSIC .com

www.burmeseclassic.com



ရိုက်လိုက်လေ၊ ကိုယ့်ကိုယ်ကိုယ် အပင်ပန်းခံပြီး စိတ်တော့ဆိုးမနေနဲ့၊ ကိုကို့စေတနာ နားလည်ပါ အေးငယ်ရယ်၊ ကိုကို ကျော်ကျော့်အတွက် ဒီစကားပြောနေတာ မဟုတ်ဘူး၊ အေးငယ်အတွက်ပါ’

ပြောခါမှ ပိုဝမ်းနည်းလာသည် ထင်သည်။ ကျွန်တော့်ရင်ခွင်တွင် မျက်နှာအပ်၍ ရှိုက်ကြီးတငင် ငိုချလိုက်သည်။

‘မသိဘူး ကိုကို၊ အေးငယ် ဒါတွေ မသိဘူး၊ အေးငယ်သိတာ ကိုကို့ကို အေးငယ် ချစ်တာပဲ၊ အဲဒီအတွက် ဘယ်သူ ဘာပြောပြော၊ ဘာလုပ်လုပ် အေးငယ် ဂရုမစိုက်ဘူး၊ ကိုကိုလည်း ဂရုမစိုက်နဲ့၊ ဘယ်သူ့မှ ဘာမှ သွားပြောစရာ လိုကို မလိုဘူး’

ကျွန်တော် သူ့ကျောပြင်လေးကို ဖွဖွသိုင်းဖက်လိုက်သည်။

‘ကဲပါ အေးငယ်ရယ် . . . အဲလောက်လည်း ဝမ်းမနည်းပါနဲ့၊ ကိုကို အေးငယ်စကားကို နားထောင်မှာပေါ့၊ ကိုကိုက အေးငယ်ကို အေးငယ် ကိုကို့ကို ချစ်တာထက်တောင် ပိုချစ်ပါသေးတယ်၊ ကိုကို ဘယ်သူနဲ့မှလည်း သွားမတွေ့ဘူး၊ အပိုအလုပ်တွေလည်း ဘာမှ မလုပ်တော့ဘူး . . . နော် အေးငယ် တိတ်တော့ . . . တိတ်တော့’

သည်တော့မှ အေးငယ် ရှိုက်သံ တဖြည်းဖြည်း တိုးညင်း ပျောက်ကွယ်သွားသည်။

နောက်ဆုံးတော့ အေးငယ်ဖြစ်စေချင်သလိုပဲ နေလိုက်သည်က ပိုကောင်းမည်ဟု ကျွန်တော် ဆုံးဖြတ်လိုက်၏။

◈

အေးငယ်ဖြစ်စေချင်သလို နေလိုက်လျှင် ပြဿနာက ဘာမှဖြစ်စရာ

www.burmeseclassic.com



မရှိ။

အေးငယ်နှင့် တွေ့စဉ်ကလည်း သည်ကိစ္စမှာ ကျွန်တော်ဘာမှ ဝင်မပတ်သက်တော့ရန် ဆုံးဖြတ်ခဲ့ပါသည်။

သို့သော် ထိုကိစ္စနောက်ပိုင်းမှာပင် ကြားနေရသောသတင်းများက မကောင်း။

ကျော်ကျော့်အခြေအနေက တစ်နေ့တခြား ပိုဆိုးလာသည်ဟု ကြားနေရသည်။ ကျော်ကျော် ဆိုးသမျှ တရားခံကလည်း အေးငယ်နှင့် ကျွန်တော်ပင် ဖြစ်သည်။ သည်ကိစ္စက တစ်မြို့လုံးနီးပါး ပြောဆိုနေကြသည့် သတင်းလည်း ဖြစ်နေပြီ။

ခုနောက်ပိုင်း ကျော်ကျော်၏ သောက်စားမူးယစ်ခြင်းက နေ့ညမရှိတော့။ တစ်ခါတလေ မြို့လယ်ဈေးလို လူလယ်ခေါင်အရပ်မျိုးမှာ မူးပြီး လဲချင်လဲနေတတ်သည်။

တစ်ရက် ကျွန်တော် မြို့ထဲ စက်ဘီးဖြင့် သွားရင်း မြို့စွန်တံတားနားမှာ မူးနေကြသည့် သူတို့အုပ်စုနှင့် သွားတိုးသည်။

သူတို့ကတော့ ကျွန်တော့်ကို သတိထားမိပုံမပေါ်။ သို့သော် အရင်ကတည်းက ကျော်ကျော်နှင့်ပတ်သက်၍ တစ်ခုခုလုပ်ပေးချင်သောစိတ်က ရှိနေသဖြင့် သူတို့အုပ်စုနားမှာ ကျွန်တော် စက်ဘီးကို ရပ်လိုက်သည်။

ကျွန်တော့်ကို တွေ့သောအခါ ကျော်ကျော်တို့အုပ်စုလည်း ရုတ်တရက်တော့ ကြောင်သွား၏။

ကျွန်တော် စက်ဘီးကို ထောင်ရပ်ခဲ့၍ သူတို့ဆီလျှောက်သွားပြီး . . .

'ကျော်ကျော် . . . ခဏကွာ၊ မောင်ရင်နဲ့ကိုယ် စကားနည်း



BURMESE CLASSIC .com

www.burmeseclassic.com



နည်း ပြောချင်တယ်'

'ကျွန်တော်နဲ့ စကားပြောချင်တယ် ဟုတ်လား စက်ရုံမှူးကြီး၊ ဟား . . . ဟား . . . ရယ်ရတယ်ကွာ၊ ဟေ့ကောင် မောင်ကိုကြီး သူက ငါ့ကို စကားပြောချင်လို့ ဆိုပါလားကွ . . . ဟား . . ဟား'

ကျော်ကျော်က မူးနေပေမယ့် ကျွန်တော့်ကိုတော့ သိနေသည်။ သူ့ဘေးက သူ့သူငယ်ချင်း မည်းမည်းဝဝတစ်ယောက်ကိုလည်း လှမ်းပြော၍ ရယ်သည်။ ပြီးမှ ကျွန်တော့်ဘက်လှည့်၍ . . .

'ဘာကိစ္စ စကားပြောချင်တာလဲ ဦးခင်မောင်လတ်၊ ခင်ဗျားနဲ့ ကျွန်တော် ဘာအကြောင်းနဲ့မှ စကားပြောစရာ မရှိဘူး'

'မဟုတ်ဘူး ကျော်ကျော် ကိုယ် မောင်ရင့်ကို ညီအစ်ကိုလို သဘောထားပြီ စကားနည်းနည်း ပြောချင်လို့ပါ'

'ဒီမှာ . . . ခင်ဗျားသွားရင် ကောင်းမယ်ဗျာ၊ ခင်ဗျား ဒီနေရာက တောင် မဟုတ်ဘူး၊ ဒီမြို့ကပါ ထွက်သွားရင် ပိုကောင်းမယ်၊ ခင်ဗျား မျက်နှာကို ကျုပ်တို့ တစ်စက်မှ ကြည့်မရဘူး'

ကျော်ကျော် ဘာမှမပြောခင် စောစောက မောင်ကိုကြီးဆို သော သူ့သူငယ်ချင်းက လူမိုက်ပုံစံဖြင့် ဝင်ပြောသည်။ အခြားတစ် ဘက်ကနောက်တစ်ယောက်ကလည်း ရှေ့ထွက်လာ၍ ကျွန်တော့် ရင် ဘတ်ကို တွန်းလိုက်ပြီး . . .

'နေပါဦး . . . ခင်ဗျား ကျုပ်တို့ဟာ ကျုပ်တို့ အေးအေးဆေး ဆေးနေတဲ့နေရာကို ဘာကိစ္စ ဝင်လာရတာလဲ'

ထိုကောင့်ပုံစံကတော့ အထူး မိုက်ရိုင်းသည်။ ကျွန်တော့်စိတ် ထဲ ထောင်းခနဲ ဒေါသဖြစ်သွားသော်လည်း ကမန်းကတန်း ထိန်းလိုက် သည်။

www.burmeseclassic.com



ကျွန်တော့်ရည်ရွယ်ချက်က သူတို့နှင့် ရန်ဖြစ်ဖို့မဟုတ်။

တတ်နိုင်သလောက် သည်ကလေး၏စိတ်ကို ဖျောင်းဖျပြောဆို တည့်မတ်ပေးပြီး ကျွန်တော်နှင့် အေးငယ်အပေါ် နားလည်မှု မလွဲရန် ရှင်းပြဖို့ဖြစ်သည်။

သို့အတွက် နောက်သို့ အနည်းငယ် ယိုင်သွားသော်လည်း ကိုယ်ကို ပြန်တည့်မတ်လိုက်ပြီး . . .

'ဒီလို ရှိတယ်ကွာ၊ ငါ့ညီတို့သူငယ်ချင်းအတွက် ငါ့ညီတို့ စိတ်မကောင်း ဖြစ်ကြရတယ်ဆိုတာ ကိုယ်နားလည်ပါတယ်၊ ခုလည်း . . . ငါ့ညီတို့ သူငယ်ချင်း ခုလိုဖြစ်နေတာကို စိတ်မချမ်းသာလို့ ကိုယ် စိတ်ကောင်းစေတနာကောင်းနဲ့ ဖျောင်းဖျပေးဖို့ပါ၊ အဲဒီတော့ ကိုယ့်ညီတို့ ခဏလေးဖယ်ပြီး ကျော်ကျော်နဲ့ စကားနည်းနည်း ပြောပါရစေ'

'ဟေ့ကောင်တွေ ခဏနေဦး'

ကျော်ကျော် သူ့သူငယ်ချင်းများကို လှမ်းဟန့်ပြီး ရှေ့တက်လာသည်။ ပြီးမှ ကျွန်တော့်ကို လက်ညှိုးထိုး၍ . . .

'ခင်ဗျား ထွက်သွားပါ ဦးခင်မောင်လတ်၊ ကြာရင် ကျွန်တော့်စိတ်လည်း ကျွန်တော် ထိန်းနိုင်မှာ မဟုတ်ဘူး၊ ခင်ဗျားကို ကျုပ်သတ်ချင်နေတာ သိရဲ့လား၊ ခင်ဗျားဆိုတဲ့ကောင်ဟာ ကျုပ် အင်မတန်ချစ်တဲ့ အေးငယ်ကိုလည်း ဖြတ်ခုတ်တယ်၊ ပြီးတော့ ကျုပ်ကိုလည်း ခုထက်ထိ ဒုက္ခပေးနေတုန်းပဲ'

'ဟေ့ကောင် ကျော်ကျော်၊ ဒီလူ့ကို မင်းဘာမှ ရှည်ရှည်ဝေးဝေး ပြောနေစရာ မလိုဘူးကွာ၊ ချစရာရှိ ချပစ်လိုက်၊ မင်းမချရဲရင် ဖယ်၊ ငါတို့ ရှင်းမယ်'

အခြေအနေက မျှော်လင့်သလို ဖြစ်မလာဘဲ ပိုဆိုးလာပြီမို့



BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော့်စိတ်ကို ကျွန်တော် ထိန်းမရတော့ဘဲ ကျော်ကျော့်ရင်ဘတ် အင်္ကျီစကို လှမ်းဆွဲသည်။

'ဒီမှာ ကျော်ကျော်၊ မင်းသိဖို့က အေးငယ်ကို မင်းလက်ထဲက ငါဖြတ်ခုတ်တာ မဟုတ်ဘူး၊ အေးငယ်က သူ့ဆုံးဖြတ်ချက်နဲ့သူ ငါ့ကို ချစ်တာ၊ ထားပါ၊ ဒါက အရေးမကြီးပါဘူး၊ အရေးကြီးတာက မင်းကိစ္စ၊ မင်းဟာ မိကောင်းဖခင်သား၊ မင်းမိဘဆိုတာတွေက ဒီမြို့ရဲ့မျက်နှာဖုံးတွေ၊ မင်းက ဘာကိစ္စ မိန်းမတစ်ယောက်အတွက်နဲ့ ဒီလောက် ဘဝ ပျက်ခံနေရလဲ၊ မင်းဘဝကို မင်း မနှမြောဘူးလား၊ ယောကျ်ားတစ်ယောက်ဟာ ယောကျ်ားစိတ်နဲ့ ဘဝကို ရင်မဆိုင်ရဲဘူးလား၊ ငါ မင်းအတွက် ပြောနေတာ ကျော်ကျော် နားလည်ရဲ့လား'

'ဟေ့လူ ခင်ဗျား ကျုပ်ကို လွှတ်'

'မလွှတ်ဘူးကွာ၊ ငါပြောချင်တာတွေ ပြောပြီးမှ မင်းကို လွှတ်မယ်၊ မင်း အခု လုပ်နေတာတွေဟာ မင်းဘဝကို မင်း ဘယ်လောက် ပျက်စီးအောင် လုပ်နေတယ်ဆိုတာ သိရဲ့လား၊ ဒီမှာ ကျော်ကျော်၊ . . . မင်းကို ငါ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်၊ မင်း အေးငယ်အတွက် ဒီလောက်ဖြစ်နေရင် ငါ နောက်ဆုတ်ပေးမယ်၊ ဒါပေမဲ့ မင်းဒီအချိုးမျိုးနဲ့ကတော့ ဘယ်လိုမှ မင်း အေးငယ်ကို ချဉ်းကပ်လို့ ရမှာမဟုတ်ဘူး'

အခြေအနေက နည်းနည်းရှုပ်ရှုပ်ထွေးထွေး ဖြစ်သွားသည်။

ကျော်ကျော်က ရုန်း၊ ကျွန်တော်က ဇွတ်ပြောနှင့် ကျွန်တော့် စကားတွေကိုလည်း ကျော်ကျော် ကြားမကြား မသိ။

ကျွန်တော်လည်း စကားကိုဆုံးအောင် မပြောလိုက်ရ။ ကျော် ကျော်ရုန်းကန်နေဆဲမှာ သူ့သူငယ်ချင်း နှစ်ယောက်ကပါ ကျွန်တော့်ကို ဝိုင်းချုပ်သည်။ ကျော်ကျော် ကျွန်တော့်လက်က လွှတ်သွား၏။



BURMESE CLASSIC .com

www.burmeseclassic.com



ကျန်နှစ်ယောက်က ကျွန်တော့်လက်နှစ်ဖက်ကို မလှုပ်နိုင်အောင် အတင်းချုပ်ထားသည်။

ထိုစဉ် ကျော်ကျော်က လမ်းဘေးပြေးဆင်း၍ သစ်သားချောင်းတစ်ချောင်း ကောက်ယူလိုက်သည်ကို ကျွန်တော် မတွေ့လိုက်။

ထိုစဉ် တတီတီမြည်၍ ဟွန်းပေးသော ကားသံတစ်ခုကြောင့် ကျွန်တော် လှည့်ကြည့်လိုက်သည်။

ကိုစိုးတင့်၏ ကားအနီလေး။

သည်မြင်ကွင်းက ကျွန်တော် နောက်ဆုံးမြင်လိုက်သော မြင်ကွင်းဖြစ်သည်။ ထိုနောက် ကျွန်တော့်ခေါင်းတွင် ပူခနဲဖြစ်သွားပြီး ကျော်ကျော် လွှဲရိုက်လိုက်သော ပြင်းထန်သော ရိုက်ချက်တစ်ခုနှင့် ထိတွေ့လိုက်သည်။

ကျွန်တော် ရှေ့သို့ ဟပ်ထိုးယိုင်ဆင်းသွား၏။

ထိုနောက် ကျွန်တော် ဘယ်လိုလဲကျသွားသည် ဆိုသည်ကိုပင် ကျွန်တော့်ဟာ ကျွန်တော် မသိတော့။



BURMESE CLASSIC .com

www.burmeseclassic.com

[၅]

'ကိုကို့ကို အေးငယ် အတန်တန် တားလျက်နဲ့ ဘာသွားလုပ်ရတာလဲ ကိုကိုရယ်၊ ခုတော့ ကြည့်ပါဦး၊ ကံကောင်းလို့ မသေတာပေါ့၊ ကိုကိုနဲ့တော့ ခက်တယ်၊ အေးငယ် သိပ်စိတ်ညစ်တာပဲ'

ကျွန်တော် သတိရလာတော့ ကိုစိုးတင့် ကားပေါ်မှာ ရောက်နေသည်။

ခေါင်းတစ်ခုလုံးလည်း နာကျင်ကိုက်ခဲနေ၏။

ကိုစိုးတင့်က မြို့ထဲရှိ အသိဆရာဝန်ဆီ ခေါ်သွားပြီး ကွဲသွားသော ကျွန်တော့် ခေါင်းကိုချုပ်ပြီး ဆေးထည့်ပေးသည်။

သူတို့က ရဲတိုင်ဖို့ ပြောသော်လည်း ကျွန်တော် အတန်တန်တားသဖြင့် သူတို့မကျေမနပ်နှင့် ငြိမ်နေလိုက်သည်။ ဆေးခန်းက



BURMESE CLASSIC .com

www.burmeseclassic.com



အပြန် ကိုစိုးတင့်က အေးငယ်သွားခေါ်ပြီး သူ့အိမ်မှာ ကျွန်တော်နှင့် တွေ့ပေးသည်။

အေးငယ် ကျွန်တော့်အနားတွင် ထိုင်၍ စိတ်ပူစွာစမ်းသပ်ရင်း ပါးစပ်ကလည်း တစ်တွတ်တွတ် အပြစ်တင်တော့သည်။

ကျွန်တော်က ပတ်တီးအပြင်ဘက်မှ စမ်းနေသည့် သူ့လက်ကလေးကို ဆွဲယူရင်း . . .

"ကိုကို ကောင်းသွားပါပြီ အေးငယ်၊ ဘာမှစိတ်မပူပါနဲ့ နောက်ထပ်လည်း ဘာမှဖြစ်စရာ မရှိတော့ပါဘူး'

'နေပါဦး ကိုလတ်၊ ခင်ဗျားက ဘာသွားလုပ်တာလဲ၊ ကျွန်တော် ခင်ဗျားကို အံ့သြတယ်၊ ဒီလောက် ခင်ဗျားကို ရန်လိုနေတဲ့ကြားကို ခင်ဗျားမို့ သွားရဲတယ်၊ ခုလည်း ကျွန်တော်လှမ်းမြင်ပြီး ဝင်ဆွဲလို့နော်၊ နို့မို့ ခင်ဗျား သေသွားမှာ၊ ခင်ဗျား လဲသွားတာတောင် ဟိုကောင်က ထပ်ရိုက်ဖို့ လုပ်နေသေးတယ် သိရဲ့လား'

ကျွန်တော် သက်ပြင်းချသည်။

'ကျွန်တော်က စေတနာနဲ့ပါ ကိုစိုးတင့်၊ သူတို့ဖြစ်လာတဲ့ပုံစံတွေကြည့်ပြီး ကျွန်တော် အရမ်းစိတ်မကောင်းဖြစ်သွားတယ်၊ ဒါကြောင့် ဒီလောက် မဖြစ်သင့်တဲ့အကြောင်း နားလည်အောင်ပြောပြဖို့ ကြိုးစားတာပါ'

'အင်းပေါ့ . . . အဲလိုကြိုးစားတော့ ခု ကိုကိုပဲ ခေါင်းကွဲခဲ့တာပဲ မဟုတ်လား၊ အဲဒါကို ကိုကိုက ဘာဖြစ်လို့ ရဲမတိုင်ဘူး လုပ်နေရတာလဲ၊ လာ အခုလိုက်ခဲ့ကိုကို၊ ရဲစခန်း သွားမယ်၊ အေးငယ်ကိုယ်တိုင် အမှုဖွင့်ပစ်မယ်'

ကျွန်တော်က အေးငယ်ကို တားရသည်။



BURMESE CLASSIC .com

www.burmeseclassic.com



'မလုပ်ပါနဲ့ အေးငယ်ရယ်၊ ဘူးလေးရာ ဖရုံမဆင့်ပါနဲ့တော့၊ ခုကိစ္စကလည်း အေးငယ်အပြစ်တင်သလိုပဲ၊ ကိုကိုက သက်သက်မဲ့ ကိုယ့်ဒုက္ခကိုယ်ရှာပြီး သူတို့ဆီ သွားတာကိုး၊ ရှိပါစေတော့'

အေးငယ်က ကျွန်တော့်ကို စူးစူးစိုက်စိုက်လေးကြည့်သည်။ ကြည့်ရင်းနှင့် မျက်ရည်လေးများ ဝိုင်းလာပြီး . . .

'ကိုကို အရမ်းနာသွားမှာပဲနော်၊ ခုရော တကယ်သက်သာရဲ့လား ကိုကိုရယ်'

ကျွန်တော် ခေါင်းညိတ်၍ . . .

'တကယ့်ကို သက်သာသွားပါပြီ အေးငယ်၊ ကိုကို မညာပါဘူး'

'ကိုကို ဒီဒဏ်ရာကြီးနဲ့ စက်ရုံမှာ တစ်ယောက်တည်း နေလို့ဖြစ်ပါ့မလား၊ ကိုကို့မှာ ပြုစုမယ့်သူ ဘယ်သူမှရှိတာ မဟုတ်ဘူး၊ ဒဏ်ရာမပျောက်မချင်း ဒီအိမ်မှာဖြစ်ဖြစ်၊ အေးငယ်တို့အိမ်မှာဖြစ်ဖြစ် လာနေပါလား ကိုကို၊ ကိုကို့အနားမှာနေပြီး အေးငယ် ပြုစုချင်ပါတယ်'

သည်တစ်ခါ မျက်ရည်ဝိုင်းသွားသူက ကျွန်တော်။

ကျွန်တော်က ခေါင်းခါပြရင်း . . .

'ဒုက္ခပိုပါတယ် အေးငယ်ရယ်၊ ကိုကိုလည်း ဘာမှဖြစ်တော့တာမှ မဟုတ်ဘဲ၊ မနက်ဖြန်ဆို အလုပ်ဆင်းရဦးမှာပဲဟာ၊ အေးငယ်လည်း စက်ရုံမှာ ရှိနေမှာဆိုတော့ ကိုယ့်အခြေအနေ အေးငယ်မြင်နေရမှာပေါ့'

'ဒါဖြင့် ကိုကိုအခုပြန်ရင် အေးငယ်လိုက်ခဲ့မယ်၊ ဒီနေ့ တစ်နေ့လုံးတော့ ကိုကို့နားမှာ အေးငယ်နေမှဖြစ်မှာ၊ ညကျမှ ကိုစိုးတင့်ကြီးကို ပြန်လာခေါ် ခိုင်းမယ်၊ ကိုစိုးတင့်ကြီး လာခေါ် ပေးမလား'

'ခေါ်ပေးမယ် အေးငယ်၊ လိုက်သွားလိုက်ပါ၊ ဟိုကျမှ နင့်ကိုကို



BURMESE CLASSIC .com

www.burmeseclassic.com



ကို နောက်တစ်ခါ ရှုပ်ရှုပ်ယှက်ယှက် ထပ်မလုပ်ဖို့ သေချာဆုံးမထား'

'အဲဒါတော့ စိတ်ချပါ . . . ကိုစိုးတင့်ရာ၊ နောက်တစ်ခါ ဒါမျိုး ထပ်ဖြစ်ဖို့ကတော့ လုံးဝမစဉ်းစားပါနဲ့တော့၊ ကျွန်တော့်ဘက်က စေတနာထားနိုင်သလောက် ထားခဲ့ပြီးပါပြီ၊ တာဝန်လည်း ကျေခဲ့ပါ၊ ကျန်တဲ့ကိစ္စ ကျွန်တော်နဲ့ မဆိုင်တော့ပါဘူး'

ကိုစိုးတင့်က ရယ်သည်။

အေးငယ်ကတော့ မျက်စောင်းတစ်ခါထိုးပြန်၍ . . .

'ပြီးမှ ကိုကိုရေ၊ နို့မို့ဆိုရင်တော့ နောက်တစ်ခါဆို အေးငယ် ကိုကို့နောက်လိုက်ပြီး သေရဖို့ပဲရှိတော့တယ်'

ဟု ပြောသည်။

ထိုနေ့က ကိုစိုးတင့်အိမ်မှအပြန် စက်ရုံသို့ အေးငယ် လိုက်ခဲ့သည်။ ကိုစိုးတင့်က ကျွန်တော်တို့ကို လိုက်ပို့ပေးသည်။

သူတို့ ပူပန်ရပုံနှင့် သူတို့အလုပ်များရပုံတို့ကို မြင်ရမှပဲ တလွဲဆံပင် သွားကောင်းမိသော ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မဆုံး ဖြစ်နေမိ၏။

◈

'ကိုကို . . . ကော်ဖီ'

ကလေးလေးလို ဖြစ်သည့်အခါ ဖြစ်တတ်သော်လည်း ခုကျတော့ တကယ့် မိခင်တစ်ယောက်၊ အစ်မတစ်ယောက်သဖွယ် ကျွန်တော့်ကို ကလေးလေးနေရာ ပြန်ထားလျက် လူကြီးဆန်ဆန် ပြုစုနေသော အေးငယ်ကိုကြည့်၍ ကျွန်တော် များစွာ ကျေနပ်နေမိ



BURMESE CLASSIC .com

www.burmeseclassic.com



သည်။

ကားပေါ်က ဆင်းလာကတည်းက ကျွန်တော့်ဂေဟာ ရောက်သည်အထိ သူက ယုယုယယ တွဲခေါ်ခဲ့သည်။ အိမ်ထဲရောက်တော့လည်း ကျွန်တော့်ကို ဧည့်ခန်းမှာ ခဏထိုင်ခိုင်းပြီး ဖရိုဖရဲဖြစ်နေသော အိပ်ရာကို သေသေသပ်သပ်ပြန်ခင်းသည်။

ထိုနောက် အိပ်ရာပေါ်ရွှေ့သည်။

ကျွန်တော့်ကို အိပ်ရာပေါ်တွင် နေသားကျအောင် သေချာထားသိုပြီးမှ ခဏလှဲနေဦးဟုဆိုပြီး အိမ်ထဲမှာ ရှုပ်ပွနေသည်များကို အစအဆုံး ရှင်းလင်းပေးသည်။

ပြီးမှ ကော်ဖီတစ်ခွက် သူ့ဘာသာသူ ရှာဖွေ၍ ဖျော်လာပြီး ကျွန်တော့်ကို လှမ်းပေးသည်။

ကျွန်တော်က ပြုံး၍ . . .

'အေးငယ် ကိုကို့ကို တိုက်ပေးပါလား'

'ဟင် . . . ဘာဖြစ်လို့လဲ ကိုကို၊ ကိုကို့လက် မြှောက်လို့ မရတော့ဘူးလား'

'ဟာ . . . မဟုတ်ပါဘူး အေးငယ်ရ၊ အေးငယ် အခုလို ပြုစုနေတာလေး ခံရတာ အရသာ ရှိလွန်းလို့ ဆက်ဇိမ်ခံလိုက်ဦးမလို့'

'ဟင်းနော် . . လူမမာ၊ အပိုတွေ လာခွဲ့မနေနဲ့၊ ဒီက သူနေမကောင်းလို့ ပြုစုနေတာ သိရဲ့လား၊ နို့မို့သာဆို သူများ ပြောစကားနားမထောင်လို့ စိတ်တောင်ကောက်ပြီးနေပြီ'

'လုပ်ပါ အေးငယ်ရယ်၊ ကိုကိုလေ နောက်ကို ဘယ်တော့မှ အဲလိုမလုပ်တော့ဘူးနော်၊ ခုတော့ အေးငယ်တိုက်တဲ့ ကော်ဖီလေး သောက်ချင်လို့ ကိုကို့နားထိုင်ပြီး တိုက်ပေးစမ်းပါ'

www.burmeseclassic.com



'ဟင်း . . . အဲဒီကိုကိုဟာ သိပ်မုန်းဖို့ကောင်းတယ်၊ ကဲ . . . သောက်တော်မူပါရှင့်'

အပြုံးနှင့်ပြောရင်း ကျွန်တော့်ဘေး ဝင်ထိုင်ပြီး ကျွန်တော့် ပါးစပ်ထဲအရောက် ကော်ဖီပန်းကန်ကို စောင်းငဲ့တိုက်ပေးသည်။

ကျွန်တော်က မျက်လုံးမှေး၍ ဇိမ်နှင့် သောက်လိုက်ပြီး . . .

'ကောင်းလိုက်တာ အေးငယ်ရာ၊ ကိုကို့ဘဝမှာ ဒီလောက် ကောင်းတဲ့ကော်ဖီ ဒီတစ်ခါပဲ သောက်ဖူးသေးတယ်'

'ဟင်းနော် . . . မကဲနဲ့ဆို'

ပြောလည်းပြော ရယ်လည်းရယ်သည်။ ကျွန်တော်လည်း သဘောကျစွာ ရယ်မိ၏။

ကျွန်တော့်ရင်ထဲမှာ အနှောင့်အယှက်တစ်ခုလို ဖြစ်နေသော ကိစ္စများက ခုခါ ရှင်းလင်းသွားပြီမို့ စိတ်ထဲမှာ လွတ်လွတ်လပ်လပ်နှင့် ပျော်နေမိသည်။

ခေါင်းတစ်လုံး ရင်းလိုက်ရသော်လည်း ထိုက်တန်သောစိတ် သန့်ရှင်းမှုတစ်ခု ရလိုက်သဖြင့် ခေါင်းရင်းရကျိုးတော့ နပ်ပါသည် ဟုလည်း တွေးလိုက်မိ၏။



BURMESE CLASSIC .com

[၆]

ကျွန်တော့်ကို ရိုက်ပြီးသည်နေ့မှစ၍ ကျော်ကျော်တစ်ယောက်လည်း မြို့မှ ပျောက်သွားသည်။

နောက်မှ ကျွန်တော်နှင့် ခုလိုဖြစ်ခဲ့သည်ကို ကျွန်တော်က ရဲတိုင်ဘာတိုင်လုပ်လျှင် အဖမ်းခံရမှာ စိုးသောကြောင့် သူ့မိဘများက သူတို့ ဆွေမျိုးများရှိရာ ရန်ကုန်သို့ ပို့ထားကြောင်း တစ်ဆင့်စကားဖြင့် သိရသည်။

ဟုတ်မဟုတ် မသေချာသော်လည်း ကျွန်တော်ကတော့ ဝမ်းသာသွားသည်။

ဘယ်လိုပဲဖြစ်ဖြစ် တစ်နယ်တစ်ကျေးရောက်သွားလျှင် သူ့စိတ်များလည်း တစ်မျိုး ပြောင်းသွားနိုင်သည်။ သူနှင့်ပတ်သက်သော



BURMESE CLASSIC .com

www.burmeseclassic.com



ကိစ္စမှန်သမျှလည်း မမြင်နိုင်ရာ၊ မကြားနိုင်ရာရောက်သွားပြီမို့ ကျွန်တော့်ဘက်မှာလည်း စိတ်ပိုရှင်းရသည်။

ဤသို့ဖြင့် အေးငယ်နှင့်ကျွန်တော်တို့ နှစ်ယောက်အကြားမှာ ငြိမ်းချမ်းသော ကာလလေးအတော်များများ ပြန်လည်ရရှိခဲ့သည်။

တော်ရုံတန်ရုံ ပြဿနာကို ပြဿနာဟု မထင်မှတ်ကြသည့် ကျွန်တော်တို့နှစ်ယောက်အတွက် စိတ်ချမ်းသာခြင်းလေးများဖြင့်သာ ထိုကာလများတွင် ပြည့်စုံနေခဲ့ကြသည်။

ပစ္စုပ္ပန် ငြိမ်းချမ်းခြင်း ကာလလေးများကို အခြေပြု၍လည်း အနာဂတ်စိတ်ကူးဘဝလေးများကို စိတ်တူကိုယ်တူ ထူထောင်ကြည့်ကြသည်။

'အေးငယ် . . .'

'ရှင် . . . ကိုကို'

'ကိုကိုတို့ ဘယ်တော့ လက်ထပ်ကြမလဲ'

'ကိုကိုက လက်ထပ်ချင်နေပြီလား'

'အင့်ပေါ့ အေးငယ်ရယ်၊ ကိုယ့်ချစ်သူနဲ့ကိုယ် တစ်သက်လုံး အတူတူနေသွားရမယ့် ဘဝကို ကိုကို ဘယ်မလိုချင်ပဲ ရှိပ့ါမလဲ၊ အချိန်ရှိသ၍ တမ်းတနေမိတာပေါ့'

'အဲဒီတော့ ကိုကို့စိတ်ကူးက . . .'

'ကိုကို့စိတ်ကူးက အစောဆုံး အေးငယ်စာမေးပွဲပြီးတဲ့အထိတော့ စောင့်ချင်တယ်၊ အဲဒီအချိန်ကနေစပြီး ဘယ်အချိန်ဖြစ်ဖြစ် ကိုကို့ဘက်က သိပ်ပြည့်ပြည့်စုံစုံကြီး မဟုတ်တောင် အသင့်အတင့်လောက်ရှိတဲ့ ငွေကြေးပမာဏ တစ်ခုခု စုဆောင်းရတာနဲ့ ကိုကို အေးငယ်ကို လက်ထပ်မှာပဲ'



BURMESE CLASSIC .com

www.burmeseclassic.com



'အသင့်အတင့်လောက်ရှိတဲ့ ငွေကြေးပမာဏဆိုတာ ဘာကို ပြောတာလဲ ကိုကို'

ကျွန်တော် သက်ပြင်းချသည်။

'ကိုကို အမှန်အတိုင်းပြောရင် အေးငယ်ကြွားတယ်လို့များ ထင်မလားမသိဘူး၊ ကိုကို့လက်ထဲမှာ ခုထိ စုပြီးဆောင်းပြီးသား ငွေကြေး တစ်ပြားတစ်ချပ်မှ မရှိသေးဘူး အေးငယ်၊ ရတဲ့လစာလေးနဲ့ မနည်းလောက်အောင် သုံးနေရတဲ့ အခြေအနေပဲ ရှိသေးတယ်'

ထိုစကားကြောင့် အေးငယ်က ရယ်၍ . . .

'အင်း . . . ဒါဖြင့် ကိုကိုက ဇောတိက အနာထပိဏ် လက်သစ်ပေ့ါ၊ အဲဒီတော့ ဘာဖြစ်လဲ ပြောပါဦး'

'ပိုက်ဆံတစ်ပြားမှ စုပြီးသား၊ ဆောင်းပြီးသား မရှိတဲ့လူက ကိုယ့်ချစ်သူ မိန်းကလေးကို လက်ထပ်ချင်ပါတယ်လို့ ပြောရတာ လောက် လိပ်ပြာငယ်ရတဲ့အဖြစ်မျိုး တခြားဘယ်ရှိမှာလဲ အေးငယ် ရယ်၊ အဲဒါကြောင့် ကိုကို ပိုက်ဆံနည်းနည်းစုချင်တယ်၊ အများကြီး မဟုတ်တောင် အသင့်အတင့်လေးတော့ ဖြစ်သွားအောင်ပေါ့'

'အဲဒီ အသင့်အတင့်ဆိုတာ အရေအတွက်နဲ့ ပြောရင် ဘယ်လောက်လဲ ကိုကို'

'အနည်းဆုံး ငါးထောင်ခြောက်ထောင်၊ တစ်သောင်းလောက်တော့ ရှိချင်တာပေ့ါ အေးငယ်ရယ်'

အေးငယ်က ပြုံးစေ့စေ့နှင့်ကြည့်၍ . . .

'ကိုကို့လခက တစ်လ တစ်လ ဘယ်လောက်ပိုလဲ'

ကျွန်တော်သည် မေးခွန်းကို ဖြေရမှာ အတော်ခက်သည်။ ထိုစဉ်က ကျွန်တော်ရသည့် လခက ၄၅၀ စကေး၊ ကျွန်တော့်မှာ ခုမှ



BURMESE CLASSIC .com

www.burmeseclassic.com



နှစ်တိုး ၂၅ ကျပ် တိုး၍ ၄၇၅ ကျပ်သာ ရသေးသည်။

အစကတည်းက ဘာမှ သိပ်ပြည့်ပြည့်စုံစုံမရှိသော ကျွန်တော့်မှာ အဝတ်အစားလေး၊ သွားတိုက်ဆေး၊ ဆပ်ပြာ၊ သွားပွတ်တံ အစရှိသော အိမ်သုံးပစ္စည်း လိုအပ်တာ ဝယ်ရတာနှင့် စားတာသောက်တာနှင့် ဘာမှသိပ်မကျန်လှ။ ကဲလေ . . . မထူးပါဘူး . . . အမှန်အတိုင်းပြောရလျှင် တစ်လတစ်လ လောက်အောင်တောင် မနည်းလုပ်နေရသည့် အခြေအနေရှိသည်။

ကျွန်တော် သူ့မေးခွန်းအသွားအလာကို ကြည့်၍ ဖြေရခက်သော လေသံဖြင့် . . .

'လစာထဲကတော့ ပိုစရာမရှိပါဘူး အေးငယ်၊ ဒါပေမဲ့ စုတတ်ဆောင်းတတ်ရင် ရနိုင်တဲ့ အခြေအနေလေး တစ်ခုတော့ ရှိပါတယ်'

'အင်း . . . ပြောပါဦး၊ အဲဒါက ဘာလဲကိုကို'

'ကိုကိုတို့ ဝန်ကြီးဌာနက ကိုကိုတို့လို စက်ရုံမှူးတွေအတွက် မော်တော်ယာဉ် ငှားရမ်းစီးခဆိုပြီး တစ်လနှစ်ထောင် ခွင့်ပြုထားတာရှိတယ် အေးငယ်၊ စက်ရုံမှူးအတွက် ကားတစ်စီး သီးသန့်မပေးနိုင်တော့ လုပ်ငန်းလိုအပ်ချက်အရ ကားကို စင်းလုံးငှား လဖြတ်နဲ့ငှားသုံးချင်လည်း သုံးလို့ရအောင် ဒီခွင့်ပြုချက် ပေးထားတာပဲ တရားဝင်ခွင့်ပြုချက်ပါ'

'အဲဒါဆို . . . ဘာဖြစ်လို့ ကိုကို စိတ်အပင်ပန်းခံပြီး ဒီငွေစကားတွေ ပြောနေရတာလဲ ကိုကို၊ ကိုကို့ကို ချစ်တာ အားကိုးတာ၊ ဒီငွေလေးတွေ ရမယ်ထင်ပြီး ချစ်တာမျှော်လင့်တာ၊ အားကိုးတာလို့ ကိုကို ထင်နေလို့လား'

'ဒါပေမဲ့ ကိုယ့်မှာ တာဝန်ရှိတာပေါ့ အေးငယ်ရယ်'



BURMESE CLASSIC .com

www.burmeseclassic.com



အေးငယ်က ခေါင်းခါပြီး ရယ်သည်။

'တာဝန်တွေ မှားပြီး မထမ်းဆောင်ချင်ပါနဲ့ ကိုကိုရယ်၊ အေးငယ် ကိုကို့ကို အားကိုးတာ၊ ကိုကို့ယောကျ်ားပီသတဲ့ စိတ်ဓာတ်နဲ့ စိတ်ရင်းကောင်းတဲ့သဘောမနောတွေပါ။ ပြီးတော့ အေးငယ်မျှော်လင့်တာ ကိုကို တစ်သက်လုံး အေးငယ်ကို သစ္စာရှိရှိ ချစ်ခင်ပေါင်းသင်းသွားဖို့ပါ၊ အေးငယ်လိုချင်တာ ကိုကို့အကြင်နာနဲ့ အယုအယပါ၊ လုပ်ငန်းအနေနဲ့ ပြောရင်လည်း ကိုကိုဟာ လူရိုသေ ရှင်ရိုသေ၊ ပညာတတ်၊ အလုပ်နဲ့အကိုင်နဲ့ တည်တည်တံ့တံ့ရှိတဲ့သူပါ၊ အဲဒါတွေ ပြည့်စုံနေတဲ့ ကိုကို့မှာ ပိုက်ဆံတစ်ပြားမှ ရှိစရာ မလိုပါဘူး၊ ပိုက်ဆံမရှိလည်း ကိုကို့ကို အေးငယ် အားကိုးလို့ ရပါတယ်၊ ပိုက်ဆံတွေတော့ တောင်လိုပုံနေပြီး စောစောက အေးငယ်ပြောတဲ့ အရည်အချင်းမျိုးမရှိတဲ့ ယောကျ်ားမျိုး ကိုကိုဖြစ်နေရင်လည်း အေးငယ် ခုအခြေအနေထိ ကိုကို့အပေါ်မှာ တွယ်တာ လေးစား အားကိုးလာစရာအကြောင်း မရှိပါဘူး၊ ကိုကို့မှာ အတတ်ပညာရှိတယ်၊ ဘဝကို ရင်ဆိုင်ရဲတဲ့သတ္တိရှိတယ်၊ ဒီလို ယောကျ်ားမျိုးနဲ့ အေးငယ်ဘဝကို အတူတူရင်ဆိုင်ရမှာ မကြောက်ပါဘူး'

တစ်ခါမှ သည်လောက် ရှည်လျားလေးနက်သော စကားမျိုး မပြောဖူးသည့် အေးငယ်ကိုကြည့်၍ ကျွန်တော် အံ့ဩသွားသည်။

အေးငယ်သည် ကျွန်တော်ထင်တာထက်ပင် ဆင်ခြင်တွေးခေါ် မြော်မြင်တတ်သော အရည်အချင်းတွေ ပြည့်စုံနေပါလား။

ကျွန်တော် သူ့ကို မြတ်မြတ်နိုးနိုး ယုယုယယ ထွေးပိုက်လိုက်မိသည်။

'ကြားရတာ စိတ်ချမ်းသာလိုက်တာ အေးငယ်ရယ်၊ ကိုကို့ရင်



BURMESE CLASSIC .com

www.burmeseclassic.com



ထဲမှာ ကြည်နူးလိုက်တာ၊ ဘာဖြစ်လို့ ဒီလောက်တောင် လိမ္မာပြီး ချစ်စရာကောင်းနေရတာလဲ’

အေးငယ်က ကျွန်တော့်ရင်ကို ပါးဖြင့် အပ်ထားသည်။

‘အေးငယ်လိမ္မာတာ မဟုတ်ပါဘူး ကိုကို၊ အေးငယ် ကြောက်တာပါ။ အေးငယ်လေ ဘဝမှာ အချစ်ရွေးမှားမှာ အိမ်ထောင်ဘက်အရွေးမှားမှာ သိပ်ကြောက်တယ်၊ ဘဝမှာ တခြားဘာတွေပဲ ပြည့်စုံပြည့်စုံ ဘယ်လောက်ပဲ တော်တော် အချစ်ရွေး အိမ်ထောင်ဖက်ရွေးမှားလို့ တစ်သက်လုံး မျက်ရည်နဲ့မျက်ခွက် ဖြစ်နေရတဲ့ မိန်းကလေးတွေ၊ မျက်နှာငယ်နေရတဲ့ မိန်းကလေးတွေ အများကြီး အေးငယ်တွေ့ဖူးတယ်၊ မေမေတို့ကလည်း အဲဒီမိန်းကလေးတွေကို ပြပြီး အေးငယ်ကို အမြဲဆုံးမတယ်၊ ဒါကြောင့် အေးငယ်ရွေးမယ့်အချစ်နဲ့ အိမ်ထောင်ဖက်ဟာ ဘယ်လိုမျိုး ဖြစ်ရမယ်ဆိုတာ ငယ်ငယ်လေးထဲက အေးငယ်နားလည်ခဲ့ပါတယ်’

‘ကိုကို့ကျတော့ရော . . .’

‘အေးငယ် ကိုကို့ကို အရမ်းအထင်ကြီး လေးစားပြီး ချစ်ပါတယ်၊ တစ်ခုပဲရှိတယ် ကိုကို၊ အေးငယ် ကိုကို့ကို ယုံချင်တယ်၊ အေးငယ်အပေါ် ဘယ်တော့မှ မဖောက်လွဲတဲ့ အချစ်မျိုးနဲ့ သစ္စာရှိရှိချစ်သွားမယ့်ကိုကိုလို့ ကိုကို့ကို ယုံချင်တယ်၊ အဲဒါကတော့ ဘယ်လိုမှ ကြိုတင်တွက်ဆပြီး တိတိကျကျ မှန်းဆလို့ မရနိုင်တဲ့ ကိစ္စမို့ အေးငယ်ကိုယ့်ကို ယုံပါရစေလို့ပဲ တောင်းပန်ပါတယ် ကိုကိုရယ်၊ အေးငယ်ရဲ့ တစ်ဘဝမှာ တစ်ယောက်တည်း ချစ်မယ်လို့လည်း ဆုံးဖြတ်ခဲ့ပါတယ်၊ ကိုကို့ကို ရွေးပြီး ချစ်မိတဲ့အတွက် အေးငယ် စိတ်မဆင်းရဲပါရစေနဲ့ ကိုကိုရယ်၊ အဲဒါလေးတစ်ခုပဲ အေးငယ်အပေါ်မှာ တာဝန်ကျေပါ၊



BURMESE CLASSIC .com

www.burmeseclassic.com



ကျန်တဲ့ကိစ္စတွေကတော့ ဆင်းရဲအတူ ချမ်းသာအတူ အေးငယ် အေးအတူ ပူအမျှ နေနိုင်ပါတယ်'

'အေးငယ်ရယ် . . . ကိုကိုသိပ်ချစ်ရတဲ့ အေးငယ်လေးရယ်၊ ကိုကို့ကို ယုံပါကွာ၊ ကိုကို ကတိပေးတယ် အေးငယ်အပေါ် ကိုကိုတစ်သက်လုံး သစ္စာရှိရှိ ချစ်သွားပါ့မယ်၊ ဟိုလေ . . . အေးငယ်ကြောက်တယ်ဆိုတဲ့ 'လူကျတ်ကြီး' မျိုး မဖြစ်စေရပါဘူး၊ စိတ်ချ'

အေးငယ်က သူ့ 'လူကျတ်ကြီး' ကိစ္စ ထည့်ပြောသဖြင့် မျက်စောင်းနှင့်အတူ ပြုံးသည်။

'အင်းပါ၊ အေးငယ် လိုချင်တာလဲ ဒါပါပဲ၊ ခုတော့ ယုံအောင်တွေပြော၊ လွမ်းအောင်တွေခွဲပြီး နောက်ကျမှ လူကျတ်ကြီးလုပ်သွားရင်တော့ ကိုကိုမလွယ်ဘူး၊ ကိုကို့ကတိကို ကိုကိုတည်အောင် ထိန်းရမယ်၊ ဒါပဲ'

'ဟုတ်ပါပြီ ခင်ဗျာ၊ အမိန့်တော် နာခံလျက်ပါပဲ'

ဘဝလေးက များစွာ စိတ်ချမ်းသာစရာ ကောင်းလှသည်။

ဘယ်လို ထင်မိမည်နည်း။

ဘယ်လိုတွေးမိမည်နည်း။

သည်ကတိကို ပေးပြီးမှ ဘဝမှ မရှုသာ မရှိုက်သာ ပြဿနာကြီးတစ်ခုနှင့် ဝင်တိုးပြီး ရှေ့တိုးရခက်၊ နောက်ဆုတ်ရခက်အဖြစ်မျိုးနှင့် ကြုံရမည်ဟု ဘယ်လို မျှော်လင့်ထားမိပါမည်နည်း။

လုံးဝ တွေးထင် မျှော်လင့်မထားသော ကိစ္စတစ်ခုသာ ဖြစ်၏။

◈



BURMESE CLASSIC .com

www.burmeseclassic.com



'ဟင် . . .'

ဘယ်လိုမှ မမျှော်လင့်ဘဲ တွေ့လိုက်ရသော ဧည့်သည်တစ်ယောက်ကြောင့် ကျွန်တော် များစွာ ထိတ်လန့်၍ သွားသည်။

ကျွန်တော်ဘ၀အတွင်းသို့ ဤမျှ စိတ်ဒုက္ခ ရောက်စရာ ပြဿနာကြီးတစ်ခုကို သယ်ဆောင်၍ မဖိတ်ခေါ်ဘဲ ရောက်လာသော ဧည့်သည်ဆိုးမှာ တခြားသူမဟုတ်။

ခင်ကြီး . . .

ခင်ကြီးတစ်ယောက်သာ ဖြစ်ပါ၏။



BURMESE CLASSIC .com

www.burmeseclassic.com

[၇]

‘ခင်ကြီး’

ကျွန်တော် နှုတ်မှ အံ့သြခြင်းကြီးစွာဖြင့်ပင် သူ့အမည်ကို ရေရွတ်လိုက်မိသည်။

ခင်ကြီးမျက်နှာပေါ်မှာ မဲ့ပြုံးတစ်ပြုံး ပေါ်လာ၏။

‘ဟုတ်တယ် ခင်မောင်လတ်၊ ခု နင့်ရှေ့မှာ ရောက်နေတာဟာ ခင်ခင်ကြီးမှ ခင်ခင်ကြီး အစစ်ပါ။ ဘာလဲ . . . အံ့သြနေလား၊ တစ်ချိန်ချိန်မှာ ဒီလိုဖြစ်လာရလိမ့်မယ်လို့လည်း နင် လုံးဝထင်မထားဘူး မဟုတ်လား’

သူပြောသည့် စကားကိုတော့ သေချာ နားမလည်လိုက်။ သို့သော် စက်ရုံမှူး၏ ဧည့်သည်တစ်ယောက်အနေနှင့် ဂိတ်ဝမှရပ်စောင့်

www.burmeseclassic.com



စရာမလိုဘဲ ရုံးခန်းထဲအထိ တိုက်ရိုက်ဝင်ခွင့်ရလာသော ဧည့်သည်ကို ကြုံတွေ့ရရတော့ လက်ခံတွေ့ဆုံဖို့ လိုအပ်သဖြင့် ကျွန်တော်က စားပွဲရှေ့ ကုလားထိုင်ကို လက်ညွှန်ပြသည်။

‘ဟုတ်ပါတယ် မခင်ကြီး၊ မမျှော်လင့်ဘဲ မခင်ကြီးကို တွေ့လိုက်ရတော့ ကျွန်တော် အတော် အံ့သြသွားပါတယ်၊ ထိုင်ပါ၊ ဒေါ်ခင်ခင်ကြီး အကြောင်းထူးကိစ္စများရှိလို့လား’

‘အကြောင်းကိစ္စ . . . ဟုတ်လား ဦးခင်မောင်လတ်၊ အိပ်ချင်ယောင်ဆောင်တဲ့လူဆိုတာကတော့ အနှိုးရခက်မယ်လို့ အစကတည်းက ထင်ပြီးသားပါ၊ ဟုတ်ကဲ့ရှင်၊ ကျွန်မမှာ အင်မတန်အကြောင်းထူးတဲ့ကိစ္စ ရှိနေလို့ ဦးခင်မောင်လတ်ဆီ လာတွေ့ရတာပါ’

‘ဟုတ်ကဲ့ပြောပါ မခင်ကြီး၊ ကျွန်တော် ဘာအကူအညီပေးရပါ့မလဲ’

‘ဒီမှာ ခင်မောင်လတ်၊ ငါ နင်နဲ့ လာတွေ့ရတာ ခုလို ဟန်တွေပန်တွေနဲ့ ဆက်ဆံပြီး ဇာတ်ကသလို သရုပ်ဆောင်နေဖို့ လာခဲ့တာမဟုတ်ဘူး၊ အဲဒီတော့ ကိစ္စကို တည့်တည့်ပဲ ပြောမယ်၊ နင် အရမ်းမိုက်ရိုင်းပါလား၊ ပြီးတော့ ယုတ်မာပါလား၊ ဘာဖြစ်လို့လဲ ယောကျ်ားမဆန်တဲ့အလုပ်တွေ နင် လုပ်ချင်ရတာလဲ’

‘ဗျာ . . .’

ကျွန်တော် အလွန်အမင်း အံ့သြသွားသည်။ ထို့ကြောင့် ပျာပျာသလဲပင် ဆက်၍ . . .

‘နေပါဦး မခင်ကြီး၊ ခင်ဗျား ကျွန်တော့်ကို ဘာတွေလာပြောနေသလဲ၊ ခု ခင်ဗျားပြောနေတဲ့ကိစ္စက ဘာကိစ္စလဲ’

‘ဘာကိစ္စရမှာလဲ ခင်မောင်လတ်၊ နင်သိရဲ့သားနဲ့ မသိချင်



BURMESE CLASSIC .com

www.burmeseclassic.com



ယောင်ဆောင်မနေနဲ့၊ ငါလာတာ ကျော်ကျော့်ကိစ္စ'

'ကျော်ကျော်ကိစ္စ ဟုတ်လား'

'နင် သိပ်ပလီပလာများပါလား ခင်မောင်လတ်၊ ကိုယ် ဘာလုပ်ထားလဲဆိုတာတောင် ကိုယ်မသိတော့ဘူးလား၊ ဟုတ်တယ်၊ ကျော်ကျော့်ကိစ္စ နင် ငါ့ကို စီမံကိန်းချပြီး လက်စားချေဖို့လုပ်ထားတဲ့ ကျော်ကျော့်ကိစ္စ'

ကျွန်တော် ပါးစပ်အဟောင်းသားနှင့် မျက်မှောင်ကြုတ် မျက်လုံးများမှေးပြီး ကမန်းကတန်း စဉ်းစားသည်။ ကျော်ကျော်နှင့် ခင်ကြီး ဘယ်လို ဆက်စပ်နေလို့ပါလိမ့်။

'ခဏလေး မခင်ကြီး၊ ကျွန်တော် ပလီပလာ မဟုတ်ပါဘူး၊ အကျိုးအကြောင်း သိချင်လို့ပါ၊ ကျော်ကျော်နဲ့ မခင်ကြီးက ဘယ်လို ပတ်သက်နေလဲ'

ကျွန်တော် သည်မေးခွန်းမေးခြင်းကို ခင်ကြီး လုံးဝကြိုက်ပုံမရ။ သူ့စိတ်ထဲမှာ ကျွန်တော် သည်ကိစ္စကို သိပြီးသားဟု ထင်နေပုံရသည်။ အံကြိတ်၍ တောက်တစ်ချက် ခပ်ပြင်းပြင်းခေါက်သည်။

'တောက် . . . နင် ငါ့ကို လိမ်ညာပြီး မသိသလို လုပ်မနေနဲ့ ခင်မောင်လတ်၊ ကျော်ကျော်ဟာ ငါ့မောင်လေးဆိုတာ နင် ဘာမှ မသိစရာ မရှိဘူး'

'ဗျာ . . . ကျော်ကျော်ဟာ မခင်ကြီး မောင်လေး ဟုတ်လား၊ မဟုတ်ပါဘူးဗျာ . . . မောင်မောင့်ကို ကျွန်တော် ကောင်းကောင်း သိနေတာပဲ၊ မောင်မောင့်ထက် အငယ်တွေ ဘာတွေရော ရှိသေးလို့လား'

'မောင်မောင်က အရင်း၊ ကျော်ကျော်က ငါ့ယောက်ျားရဲ့ညီ၊

www.burmeseclassic.com



ငှါမောင်လေးပဲ ခင်မောင်လတ်၊ နင် ငှါကို မလိမ့်တပတ်မလုပ်နဲ့၊ ဒီကိစ္စ နင် သိပါတယ်'

ကျွန်တော် ရင်မောစွာ ပင့်သက်တစ်ချက်ရှိုက်ရင်း သက်ပြင်း ချသည်။ အခြေအနေတွေက ဘာကြောင့်များ သည်လောက်ရှုပ်ယှက် ခတ်သွားရပါသနည်း။ ကျွန်တော် လုံးဝ စဉ်းစား၍ မရ။

'ဒီမှာ မခင်ကြီး၊ ကျွန်တော် ဘယ်တုန်းကမှ လူတစ်ဖက်သား ကို လိမ်တာညာတာ လှည့်စားတာမျိုး မလုပ်ခဲ့ပါဘူးဗျာ၊ ကျွန်တော် ပြောတာ ယုံပါ၊ ကျော်ကျော်ဟာ မခင်ကြီးအမျိုးသားရဲ့ညီဆိုတာရော၊ ကျော်ကျော်နဲ့ မခင်ကြီး ဆွေမျိုးတော်တယ်ဆိုတာရော ကျွန်တော် လုံးဝ မသိပါဘူး၊ ယုံပါ'

'ဩော် . . . ဒါဖြင့် ဒါနဲ့ ပတ်သက်မှန်း မသိဘဲနဲ့ကို ကလေး တစ်ယောက်အပေါ် အနိုင်ကျင့်ခဲ့တာပေါ့ ဟုတ်လား ခင်မောင်လတ်၊ နင့်စကားကို ငါမယုံဘူး၊ နင် ဒီကိစ္စကို သက်သက်မဲ့ စီမံကိန်းချပြီး တော့ကို လိုက်လက်စားချေခဲ့တာ'

'မဟုတ်ပါဘူး မခင်ကြီး၊ မခင်ကြီး ကျွန်တော့်ကို လုံးဝအထင် လွဲနေပြီ'

ခင်ကြီးက ဘယ်လိုမှ လက်မခံသည့်ပုံစံဖြင့် မဲ့ရွဲ့ကာ ခေါင်းခါ သည်။

ဘယ်လိုမှလည်း ရှင်းပြ၍ ယုံမည့်ပုံမပေါ်။

ကျွန်တော် စိတ်ပျက်လက်ပျက်နှင့် ခေါင်းခါလိုက်သည်။

ထိုစဉ် ကျွန်တော့်အခန်းတံခါး ပွင့်လာသည်။

ကျွန်တော် လှမ်းကြည့်လိုက်သောအခါ အခန်းတွင်းဝင်လာ သူသည် အေးငယ်ဖြစ်နေသည်ကို လှမ်းမြင်လိုက်ရသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ဟာ . . . ပိုရှုပ်ကုန်တော့မှာပဲဟုလည်း ပူပန်စွာတွေးလိုက်မိ၏။

◈

'တောက် . . .'

ရင်ထဲက နာကျင်ခံခက်သော ဒေါသကို မထိန်းနိုင်တော့သဖြင့် ကျွန်တော် တောက်တစ်ချက် ခေါက်လိုက်သည်။

မျက်လုံးထဲမှာလည်း လှသမျှ အနိုင်ယူတတ်သော၊ ချမ်းသာသလောက် ဂုဏ်ဝင့် မာန်ကြီးလှသော မာနကြီးသလောက် ရက်စက်တတ်သော ခင်ကြီး၏မျက်နှာကို ပြန်မြင်မိသည်။

တင်းမာသမျှ ကောက်ကျစ်ရှုပ်ထွေးသော အသံကိုလည်း ပြန်ကြားယောင်သည်။

'လူဆိုတာ အထက်စီးရတိုင်း တစ်ဖက်သတ်အနိုင်မကျင့်သင့်ပါဘူး ခင်မောင်လတ်၊ ငါ့အလှည့်ရောက်လို့ ပြန်လက်စားချေလိုက်ဦးမယ်ဆိုတဲ့ အာဃာတဆိုတာလည်း အင်မတန် ရိုင်းတဲ့လူတွေမှ ထားအပ်တဲ့ စိတ်ဓာတ်ပါ၊ နင် ငါ့ကို လက်စားချေဖို့ ကြိုးစားခဲ့တာ မဟုတ်လား၊ ငါ့ကို တည့်တည့်အနိုင်မယူသာလို့ ကြက်ကလေး ငှက်ကလေးလို အနိုင်ယူလို့ရမယ့်လူဆီ လှည့်မဲတာ မဟုတ်လား . . .

. . . အင်းလေ အဲလိုဆိုရင်တော့ နင့်သဘောပေါ့၊ နင့်ဘက်က အပိုင်ချည်းဖြစ်နေတော့လည်း ငါ နင့်ကို အရှုံးပေးရုံရှိတော့တာပေါ့၊ နင် ကလဲ့စားချေတာ အောင်မြင်ပါတယ် ခင်မောင်လတ်၊ ငါ့ကို နင် အလဲထိုးပြီး အနိုင်ယူလိုက်နိုင်ပါတယ်'



BURMESE CLASSIC .com

www.burmeseclassic.com



တောက် . . . သည်စကားကို သူကပဲ ပြောရတယ်ရှိသေး တယ်ဟု ကျွန်တော် မကျေမချမ်း ရေရွတ်မိပါသည်။

ပြီးတော့ ထပ်တလဲလဲနည်းပါး ပြောသွားသော သူ့စကားကို လည်း ပြန်ကြားယောင်သည်။

'နင့်ကလဲ့စားဟာ ဘယ်လောက်အောင်မြင်လဲ သိလား ခင် မောင်လတ်၊ ခု . . . ကျော်ကျော်ဆိုရင် အရက်က နှိပ်စက်လို့ ဆေးရုံ ပေါ်မှာ ပက်လက်ကလေးဖြစ်နေပြီ၊ သူ့မိဘတွေရော၊ ငါ့ယောကျ်ား ရော အကုန်ရှုးမတတ် ဖြစ်နေကြပြီ၊ ငါလည်း ငါ့မောင်လေးအတွက် အရှူးမီးဝိုင်းပဲ၊ ဒီကလေးမှာ ကျန်းမာရေးအတွက်လည်း အရမ်း စိုးရိမ်နေရတယ်၊ ဘဝအတွက်ဆိုလည်း ဘာမျှော်လင့်ချက်မှ မရှိ သလောက်ဘဲ၊ နင် အဲ့လောက် ရက်စက်ဖို့ မကောင်းပါဘူး ခင်မောင် လတ်၊ ငါ နင့်ကို မချစ်ခဲ့နိုင်တာ တစ်ခုလေးအတွက် နင့်အပြိုးက ကြီးလှချည့်လား . . .'

ဟူးခနဲ လေပူတစ်ချက်ကို မှုတ်ထုတ်ရပြန်သည်။

သည်စကားတွေက ပြောသွားတုန်းက အေးငယ်လည်း အခန်းထဲ ရောက်နေသည်။

ထိုစဉ်က သူနားမလည်သော မျက်နှာလေးနှင့် ကျွန်တော်တို့ နှစ်ယောက်အား အပြန်အလှန် ကြည့်နေရှာသော အေးငယ်၏မျက် နှာလေးကို ကျွန်တော် ပြန်အမှတ်ရမိ၏။

◘◈◘



BURMESE CLASSIC .com

[၈]

'လာ . . . အေးငယ်၊ ခဏလေးနေဦး၊ အဲဒီမှာ ထိုင်'

'မထိုင်တော့ဘူးလေ ဆရာ၊ ဆရာတို့ကိစ္စ ရှိနေရင် နောက်ပြီးမှ အေးငယ် လာခဲ့မယ်'

'မဟုတ်ဘူး အေးငယ်၊ ဒီစကားတွေ အေးငယ်လည်း ကြားသင့်ပါတယ်၊ ထိုင်ပါ'

အေးငယ်က ဘာမှဆက်မပြောတော့ဘဲ ကျွန်တော် ညွှန်ပြသည့် ကုလားထိုင်မှာ ဝင်ထိုင်သည်။ ခင်ကြီးဘေးမှာ အေးငယ် ယှဉ်လျက်သား ဖြစ်သွား၏။

ခင်ကြီးကလည်း အေးငယ်ဆိုသော အမည်ကြောင့် စိတ်ဝင်စားသွားဟန်ဖြင့် တစ်ချက် လှည့်ကြည့်သည်။ ပြီးမှ ကျွန်တော့်ဘက်



BURMESE CLASSIC .com

www.burmeseclassic.com



ပြန်လှည့်ရင်း . . .

'အဲဒါပါပဲ ခင်မောင်လတ်၊ နင့်ရည်ရွယ်ချက်တွေ ဘယ်လောက် အောင်မြင်ခဲ့တယ်ဆိုတာလည်း ငါပြောပြခဲ့ပြီးပါပြီ၊ ဒီလောက်ဆို နင်လည်း ကျေနပ်လောက်ပါပြီ၊ နင်မကျေနပ်လို့ ငါ့ကိုတည့်တည့် လက်စားချေတာမျိုးဆို ငါကလည်း ဒီလိုမျက်နှာအငယ်ခံပြီး နင့်ကို လာမတောင်းပန်ပါဘူး၊ ခုဟာက ဘာမှအပြစ်မရှိတဲ့ကလေးကို နင်လုပ်ပုံက ရက်စက်လွန်းအားကြီးလို့ ငါက ပြောရတာပါ၊ နင် ထပ်ကျေနပ်သွားအောင် နင့်ကိုလည်း ငါ အနူးအညွတ်တောင်းပန်ပါတယ်၊ ငါ့မောင်လေးဘဝကို နင် အဲဒီနည်းနဲ့ ဖျက်ဆီးမပစ်ပါနဲ့'

ကျွန်တော် သူ့စကားအဆုံးမှာ ကျွန်တော် လက်ကာပြရင်း . . .

'မဟုတ်ဘူး မခင်ကြီး၊ ဒီကိစ္စဟာ မခင်ကြီး ထင်သလို လုံးဝ မဟုတ်ပါဘူး၊ ဒီမှာ ဒါ ကာယကံရှင်ပါ၊ မခင်ကြီးလည်း နာမည်ကိုတော့ သိနေမှာပါ၊ မအေးအေးငယ်တဲ့၊ ကျွန်တော့်ဘဝတစ်သက်တာ အဖော်မွန်အဖြစ်နဲ့ ကျွန်တော် အင်မတန် နှစ်သက်မြတ်နိုးစွာ ချစ်ရတဲ့ ကျွန်တော့်ချစ်သူပါ၊ မခင်ကြီး ပြောတာတွေ မဟုတ်ကြောင်း သူ့ကို မေးကြည့်ရင် မခင်ကြီး သိမှာပါ'

ခင်ကြီးက နှုတ်ခမ်းကိုမဲ့၍ မရယ်ချင့်ရယ်ချင်နှင့် ရယ်သည်။ ပြီးမှ . . .

'ထမင်းရည်ပူ လာတာကို လျှာလွှဲမပစ်ပါနဲ့ ခင်မောင်လတ်၊ ဒီကိစ္စက နင်နဲ့ငါပဲ ရှင်းရမယ့်ကိစ္စပါ၊ နင့်ညီမအငယ်ဆုံးလောက် အရွယ်ရှိတဲ့ နင့်လက်အောက်က ဝန်ထမ်းကလေးကိုလည်း အနေခက်အောင် စက်ရုံမှူးအခန်းထဲခေါ်ပြီး အနိုင်မကျင့်ချင်ပါနဲ့'



BURMESE CLASSIC .com

www.burmeseclassic.com



'မဟုတ်ဘူး မခင်ကြီး'

'တော်ပါတော့ ခင်မောင်လတ်၊ ဒီအဓိပ္ပာယ်မရှိတဲ့ စကားတွေ မပြောပါနဲ့တော့၊ ခုန ငါပြောခဲ့သလိုပဲ ငါ နင့်ကို တောင်းပန်ပြီးပါပြီ၊ ငါ့ကို ခွင့်မလွှတ်နိုင်တောင် ကလေးဘဝကို သနားပါ၊ နင်လုပ်ထားတဲ့ အလုပ်တွေကိုလည်း နင်ပြန်စဉ်းစားပါ၊ ပြီးတော့ ဘာလုပ်သင့်တယ် ဆိုတာကိုလည်း ယောကျ်ားတစ်ယောက်၊ လူကြီးတစ်ယောက်အနေနဲ့ ဆုံးဖြတ်ပါ၊ ငါ ဒီတစ်ရက်နှစ်ရက် ရန်ကုန်မပြန်သေးပါဘူး၊ နင့်ဆုံးဖြတ် ချက်ကို ငါ တစ်ခါ လာနားထောင်ပါဦးမယ်၊ နင့်ဆီက လူဆန်တဲ့ စကားတွေ ကြားပါရစေလို့ ငါဆုတောင်းပါတယ်၊ ကဲ . . . ငါ သွားမယ်'

သူပြောလိုရာ ဇွတ်ပြောပြီး ထပြန်သွားသော ခင်ကြီးကို ကျွန်တော် လှမ်းတားရန် ပြင်လိုက်သေးသည်။

ပြီးမှ အေးငယ်လည်း အခန်းထဲမှာရှိနေသဖြင့် စိတ်ကို လျှော့ လိုက်ပြီး ကုလားထိုင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချသည်။

မခံချိမခံသာ ဖြစ်နေသော စိတ်ကြောင့် အံကိုတင်းတင်းကြိတ် ပြီး မျက်နှာကို လက်ဖြင့် ပွတ်သပ်လိုက်မိသည်။

စောစောလေးကတင် အတူယှဉ်လျက်ဖြစ်သွားသော မိန်းမ သားနှစ်ယောက်၏ စိတ်ဓာတ်ချင်း ခြားနားမှုကိုလည်း စိတ်ထဲကနေ ပြတ်ပြတ်ထင်ထင် မြင်နေမိသည်။

ပြီးမှ အေးငယ်ဘက်သို့ ကျွန်တော် လှည့်ကြည့်လိုက်၏။



BURMESE CLASSIC .com

www.burmeseclassic.com

[၉]

အေးငယ်က သူ့နေရာမှာပင် ဟန်မပျက် ထိုင်နေသည်။

တစ်ခုခုများမေးမလား မျှော်လင့်မိသော်လည်း သူ့ထံမှ ဘာစကားသံမှထွက်မလာ။ ကျွန်တော့်ကသာ စ၍ . . .

'ခုနဖြစ်သွားတဲ့ကိစ္စကို အေးငယ် နားလည်လိုက်လား'

အေးငယ်က ခပ်အေးအေးပင် ခေါင်းခါသည်။

'နားမလည်ဘူး ကိုကို၊ ဒါပေမဲ့ အေးငယ် သိပ်စိတ်မဝင်စားပါဘူး၊ ပြောပြသင့်တယ်ထင်မှ ကိုကို အေးငယ်ကို ပြောပြပါ'

'သိသင့်တာပေါ့ အေးငယ်၊ အေးငယ် နားမထောင်ချင်ဘူးဆိုတာတောင် ကိုကိုပြောပြရမှာပါ၊ ဒီလို အေးငယ် ခုနပြန်သွားတဲ့ အမျိုးသမီး နာမည်က ခင်ခင်ကြီးတဲ့'



BURMESE CLASSIC .com

www.burmeseclassic.com



ဆက်လက်၍ ခင်ခင်ကြီးနဲ့ ကိုကိုက ဘယ်လိုပတ်သက်ခဲ့ဖူးသလဲဆိုတော့ . . . ဆိုသော စကားလုံးက စ,ကာ ခင်ကြီးနှင့် ဖြစ်ပျက်ခဲ့ဖူးသောကိစ္စ အသေးစိတ်ကို ပြောပြလိုက်သည်။

ထိုနောက် ခုတစ်ခါ ခင်ကြီးလာ၍ ကျော်ကျော်နှင့် ပတ်သက်ပြီး ပြောသွားသောကိစ္စများကိုပါ တစ်ဆက်တည်း ရှင်းပြသည်။

'အဲဒီတော့ ကိုကိုက ဘယ်လိုလုပ်မယ် စဉ်းစားလို့လဲ'

ကျွန်တော့်စကားများအဆုံးမှာ အေးငယ်က မေးခွန်းတစ်ခု မေးသည်။ အေးငယ်မျက်နှာ သိပ်မကောင်းချင်တော့။

ကျွန်တော်က သက်ပြင်းချရင်း . . .

'ခုတိုင်းဆို ဇာတ်လမ်းက သိပ်ရှုပ်ထွေးသွားပြီ အေးငယ်၊ ခင်ကြီးစွပ်စွဲသွားတဲ့ စွပ်စွဲချက်ကြီးက သိပ်ပြင်းထန်လွန်းတယ်၊ လက်စားချေတယ်ဆိုတဲ့ စကားလုံးနဲ့ အထင်လွဲခံရတာကိုတော့ ကိုယ်ဘယ်လိုမှ မခံနိုင်ဘူး၊ ကိုကို့စိတ်ဓာတ်ဟာ ဘယ်တုန်းကမှ ဒီလောက်မသေးသိမ်ဘူး မရိုင်းဘူး'

'အေးငယ် သိပါတယ်၊ ဒီကိစ္စက ခုမှ ဆက်စပ်မိတယ်ဆိုတာလည်း အေးငယ်အမြင်ပဲ၊ အမှန်ပြောရရင်တော့ အဲဒီကိစ္စအတွက် ကိုကို ဘာမှ ဂရုစိုက်စရာ မလိုပါဘူး၊ အေးငယ်တော့ ဒီလိုပဲ မြင်တယ်'

ကျွန်တော် ခေါင်းညိတ်သည်။

'ဟုတ်တော့ ဟုတ်ပါတယ် အေးငယ်၊ တကယ်တော့ ဒီကိစ္စဟာ ကိုကိုနဲ့ ဘာမှမဆိုင်ပါဘူး၊ ဒါပေမဲ့ တစ်ခုရှိတာက ရန်ကုန်မှာ ဆေးရုံတက်နေရတဲ့ ကျော်ကျော့်အခြေအနေက ဘယ်လိုမှန်းမသိဘူး၊ ဘာပြောပြော ကျော်ကျော်ဟာ ကိုကိုနဲ့စာရင် ကလေးတစ်ယောက် လူငယ်တစ်ယောက်ပဲ၊ ကိုကို ဒီတိုင်း လျစ်လျူရှုလိုက်လို့



BURMESE CLASSIC .com

www.burmeseclassic.com



ကောင်းပါ့မလား’

အေးငယ်မျက်နှာ ကွက်ခနဲပျက်သည်။

‘မကောင်းတော့ ကိုကိုက ဘာလုပ်နိုင်မှာမို့လို့လဲ၊ သူ စိတ်ချမ်းသာရအောင် လုပ်စရာက တစ်နည်းပဲရှိတာ၊ ကိုကိုက အေးငယ်ကို သူ့လက်ထဲသွားအပ်မှ ပြီးမယ့်ကိစ္စ၊ ဘာလဲ . . . ကိုကိုက အဲဒီလို လုပ်ဖို့ စဉ်းစားနေပြီလား’

‘အဲလိုတော့ မဟုတ်ပါဘူး အေးငယ်၊ ကိုကိုလည်း အေးငယ်ကို မစွန့်လွှတ်နိုင်ပါဘူး’

‘အဲလိုမဟုတ်ရင် တခြားနည်းမရှိဘူး ကိုကို၊ အဲဒီနည်းမှာလည်း ကိုကိုက အေးငယ်ကို စွန့်လွှတ်နိုင်ပါတယ်ဆိုရင်တောင် အေးငယ်က ကိုကို့ကို မစွန့်လွှတ်နိုင်ဘူး၊ ပြီးတော့ သူ့ကိုလည်း လက်မခံနိုင်ဘူး၊ အဲဒီကိစ္စနဲ့ ပတ်သက်လို့ အေးငယ် ကိုကို့ကို စကားကုန်ပြောပြီးပြီ’

‘ကိုကိုသိပါတယ် အေးငယ်၊ ဒါပေမဲ့ ခက်တာက ကိုကို့မှာလည်း အကျပ်အတည်းပဲ၊ အထူးသဖြင့် ဒီကိစ္စမှာ ခင်ကြီး ပတ်သက်လာတာဟာ တော်တော်ဆိုးသွားတယ်၊ ခင်ကြီးနဲ့ပတ်သက်လို့ ကိုကို့မှာ ဘာသံယောဇဉ်မှ မရှိတော့ပါဘူး၊ တောင်ကြီးမြို့ရဲ့ ညနေခင်းတစ်ခုမှာပဲ သူ့ကို ကိုကိုသံယောဇဉ် အပြတ်ဖြတ်ခဲ့ပြီးသားပါ၊ ခုဟာက . . . သူ့ကို လက်စားချေဖို့အတွက် ကျော်ကျော့်ဘဝကို ဖျက်ပါတယ်ဆိုတဲ့ ထင်ကြေး စွပ်စွဲချက်ကြီးနဲ့ လာခြိမ်းခြောက်တဲ့အတွက်သာ ကိုကို စဉ်းစားနေရတာပါ’

‘ဘာဆိုင်လို့လဲ ကိုကို၊ ကိုကိုမှ မဟုတ်တဲ့ကိစ္စ၊ ဘာကိစ္စ စဉ်းစားရမှာလဲ’



BURMESE CLASSIC .com

www.burmeseclassic.com



'မပြေးသော်လည်းကန်ရာရှိ . . ဆိုသလို ဖြစ်နေပြီ အေးငယ်၊ ကိုကို အဲလိုလုပ်တာ မဟုတ်ဘူးဆိုပေမယ့် ကျော်ကျော်က သူ့ယောက်ျားရဲ့ညီဖြစ်နေတော့ တစ်ဖက်က အမြင်မှာ သူပြောသလိုကြီး ဖြစ်နေတယ်'

အေးငယ် မျက်လုံးများ မှိုင်းသွားသည်။ အောက်နှုတ်ခမ်းကို တင်းတင်းကိုက်ရင်း မျက်ရည်များ ဝိုင်းလာသည်။ ပြီးမှ အံတစ်ချက်ကြိတ်လိုက်ပြီး . . .

'အေးငယ် စိုးရိမ်တာလည်း အဲဒီတစ်ခုပဲ ကိုကို၊ ဘယ်လိုပဲဖြစ်ဖြစ်လေ၊ နောက်ဆုံးကျတော့ ကိုကို မရိုင်းတတ်ကြောင်း၊ ကိုကို သဘောထားကြီးကြောင်း ပြဖို့အတွက် အေးငယ်ပဲ အသည်းကွဲရတော့မှာ မဟုတ်လား၊ ကိုကို အေးငယ်ကို စွန့်ပစ်သွားဖို့ စဉ်းစားနေပြီ မဟုတ်လား'

အေးငယ်စကားများက ထက်ရှသော ဓားသွားတစ်ခုလို ရင်ထဲသို့ ထိုးခွဲဝင်ရောက်လာ၏။

◈

'ဘယ်လိုလဲ ကိုယ့်ဆရာ . . . နံပြားတွေလည်း အေးစက်မာကျောကုန်ပြီ၊ လက်ဖက်ရည်တွေလည်း ယင်ကောင်တွေတောင် ကျကုန်ပြီ၊ ခုထက်ထိစဉ်းစားလို့ မပြီးသေးဘူးလား'

အောင်မင်း စကားသံကြားမှ စဉ်းစားခန်းထဲသို့ ခြေစုံပစ်ဝင်နေမိသော ကျွန်တော် ပြန်သတိဝင်သည်။ သူပြောသလိုပင် နံပြားရော လက်ဖက်ရည်ပါ စားချင်သောက်ချင်စရာ မရှိတော့။



BURMESE CLASSIC .com

www.burmeseclassic.com



သူ့ဘက်က ပန်းကန်များမှာတော့ အကုန် ပြောင်တလင်းခါနေပြီ။

အတွေးလက်စသတ်ပြီးချိန်မှာပင် မနေ့က ရုံးခန်းထဲမှာ အေးငယ် တစ်ဆက်တည်း ပြောသွားသော စကားများကို ပြန်ကြားနေသေး၏။

'နောက်ဆုံးတော့ ကိုကိုတို့တိုက်ပွဲမှာ တကယ်ရှုံးရတာက အေးငယ်ပါ ကိုကို၊ အချစ်ဆိုတာ လျော်ကြေးပေးစရာပစ္စည်းတစ်ခုလို့တော့ ကိုကို မထင်သင့်ဘူး၊ ကိုကို မချစ်တော့ဘူး ဆိုတာနဲ့ပဲ အေးငယ်ကလည်း ကိုကို့ကို မေ့ပစ်နိုင်မယ်လို့ ကိုကိုထင်လို့လား၊ အေးငယ် ကိုကိုကလွဲပြီး ဘယ်သူ့ကိုမှ မချစ်ဘူး၊ ကိုကို့ကိုလည်း အေးငယ် မခွဲနိုင်ဘူး'

'နေပါဦး ကိုကို၊ ဒီကိစ္စ တစ်ခုလုံးအတွက် အေးငယ်မှာ ဘာအပြစ်ရှိသလဲ၊ ကိုကို့ရဲ့ အမှန်တရားကို ချစ်တဲ့စိတ်ဟာ အေးငယ်ဘက်ကိုရော ထည့်မတွက်တော့ဘူးလား၊ ကိုကို မရိုင်းဘူးဆိုတဲ့ကိစ္စ၊ အေးငယ်အပေါ်မှာရော မပြတော့ဘူးလား၊ ကိုကို့ကို ယုံပါရစေလို့ . . . အေးငယ် တတွတ်တွတ် ပြောခဲ့တာတွေကိုရော ကိုကို အမှတ်မရတော့ဘူး မဟုတ်လား'

ကျွန်တော် သက်ပြင်းတစ်ချက် ချလိုက်၏။

◈

ငါ့မှာ ဘယ်လိုမှ ဆုံးဖြတ်ချက်ချလို့မရအောင် ဖြစ်နေတယ် အောင်မင်း၊ အေးငယ် ငါ့ကိုချစ်သလို ငါလည်း အေးငယ်ကို အရမ်းချစ်



BURMESE CLASSIC .com

www.burmeseclassic.com



တယ်ကွာ၊ အဲလိုပဲ တစ်ဖက်ကလည်း ခင်ကြီးရဲ့စိတ်ထဲမှာ သူ့ကို ငါက လက်စားချေလိုက်တယ်ဆိုတဲ့ အယူအဆကြီး တစ်သက်လုံး စွဲသွားမှာစိုးရိမ်တယ်၊ နောက်တစ်ဖက်ကလည်း ကျော်ကျော့်ကို ငါ သနားတယ်'

အောင်မင်းက ရယ်သည်။

'ငါ တတိယအကြိမ်မြောက်သော စကားကိုပဲ ထပ်ပြောရရင် အဲဒီခင်ကြီးဆိုတဲ့ ပြဿနာမနဲ့ ဆုံသမျှ မင်း ကံဆိုးနေမှာပဲ ကိုလတ်၊ ခု . . . လက်ရှိ အနေအထားမှာ မင်း ဘာရှင်းပြ ရှင်းပြ သူက လက်ခံမှာ မဟုတ်ဘူး၊ နောက်တစ်ခုက ဒီလိုပြောလေ မင်းမခံနိုင်လေဆိုတာ ရိပ်မိသွားရင်လည်း မင်းကိုသူ ဒီစွပ်စွဲချက်နဲ့ ဆက်အနိုင်ယူဖို့ ကြိုးစားမှာပဲ'

'ငါလည်း အဲလိုပဲ တွေးမိပါတယ် အောင်မင်း၊ ဒါကြောင့် ငါ စဉ်းစားတာပေါ့၊ တကယ်ရိုင်းခဲ့တာက သူ၊ ပြီးတော့မှ ငါ့ကို တစ်သက်လုံး လူရိုင်းဘဝနဲ့ ရာဇဝင်တွင်ရစ်အောင် လုပ်ပစ်နေတာ၊ ငါမခံချင်တာ အဲဒါပဲ၊ သူတို့ရိုင်းသလို ငါ ပြန်မရိုင်းတတ်ဘူးဆိုတာ၊ ငါ အသည်းကွဲခံပြီးတောင် သက်သေပြပစ်လိုက်ချင်တယ် အောင်မင်း'

'အဲဒီတော့မှ အေးငယ်အပေါ် မင်းတကယ်ရိုင်းရတော့မှာ ကိုလတ်၊ အဲဒီတော့ ဘယ်ဟာက ပိုလုပ်သင့်လဲ မင်းဟာမင်းပဲ ရွေးပေါ့'

'ဒါကြောင့် ငါဒီလောက် လက်တွန့်နေတာပေါ့ကွာ၊ နို့မို့လို့ကတော့ ဒီကိစ္စကို လူတန်းစား တိုက်ပွဲသဘောမျိုးအနေနဲ့ကို သဘောထားပြီး ငါ အသည်းကွဲ ခံပြလိုက်ချင်တယ်၊ သူတို့အထင်သေးတဲ့ လူတန်းစားဟာ သူတို့ထင်သလို အောက်တန်းမကျဘူး၊ မရိုင်းဘူး



BURMESE CLASSIC .com

www.burmeseclassic.com



ဆိုတာ တကယ့်ကို သူတို့ စွဲစွဲမြဲမြဲ သိသွားစေချင်တယ်၊ အောင်မင်း . . . မင်း ဟိုကဗျာ ကြားဖူးတယ် မဟုတ်လား'

'ဘယ်ကဗျာလဲ'

'ဟိုးရှေးတုန်းကတည်းက ရေးထားခဲ့တဲ့ ကဗျာပါကွာ၊ ရေးတဲ့သူတော့ ငါမသိဘူး . . .

'မဲဇလီပင်အောက်
ပေါက်ပါတဲ့ ရွှေတမာ
ခါးချက်ကနာ။

ရေစီးရယ်တစ်ခါ. . .
ရေသာရယ်တစ်လှည့်။

သူများလို . . . တို့မရှိင်းတယ်
တိုင်းသိပါရဲ့။

ဆိုတဲ့ ကဗျာပေါ့ . . .

. . ခုချိန်မှာ အဲဒီကဗျာကို ငါ့အဖြစ်အပျက်တွေနဲ့ တွဲရေးပြပြီး တစ်လောကလုံးမှာရှိတဲ့ လူတွေကို လိုက်ပြလိုက်ချင်တယ်၊ အထူးသဖြင့် ခင်ကြီးတို့လို ငွေကြေးချမ်းသာ ကြွယ်ဝပြီး ဆင်းရဲတဲ့သူတွေကို အထင်သေးနေတဲ့ လူတွေ၊ မျိုးရိုးမြင့်မြတ်တဲ့ မဟာမျိုး မဟာနွယ်ဆိုပြီး တို့လိုတောသူတောင်သား သာမန်မျိုး သာမန်နွယ်တွေကို လူမမှတ်တဲ့ သူတွေ၊ ရိုင်းချင်း ရိုင်းရင် မင်းတို့သာ ရိုင်းတတ်တာ၊ တို့လိုလူမျိုးက



BURMESE CLASSIC .com

www.burmeseclassic.com



မရိုင်းတတ်ဘူး ဆိုတာကို သိသွားစေချင်လို့ပေါ့ . . .

. . . စဉ်းစားကြည့်စမ်းပါ အောင်မင်း၊ သူရိုင်းခဲ့တုန်းက ငါ့အပေါ် ဘယ်လောက်များ ခါးလိုက်လဲ၊ ကဗျာထဲက ခါးချက်မျိုးပေါ့၊ မဲဇလီပင်ဆိုတာလည်း အခါးပင်၊ အဲဒီမဲဇလီပင်အောက်မှာ ပေါက်တာက တမာ၊ တမာကျတော့ မဲဇလီထက်တောင် ပိုဆိုးသေးတယ်၊ ဘယ်လောက်များ ခါးချက်နာလိုက်လဲ . . .

. . . ဒါပေမဲ့ လောကဆိုတာက သိတယ် မဟုတ်လား၊ ရေစီးတစ်ခါ ရေသာတစ်လှည့် . . . တဲ့၊ သူ့အလှည့် ကိုယ့်အလှည့် . . . တဲ့၊ သူ့အလှည့် ကိုယ့်အလှည့်ဆိုတာ ကြုံစမြဲပဲ၊ ခုကျတော့ ငါက အပေါ်စီး ရောက်သွားပြီ . . .

. . . ဒါပေမဲ့ သူတို့လို တို့မရိုင်းဘူးဆိုတာ တစ်တိုင်းလုံး တစ်ပြည်လုံး သိစေချင်ပါတယ်ကွာ၊ ငါ့ဘာသာငါ သူတို့နဲ့ ဘာမှမပတ်သက်ဘဲ အင်မတန်လှပတဲ့ ဘဝလေးထူထောင်ထားတာကိုတောင် လိုအပ်ရင် သူတို့အတွက် ဖျက်ပေးဖို့ ဝန်မလေးပါဘူး . . .

. . . သူတို့အမျိုးအနွယ်ထဲက ကျော်ကျော့်ကိုလည်း ကြည့်၊ ငါ့ကို ကားနဲ့တိုက်သတ်ဖို့ တစ်ခါကြိုးစားတယ်၊ ငါနဲ့ပတ်သက်တဲ့ မိန်းကလေးကို ဒုက္ခပေးခဲ့တာရော အကြိမ်ပေါင်း ဘယ်လောက်များတယ် ငါ မရေတတ်ဘူး၊ နောက်ဆုံး သူ့ကို စေတနာနဲ့ သူ့ဘဝလေး ပျက်စီးမှာစိုးလို့ သွားကူညီမိတာကိုတောင် ငါ့ခေါင်းကွဲအောင် ရိုက်လွှတ်တယ် . . .

. . . ဒါတောင် ငါ သူ့ကို ခွင့်လွှတ်ပါတယ်၊ အဲသလိုပဲ ငါ့ဘက်ကျတော့လည်း နိုင်ပေါက်ရလို့ တစ်ဖက်ကို ဖိထောင်းတာပဲဆိုတဲ့ ကိစ္စမျိုးကို ငါ အထင်တောင်ခံရဖို့ လိပ်ပြာမသန့်ဘူး . . .

www.burmeseclassic.com



. . . ငါ့ပြဿနာက ဒါပဲအောင်မင်း၊ အဲဒီတော့ ငါဘာလုပ်သင့်သလဲ၊ ဖြစ်နိုင်ရင် မင်းကပဲ ကြားလူတစ်ယောက်အနေနဲ့ အဆုံးအဖြတ်ပေးစမ်းပါ'

ပြောရင်းနှင့် ခံစားချက် ပြင်းထန်လာသဖြင့် စကားကြောတွေ ရှည်သွားမိသည်။

ထိုစဉ် လက်ဖက်ရည်ဆိုင်ရှေ့သို့ ကားနီလေးတစ်စင်းထိုးရပ်သည်။ ကိုစိုးတင့်ကား . . . ။

ကားပေါ်မှ ကိုစိုးတင့်နှင့်အတူ အေးငယ်ပါ ပါလာသည်ကို တွေ့လိုက်ရ၏။



BURMESE CLASSIC .com

www.burmeseclassic.com

# အပိုင်း ငါး
# [နိဂုံးချုပ်]

တစ်မျိုးညာနွဲ့သွေမဖယ်...   စိုးပါနဲ့မေရယ်

[၁]

ကားပေါ်ကနေ ကိုစိုးတင့်တစ်ယောက်သာ ဆင်းလာသည်။

အေးငယ်က ကားပေါ်မှာပင် ထိုင်နေ၏။ ကျွန်တော်တို့ဘက် လုံးဝ လှည့်မကြည့်။

ကိုစိုးတင့်က ကျွန်တော့်ဆီ တန်းတန်းမတ်မတ်လျှောက်လာပြီး . . . 'ကဲ . . . ကိုလတ်၊ ဘာမှ စကားများမနေနဲ့၊ ကားပေါ် တက်၊ ခင်ဗျားသူငယ်ချင်းလည်း ခေါ်လိုက်ပါ၊ ရော့ . . . သော့၊ ကျွန်တော့် ကားကို ခင်ဗျားမောင်း၊ ကျွန်တော်နဲ့ ခင်ဗျား သူငယ်ချင်းနဲ့နောက်ခန်းက ထိုင်လိုက်ခဲ့မယ်'

ကျွန်တော် ကယောင်ကတန်းနှင့် သူ့လက်ထဲမှ ကားသော့ကို လှမ်းယူပါသည်။ ပြီးမှ သတိရ၍ . . .



BURMESE CLASSIC .com

www.burmeseclassic.com



'ဩော် . . . ကိုစိုးတင့်၊ ဒါ . . . ကျွန်တော့် သူငယ်ချင်း အောင်မင်း'

ကိုစိုးတင့်က လက်ကာပြရင်း . . .

'အဲဒါ ပူမနေနဲ့ ကိုလတ်၊ ကျွန်တော်တို့က မြန်မာယောကျ်ား ချင်းတွေ၊ ကားပေါ်ကျမှ ကိုယ့်ဟာကိုယ် မိတ်ဆက်ယူကြမယ်၊ ခင်ဗျား သူငယ်ချင်းဆို ကျုပ်သူငယ်ချင်းပဲ၊ ခုချိန်မှာ ဘာအပိုဆာဒါး ယဉ်ကျေး မှုတွေမှ မလိုအပ်ဘူး၊ ဟုတ်တယ် မဟုတ်လား ကိုအောင်မင်း'

အောင်မင်းက ရယ်၍ ခေါင်းညိတ်၍ . . .

'သိပ်ဟုတ်တာပေါ့ဗျာ၊ ကဲ . . . ကိုလတ်၊ ငါ့ကို လှည့်ကြည့် မနေနဲ့၊ ကိုစိုးတင့် ပြောတာသာလုပ်၊ သွား . . . ကိုဇော့်ကားမှာ ကား စပယ်ယာ ကားဒရိုင်ဘာ လုပ်တုန်းကလိုပဲ ရှိရှိသေသေလေးလေးစား စားနဲ့ ကားကို ဂရုတစိုက်မောင်း . . .'

'နေပါဦး ကိုစိုးတင့်ရ၊ မောင်းလို့သာ ခင်ဗျားကပြောတာ၊ ကျွန်တော် ဘယ်မောင်းရမှာလဲ'

'ခင်ဗျား ရှေ့ခန်းမှာပါတဲ့သူကို မေးပေါ့ဗျ၊ ခုဟာက သူ့ခရီး၊ သူခေါ်လို့ ကျွန်တော်လည်း တက္ကစီသမားလုပ်ပြီး လိုက်လာရတာ၊ ကာယကံရှင် ကားငှားလာသူကို ကိုယ့်ဟာကိုယ်မေး'

ကျွန်တော်က ဘာမှမပြောတော့ဘဲ ကားဆီလျှောက်သွား၍ ကားပေါ်ထိုင်လိုက်သည်။

အေးငယ်ကတော့ ခပ်တည်တည်နှင့် မရယ်မပြုံးဘဲ ထိုင်နေ သည်။

သူ့ပုံစံကလည်း ပွဲနေပွဲထိုင် သွားမည့်ပုံစံမျိုးနှင့် တစ်မျိုးဖြစ် နေ၏။



BURMESE CLASSIC .com

www.burmeseclassic.com



ဘာတွေ ဖြစ်နေပြီလဲ၊ ဘယ်လိုစိတ်ကူးတွေနဲ့ ဘာလုပ်ကြဦးမှာလဲ။ ကျွန်တော် လုံးဝ စဉ်းစား၍မရ။

◈

ကျွန်တော်က ကားကို စက်နှိုးလိုက်သည်။

ပြီးမှ အေးငယ်ဘက် လှည့်၍ . . .

'ကိုကို ဘယ်မောင်းရမှာလဲ အေးငယ်'

'အိမ်ကိုမောင်း'

'အိမ် . . . ဘယ်သူ့အိမ်လဲ'

'ဘယ်သူ့အိမ်ကမှာလဲ အေးငယ်က ပြောတဲ့ဥစ္စာ၊ အေးငယ် အိမ်မောင်းပေါ့'

'ကောင်းပါပြီဗျာ ကောင်းပါပြီ၊ ဒရိုင်ဘာဆိုတော့လည်း ကားငှားတဲ့သူ စိတ်ကြိုက် လုပ်ပေးရမှာပေါ့'

တမင် ခပ်တည်တည်ကြီး လုပ်နေသော အေးငယ်ကိုကြည့်၍ ကျွန်တော် ရယ်ချင်နေသည်။ အေးငယ်လည်း ကျွန်တော့်စကားကြောင့် ပြုံးစိစိလေးဖြစ်သွားသည်။ သို့သော် ဟန်လုပ်ပြီး တမင်တော့ တင်းထားသေး၏။

ကျွန်တော်က ကားကို ဦးပြန်လှည့်ပြီး မြို့ထဲဝင်လာခဲ့သည်။

ဘာဖြစ်မည် ဆိုသည်ကို ဘယ်လိုမှ မသိနိုင်သေး။

ခုထိ ပဟေဠိတစ်ခုလိုပင် ရှိနေသေး၏။

▣◈▣



BURMESE CLASSIC .com

www.burmeseclassic.com

[၂]

'ဟုတ်ပြီ အဲဒီမှာ ကားရပ်ပြီးရင် ကားကို သူခိုးတွေဘာတွေ မခိုးနိုင်အောင် သေချာမှန်ပိတ်၊ သော့ခတ်၊ အားလုံးပြီးမှ အေးငယ်နဲ့ အိမ်ထဲ လိုက်ခဲ့'

'ဟုတ်ကဲ့ ခင်ဗျ'

ကျွန်တော်က နောက်တောက်တောက်ပင် ပြန်ပြောပြီး သူပြောသမျှတစ်ခုမကျန် လုပ်ပေးလိုက်သည်။

ထိုနောက် သူခေါ်ရာ အိမ်ထဲသို့ ဝင်လိုက်သွား၏။

'ဟင် . . .'

အိမ်ထဲ လှမ်းကြည့်ပြီးနောက် ကျွန်တော် အထိတ်တလန့် ဖြစ်သွားသည်။ အေးငယ်တို့အိမ်ထဲမှာ ရှိနေသော လူစုလူဝေးက မနည်း



BURMESE CLASSIC .com

www.burmeseclassic.com



လှ၏။ တိုက်ပုံအင်္ကျီဝတ်ထားသည့် လူကြီးတွေရော၊ အေးငယ်သူငယ်ချင်းတွေရော၊ ကိုစိုးတင့်နှင့် ကျွန်တော်တို့၏ အပေါင်းအသင်းရော မနည်းလှ။ အေးငယ်မိခင် ဒေါ်ခင်ဖြူကလည်း ဝတ်ကောင်းစားလှ ဝတ်ပြီး ကျွန်တော်နှင့် သူ့သမီးကို ပြုံးတုံးတုံး အမူအရာဖြင့် လှမ်းကြည့်သည်။

'အဲဒါ ဘာလုပ်နေကြတာလဲ အေးငယ်'

'မမေးနဲ့လေ၊ အချိန်တန်တော့ သိမှာပေါ့၊ လာ . . . အခန်းထဲ လိုက်ခဲ့ဦး'

'ဟောဗျာ'

ပြောပြောဆိုဆိုနှင့် ကျွန်တော့်လက်ကိုဆွဲပြီး သူ့အခန်းထဲ ခေါ်သွားပြန်သည်။ ကျွန်တော် ကန့်လန့်ကန့်လန့်နှင့် ပါသွားရပြန်၏။

အခန်းထဲရောက်မှ သူက ကျွန်တော့်ကို စက္ကူအိတ်တစ်အိတ် လှမ်းပေးပြီး . . .

'ရော့ . . . အဲဒီထဲမှာ ကိုကိုဝတ်ဖို့ အဝတ်အစားတွေ ပါတယ်၊ အဲဒါ မြန်မြန်လဲလိုက်'

'ဟင် . . .'

ကျွန်တော့်မှာ အံ့သြပြီးရင်း အံ့သြသာနေရပြီး သူပေးသည့် အိတ်ထဲမှ အဝတ်အစားများကို ဆွဲထုတ်လိုက်သည်။

အားပါးပါး ကျွန်တော် ဝတ်ရမည့် အဝတ်အစားတွေက မနည်း။ အင်းဝတံဆိပ်ဖြင့် ကုန်တိုက်က ချုပ်ရောင်းသော တက်ထရွန် လည်ကတုံးအင်္ကျီလက်ရှည်အဖြူ၊ ပြီးတော့ အသင့်ချုပ်ပြီးသား တက်ထရက် တိုက်ပုံအဖြူ၊ အောက်ဆုံးကမှ ရွှေဖလားရောင် အင်းလေး လုံချည်။



BURMESE CLASSIC .com

www.burmeseclassic.com



'အဲ့ဒါတွေ ကိုကို ဝတ်ရမှာ ဟုတ်လား အေးငယ်'

'ဩော် . . . ကိုကိုကလဲနော်၊ စကားများလိုက်တာ၊ အဲဒါ ဝတ်ပါလို့ ပြောပြီးပြီပဲ၊ ဝတ်စရာရှိတာ ဝတ်လိုက်ပါလား'

'ဟောက်လှချည်လား အေးငယ်ရာ၊ အင်း . . . အင်း . . . ဝတ်ဆိုလည်း ဝတ်ပါ့မယ်ဗျာ'

ကျွန်တော် ကမန်းကတန်းနှင့်ပင် ထိုအဝတ်အစားများကို ကောက်လဲသည်။ ကျွန်တော် အဝတ်လဲနေခိုက် အေးငယ်က ကျော ခိုင်းပြီး ရပ်နေ၏။

'ပြီးပြီ အေးငယ်'

ကျွန်တော် ဝတ်အပြီးမှာ သူ့ကို လှမ်းပြောသည်။ သူက လှည့် ကြည့်၏။ ပြီးမှ ခစ်ခနဲ ရယ်ပြီး . . .

'မဆိုးဘူး အားလုံး အိုကေတယ်၊ တစ်ခုပဲ ကျန်တယ်၊ အေးငယ် မှန်တင်ခုံကိုသွား ခေါင်းလေး ဘာလေးဖြီး မျက်နှာကိုလည်း အဆီမပြန်အောင် တို့ပတ်လေးနဲ့ဖြစ်ဖြစ် တို့လိုက်'

ကျွန်တော်ကတော့ မထူးလက်စနှင့် သူ ပြောသည့်အတိုင်းပင် လုပ်လိုက်သည်။ အားလုံးပြီးပြီဆိုမှ . . .

'ကဲ . . . စိတ်တိုင်းကျပြီလား မရွှေအေးငယ်၊ ဘာလိုသေးလဲ'

သူက ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံးကြည့်၍ သဘောကျစွာ ရယ်သည်။

'ဘာမှ မလိုတော့ဘူး ကိုကို၊ အစစ ပြည့်စုံသွားပြီ'

'ကောင်းပြီ အေးငယ်၊ အဲဒါဆို ကိုကို မေးတာဖြေတော့ အခု ဘာလုပ်မလို့လဲ၊ အေးငယ် ဘာတွေ စိတ်ကူးပြီး ဘာတွေလျှောက်လုပ် နေတာလဲ'



BURMESE CLASSIC .com

www.burmeseclassic.com



'မင်္ဂလာဆောင်မလို့'

'ဘာ . . . ဘာပြောတယ် အေးငယ်'

'မင်္ဂလာဆောင်မလို့၊ အေးငယ်နဲ့ကိုကို အခုလက်ထပ်မလို့၊ ကြားလား ကိုကို၊ နောက်တစ်ခါ ထပ်ပြောရဦးမလား၊ ဟောဒီကိုကိုနဲ့ အေးငယ် အခုတစ်ခါတည်း မင်္ဂလာဆောင်ပစ်လိုက်တော့မလို့၊ အပြင်ဘက်မှာ တရားသူကြီးရော၊ လက်ထပ်စာချုပ်ရော၊ ဧည့်ပရိသတ်တွေရော အကုန်စုံနေပြီ'

'ဟာ . . . အေးငယ်ကလဲကွာ'

'ဘာ . . . အေးငယ်ကလဲကွာ၊ ဒီမှာ ကိုကို၊ ကိုကိုဟာ တော်လည်း တော်တယ်၊ စိတ်သဘောလည်း ကောင်းတယ်၊ အစစအားလုံး အပြစ်မရှိဘူး၊ တစ်ခုပဲ ပြောစရာရှိတယ်၊ အဲဒါက ဘာလဲဆိုတော့ ကိုကို့စိတ်ဟာ ဘယ်တော့မှ မပြတ်သားတာပဲ၊ ဘာလေးလုပ်မယ်ကြံကြံ ဟိုငဲ့ ဒီငဲ့နဲ့ ဘယ်တော့မှ ဆုံးဖြတ်ချက် မပြတ်ဘူး၊ အဲဒီတော့ အဲဒီလိုအပ်ချက်ကို အေးငယ်က ဖြည့်ပေးမယ်၊ အေးငယ်ကတော့ ပြတ်ပြတ်ပဲ၊ ဆုံးဖြတ်ချက်ချစရာရှိရင်လည်း ရဲရဲတင်းတင်းပဲ ချတယ်၊ ခုလည်း ကိုကို့ကို ဇွတ်မင်္ဂလာဆောင်ပြီး ယူပစ်လိုက်ဖို့ ဆုံးဖြတ်ပြီးပြီ'

'ဒီလိုကြီးတော့ မကောင်းပါဘူး အေးငယ်ရယ်'

'ဘာမကောင်းတာလဲ ကိုကို၊ ဘာလဲ အေးငယ်ကို ကိုကို လက်မထပ်နိုင်ဘူးလား၊ အဲလိုဆိုရင်လည်း ပြီးရော၊ ရတယ်၊ အပြင်က အခမ်းအနားကို လက်ထပ်မင်္ဂလာ အခမ်းအနားကနေ ရည်းစားအဖြစ်မှ ပြတ်စဲခြင်း အခမ်းအနားအဖြစ် ချက်ချင်းပြောင်းပစ်လိုက်မယ်၊ ကိုကိုနဲ့ အေးငယ် တစ်သက်စာ အပြတ်ပဲ'

ကျွန်တော် ပင့်သက်ရှိုက်၍ . . .

www.burmeseclassic.com



'ကိုကို အဲဒါပြောတာ မဟုတ်ဘူး အေးငယ်၊ ကိုကိုက ဘာဖြစ်လို့ အေးငယ်ကို လက်မထပ်ရမှာလဲ၊ မကောင်းပါဘူးဆိုတာက မင်္ဂလာဆောင်တယ်ဆိုတာ မိန်းကလေးတစ်ယောက်ရဲ့ဘဝမှာ အင်မတန်အရေးပါတဲ့ကိစ္စ၊ ခမ်းခမ်းနားနား လှလှပပ ဖြစ်ဖို့ လိုတယ်၊ ဒီလိုကြီးဆိုတော့ . . .'

အေးငယ် ဟားတိုက်ရယ်သည်။

'လုပ်မနေနဲ့ ကိုကို၊ အဲဒါက အေးငယ် စဉ်းစားရမယ့်ကိစ္စ၊ ကိုကို့အပူ တစ်ပြားမှ မပါဘူး၊ အေးငယ် စိတ်ထဲမှာ ဒီလိုလုပ်ရတာကို အင်မတန် ခမ်းနားတယ်၊ အင်မတန် လှပတယ်၊ အင်မတန် ကျက်သရေ မင်္ဂလာအပေါင်း ခညောင်းတယ်လို့ အောက်မေ့တယ်၊ စိတ်လည်း ချမ်းသာတယ်၊ ကဲ . . . အဲဒီတော့ ဒီကိစ္စအပြင် တခြားဘာပြောစရာ ရှိသေးလဲ'

ကျွန်တော် တုံ့ဆိုင်းဆိုင်းလုပ်နေပြီးမှ . . .

'မရှိပါဘူး အေးငယ်'

'ကောင်းပြီ၊ ဘာပြောစရာမှ မရှိတော့ရင် အိမ်ရှေ့ကြွ၊ မျက်နှာကိုလည်း ရွှင်ရွှင်ပျပျလေးထား၊ ခုနစ်ရက် ဝမ်းချုပ်နေတဲ့လူလို မအီမလည်ကြီး လုပ်မနေနဲ့၊ သတို့သားက သတို့သားလိုနေ၊ အိမ်ရှေ့မှာ ဂုဏ်သရေရှိဧည့်သည်များနဲ့တကွ ကိုကို့ယောက္ခမပါ ရှိနေတယ်'

ကျွန်တော် သူ့ကိုကြည့်ရင်း အသည်းယားလာသည်။ ထို့ကြောင့် အားရပါးရ ဖက်ပစ်လိုက်ရင်း . . .

'မင်းလေး သိပ်ဆိုးပါလား အေးငယ်၊ ဘာဖြစ်လို့ ဒီလောက်တတ်နေ သိနေ လည်နေရတာလဲ၊ သိမယ် သိမယ်၊ ဧည့်သည်တွေပြန်သွားမှ မင်းလေးသိမယ်'

www.burmeseclassic.com



'အိုး . . . ဘယ်လိုလုပ်လိုက်တာလဲ ကိုကိုရဲ့၊ ဒီမှာ သူများလည်း အလုပြင်ထားရတာ မလိုချင်ဘူး၊ သိချင်ရင် နောက်မှသိ၊ ခုတော့ ဣန္ဒြေရရနေ၊ ဖယ်ပါ'

◈

'ကဲ . . . သတို့သားနဲ့ သတို့သမီးက ဒီနေရာလေးတွေမှာ လက်မှတ်ထိုးပါ'

သူ့ရှေ့၌ ကျုံ့ကျုံ့လေးတွေ ထိုင်နေကြသော ကျွန်တော်တို့နှစ်ယောက်ကို တရားသူကြီးက လက်ထပ်စာချုပ်ကိုပြ၍ လက်မှတ်ထိုးခိုင်းသည်။

ကျွန်တော်က စာချုပ်ကို ယူပြီး လက်မှတ်ထိုးရန် ပြင်လိုက်၏။

အကျႌအိတ်ထဲမှာ ဘာမှပါမလာ။ အသစ်ကျပ်ချွတ်ကြီး ကောက်ဝယ်ပြီး ဘာပစ္စည်းမှ ပြောင်းထည့်မလာခဲ့သဖြင့် အိတ်ထဲမှာ ဘာမှမရှိ။ ဗလာနတ္တိ။

'ဟင်း . . . ဖောင်တိန်မပါဘူး မဟုတ်လား၊ သိသားပဲ၊ ရော့ . . .'

အေးငယ်က ကျွန်တော့်ဘေးကို တစ်တောင်ဖြင့် တွက်ရင်းမျက်စောင်းထိုးကာ ဖောင်တိန် လှမ်းပေးသည်။ ကျွန်တော် လက်မှတ်ထိုးရန် ပြင်လိုက်ပြီးမှ တစ်စုံတစ်ခုကို သတိရ၍ . . .

'ဒါနဲ့ နေပါဦး အေးငယ်၊ ခုမှ ကိုကိုသတိရလို့ မေးပါရစေဦး၊ ကိုကို့အကျႌအတိုင်းတွေ အေးငယ် ဘယ်လိုလုပ်သိလဲ'

'အံမယ်လေး . . အရေးထဲမှာ ဟိုတစ်ခါ ကိုကိုခေါင်းကွဲတုန်း



BURMESE CLASSIC .com

www.burmeseclassic.com



က အင်္ကျီခေါက်ပေးရင်း နံပါတ်တွေ မှတ်ထားတာပေါ့၊ အဲဒါက အရေးမကြီးပါဘူး၊ လက်မှတ်ထိုးမှာသာ ထိုးစမ်းပါ'

'အံမယ် . . . စက်ရုံမှူးကို ဒီလိုပဲ ခိုင်းရလား'

'ဒီမှာ ကိုကို၊ စက်ရုံမှာသာ ကိုကိုက စက်ရုံမှူး၊ ခုဟာက အိမ်၊ ဒါ ကိုကို့အိမ်ပဲ၊ ကိုကို့အိမ်မှာကျတော့ အေးငယ်က အိမ်ရှင်မ သိရဲ့လား၊ ကိုစိုးတင့် စကားနဲ့ပြောရင် ဟုမ်းမင်နင်စတာ၊ ပြည်ထဲရေးဝန်ကြီး သဘောပေါက်'

ထိုစဉ် တရားသူကြီးအသံသြသြကြီးက ရုတ်တရက်ထွက်ပေါ်လာ၏။

'ဟဲ့ . . . ဟဲ့ . . . လက်မှတ်ထိုးစရာရှိတာ ထိုးကြလေ၊ ဒီ သတို့သားနဲ့ သတို့သမီးက ဒီရှေ့ကျမှ ဘာလာတွတ်ထိုးနေတာလဲ'

အေးငယ်မျက်လုံးလေးပြူး၍ ခေါင်းကလေး ပုပြသည်။

ကျွန်တော့်ယောက္ခမကြီးနှင့်တကွသော ဧည့်ပရိသတ်အပေါင်းက ဝါးခနဲ ထရယ်လိုက်ကြ၏။

ဤသို့ဖြင့် ကျွန်တော်နှင့် အေးငယ်တို့သည် အခါတော်ပေးပြီး နတ်ရေးငယ်ရွှေစာလိုက်လေတော့သတည်း။

www.burmeseclassic.com



'ကဲ . . . ခင်ဗျား ဘာတတ်နိုင်သေးလဲ ကိုလတ်၊ နောက်ဆုံးကျတော့ ခင်ဗျားက 'ကျတ်ကြီး' မဖြစ်ရဘဲ ကျတ်မလေးက ခင်ဗျားကို တစ်ခါတည်း ကျတ်ဂူထဲ ခေါ်ပိတ်လိုက်ပြီ မဟုတ်လား'

အားလုံးဧည့်သည်တွေ ရှင်းသွားပြီး ကျွန်တော်တို့ချည်း ကျန်ခဲ့မှ ကိုစိုးတင့်က လှမ်းနောက်သည်။ အေးငယ်က ကျွန်တော့်ဘေးမှ ရှက်ကိုးရှက်ကန်း အမူအရာလေးဖြင့် ခေါင်းငုံ့ထိုင်နေ၏။

'အန်တီလည်း ဘယ်လိုမှ ပြောမရလို့ သူ့သဘောအတိုင်း လွှတ်ပေးလိုက်ရတာပဲ မောင်ခင်မောင်လတ်ရယ်၊ သူပြောလို့ ခု တစ်မနက်ခင်းတည်းနဲ့ မောင်စိုးတင့်လည်း မနေရဘဲ ဝိုင်းစီစဉ်ပေးရတာ၊ အန်တီ့မှာ သူပြောသမျှသာ လိုက်လုပ်ပေးနေရတယ် တထိတ်ထိတ်



BURMESE CLASSIC .com

www.burmeseclassic.com



ကြီးနဲ့’

‘မထိတ်နဲ့ အန်တီ၊ ဒီကောင်က အေးငယ်ကို အသေအလဲ ချစ်နေတာကတော့ အမှန်ပဲ၊ ဒါပေမဲ့ အေးငယ်ပြောသလို ဟိုငဲ့ဒီငဲ့က သိပ်လုပ်တာ၊ မနက်ကလည်း သူများလို တို့မရိုင်းတယ်၊ တိုင်းသိပါရဲ့ ဆိုတဲ့ ကဗျာတွေဘာတွေ ရွတ်ပြပြီး တောင်တွေဝေ မြောက်တွေဝေ ဖြစ်နေသေးတယ်၊ ခုလို ကြက်တူရွေး တံခါးပိတ် ဂျိတ်ဆိုပြီး လုပ်ပစ် လိုက်တော့ အေးရော၊ ကျွန်တော်ကတော့ အရမ်းသဘောကျတယ်၊ အတော်လည်း အတော်ပါပဲ၊ သူ့ဘက်က ဆွေမျိုးတွေမပါတော့ ကျွန်တော်ပဲ သူ့အဖေနေရာမှာ နေပြီး သက်သေလက်မှတ် ထိုးပေး လိုက်ရတာ’

အောင်မင်းက ဝင်ချွန်သည်။

ကိုနေဦးတို့ ကိုစောဝင်းတို့ ကိုစိုးတင့်တို့ လေးလေးတို့ မိစုတို့ ခိုင်ခိုင်တို့ ပါဝင်သော ဧည့်သည် လက်ကျန် အုပ်စုက သဘောကျစွာ ရယ်ကြ၏။

ကိုစိုးတင့်က ဝင်ပြီး . . .

‘ကျွန်တော်ကတော့ ခင်ဗျားကို နားလည်ပါတယ် ကိုလတ်ရာ၊ ခင်ဗျားရဲ့ ငဲ့ညှာတတ်တဲ့ စိတ်နှလုံးသားကိုလည်း လေးစားပါတယ်၊ ခုန ကိုအောင်မင်းပြောတဲ့ ကဗျာအတိုင်း ပြန်ပြောရရင် ဒီကိစ္စမှာ ခင်ဗျား မရိုင်းပါဘူး၊ ခင်ဗျားဘက်က လူမှုရေးတာဝန် ကျေပွန်နိုင် သလောက် ကျေပွန်ဖို့ စဉ်းစားခဲ့တဲ့ကိစ္စကို ကျွန်တော်အားလုံး အသိ အမှတ်ပြုပါတယ်၊ လိုအပ်ရင် တိုင်းသိအောင်လည်း တစ်ဆင့်စကား ဖြန့်ဖြူးပေးပါ့မယ်၊ ခုကိစ္စကတော့ ရေစီးတစ်ခါ ရေသာတစ်လှည့်ဆိုတဲ့ အပိုင်းမှာ ရေသာပိုင်းလို့ သတ်မှတ်လိုက်ပေါ့၊ ရေစီးတုန်းက ပင်ပန်း



BURMESE CLASSIC .com

www.burmeseclassic.com



ခဲ့သမျှတွေ ရေသာအလှည့်မှာ နားလိုက်ပါဦးဗျာ၊ ခင်ဗျားမိန်းမက လည်း ခင်ဗျားကို အထူးပြုစုဖို့ ခုချိန်ဆို အားလုံးအစီစဉ်တွေ ဆွဲပြီး လောက်ပါပြီ'

'အို . . . အဲဒီ ကိုစိုးတင့်ကြီးကလည်း ဘာမှန်းလည်း မသိ ဘူး'

'မဟုတ်ဘူးလား အေးငယ်'

ကျွန်တော်က ဝင်မေးသည်။

'သွား . . . မသိဘူး၊ အေးငယ် ရှက်တယ်၊ မပြောနဲ့'

'ကဲ . . . ကိုစိုးတင့်၊ ကျွန်တော့်မိန်းမက ရှက်တယ်တဲ့ဗျာ၊ မပြောပါနဲ့တော့၊ နောက်ကျရင် သူရှက်သမျှ ကျွန်တော်ပဲ ဗိုက်ဆွဲ အလိမ်ခံရမှာ၊ အံမယ်လေး . . .'

ပြောရင်းနှင့်ပင် အေးငယ်က ပေါင်ကို ဆွဲဆိတ်သဖြင့် ကျွန်တော် ထအော်ရသည်။

ခဏကြာသောအခါ ဧည့်ခန်းလေးထဲတွင် ကျွန်တော် တီးခတ်ပေးသော စန္ဒရားသံနှင့်အတူ အေးငယ်၏ 'မျက်ဝန်းလဲ့ပြာပြာ' သီချင်းသံလေးက ချိုလွင်လှပစွာ ပေါ်ထွက်နေတော့၏။



BURMESE CLASSIC .com

www.burmeseclassic.com

[၄]

'မင်းစိတ်ထဲမှာ ဘယ်လိုဖြစ်နေလဲ ကိုလတ်၊ အားလုံးရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသားရော ဖြစ်သွားရဲ့လား'

အခြေအနေများအားလုံးက ရုတ်ခြည်း အပြောင်းအလဲများဖြစ်သွားသဖြင့် ထိုမေးခွန်းကို အောင်မင်းက မေးသောအခါ ကျွန်တော် ရုတ်တရက် ခက်သွားသည်။

အောင်မင်းနှင့်ကျွန်တော် မနက်က လက်ဖက်ရည်ဆိုင်မှာ မပြီးပြတ်ခဲ့သောစကားများကိုလည်း ပြန်သတိရသည်။

လက်ဖက်ရည်ဆိုင်မှနေ ကိုစိုးတင့်နှင့် အေးငယ် လာခေါ်သွားသည့်အချိန်ကနေစပြီး ဆက်တိုက်ဖြစ်ပေါ်ခဲ့သောကိစ္စများကလည်း ကျွန်တော် လုံးဝ မျှော်လင့်မထားသော ကိစ္စများမို့ ကျွန်တော်မှာ ခုထိ



BURMESE CLASSIC .com

www.burmeseclassic.com



အိပ်မက်ထဲက လူတစ်ယောက်လိုပင် ဖြစ်နေသေးသည်။

နောက်ဆုံး ကိုယ့်ဘာသာကိုယ် အိမ်ထောင်ကျပြီးသော လူ တစ်ယောက်အဖြစ် လက်ခံရန် မယုံမရဲ ဖြစ်နေမိသည်။

မွန်းလွဲသုံးနာရီလောက်မှာ အောင်မင်းက ရန်ကုန်သို့ ပြန်ရန် ပြင်သည်။

အေးငယ်ကို ခဏခွင့်ပန်၍ စက်ရုံသို့ အောင်မင်းနှင့်အတူ ပြန် လာရင်း အောင်မင်းပစ္စည်းပစ္စယများကို ကူသိမ်းပေးသည်။

လက်ဆွဲအိတ်ထဲ သူ့ပစ္စည်းများထည့်၍ အိတ်ကိုပိတ်ရင်း အောင်မင်းက မေးလိုက်ခြင်း ဖြစ်၏။

ကျွန်တော် သက်ပြင်းချသည်။

'ဖြစ်လာတဲ့ အခြေအနေအားလုံးဟာ ငါလက်မခံနိုင်စရာ ဘာ တစ်ခုမှ မရှိပါဘူး အောင်မင်း၊ အေးငယ် ပြောသလိုပဲ အစစ ငဲ့ညှာ တုံ့နှေးတတ်တဲ့ ငါ့လိုလူမျိုးအတွက် အေးငယ်ဆုံးဖြတ်လိုက်တာလေး က အင်မတန် ကောင်းပါတယ်၊ ငါ့အတွက် တွေဝေဖို့ အချိန်တောင် မရလိုက်ဘူးပေါ့၊ ဒါပေမဲ့ . . .'

'ဒါပေမဲ့ ဘာဖြစ်လဲ ကိုလတ်'

'ဒါပေမဲ့ ခင်ကြီးကတော့ တစ်သက်လုံး ငါ့ကို နားလည်မှု လွဲ သွားတော့မှာ သေချာတယ်၊ ငါ နိုင်လိုမင်းထက်လုပ်တယ်၊ ငါ သူ့ကို ပြန်လက်စားချေတယ်ဆိုတဲ့ အယူအဆကြီးကို ဘယ်လိုမှလည်း စွန့် လွှတ်လို့ ရတော့မယ် မထင်ဘူး'

'အဲဒီတော့ . . .'

'အဲဒီတော့ ငါစိတ်မကောင်းဘူးပေါ့ အောင်မင်းရာ၊ ဒီကြားထဲ မှာ ဆေးရုံပေါ်ရောက်နေတယ်ဆိုတဲ့ ကျော်ကျော့်ကိစ္စကလည်း ရှိ



BURMESE CLASSIC .com

www.burmeseclassic.com



သေးတယ်၊ ငါ့သဘောက ဘယ်လိုပဲဖြစ်ဖြစ် အေးငယ်ကို မစွန့်လွှတ်တော့ဘူးလို့ ဆုံးဖြတ်ပြီးပေမယ့် ခင်ကြီးကို ကျော်ကျော်တို့ကိစ္စကို တတ်နိုင်သလောက် စိတ်သက်သာရာရအောင် ဖန်တီးပေးချင်သေးတာတော့ အမှန်ပါ'

အောင်မင်းက ရယ်သည်။

'ငါလည်း အဲလိုပဲ ထင်လို့ မင်းကို မေးကြည့်တာပါ၊ ခုတိုင်းက ခင်ကြီးကို မင်း တစ်ဖက်သတ် အနိုင်ယူလိုက်သလို ဖြစ်သွားတာပေါ့'

'အဓိက,က အဲဒါပဲ အောင်မင်း၊ ငါ့ရင်ထဲမှာရှိတဲ့စကားကို ငါ အမှန်အတိုင်း ပြောတာပါ ငါဒီလောကမှာ ဘယ်သူ့ကိုမှ အနိုင်မယူချင်ဘူး၊ အထူးသဖြင့် ခင်ကြီးအပေါ်မှာ ငါ ပိုအနိုင်မယူချင်ဘူး၊ လူသားတွေ အားလုံး ညီတူညီမျှ ခံစားနေရတဲ့ လောကဓံတရားကို တတ်နိုင်သလောက် အနိုင်ရအောင် ခုခံရင်ဆိုင်ချင်တဲ့သတ္တိကလွဲရင် လူလူချင်း အနိုင်ယူချင်တဲ့စိတ်မျိုး ဘယ်တုန်းကမှ ငါ့မှာ မရှိပါဘူး၊ နောင်လည်း ဘယ်တော့မှ မထားပါဘူး၊ ဖြစ်နိုင်ရင် ငါ့ကြောင့် လူတိုင်း စိတ်ချမ်းသာစေချင်တဲ့ဆန္ဒပဲ ရှိတယ်၊ ငါ့ဘက်က အရှုံးပဲပေးလိုက်ချင်တယ်'

'ငါသိပါတယ်'

'ဒါပေမဲ့ . . . ခုတော့လည်း တစ်ဖက်က ငါ့အပေါ် အင်မတန်မှ သံယောဇဉ်ကြီးစွာ၊ အချစ်ကြီးစွာ ထားနေတဲ့ မိန်းကလေးကို ငါ ဦးစားပေးလိုက်တော့မှာပါ၊ ခင်ကြီးနဲ့ ကျော်ကျော့်အပေါ် ငါ တာဝန်မကျေနိုင်ခဲ့တာကို စိတ်မကောင်းဖြစ်မိတာကိုလည်း ဘုရားဟောတရားတစ်ခုနဲ့ ဖြေသိမ့်ယူရတော့မှာပေါ့'

အောင်မင်းက မျက်မှောင်ကြုတ်လိုက်သည်။ ပြီးမှ . . .



BURMESE CLASSIC .com

www.burmeseclassic.com



'တရား . . . ဟုတ်လား ကိုလတ်၊ လုပ်စမ်းပါဦး၊ ဘာတရားလဲ'

ကျွန်တော်က ပင့်သက်တစ်ခုရှိုက်ရင်း အခန်းထဲက စာအုပ်စင်ပေါ်မှ စာအုပ်တစ်အုပ်ကို လှမ်းယူသည်။ ထိုနောက် စာမျက်နှာတစ်ခုကို ရှာဖွေလိုက်ရင်း . . .

'ဒီစာအုပ်က ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသရဲ့ မဟာဗုဒ္ဓဝင် ပထမတွဲ၊ ပထမပိုင်းပဲ သူငယ်ချင်း၊ ဒီစာအုပ်ရဲ့ အနုဒီပနီ အခန်း ၅ ခန်းမှာပါတဲ့ စာသားလေးကို ငါဖတ်ပြမယ် . . .

. . . ပြဆိုခဲ့သောအတိုင်း သုမေဓရှင်ရသေ့ ကြံစည်စိတ်ကူးရာ၌ 'ငါတစ်ယောက်တည်း တစ်ကိုယ်ကောင်းပြု၍ သံသရာက ကူးမြောက်သဖြင့် အဘယ်အကျိုးရှိအံ့နည်း' ဟူ၍ ကြံစည်တော်မူကြောင်းကို ဗုဒ္ဓဝင်ပါဠိတော်၌ ကိမေဒကေန တိဏ္ဏေန၊ ဟူ၍ လာရှိသည်. .

. . . ဤပါဠိတော်ကို ထောက်ထား အကိုးအကားပြုပြီးလျှင် 'လောက၌ တစ်ကိုယ်ကောင်း မကြံရာ၊ တစ်ကိုယ်ကောင်းကြံသောသူသည် အတ္တဟိတသမား (ကိုယ်ကျိုးသက်သက် ကျင့်သောသူ) ဖြစ်သည်။ ကိုယ့်အကျိုးသက်သက်ကိုသာ ရှာသောသူသည် လောက၌ အသုံးမဝင်' ဟု ပြောဆိုကဲ့ရဲ့တတ်ကြသည် . . .

. . . ထိုပါဠိတော်မှာပင် နောက်ကိုဆက်၍ ကြည့်လျှင် ပုရိသေန ထာမဒဿိနာ၊ ဟူ၍ မိမိမှာ ပညာသဒ္ဓါဝိရိယအား အစွမ်းရှိကြောင်းကို သိမြင်သူ ဖြစ်ပါလျက် . . . ဟု၊ အထူးဖော်ပြထားသော စကားကို တွေ့မြင်ရပေမည်။ ဤနောက်ဆက် အထူးဖော်ပြထားသော စကားကို ထောက်ထားပါက မိမိမှာ အများအကျိုးသယ်ပိုးနိုင်မည့်အား အစွမ်းသတ္တိရှိပါလျက်နှင့် အများအကျိုး မသယ်ပိုးချင်ဘဲ တစ်ကိုယ်



BURMESE CLASSIC .com

www.burmeseclassic.com



ကောင်းကြံသွားသော သူများကိုသာ ကဲ့ရဲ့သော် ကဲ့ရဲ့သင့်ပေသည် . . .

. . . မိမိမှာ အများအကျိုးသယ်ပိုးနိုင်မည့် အားအစွမ်း အလျဉ်းမရှိပါဘဲလျက် 'အများအကျိုး ငါသယ်ပိုးမည်' ဟု ပြောဆိုပြီးလျှင် ပြောတိုင်း မပြုနိုင်၊ မမှန်မကန်ဖြစ်၍ ဤသို့ပြောဆိုသော သူများကိုသာလျှင် မိမိ၏အတိုင်းအရှည်ကို မသိသူဖြစ်၍ ကဲ့ရဲ့ရှုတ်ချထိုက်သည် . . . တဲ့ အောင်မင်း'

'လုပ်ပါဦးဟ၊ ဆက်ဖတ်ပါဦး၊ ရှိသေးတယ် မဟုတ်လား'

'ရှိသေးတယ်၊ ငါဖတ်ပြမယ် . . .

. . . စင်စစ်မှာ အများအကျိုးသယ်ပိုးနိုင်မည့် အားအစွမ်း မိမိမှာမရှိလျှင် ကိုယ့်အကျိုးကိုသာ ကိုယ်သယ်ပိုးရမည် ဖြစ်သည်။ ထို့ကြောင့်ပင် ဓမ္မပဒပါဠိတော် တစ်ဆယ့်နှစ်ခုမြောက် အတ္တဝဂ်၌ . . .

'အတ္တဒတ္ထံ ပရတ္ထေန၊ ဗဟုနာပိ န ဟာပယေ။

အတ္ထ ဒတ္ထာမ ဘိညာယ၊ သဒတ္ထပသုတောသိယာ။

'သူတစ်ပါးအကျိုးကို များစွာ သယ်ပိုးလိုသည့်အတွက်နှင့် မိမိ၏အကျိုးကို မဆုတ်ယုတ်၊ မဆုံးရှုံးစေရာ၊ မိမိ၏အကျိုးစီးပွားကို ကောင်းစွာ ပိုင်းခြားသိမြင်ပြီးလျှင် မိမိ၏ အကျိုးစီးပွားဖြစ်မှု၌ လေ့လာကြိုးကုတ်အားထုတ်ရမည်' ဟူ၍ ဟောတော်မူသည် . . . တဲ့'

ကျွန်တော်က စာပိုဒ်ဖတ်ခြင်းကို ရပ်လိုက်ပြီး . . .

'အချုပ်ကတော့ကွာ . . . အများအကျိုး သယ်ပိုးနိုင်မယ့်သူမှန်မှ . . . အများအကျိုး သယ်ပိုးပါ၊ အများအကျိုးသယ်ပိုးနိုင်မယ့်သူ မဟုတ်ခဲ့ရင် ကိုယ့်အကျိုးကိုသာ မလစ်ဟင်းအောင် သယ်ပိုးနေပါ



BURMESE CLASSIC .com

www.burmeseclassic.com



ဆိုတဲ့ အဓိပ္ပာယ်ပေါ့၊ ဒီထဲမှာလည်း ဒီအတိုင်းပဲ ပါပါတယ် . . .

'နောက်ဆုံးတော့ ငါ့ကိုယ်ငါလည်း စဉ်းစားကြည့်တယ်၊ ငါလည်း လူများအတွက်တော့ အများကြီး စဉ်းစားခဲ့ပါတယ်၊ ဒါပေမဲ့ ငါက ဘာတောင်မှ မဟုတ်ဘူး အောင်မင်း၊ ငါ အင်မတန် ကြိုးစားပြီး တည်ဆောက်ထားခဲ့ရတဲ့ ငါ့ဘဝ၊ အဲဒီ ငါ့ဘဝအတွက် ငါ အရမ်း မြတ်နိုးတန်ဖိုးထားပြီး အဖော်အဖြစ် ရွေးထားခဲ့ရတဲ့ အေးငယ်၊ အဲဒါ တွေကို စွန့်လွှတ်ပြီး ခင်ကြီးတို့ ကျော်ကျော်တို့ အပြည့်အဝ စိတ် ချမ်းသာရအောင် လုပ်ပေးနိုင်ဖို့ ငါ့မှာ ဘာအားအစွမ်းသတ္တိဗလတွေ နဲ့မှ မပြည့်စုံဘူး၊ အဲဒီအတွက် နောက်ဆုံးမှာ ငါ စိတ်မကောင်းရုံက လွဲပြီး ဘာမှ လုပ်မပေးနိုင်သလို ငါဆက်လျှောက်ရမယ့် ငါ့ဘဝ လမ်းကိုလည်း ငါ ခိုင်ခိုင်မာမာနဲ့ ဆက်လျှောက်ဖို့ပဲ ဆုံးဖြတ်ရတော့ မှာပဲ'

ကျွန်တော့်စကားများအဆုံးမှာ အောင်မင်းက ခေါင်းညိတ် သည်။

'မင်းဆုံးဖြတ်တာ မှန်ပါတယ် ကိုလတ်၊ ဒီအတိုင်းပဲ မင်း လိပ် ပြာသန့်သန့်နဲ့ ဆက်နေသွားပါ၊ မင်းမှာ ဘာအပြစ်မှမရှိပါဘူး'

အောင်မင်းက လေးနက်တည်ကြည်စွာ ပြောလေသည်။

ကျွန်တော့်ရင်ထဲမှာလည်း ပေါ့ပါးတန်သလောက် ပေါ့ပါးသွား ၏။



BURMESE CLASSIC .com

www.burmeseclassic.com



[၅]

'သြော် . . . နေဦး ကိုလတ်၊ မနက်ကတည်းက မင်းကို ငါ တစ်ခုပေးဖို့ ဟာ မေ့နေလို့'

အောင်မင်းက အထုပ်အပိုးဆွဲ၍ အပြင်ထွက်လာမည်လုပ်ပြီးမှ ခြေလှမ်းကို တုံ့ခနဲ ရပ်သည်။ ထိုနောက် သူ့အင်္ကျီအိတ်ကပ်ထဲတွင်ပင် အလွယ်တကူ ထည့်ထားဟန်တူသော စာရွက်တစ်ရွက်ကို ဆွဲထုတ်သည်။

'ဘာလဲ အောင်မင်း'

အောင်မင်းက ရယ်၍ . . .

'ယူကြည့်လေကွာ၊ ဒါ ငွေစာရွက် မဟုတ်ပါဘူး၊ တစ်ခါတုန်းက မင်း ငါ့ကို ပေးထားခဲ့တဲ့ စာရွက်ပါ'



BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော် မျက်မှောင်ကြုတ်၍ စာကို လှမ်းယူကြည့်သည်။ သည်တော့မှ စာကို ပြန်မှတ်မိ၏။ ခင်ကြီးနှင့် ပြဿနာပြီးပြတ်ခဲ့ပြီး ကျောင်းများပြန်အဖွင့် အနုပညာအသင်းမှ ကျွန်တော် နုတ်ထွက်ရသည့်အတွက် မျက်ရည်ကျခဲ့ရသောနေ့က ကျွန်တော် သူ့ကို ရေးပေးခဲ့သော စာပင်။

နှစ်များစွာနှင့်ချီ၍ ကြာခဲ့ပြီဖြစ်သော်လည်း စာလုံးများက ထင်ရှားနေဆဲ ဖြစ်သည်။

မချစ်သင့်တဲ့ မိန်းမတစ်ယောက်ကို သွားချစ်မိလို့
ငါ့မှာ ဘဝသင်ခန်းစာတစ်ခု ရခဲ့တယ် သူငယ်ချင်း၊
အဲဒီအတွက် ငါ သိပ်မြတ်နိုးတဲ့ ချစ်လည်း ချစ်သင့်တဲ့
အနုပညာ . . . ဆိုတဲ့ တန်ဖိုးရှိ ပညာရပ်တစ်ခုကို
သံယောဇဉ် ဖြတ်ခဲ့ရတယ်။ အဲဒီ ဝေဒနာက ငါ့ရင်ထဲမှာ
ဘယ်လိုမှ မနေနိုင်အောင် ကြေကွဲခံစားရတယ်။ အဲဒီ
အတွက် ငါ ငိုရတယ် . . . ဒါပါပဲကွာ။

ကျွန်တော် ပြုံးလိုက်ရင်း . . .

'မင်းက ငါ့ကို ဘာအဓိပ္ပာယ်နဲ့ ဒီစာကို ပြန်ပေးရတာလဲ အောင်မင်း'

အောင်မင်းက ရယ်ပြန်သည်။

'မင်း မမေ့စေချင်လို့ပေါ့ကွာ၊ တစ်ခါတုန်းက မချစ်သင့်တဲ့ မိန်းမတစ်ယောက်ကို သွားချစ်မိလို့ မင်းအတွက် အင်မတန် တန်ဖိုးရှိတဲ့ ပညာရပ်တစ်ခုကို စွန့်လွှတ်ခဲ့ရပြီး မင်းငိုခဲ့ရတယ် မဟုတ်လား



BURMESE CLASSIC .com

www.burmeseclassic.com



. . . ခုလည်း ငဲ့ရမယ့်လူကို မငဲ့ဘဲ မငဲ့ရမယ့်သူတွေကို သွား ငဲ့ညှာမိပြီး မင်းအတွက် အင်မတန် အဖိုးတန်တဲ့ ဘဝဖော် မိန်းကလေး တစ်ယောက်ကို စွန့်လွှတ်ရလို့ ဘဝမှာ မဆုံးနိုင်တဲ့ ငိုကြွေးခြင်းများနဲ့ ငိုနေရမှာ ငါ စိုးရိမ်တယ်၊ အဲဒါ အဲဒီအတွက် မနက်က ဆက်စကား ပြောဖြစ်ရင် ဒီစာ မင်းကိုပေးပြီး ဒီစကားတွေ ပြောမလို့ ရည်ရွယ်ခဲ့ တာပဲ’

‘ကျေးဇူးပါပဲ အောင်မင်းရာ၊ ခုတော့ မင်းစိုးရိမ်မိသလို ငါ ထပ် မငိုရတော့ပါဘူး၊ ငါ့အတွက် အင်မတန် တန်ဖိုးရှိတဲ့ ဘဝကြင်ဖော် ချစ်သူမိန်းကလေးဟာ ငါ့ရင်ခွင်မှာ တစ်သက်လုံး ခိုနားဖို့ အရန်သင့် ဖြစ်နေပါပြီ’

နှစ်ယောက်သား ပြိုင်တူပြုံးလိုက်သည်။

အောင်မင်းကို ကားပေါ်အထိ လိုက်ပို့ပြီး ကျွန်တော် ‘အိမ်’ ပြန်ရောက်တော့ ညနေအတန်ငယ်စောင်းနေပြီ။

‘အိမ်’ ပေါက်ဝမှနေ အေးငယ်က ကြိုနေသည်။

အေးငယ်၏ အပြုံးလေးသည် လန်းဆန်းစိုပြည်၍ သန့်ရှင်း လွတ်လပ်နေသည်။

တစ်လောကလုံးမှာ ကျွန်တော် ငဲ့ညှာထောက်ထား၍ ချစ် သနား ကြင်နာသွားစရာသည် မိန်းကလေးတစ်ယောက်ပင် ရှိပါတော့ သည်တကား။



BURMESE CLASSIC .com

www.burmeseclassic.com

[၆]

လ,သာသော ညလေးကိုကြည့်ရင်း အေးငယ်က ကျွန်တော့်နားကပ်၍ ပြောလိုက်သည်။

'အေးငယ်ကို တစ်သက်လုံး သစ္စာရှိရှိ ချစ်သွား ပေါင်းသွားနော် ကိုကို . . . နော်'

ကျွန်တော် ပြုံး၍ ခေါင်းညိတ်သည်။

'စိတ်ချပါ အေးငယ်ရယ်၊ အေးငယ်ကို ကိုကိုတစ်သက်လုံး သစ္စာရှိရှိနဲ့ ရာသက်ပန် ရိုးမြေကျ ချစ်ခင်ပေါင်းသင်းသွားပါ့မယ်၊ ကိုကို . . . တစ်မျိုး လိမ်ညာလှဲ့မှာ . . . ပျိုပျို . . . မစိုးရိမ်ပါနဲ့ . . .'

www.burmeseclassic.com



အေးငယ် လှပစွာ ပြုံးသည်။

အပြုံးချင် ဆိုင်မိသွား၏။

ဤအဖြစ်အပျက်အားလုံး ခြုံငုံပြီး အေးငယ်ကို ရေးစပ်ပြချင်သော ကဗျာလိုလို ဘာလိုလို စာသားလေးများကလည်း ကျွန်တော့်ရင်ထဲမှာ စာလုံးဖွဲ့ပြီးသား အဆင်သင့် ဖြစ်နေ၏။

ထိုစာလုံးများကတော့ . . .

'ပြန်ပြောလျှင်
တိုးကာမဲ့လေမယ်၊
အမှန် မနောအစဉ်
ဆိုးလာခဲ့မပြေလည်
ဉာဏ်သဘောထွင်
အကျိုးရှာလှဲ့လေတယ် . . .၊
ကံမချောရင်
အညှိုးကမ္ဘာချဲ့စေကွယ် . . .'

သည်အထိတော့ ခင်ကြီးနှင့် ပတ်သက်သော အပိုင်းကို ရှင်းလင်းပြခြင်းသာ ဖြစ်သည်။

အေးငယ်အတွက် အထူးစာသားလေးများကတော့ . . .

www.burmeseclassic.com



'သံယောဇဉ် . . .
တိုးကာဖွဲ့နေမယ် . . .
တစ်မျိုးညာနဲ့သွေးမဖယ် . . . စိုးပါနဲ့မေရယ် . . .'

ဟုသာ ဖြစ်ပါတော့သတည်း။

**ကြိုးစားပါဦးမည်။**

**နွမ်ဂျာသိုင်း**

၁၅-၈-၈၉

ည ၂း၀၀ နာရီ



BURMESE CLASSIC .com

www.burmeseclassic.com

လေးစားစွာ အစီရင်ခံအပ်ပါသည်

ဤဝတ္ထုသည် ကျွန်တော့်စိတ်ကူးသက်သက်မှ ပေါက်ဖွားလာသော စိတ်ကူးယဉ်ဝတ္ထု တစ်ပုဒ်မျှသာ ဖြစ်ပါသည်။

တိုက်ဆိုင်သမျှသော အရာအားလုံးသည် တိုက်ဆိုင်ခြင်းသာ ဖြစ်ပါကြောင်း မှတ်ယူပါရန် မေတ္တာရပ်ခံပါသည်။

စာဖတ်သူများအားလုံးနှင့် ဤဝတ္ထုဖြစ်မြောက်ရေးအတွက် အကူအညီပေးကြသော မိတ်ဆွေ အားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

လူသားအားလုံး စိတ်ထားဖြောင့်မတ်ဖြူစင်မှန်ကန်၍ တစ်ဦးပေါ်တစ်ဦး ငဲ့ညှာ ထောက်ထားခြင်းစိတ်ဓာတ်များစွာတို့ဖြင့် ဖြိုးပွားများလျက် အားလုံး ပျော်ရွှင်ချမ်းမြေ့ကြပါစေ ဟုဆုမွန်ပြုလိုက်ပါသည်။

ခင်မင်လေးစားစွာဖြင့်

နွမ်ကျော

www.burmeseclassic.com

ပြန်ပြောလျှင်
တိုးကာမဲ့လေမယ်။

အမုန်မနောအစဉ်
ဆိုးလာခဲ့မပြေလည်။

ဉာဏ်သဘောထွင်
အကျိုးရှာလို့လေတယ်။

ကံမချောရင်
အညှိုးကာမှာချဲစေကွယ်။

သံယောဇဉ်
တိုးကာဖွဲ့နေမယ်။

# အဗ်ရှာသိုင်း

တစ်မျိုးညာနဲ့သွေမပယ်... စိုးပါနဲ့မေရယ်။